http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ

အိန္ဒိယပြည်၌ဟောပြောသော

ဗုဒ္ဓတရားတော်များ

ဦးနု

ဒုတိယအကြိမ်

ဦးနု ● အိန္ဒိယပြည်၌ဟောပြောသော ဗုဒ္ဓတရားတော်များ
SEIKKU CHO CHO

http://www.dhammadownload.com

အိန္ဒိယပြည်၌ဟောပြောသော

ဗုဒ္ဓတရားတော်များ

ဦးနု

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

စိတ်ကူးချိုချိုအနုပညာ
၉(က)၊ ၁၆၄ လမ်း၊ တာမွေ၊
ရန်ကုန်မြို့။ ဖုန်း-၅၄၆၈၄၅၊ ၇၂၆၆၂၄

http://www.dhammadownload.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

http://www.dhammadownload.com

စိတ်ကူးချိုချိုစာအုပ်

အိန္ဒိယပြည်၌ဟောပြောသော ဗုဒ္ဓတရားတော်များ

ဦးနု

ဒုတိယအကြိမ်

http://www.dhammadownload.com

အိန္ဒိယပြည်၌ဟောပြောသောဓမ္မတရားတော်များ

ဦးနု

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	-	၆၀၀ ၆၅၈ ၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	-	၆၀၀ ၈၀၇ ၁၁၁၁
ထုတ်ဝေသူ	-	ဦးစန်းဦး
ပုံနှိပ်သူ	-	ဒေါ်ဝင်းမာ

မျက်နှာဖုံးဒီဇိုင်း	-	အမ်အက်စ်အို
ကွန်ပျူတာစလင်	-	အီးဂဲလ်
လက်ခွဲစလင်	-	အေဇော်
စာအုပ်ချုပ်	-	ကိုတင်အေး(လှိုင်)

၂၉၄.၃

နု၊ ဦး

အိန္ဒိယပြည်၌ဟောပြောသောဓမ္မတရားတော်များ /

ဦးနု၊ ရန်ကုန်၊

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။ စာမျက်နှာ ၁၆၁ မျက်နှာ၊

၁၂.၅ စင်တီx ၁၈.၅ စင်တီ

(၁) အိန္ဒိယပြည်၌ဟောပြောသောဓမ္မတရားတော်များ

၂၀၁၂ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၅၀၀ ကျပ်

http://www.dhammadownload.com

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အိန္ဒိယပြည် နယူးဒေလီမြို့ အမျိုးသား ရူပဗေဒ ဓာတ်ခွဲစိတ်ရာ ဌာန တက္ကသိုလ်ကြီးတွင် ၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်နေ့၊ ၁၃ ရက်နေ့များတွင် ဟောပြော ပြသသော မင်္ဂလာဆိုတာ ဘာလဲ တရား တော်ကြီးနှင့် မေတ္တာဆိုတာဘာလဲ တရားတော်များ၊ ပဋိစ္စသမုပ္ပါဒ် တရားတော်များကို အထူးသဖြင့် ဟောပြောပြသရာ အထူးတလီ မှတ်သားရာ မှတ်သားကြောင်း ရှင်တော်ဗုဒ္ဓဂေါတမ၏ တရားကောင်း တရားမြတ်များဖြစ်ပါ၍ ယခုစာ ထုတ်ဝေဖြန့်ချိသူသည် အထူးပဲ နှစ်သက်မြတ်နိုးပါသဖြင့် (ဝါ) အထူးပဲ နှစ်သက်မြတ်နိုးရကား ဤကဲ့ သို့ပင်လျှင် မြန်ပြည်တိုင်းဖွား အမျိုးသား၊ အမျိုးသမီးတို့ သိရှိနားလည် လွယ်လွယ်ကလေးနှင့် ပစ္ဆိမဝစန ဗုဒ္ဓစကားတော်မြတ်ကို သိရှိနား လည်ပြီးလျှင် ပြည်နိဗ္ဗာန် ကမ်းတစ်ဖက်သို့ လွယ်လွယ်ကလေးနှင့် လှမ်းတက်ကူးမြောက်ကြပါစေခြင်း အကျိုးငှာ ပြည်ထောင်စု မြန်မာ နိုင်ငံတော် ဝန်ကြီးချုပ် ဟောပြောထုတ်ဖော် တရားတော်ကို ပုံနှိပ်ဖြန့်ချိ

http://www.dhammadownload.com

ပါရန် ဝန်ကြီးချုပ်ထံ တောင်းပန်၍ အခွင့်အမိန့်ရသည် အားလျော်စွာ ဤမည်သော တရားတော်မြတ်ကြီးကို (ဝါ) သဘာဝ တရားဟောင်းကြီးကို ဝန်ကြီးချုပ် ဟောပြောပြသသည့်အတိုင်း စတင် ပုံနှိပ်လိုက်ရတော့သတည်း။

http://www.dhammadownload.com

မာတိကာ

ပဋိစ္စသမုပ္ပါဒ်တရားတော်
ပဋိစ္စသမုပ္ပါဒ်ပါဠိ ၂
အမှန်တရားကို မမြင်ကြ ၃
ကိလေသာဖြတ်နည်း အမျိုးမျိုး ၆
စိတ်နှင့်အာရုံ ၇
သတိအစဉ်ရှိအောင် ဘယ်လိုလုပ်မလဲ ၉
ထွက်သက်ဝင်သက် ၁၀
အိပ်ပျော်ချိန်မှာ မသိ ၁၅
ဤဒွိ အရိယာရှစ်ပါးဟူသည်မှာ ၂၂

အကျိုးကြီးမား မေတ္တာတရား
မေတ္တာဆိုတာဘာလဲ ၂၄
မေတ္တာမှာ ၂၅
ကာယကံ မေတ္တာဟူသည် ၂၆
ဝစီကံ မေတ္တာဆိုသည်မှာ ၂၇
မနောကံ မေတ္တာ ၂၈

http://www.dhammadownload.com

မေတ္တာအကျိုးကြီးမားခြင်း	၃၀
မေတ္တာအကျိုး ၁၁ ပါး	၃၀
မေတ္တာတုံ့ပြန်လာရခြင်း	၃၂
နှတ်များလည်းချစ်	၃၅
မေတ္တာတော်အာနုဘော်	၃၆
ကြောက်ရွံ့အောင်လုပ်ခြင်း	၃၉
မေတ္တာသုတ်ပရိတ်တော်	၄၁
အဆိပ်မသင့်မီးမလောင်	၄၂
ချမ်းသာသုခ မရနိုင်	၄၃
သိမ်သိမ်မွေ့မွေ့သေရခြင်း	၄၅
အဘယ်သူအား မေတ္တာပွားရမလဲ	၄၆
ကိုယ်ကစပြီးပွားကြရမည်	၄၇
မေတ္တာပွားပုံက	၄၉
မေတ္တာပွားနည်း	၄၉
စိတ်နူးညံ့လာပါလိမ့်မည်	၅၀
မေတ္တာသုတ်ဒေသနာ	၅၁
မကျဉ်းမကျယ်နည်း	၅၁
မိခင်မေတ္တာ ပုံပမာသို့	၅၂
ကိုယ်ကျင့်တရား ၁၆ ပါး	၅၄
နူးညံ့သိမ်မွေ့ရမည်	၅၆
ပုဂ္ဂိုလ် ၃ မျိုး	၅၇
ပညာရှိတို့ ရှုတ်ချစရာရှိလျှင်	၅၉
ရန်အောင်ရေး အသုံးချပါ	၆၀
မြတ်စွာဘုရား၏ ဥပမာ	၆၁
ဒေါသထွက်နေချိန်	၆၂

http://www.dhammadownload.com

ကံ၏အမွေခံ ၆၄
သစ္စာရေတိုက်ပြီးသော် ၆၅
သွေးစက်နှင့် လမ်းပြခဲ့၏ ၆၆
လွှင့်စဉ်ပျောက်ကုန်မည် ၆၈

မင်္ဂလာတရား
လောကီမင်္ဂလာများသာ ၇၀
ဘာကြောင့် ဘုရားပေးခဲ့သလဲ ၇၁
၃၈ ဖြာ မင်္ဂလာ ၇၂
လူမိုက်နှင့်ပေါင်းလို့ ၇၄
သာကေ ၇၅
လူမိုက်ဟူသည် ၇၆
ကန္တာရခရီး ၇၉
ကြာမျိုးငါးပါးရေအိုင် ၈၀
ပညာရှိပီပီ စဉ်းစားပြီ ၈၃
ငယ်သားများနှင့် အမေးအဖြေ ၈၅
လူမဟုတ်ဘီလူး ၈၆
နေရပ်ရွေးပုံ ၈၈
ဂဝေသီဝတ္ထု ၉၀
အကြားအမြင်များခြင်း ၉၁
သိပ္ပမင်္ဂလာတရား ၉၂
လူ့ဝိနည်းအကျဉ်းချုပ် ၉၃
စကားခြောက်မျိုး ၉၅
မြတ်စွာဘုရားလက်ထက်က ၉၇
သူကရပေတဝတ္ထု ဝက်ပြိတ္တာဝတ္ထု ၉၈

http://www.dhammadownload.com

မထေရ်ကြီးသို့ လျှောက်ထားခဲ့	၁၀၀
ကုန်း (ဂုံး)ချောရန်တိုက်သော ဓမ္မကထိက	
အဝိစိငရဲကြီးခံရပုံ	၁၀၅
နန္ဒိဝိသာလနွားမင်းဝတ္ထု	၁၀၅
နွားပွဲ	၁၀၆
ဒုတိယနွားပွဲ	၁၀၈
ကောင်းသော စကားပြောခြင်း	၁၁၀
မိဘာလုပ်ကျွေးခြင်း	၁၁၁
ဖားဖိုနှင့်တူတဲ့ သားမိုက် သမီးမိုက်	၁၁၂
မိဘာဝတ္တရား	၁၁၃
ဓမ္မပါလ	၁၁၅
မယား ၇မျိုး	၁၁၆
သေသည့်အခြားမဲ့မှာ	၁၁၈
မယားဝတ်ငါးပါး	၁၁၈
မင်္ဂလာရှိတဲ့အလုပ်	၁၂၀
ဒါနလုပ်တဲ့နေရာမှာ	၁၂၁
အချမ်းသာဆုံးသူဌေး	၁၂၂
တတိယသာဝကကြီး	၁၂၃
နှစ်မြို့လောက်စွာ အင်္ဂါ ၈ ပါး	၁၂၃
လှူအုံ့သောအကြံ	၁၂၄
ရောင်ခြည်တော်အဟုန်	၁၂၆
သတ္တကနိပါတ် ကုက္ကုဝဂ် ပဉ္စကဓာတ်	၁၂၇
ရောဂါသက်သာသွားပုံ	၁၂၈
တရားနှင့်နှလုံးသွင်းခြင်း	၁၂၉
စေတနာသုံးတန်	၁၃၀

http://www.dhammadownload.com

ဒုစရိုက် သုစရိုက်အပြစ်အကျိုး ၁၃၁
ကာကဇာတ်တော် ၁၃၈
လူ့အပွမာဒ ၁၄၄
သဂါထာဝဂ္ဂသံယုတ်ပါဠိတော် ၁၄၅
သစ္စံကိရဇာတ် ၁၄၇

မြွေ၊ ကြွက်၊ ကျေးသားတို့၏ အတ္ထုပ္ပတ္တိ

မြွေ၏အကြောင်း ၁၄၈
ကြွက်အကြောင်း ၁၄၈
ကျေးသား၏အကြောင်း ၁၄၉
ဘုရားလောင်းရသေ့ ၁၄၉
ဘုရားအလောင်းရသေ့ ခရီးထွက်လာခြင်း ၁၅၂
အမိန့်ပေးပုံ ၁၅၃
ရသေ့ လူထွက် ရှင်ဘုရင် ၁၅၅
ဆုံးမနည်းငါးနည်း ၁၅၈

□

http://www.dhammadownload.com

[illegible] ၇၄၁
[illegible] ၈၄၁
[illegible] ၉၄၁
[illegible] ၀၅၁
[illegible] ၁၅၁

[illegible]

[illegible] ၇၅၁
[illegible] ၈၅၁
[illegible] ၉၅၁
[illegible] ၀၆၁
[illegible] ၁၆၁
[illegible] ၂၆၁
[illegible] ၃၆၁
[illegible] ၄၆၁

□

http://www.dhammadownload.com

ပဋိစ္စသမုပ္ပါဒ် တရားတော်

၁၉၆၂ ခု ဇန်နဝါရီလ ၁၁ရက် နေ့က အိန္ဒိယပြည်နယူးဒေလီ မြို့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုဟောပြောသော ပရိယတ္တိနှင့် ပဋိပတ္တိအကြောင်း ဟောပြောချက်မှာ အောက်ပါအတိုင်းဖြစ် ကြောင်း။

အမျိုးသား ရူပဗေဒ ဓာတ်ခွဲစိတ်ရာဌာနကြီးရဲ့ အဖွဲ့ဝင်အပေါင်း တို့ခင်ဗျား။

ခင်ဗျားတို့ဟာ သိပ္ပံပညာရှင်တွေအနေနဲ့ ခင်ဗျားတို့ရဲ့ ဝတ္တရား ဟာ တခြားမဟုတ်၊ ခင်ဗျားတို့ကိုယ်တိုင် သဘာဝတရားသစ်တွေကို ရှာဖွေဖို့နဲ့ တခြားသိပ္ပံပညာရှင်တွေ ရှာဖွေတွေ့ရှိသွားတဲ့ သဘာဝ တရားဟောင်းတွေကို စမ်းသပ်စစ်ဆေးကြည့်ရှုဖို့ ဝတ္တရားပဲ ဖြစ်တယ် လို့ ကျွန်တော် နားလည်ထားပါတယ်။ အဲဒါကြောင့် ဒီကနေ့ခင်ဗျား တို့နဲ့ အခုလိုတွေ့ရတဲ့အခါမှာ နှစ်ပေါင်း ၂၅၀၀ ကျော်လောက်က ခင်ဗျားတို့ရဲ့ အိန္ဒိယနိုင်ငံတော်ကြီးမှာ ရှာဖွေတွေ့ရှိခဲ့တဲ့ သဘာဝ တရား ဟောင်းကြီးကို ခင်ဗျားတို့ရှေ့မှာ ကျွန်တော် ချပြလိုပါတယ်။

http://www.dhammadownload.com

ဒီသဘာဝ တရားဟောင်းကြီးဟာ တခြား မဟုတ်ပါဘူး။ လူနတ် ဗြဟ္မာ အစရှိတဲ့ ၃၁ ဘုံမှာ ကျင်လည်နေရတဲ့ သတ္တဝါတွေ အားလုံး ဒုက္ခအပေါင်းက လွတ်ကင်းစေနိုင်တဲ့ သဘာဝ တရားကြီးပဲ ဖြစ်ပါတယ်။ ဒီသဘာဝ တရားကြီးကို တွေ့ရှိတဲ့ ပုဂ္ဂိုလ်ကြီးဟာလဲ တခြားမဟုတ်ပါဘူး၊ အိန္ဒိယပြည်ကြီးရဲ့သားကောင်း ရတနာတစ်ဆူ ဖြစ်တဲ့ ဂေါတမမြတ်စွာဘုရား သခင်ပဲ ဖြစ်ပါတယ်။

သိပ္ပံပညာရှင်များ ခင်ဗျား ...

ဒီတရားကြီးကို ဂေါတမမြတ်စွာဘုရားသခင်ဟာ အကျဉ်းချုပ်ပြီး အခုလို ဟောထားခဲ့ပါတယ်။ ရှေးဦးစွာ ကျွန်တော် ပါဠိလိုရွတ်ပြရပါစေ၊ သည်းခံပြီး နားထောင်ကြပါ။ ပါဠိလို ရွတ်ပြီးမှ ကျွန်တော် အဓိပ္ပာယ်ကို ရှင်းပြပါ့မယ်။

ပဋိစ္စသမုပ္ပါဒ် ပါဠိ

အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပ ပစ္စယာသဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ သောကပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော။ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတန နိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါန

http://www.dhammadownload.com

နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိ နိရောဓော၊ဇာတိနိရောဓာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊

အမှန်တရားကို မမြင်ကြ

သိပ္ပံပညာရှင်များခင်ဗျား ...

ယခု ကျွန်တော်ရွတ်ခဲ့တဲ့ ပါဠိတော်ကို ကျွန်တော်ရှင်းပြပါရစေ၊ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာပိတ်ဖုံးထားတဲ့အတွက် အမှန်တရားကို သတ္တဝါတွေ မသိမြင်ကြပါ။ အမှန်တရားတွေကို မသိမြင်တဲ့အတွက် သတ္တဝါတွေဟာ ကောင်းစားချမ်းသာချင်လို့ အဆက်မပြတ် ပြုပြင် အားထုတ်နေကြပါတယ်။ ဒီလိုပြုပြင် အားထုတ်နေကြတဲ့အတွက် ဝိညာဉ်သစ်တွေ အဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီဝိညာဉ်သစ်တွေ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့အတွက် ရုပ်နဲ့နာမ်တွေ အဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီလိုရုပ်နဲ့ နာမ်တွေအဆက်မပြတ် ဖြစ်ပေါ်နေတဲ့အတွက် အာယတနခြောက်ပါးခေါ်တဲ့ မျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတာတွေ အဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီလို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတာတွေ အဆက်မပြတ် ဖြစ်ပေါ် နေတဲ့အတွက် တစ်လောကလုံးမှာရှိနေတဲ့ သက်ရှိသတ္တဝါတွေ သက်မဲ့ အရာဝတ္ထုတွေနဲ့ ထိတွေ့မှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီလိုထိတွေ့မှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့အတွက် ကောင်းတယ်၊ မကောင်းဘူးဆိုတဲ့ ခံစားမှုတွေ အဆက်မပြတ် ဖြစ်ပေါ် နေပါတယ်။ ဒီလိုခံစားမှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့အတွက် တောင့်တမှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီလိုတောင့်တမှုတွေ အဆက်

http://www.dhammadownload.com

မပြတ် ဖြစ်ပေါ်နေတဲ့အတွက် စွဲလမ်းမှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီလို စွဲလမ်းမှုတွေ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့အတွက် ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ ဖြစ်စေနိုင်တဲ့ ဘဝတွေ အဆက်မပြတ် ဖြစ်လာရပါတယ်။ ဒီလို ဗြဟ္မာတွေ၊ နတ်တွေ၊လူတွေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေဖြစ်စေနိုင်တဲ့ ဘဝတွေ အဆက်မပြတ်ဖြစ်နေတဲ့အတွက် ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ အဆက်မပြတ် ဖြစ်နေရပါတယ်၊ဒီလို ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ ငရဲ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသူရကာယ်တွေ အဆက်မပြတ် ဖြစ်နေရတဲ့အတွက် အိုရခြင်း ဆင်းရဲတွေ၊ သေရခြင်း ဆင်းရဲ၊ စိုးရိမ်ကြောင့်ကြရခြင်း ဆင်းရဲတွေ၊ ငိုကြွေး မြည်တမ်းရခြင်း ဆင်းရဲတွေ၊ ကိုယ်မှာခံစားရတဲ့ ဆင်းရဲတွေ၊ စိတ်မှာခံစားရတဲ့ ဆင်းရဲတွေ၊ စိတ်ထဲမှာမချိမဆံ့ ပူပန်ရခြင်း ဆင်းရဲတွေ၊ အဆက်မပြတ် ဖြစ်ပေါ်နေရတယ်။

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေ ချုပ်ငြိမ်းပြီး အမှန်တရားတွေ မြင်တာနဲ့ တစ်ပြိုင်နက် သတ္တဝါတွေဟာ ကောင်းစားချမ်းသာချင်လို့ ပြုပြင်အားထုတ်နေရတဲ့ အခြေက လွတ်မြောက်သွားပြီး၊ ဒီလိုလွတ်မြောက်သွားတဲ့အတွက် ဝိညာဉ်သစ်တွေ မဖြစ်တော့ဘူး။ ဒီလိုဝိညာဉ်သစ်တွေ မဖြစ်တော့တဲ့အတွက် ရုပ်သစ်နာမ်သစ်တွေ မဖြစ်တော့ဘူး။ ဒီလိုရုပ်သစ် နာမ်သစ်တွေမဖြစ်တော့တဲ့အတွက် အာယတန ခြောက်ပါးခေါ်တဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတာတွေ မဖြစ်တော့ဘူး၊ ဒီလိုမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ဆိုတာတွေ မဖြစ်တော့တဲ့အတွက် သက်ရှိသတ္တဝါတွေ သက်မဲ့ အရာဝတ္ထုတွေနဲ့ ထိတွေ့မှုတွေဆိုတာ မဖြစ်တော့ဘူး၊ ဒီလို ထိတွေ့မှုတွေဆိုတာ မဖြစ်တော့တဲ့အတွက် ခံစားမှုဆိုတာ မဖြစ်တော့ဘူး။ ဒီလို ခံစားမှုတွေ

http://www.dhammadownload.com

ဆိုတာ မဖြစ်တော့တဲ့အတွက် တောင့်တမှုဆိုတာ မဖြစ်တော့ဘူး။ ဒီလို တောင့်တမှုဆိုတာ မဖြစ်တော့တဲ့အတွက် စွဲလမ်းမှုဆိုတာ မဖြစ်တော့ဘူး။ ဒီစွဲလမ်းမှုဆိုတာမဖြစ်တော့တဲ့အတွက် ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ ဖြစ်စေနိုင်တဲ့ ဘဝတွေ မဖြစ်တော့ဘူး။ ဒီဘဝတွေ မဖြစ်တော့တဲ့အတွက် ဗြဟ္မာတွေ၊နတ်တွေ၊ လူတွေ၊ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အသူရကာယ်တွေမဖြစ်ရတော့ဘူး။ ဒီလို ဗြဟ္မာတွေ၊ နတ်တွေ၊ လူတွေ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေ မဖြစ်ရတော့တဲ့အတွက် အိုရခြင်း ဆင်းရဲတွေ၊ သေရခြင်း ဆင်းရဲတွေ၊ စိုးရိမ်ကြောင့်ကြကြရခြင်း ဆင်းရဲတွေ ငိုကြွေးမြည်တမ်းရခြင်း ဆင်းရဲတွေ၊ ကိုယ်မှာခံစားရတဲ့ ဆင်းရဲတွေ၊ စိတ်မှာခံစားရတဲ့ ဆင်းရဲတွေ၊ စိတ်ထဲမှာ မချိမဆံ့ပူပန်ရခြင်း ဆင်းရဲတွေမဖြစ်ပေါ်နိုင်တော့ဘူး။

သိပ္ပံပညာရှင်များခင်ဗျား ...

ကျွန်တော်ရဲ့ ရှင်းလင်းချက်ကို ကြားနာပြီးတဲ့နောက် သတ္တဝါတွေ အခု ကျွန်တော်ပြောခဲ့တဲ့ ဒုက္ခပင်လယ်ကြောမှာ အဆက်မပြတ် မျောနေရတာဟာ တခြားကြောင့်မဟုတ်။ လောဘ၊ ဒေါသ၊ မောဟတွေ ပိတ်ဖုံးနေတဲ့အတွက် အမှန်ကို မမြင်နိုင်တာကြောင့်ဘဲ ဖြစ်တယ်ဆိုတာကို ကောင်းစွာ သဘောပေါက်နိုင်ကြပါပြီ။ နောက်ပြီးတော့လည်း ဒီလောဘ၊ ဒေါသ၊ မောဟတွေ ချုပ်ငြိမ်းပြီး အမြင်မှန်ကို မြင်နိုင်ရင် ဒီဒုက္ခတွေက လွတ်မြောက်မယ်ဆိုတာကိုလည်း ကောင်းကောင်း သဘောပေါက်နိုင်ကြပါပြီ။

အဲဒီတော့ သိပ္ပံပညာရှင်များ ခင်ဗျား ...

အမြင်မှန်ရအောင် ဒီလောဘ၊ ဒေါသ၊ မောဟတွေကို ဘယ်လို အမြစ်ဖြတ်ကြမလဲ။

http://www.dhammadownload.com

ကိလေသာဖြတ်နည်း အမျိုးမျိုး

သိပ္ပံပညာရှင်များခင်ဗျား ...

လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေကို အမြစ်ဖြတ်ဖို့အတွက် ပုဂ္ဂိုလ်အမျိုးမျိုးဟာ နည်းအမျိုးမျိုးကို ပေးခဲ့ကြပါတယ်။

တချို့က ကာမဂုဏ်တွေကို ဝပြီး အီသွားအောင် ခံစားလိုက်ရင် ဒီကိလေသာတွေကုန်ခန်းသွားမယ်ဆိုတဲ့ နည်းတွေကို ရှေးကလည်း ပေးခဲ့ကြဖူးပါတယ်။ အခုလည်း ပေးလျက်ပင် ရှိပါသေးတယ်။

တချို့ကလည်း ကိုယ့်ကိုယ်ကိုယ် ပင်ပန်းအောင်လုပ်ထားရင် ကိလေသာတွေ အမြစ်ဖြတ်မယ်ဆိုပြီး ရေငုပ်မီးလှုံ့တုံးခုန်ဇယ်ခတ်ဆိုတဲ့နည်းတွေကို ရှေးကလည်း ပေးခဲ့ကြဖူးပါတယ်။ ယခုလည်းပေးလျက်ပင် ရှိကြပါသေးတယ်။

အချို့ကလည်း ကိုယ့်ကိုယ်ကိုယ် နာကျင်အောင် လုပ်ထားရင် ဒီကိလေသာတွေ အမြစ်ပြတ်မယ်ဆိုပြီး ဆူးပေါ်အအိပ်ခိုင်းခြင်း၊ မိမိကိုယ်ကို နာကျင်အောင်ရိုက်နက်ခြင်း၊ အစာငတ်ခံခြင်းဆိုတဲ့ နည်းတွေကို ရှေးကလည်း ပေးခဲ့ဖူးပါတယ်။

အခုလည်း ပေးလျက်ပင် ရှိကြပါသေးတယ်။

သိပ္ပံပညာရှင် အပေါင်းတို့ခင်ဗျား –

ဂေါတမမြတ်စွာဘုရားသခင်ဟာ ဒီနည်းတွေကို လက်မခံပါဘူး အကုန်လုံး ပယ်ပါတယ်၊ ဂေါတမမြတ်စွာဘုရားသခင် အလိုတော်အရ လောဘ၊ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေကို အမြစ်ဖြတ်တဲ့နည်းဟာ တစ်လောကလုံးမှာ တစ်နည်းတည်း ရှိပါတယ်။ အဲဒီနည်းကတော့ တခြားမဟုတ်ပါဘူး။ သတိအစဉ်ရှိနေအောင် လုပ်တဲ့နည်းပဲ

http://www.dhammadownload.com

ဖြစ်ပါတယ်။ အဲဒီတော့ သတိအစဉ်ရှိအောင် လုပ်တဲ့နည်းကို ကျွန်တော် ပြောပြချင်ပါတယ်။ ဒါပေမယ့် ဒီသတိ အစဉ်ရှိအောင် လုပ်တဲ့နည်းကို မပြောခင် ဘာဖြစ်လို့ ဒီသတိအစဉ်ရှိအောင် လုပ်ရတယ်ဆိုတဲ့ အချက်ကို အကျဉ်းချုပ်ပြီး ကျွန်တော် ပြောပြလိုပါတယ်။

စိတ်နှင့်အာရုံ

သိပ္ပံပညာရှင်များခင်ဗျား ...

ကျွန်တော်တို့ရဲ့ စိတ်ဟာ မျက်စိအားဖြင့်လည်းကောင်း၊ နားအားဖြင့်လည်းကောင်း၊ နှာခေါင်းအားဖြင့်လည်းကောင်း၊ လျှာအားဖြင့်လည်းကောင်း၊ ကိုယ်ကာယအားဖြင့်လည်းကောင်း၊ ပတ်ဝန်းကျင်မှာရှိနေတဲ့ အာရုံခေါ်တဲ့ သက်ရှိသက်မဲ့တွေထဲက တစ်ခုမဟုတ်ဘဲ တစ်ခုနဲ့ အမြဲတမ်း ထိတွေ့နေတယ်။ ကျွန်တော်တို့ စိတ်ဟာ အာရုံတစ်ခုခုနဲ့ ကင်းလွတ်ပြီး ဘယ်အခါမှ မနေနိုင်ပါဘူး။ အဲဒီလိုစိတ်နဲ့ အာရုံနဲ့ ထိတွေ့တဲ့အခါ ကြိုက်တဲ့ အာရုံဆိုရင် လောဘဖြစ်တယ်၊ မကြိုက်တဲ့ အာရုံဆိုရင် ဒေါသဖြစ်တယ်၊ အကြမ်းအားဖြင့် ပြောရမယ်ဆိုရင် အဲဒီလိုစိတ်နဲ့ အာရုံနဲ့ဟာ နေ့စဉ်နဲ့အမျှ နာရီနဲ့အမျှ၊ မိနစ်နဲ့အမျှ၊ စက္ကန့်နဲ့အမျှ ထိတွေ့နေတဲ့အတွက် ကျွန်တော်တို့ရဲ့ စိတ်တွေဟာ လောဘမဟုတ်ရင် ဒေါသဆိုတဲ့ အညစ်အကြေးတွေနဲ့ အစဉ်မပြတ် ရစ်ပတ်ထားတာကို ခံနေရတယ်။ အဲဒီလိုရစ်ပတ်ထားတာကို ခံနေရလို့အမှန်ကို ကျွန်တော်တို့ မမြင်ရဘူး။ ပုဂ္ဂိုလ်တစ်ဦးဟာ တိမ်သလ္လာကြောင့် မျက်စိမမြင်နိုင်သလိုပါပဲ။ အဲဒီလို လောဘနဲ့ဒေါသဆိုတဲ့ အညစ်အကြေးတွေက အစဉ်အမြဲ ရစ်ပတ်ထားတဲ့အတွက် အမှန်တရားကို မမြင်ရဘူး။ ဒီလို အမှန်တရားကို မမြင်ရတဲ့အတွက် ငါ၊ ငါ၊ ငါလို့ဖြစ်နေတာပါပဲ။

http://www.dhammadownload.com

အဲဒီတော့ အမှန်တရားကို မြင်နိုင်ဖို့အတွက် စိတ်ကို လောဘ ဒေါသဆိုတဲ့ အညစ်အကြေးတွေရဲ့ ရစ်ပတ်မှုမှ ကင်းလွတ်အောင်လုပ်ရမယ်၊ ဘယ်လိုလုပ်ရမလဲ။

စိတ်နဲ့အာရုံ တစ်ခုခုနဲ့ ထိတွေ့တိုင်း လောဘမဟုတ်ရင် ဒေါသ ဖြစ်တယ်လို့ ခုတင်က ကျွန်တော် ပြောခဲ့ပြီးပါပြီ။ စိတ်ဆိုတာကလဲ အာရုံတစ်ခုခုနဲ့ မထိတွေ့ဘဲ မနေနိုင်၊ အစဉ်ထိတွေ့နေရမယ်လို့လဲ ကျွန်တော် ပြောခဲ့ပြီးပြီ။ အဲဒီတော့ စိတ်နဲ့ အာရုံထိတွေ့တဲ့အခါ လောဘနဲ့ ဒေါသမဖြစ်အောင် ဘယ်လိုလုပ်မလဲ၊ မခက်ပါဘူး လွယ်ပါတယ်။

စိတ်ဟာ တစ်ကြိမ်မှာ တစ်စိတ်တည်းဖြစ်နိုင်တယ်။ အဲဒီတော့ စိတ်နဲ့ အာရုံနဲ့ ထိတွေ့တာနဲ့ တစ်ပြိုင်နက်၊ ထိတွေ့နေတယ်ဆိုတာကို ချက်ချင်းသတိပြုလိုက်ပါ။ စိတ်ဟာ တစ်ကြိမ်မှာ တစ်စိတ်တည်းသာ ဖြစ်နိုင်တဲ့အတွက် သတိဆိုတဲ့ စိတ်ဖြစ်ပေါ်နေတဲ့ အတောအတွင်း လောဘစိတ်တွေ၊ ဒေါသစိတ်တွေ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး၊ သိပ္ပံပညာရှင်များ စမ်းကြည့်ပါလား၊ ကိုယ်နဲ့မသင့်မြတ်တဲ့ လူတစ်ယောက်ရှိတယ်ဆိုပါတော့။ ဒီလူကို မြင်တိုင်း မြင်တိုင်း၊ စဉ်းစားမိတိုင်း စဉ်းစားမိတိုင်း၊ လူကြီးမင်းများမှာ ဒေါသစိတ်တွေ ပေါ်ဖူးမှာပါပဲ။ ဒါပေမယ့် ဒီလူကို မြင်တဲ့အခါ မြင်တယ်၊ မြင်တယ်လို့ စိတ်ထဲကဆိုပြီး သူ့ကို မြင်နေတဲ့ဟာကို သတိရနေပါ။ ဒီလို သတိရနေတဲ့ အတောအတွင်း ဒေါသစိတ်တွေဟာ ဘယ်နည်းနဲ့မှ မပေါ်တော့ဘူး။ တစ်ခါတစ်ရံ သိပ္ပံပညာရှင်များ ဒေါသဖြစ်ဖူးပါလိမ့်မယ်။ အဲဒီလို ဒေါသဖြစ်နေတဲ့အခါ ဒေါသဖြစ်နေတယ်ဆိုတာကို သတိရအောင် လုပ်ကြည့်စမ်းပါ။ ဒီလို သတိရတာနဲ့ တစ်ပြိုင်နက် သိပ္ပံပညာရှင်များရဲ့ ဒေါသဟာ ပျောက်သွားတာကို တွေ့ရပါလိမ့်မယ်။

အဲဒီလိုစိတ်နဲ့ အာရုံနဲ့ ထိတွေ့တိုင်း ထိတွေ့တိုင်းလောဘနဲ့

http://www.dhammadownload.com

ဒေါသဆိုတဲ့ အညစ်အကြေးတွေ မပေါ်ပေါက်နိုင်အောင် စိတ်နဲ့အာရုံနဲ့ ထိတွေ့တိုင်း ထိတွေ့တိုင်း သတိအစဉ် အမြဲရှိနေပါစေ။

သတိအစဉ်ရှိအောင် ဘယ်လိုလုပ်မလဲ

သိပ္ပံပညာရှင်များခင်ဗျား ...

သတိအစဉ်ရှိဖို့ ဘာဖြစ်လို့ လုပ်ပေးရတယ်ဆိုတာကို အကျဉ်းချုပ်ပြောပြီးတဲ့ နောက် သတိအစဉ်ရှိနေအောင် ဘယ်လို လုပ်ရတယ်ဆိုတာကို တရားတော်အတိုင်း ကျွန်တော်အကျဉ်းချုပ်ပြီး ပြောပြလိုပါတယ်။ အဲဒီနည်းကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ ကုလားထိုင်ပေါ်မှာဖြစ်စေ၊ ကြမ်းပြင်ပေါ်မှာ ဖြစ်စေထိုင်ပါ။ အဲဒီလိုထိုင်နေတဲ့အခါမှာ ထိုင်နေတယ်လို့ စိတ်ထဲက သတိရနေပါစေ။ ဒါပေမဲ့ ထိုင်တာ တစ်ခုတည်း မှတ်နေရင် သူက လွယ်လွန်းအားကြီးနေတယ်။ လွယ်လွန်းတော့ ကြောင့်ကြမစိုက်ရလို့ သတိဟာ လွင့်သွားနိုင်တယ်။ အဲဒါကြောင့် ထိုင်နေတာကို မှတ်ပြီးရင် ကိုယ့်အသား တစ်နေရာနဲ့ ကြမ်းပြင် သို့မဟုတ် ကုလားထိုင်နဲ့ ထိနေတာ ကလေးကိုလည်း မှတ်ပါ။ အဲဒီတော့ မှတ်ရတာဟာ ထိုင်တယ်တစ်ခုတည်း မဟုတ်တော့ဘဲ ထိုင်တယ်၊ ထိတယ် ဖြစ်လာလိမ့်မယ်။ ထိုင်တယ်လို့ ကိုယ်ထဲမှာ မှတ်လိုက်ပြီးတော့ ထိတယ်လို့ အဲဒီအထိ ကလေးကို သွားမှတ်လိုက်၊ ပြီးတော့ထိုင်တယ်လို့ ပြန်မှတ်လိုက်၊ ပြီးတော့ ထိတယ်လို့ ပြန်မှတ်လိုက်။ ဟောဒါကလေးနှစ်ခုကိုပဲ အသွားအပြန် မှတ်နေရမယ်၊ ထိုင်တယ် ထိတယ်၊ ထိုင်တယ်ထိတယ်၊

http://www.dhammadownload.com

ထိုင်တယ်ထိတယ်လို့ မှတ်နေရမယ်၊ အဲဒီလို မှတ်ရတာဟာ အချို့မှာ လွယ်ပေမဲ့ အချို့မှာတော့ ခက်တတ်တယ်၊ အဲဒီလိုထိုင်တယ် ထိတယ်လို့ အမှတ်ရခက်ရင် နောက်တစ်နည်း ရှိသေးတယ်။

ထွက်သက်ဝင်သက်

အဲဒါကတော့ တခြားဟာမဟုတ်ဘူး၊ ထွက်သက် ဝင်သက်တို့ကို ရှူရှိုက်တဲ့အခါ ယောဂီရဲ့ ဝမ်းဗိုက်ဟာ ဖောင်းလိုက်ပိန်လိုက်ဖြစ်နေတာကို တွေ့ရမယ်။ ဖောင်းရင် ဖောင်းတယ်လို့ မှတ်ရမယ်၊ ပိန်ရင် ပိန်တယ်လို့မှတ်ရမယ်၊တရားအားထုတ်စ ယောဂီများအတွက် ဒီဖောင်းတယ် ပိန်တယ်ကို မှတ်ရတာက ပိုပြီး လွယ်တတ်တယ်။ ယောဂီများဟာ မိမိတို့အတွက် အမှတ်ရ အလွယ်ဆုံးကို ပထမအဆင့် အနေနဲ့ ရွေးပြီး မှတ်ရမယ်။

ဒီဖောင်းတာပိန်တာကို ဘယ်လိုမှတ်ရမယ်ဆိုတာ အသေးစိတ် ထပ်ပြီး ပြောချင်ပါသေးတယ်။ ယောဂီတစ်ဦးဟာ မိမိရဲ့စိတ်ကို ဗိုက်ပေါ်မှာ စိုက်ထားရမယ်။ အသက်ရှူသွင်းလိုက်တဲ့အခါ ဗိုက်ဟာ ဖောင်းတက်လာတာကို တွေ့ရတယ်၊ အသက်ရှူထုတ်လိုက်တဲ့အခါကျတော့ ပိန်ကျသွားတာကို တွေ့လိမ့်မယ်။ ဖောင်းတက်လာတာကလေးကို ဖောင်းတယ်လို့ မှတ်ရမယ်။ ပိန်ကျသွားတာ ကလေးကို ပိန်တယ်လို့ မှတ်ရမယ်၊ စိတ်နဲ့ စိုက်ကြည့်ရုံနဲ့ မထင်ရှားသေးရင် ဗိုက်မှာ လက်နဲ့ထိထားနိုင်တယ်။ အသက်ရှူတာကိုတော့ မပြင်းရဘူး။ နှေးအောင်လဲ အသက်အောင့်မထားရဘူး၊ မြန်အောင်လည်း အားမထုတ်ရဘူး။ ပြင်းပြင်းကြီးလည်း မရှူရဘူး။ အသက်ရှူကို ပြင်းလိုက်ရင်မောသွားလိမ့်မယ်။ ဒါကြောင့် ပကတိရှူမြဲအတိုင်းသာ မှန်မှန်ရှူရမယ်၊ အသက်ရှူမှားသွားရင် မှန်မှန်ကလေးပြန်ထားရမယ်။ ဒီလို

http://www.dhammadownload.com

မှန်မှန် ကလေးရှုနေရင် ဖောင်းတက်လာတာကို ဖောင်းတယ်လို့မှတ်၊ ပိန်ကျသွားတာကို ပိန်တယ်လို့ မှတ်ပါ။

ဖောင်းတယ်၊ ပိန်တယ်၊ ဒီလို အဆိုကလေးတွေကတော့ စိတ်ထဲတွင် ဆိုဖို့ပါပဲ၊ ပါးစပ်ကတော့ ဆိုနေဖို့မလိုပါဘူး၊ စိတ်ထဲတွင်ပဲ ဖောင်းတယ် ပိန်တယ်လို့၊ ဒီလို စိတ်ဆိုကလေးနဲ့ ဖောင်းတိုင်း ပိန်တိုင်း လိုက်ပြီး မှတ်နေရမယ်။

ဝိပဿနာမှာ သတိရှိနေဖို့က အရေးအကြီးဆုံး ဖြစ်နေတယ်။ ဒါကြောင့် ဖောင်းတယ်လို့ မှတ်တဲ့အခါမှာ ဖောင်းစကနေပြီး ဖောင်းတာ ဆုံးသည့်တိုင်အောင် ဖောင်းတက်လာတာကို သတိတစ်ချက်ကလေးမှ မလစ်စေဘဲ မှတ်သွားဖို့လိုတယ်။ အဲဒီလိုပိန်ကျသွားပြန်ရင်လဲ ပိန်စကစပြီး ပိန်ကျသွားတာ အဆုံးအထိ ပိန်ကျသွားတာကို သတိတစ်ချက်ကလေးမှ မလစ်စေဘဲ မှတ်သွားဖို့လိုတယ်။

ဒီလိုမှတ်နေရင်း စိတ်က တခြားထွက်ထွက် သွားတာလဲရှိလိမ့်မယ်၊ သမာဓိအား မကောင်းသေးရင် စိတ်ဆိုတာကထားရာမှာ နေတာမဟုတ်ဘူး၊ ဖောင်းတာ ပိန်တာကို မှတ်နေရင်းစိတ်က အဲဒီထွက်သွားရင် ထွက်သွားတဲ့စိတ်လည်းလိုက်ပြီး မှတ်ရမယ်။ အဲဒီလို စိတ်ထွက်သွားတယ်၊ သွားတယ်လို့မှတ်၊ အဲဒီလို တစ်ချက် နှစ်ချက်လောက် မှတ်လိုက်ရင် ဒီစိတ်ဟာ အပြင်ဘက် ပျံ့လွင့်တာ ရပ်သွားလိမ့်မယ်၊ အဲဒီအခါ ဖောင်းတာပိန်တာကို ပြန်မှတ်ရမယ်။

အဲဒီလိုမှတ်နေရင်း စိတ်ဟာ တစ်နေရာရာကို ရောက်သွားရင် ရောက်တယ်ရောက်တယ်လို့မှတ်၊ အဲဒီလိုမှတ်ပြီး ဖောင်းတာ ပိန်တာကိုပဲ ပြန်မှတ်ပါ။

စိတ်ကူးထဲမှာ လူတစ်ယောက်ယောက်နဲ့ တွေ့ရင်လည်း တွေ့တယ် တွေ့တယ် တွေ့တယ်လို့မှတ်၊ ပြီးရင် ဖောင်းတာ ပိန်တာကို ပြန်မှတ်ပါ။ တစ်ခါတစ်ရံ စိတ်ကူးထဲမှ လူတစ်ယောက်ယောက်နဲ့

http://www.dhammadownload.com

တွေ့ပြီး စကားပြောတာနေတာမျိုးလည်း ရှိတတ်တယ်၊ အဲဒီလို စိတ်ကူးထဲမှာ စကားပြောနေမှ သတိရလာတာမျိုးလည်း ရှိလိမ့်မယ်။ အဲဒီအခါ ပြောနေတယ် ပြောနေတယ်လို့ မှတ်ပါ၊ လိုရင်းကတော့ ဘာပဲဖြစ်ဖြစ် စိတ်ကူးကြံစည်မှုတွေ ဖြစ်တိုင်းဖြစ်တိုင်း မှတ်ဖို့ပါပဲ၊ မှတ်ပုံကတော့ စိတ်ကူးနေရင်း သတိရတာနဲ့ တစ်ပြိုင်နက် စိတ်ကူးတယ် စိတ်ကူးတယ်လို့မှတ်၊ စိတ်ထဲမှာ ပျော်ရင်လည်း သတိရတာနဲ့ တစ်ပြိုင်နက် ပျော်နေတယ်၊ ပျော်နေတယ်လို့ မှတ်ပါ၊ ပျင်းနေတာကို တွေ့လည်း ပျင်းနေတယ်၊ ပျင်းနေတယ်လို့မှတ်၊ စိတ်ပျက်နေရင်လည်း စိတ်ပျက်နေတယ်လို့မှတ်။

အဲဒီလို စိတ်ကူးကလေးတွေကို ဖြစ်တိုင်းဖြစ်တိုင်း ရှုမှတ်နေရင် စိတ်နဲ့ပတ်သက်ပြီး အထင်လွဲမှုတွေ မိမိကိုယ်နဲ့ ပတ်သက်ပြီး အထင်လွဲမှုတွေဟာ တစ်စတစ်စနဲ့ ပပျောက်သွားလိမ့်မယ်။ စိတ်ညစ်တာ စိတ်ပျက်တာ စိတ်သောက ရောက်နေတာတွေရှိရင်လည်း ပပျောက်သွားလိမ့်မယ်။

အဲဒီစိတ်ကလေးတွေကို ဖြစ်ပေါ်တိုင်း ဖြစ်ပေါ်တိုင်း မှတ်နိုင်အောင် ကြိုးစားပါ၊ အဲဒီလိုမှတ်ပြီးတာနဲ့ ဖောင်းတာ ပိန်တာကို ပြန်ပြီး မှတ်ပါ။

အဲဒီလို မှတ်နေရင်း မှတ်နေရင်း ခေါင်းငုံ့ရင် ငုံ့တယ်၊ ငုံ့တယ်လို့ မှတ်၊ ခေါင်းမော့ရင် မော့တယ်၊ မော့တယ်လို့မှတ်၊ ပေ...င်ကြည့် မြောက်ကြည့် ကြည့်မိရင် ကြည့်တယ် ကြည့်တယ်လို့မှတ်၊ ပြီးရင် ဖောင်းတာ ပိန်တာကို ပြန်မှတ်ပါ။

ထိုင်နေတာကျတော့ ကိုယ်ထဲမှာ ညောင်းတာ ပူတာတွေက ပေါ်လာလိမ့်ဦးမယ်၊ အဲဒါတွေကိုလည်း လိုက်ပြီး မှတ်ရလိမ့်ဦးမယ်၊ ညောင်းတာကလေးကို သေသေချာချာသိအောင် စိတ်နဲ့စိုက်ပြီး ညောင်းတယ်၊ ညောင်းတယ်လို့ မှတ်နေရမယ်၊ ပူရင်လဲပူတယ်၊ ပူတယ်

http://www.dhammadownload.com

လို့ မှတ်နေရမယ်၊ နာရင်ပဲ နာတယ် နာတယ်လို့ မှတ်နေရမယ်၊ ကျင်ရင်လည်း ကျင်တယ် ကျင်တယ်လို့ မှတ်နေရမယ်။ မောရင်လည်း မောတယ် မောတယ်လို့ မှတ်နေတယ်၊ အဲဒီလို ညောင်းလို့ ပူလို့ နေရာပြင်ချင်ရင်လည်း ပြင်ချင်တယ် ပြင်ချင်တယ်လို့ မှတ်ရမယ်၊ အဲဒီလို အဆင့်ဆင့် မှတ်ပြီး ဖောင်းတာ ပိန်တာကိုပဲ ပြန်မှတ်ရမယ်။

ဒီလို မှတ်နေရင်း တစ်နေရာက ယားလာပြန်ရင် အဲဒါကိုလည်း မှတ်ရမှာပဲ၊ ယားတဲ့နေရာကို စိုက်ပြီးယားတယ် ယားတယ် ယားတယ်လို့ သေသေချာချာမှတ်၊ သူလဲ အခံရခက်တဲ့ ဝေဒနာပဲ၊ အယားပျောက်ချင်တဲ့ စိတ်ကလေးပေါ်လာရင် အဲဒီစိတ်ကို ဖျောက်ချင်တယ် ဖျောက်ချင်တယ်လို့မှတ်၊ ဒါပေမဲ့ ချက်ချင်း အယားကို မဖျောက်ပါနဲ့၊ ဖျောက်ချင်တယ် ဖျောက်ချင်တယ်လို့မှတ်ပြီး ယားတယ် ယားတယ်လို့ပဲ ပြန်မှတ်နေရဦးမယ်။ ဒီလိုပေပြီးမှတ်နေရင် ယားတာကတော့ ပျောက်သွားတာပဲ များပါတယ်၊ ပျောက်သွားရင်လည်း ဖောင်းတယ် ပိန်တယ်လို့ ပြန်မှတ်သွားရုံပါပဲ၊ အယားမပျောက်တော့လည်း အယားဖျောက်ရတာပေါ့၊ ဒါပေမဲ့ ဖျောက်ချင်တဲ့ စိတ်ကလေးကစပြီး မှတ်သွားရမယ်၊ ဖျောက်ချင်တယ် ဖျောက်ချင်တယ်မှတ်၊ လက်ကြွလာရင် ကြွတယ် ကြွတယ်မှတ်၊ ရွေ့ရင် ရွေ့တယ် ရွေ့တယ်မှတ်၊ ယားတဲ့နေရာကို ထိတော့ ထိတယ်၊ ထိတယ် ထိတယ်လို့မှတ်၊ အယားဖျောက်နေတဲ့အခါ ဆွဲတိုင်း တွန်းတိုင်း ဖျောက်တယ် ဖျောက်တယ်၊ ကုတ်တယ် ကုတ်တယ်မှတ်၊ လက်ပြန်ချတော့ ချတယ် ချတယ်မှတ်၊ အဲဒီလိုအချမှာ လက်နဲ့ တစ်ခုခုနဲ့ ထိသွားရင် ထိတယ်၊ ထိတယ်လို့မှတ်ပြီးတော့မှ ဖောင်းတာပိန်တာကို ပြန်မှတ်သွားရမယ်။

ထိုင်ရာက ထဦးမယ်လို့ ကြံရင်လဲ အဲဒီစိတ်ကို ထချင်တယ်၊ ထချင်တယ်လို့ မှတ်၊ ထဖို့အတွက် လက်တွေ ခြေတွေကို ပြင်တဲ့အခါ ကြွတယ်၊ ရွေ့တယ် ဆန့်တယ် ထိတယ်၊ ထောက်တယ်စသည်ဖြင့်

http://www.dhammadownload.com

အစဉ်အတိုင်း မှတ်ပြီး ပြုပြင်ရမယ်၊ ကိုယ်က ရှေ့ကို ယိမ်းလာတဲ့အခါ ယိမ်းတယ်၊ ယိမ်းတယ်မှတ်၊ ထလိုက်တဲ့အခါ ကိုယ်ကြီးက ပေါ့ပေါ့ပြီး ကြွကြွတက်လာတာရှိတယ်၊အဲဒါကို စူးစိုက်ပြီးတော့ ထတယ် ထတယ် လို့ မှတ်ရမယ်။

တရားအားထုတ်နေတဲ့ ယောဂီတွေဟာ အားအင်ရှိပေမဲ့ အားမရှိတဲ့ လူမမာလို ကျင့်ရမယ်၊ ထရင်လည်း ဖြည်းဖြည်းထ၊ ထိုင်ရင်လည်း ဖြည်းဖြည်းထိုင်၊ လက်ခြေအစရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေ လှုပ်ရင်လည်း လှုပ်တိုင်း လှုပ်တိုင်း သတိလွတ်သွားတယ်ဆိုတာမျိုး မရှိရလေအောင် ဖြည်းဖြည်းခြင်း လှုပ်ရမယ်။

အဲဒီလိုထပြီး လမ်းလျှောက်တဲ့အခါ ခြေလှမ်းတွေကို မှတ်ရမယ်၊ ညာဘက်က လှမ်းတဲ့အခါ ညာလှမ်းတယ်လို့မှတ်၊ ဘယ်ဘက်က လှမ်းတဲ့အခါ ဘယ်လှမ်းတယ်လို့မှတ်၊ ခြေထောက်ကြွသည်ကစပြီး ခြေထောက်ချသည်အထိ ရွေ့ရွေ့ပြီး သွားတာကလေးကို တစ်ချက်မှ သတိမလစ်စေဘဲ၊ အစဉ်အတိုင်း မှတ်သွားရမယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်။ အဲဒီလို တစ်လှမ်းတစ်ခါ မှတ်သွားရမယ်၊ အဲဒီလို မှတ်တာက မြန်မြန်လျှောက်တဲ့အခါ မှတ်တာပဲဖြစ်တယ်။

ဖြည်းဖြည်းသွားနေတဲ့အခါတော့ ခြေတစ်လှမ်းကို သုံးပိုင်းပိုင်းပြီး မှတ်ရမယ်၊ ခြေထောက်ကြွတက်လာတာက တစ်ပိုင်း၊ လှမ်းလိုက်တာက တစ်ပိုင်း၊ နင်းချလိုက်တာက တစ်ပိုင်း၊ အဲဒီသုံးပိုင်းထဲမှာ ကြွတာနဲ့ ချတာကစပြီး မှတ်ရမယ်၊ လှမ်းတာကို အစမှာ မမှတ်သေးဘဲ ချန်ထားရမယ်၊ ကြွတာနဲ့ တစ်ပြိုင်နက် ကြွတယ်လို့ မှတ်လိုက်ရမယ်၊ ချတာနဲ့ တစ်ပြိုင်နက်ချတယ်လို့ မှတ်လိုက်ရမယ်၊ ကြွတယ် ချတယ် ခြေတစ်လှမ်းပြီးသွားပြီ၊ အဲဒီဘက် ချတယ်လို့ မှတ်နေတုန်း ဟိုတစ်ဖက်က ကြွလာတတ်တယ်၊ အဲဒီလိုကြွမလာစေရဘူး။ ကြွလာ

http://www.dhammadownload.com

လို့ရှိရင်လည်း ကြွစကနေပြီး သေသေချာချာ မှတ်နိုင်အောင် စူးစိုက်ပြီး မှတ်ရမယ်၊ ကြွတယ် ချတယ် ကြွတယ် ချတယ်၊ ဒီလိုခြေတစ်လှမ်းမှာ နှစ်ချက်ချ နှစ်ချက်မှတ်ပြီး သွားရမယ်၊ အစတော့ နည်းနည်းခက်မယ်၊ နှစ်ရက်လောက်ကြာတော့ ဒီလိုမှတ်ရတာ လွယ်လွယ် လာလိမ့်မယ်။ အဲဒီလို လွယ်လာတဲ့အခါ ကြွတယ် လှမ်းတယ် ချတယ် ကြွတယ်၊ လှမ်းတယ် ချတယ် အဲဒီလိုသုံးချက်အထိ တိုးပြီး မှတ်ရမယ်။

ယခုပြောခဲ့တဲ့နည်းအတိုင်း ထိုင်နေတဲ့အခါဖြစ်စေ၊ ရပ်နေတဲ့ အခါ ဖြစ်စေ၊ လှဲနေတဲ့အခါ ဖြစ်စေ၊ လမ်းလျှောက်နေတဲ့အခါ ဖြစ်စေ၊ ရေချိုးနေတဲ့အခါဖြစ်စေ၊ ထမင်းစားနေတဲ့အခါဖြစ်စေ။ ကျင်ကြီး ကျင်ငယ်သွားနေတဲ့အခါ ဖြစ်စေ၊ ယောဂီတစ်ဦးဟာ မိမိရဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းလှုပ်ရှားသမျှ စိတ်လှုပ်ရှားသမျှ တစ်ချက်ကလေးမှ သတိ မလစ်ရအောင် သတိနှင့် အစဉ်ကပ်ပြီး မှတ်နေရမယ်။

အိပ်ပျော်ချိန်မှာ မသိ

ညဉ့်နက်အချိန်ရောက်တဲ့အခါ အိပ်ရာပေါ်မှာ လှဲနေရင်း ဖောင်း တယ် ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်ကို မှတ်နေပါ။ ဒီလို မှတ်နေ ရင်း အိပ်ပျော်သွားပါလိမ့်မယ်။ အိပ်ပျော်တဲ့အချိန်မှာတော့ ဘာမှ မသိ လို့ မမှတ်ရဘူး။ ဒါကြောင့် အိပ်ပျော်နေတဲ့ အချိန်ကတော့ ယောဂီ ပုဂ္ဂိုလ်မှာ နားရတဲ့အချိန်ပဲ။

သို့ပေမဲ့ တကယ်တမ်း တရားအားထုတ်တဲ့ ယောဂီဟာ တစ်နေ့ ကို လေးနာရီထက်တော့ပိုပြီး အိပ်ပျော် မနေစေရဘူး။ တစ်နေ့ကို လေးနာရီလောက်အိပ်ရင် လုံလောက်ပါပြီ။

သမာဓိအား အင်မတန်ကောင်းလာတဲ့ ယောဂီများမှာ လေးငါး ခြောက်ရက် ခုနစ်ရက်အထိ တစ်မှေးမှ မအိပ်တာကို ကျွန်တော်

http://www.dhammadownload.com

ကိုယ်တိုင်တွေ့ရဖူးတယ်။ ကျန်းမာရေးလည်း မထိခိုက်ဘူး။ လန်းလန်း ဆန်းဆန်း ဖြစ်နေတာပဲ။

အဲဒီအိပ်ပြီး နိုးလာတဲ့အချိန်ကစပြီ စိတ်လှုပ်ရှားမှု မှန်သမျှ ကိုယ်လှုပ်ရှားမှု မှန်သမျှကို ရှေးနည်းအတိုင်း ဆက်ပြီး မှတ်ရမယ်။

ဒီလို အစဉ်မပြတ်မှတ်နေတာဟာ ဘာကြောင့်ဆိုတာကို ကျွန်တော် အပေါ်နားမှာ ပြောခဲ့ပြီးပါပြီ။ ဒါပေမဲ့ ကြွရောက်လာကြတဲ့ ပုဂ္ဂိုလ်များကို သတိထပ်ပြီး ပေးတဲ့အနေနဲ့ ဒီလို မှတ်နေရတာ ဘာကြောင့်ဆိုတာကို တစ်ကြိမ်ထပ်ပြီး ပြောပါရစေ။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း စိတ်ဟာ အကြိမ်ပေါင်း များစွာ ဖြစ်နိုင်ပါတယ်။ ဘယ်လောက်များတယ်ဆိုတာကိုတော့ ကိုယ် တိုင် အားထုတ်တဲ့အခါ ကိုယ်တိုင်တွေ့ရပါလိမ့်မယ်။

အဲဒီလိုစိတ်ဖြစ်တိုင်း ဖြစ်တိုင်း အာရုံတစ်ခုခုနဲ့ ထိပြီး လောဘ စိတ်နဲ့ဒေါသစိတ်တွေဟာ ဖြစ်နေပါတယ်။ အဲဒါကြောင့် စိတ်ရဲ့ အလွန်လျင်မြန်မှုကြောင့် အမြင်မှန်ရအောင် အားထုတ်နေတဲ့ ယောဂီ တစ်ဦးဟာ တစ်ခါတလေသူကိုယ်တိုင်က သူရဲ့ သတိမြဲနေတယ်လို့ ထင်နေပေမဲ့ သူရဲ့စိတ်တွေဟာ သတိလွတ်ပြီး ထွက်သွားနိုင်ပါတယ်။ အဲဒီလို ထွက်သွားတာဟာ တစ်စက္ကန့်မျှလောက်သာ ဆိုပေမဲ့ လောဘ စိတ်နဲ့ ဒေါသစိတ်တွေဟာ အဲဒီယောဂီ မသိလိုက်ရဘဲနဲ့ ဒီတစ်စက္ကန့် အတွင်းမှာ အကြိမ်ပေါင်း အများကြီး ဖြစ်ပျက်သွားနိုင်တယ်။ အဲဒီ လောဘစိတ်နဲ့ ဒေါသစိတ်တို့ဟာ တစ်စွန်းတစ်စလောက် ရှိနေသေး ရင် အမြင်မှန်ကို ဘယ်နည်းနဲ့မှ မရနိုင်ပါဘူး။ အဲဒါကြောင့်ယောဂီဟာ သတိကို အလစ်မပေးဘဲ မြင်သမျှ ကြားသမျှ ရှူရှိုက်သမျှ အရသာခံ သမျှ ဝါတွေ့သမျှအာရုံတွေအပေါ်မှာ သတိကိုကပ်ပြီး ထားနိုင်အောင် အထူးကြိုးစားရပါလိမ့်မယ်။

လက်ဦးအစလောက်မှာ ခက်ခဲသလိုရှိလိမ့်မယ်။ ဒါပေမဲ့

http://www.dhammadownload.com

တနင်္ဂနွေ တစ်ပတ်လောက်ရှိတဲ့အခါကျရင် တစ်သက်လုံး ရပ်နားခြင်း မရှိဘဲ လှုပ်ရှားနေခဲ့တဲ့ စိတ်ဟာ တဖြည်းဖြည်း တည်ငြိမ်လာတာကို ယောဂီကိုယ်တိုင် တွေ့ရပါလိမ့်မယ်။

ဒီလို သတိရှိတဲ့အတွက် စိတ်ဟာ လောဘတွေ၊ ဒေါသတွေ ကင်းလွတ်ပြီး စင်ကြယ်လာပါလိမ့်မယ်။ တရားတော်ဟာ သိပ္ပံပညာ လိုပဲ အင်မတန် တိကျပါတယ်။ သိပ္ပံပညာအရ ဟိုက်ဒရိုဂျင် ၂ ဆနဲ့ အောက်စီဂျင် ၁ ဆတို့ပေါင်းလိုက်ရင် အမေရိကန်ပဲ ပေါင်းပေါင်း၊ အင်္ဂလိပ်ပဲပေါင်းပေါင်း၊ အာဖရိကပဲ ပေါင်းပေါင်း၊ ဘယ်နိုင်ငံမှာပဲ ပေါင်းပေါင်း၊ ဘယ်အချိန်မှာပဲ ပေါင်းပေါင်း ရေဖြစ်ပါတယ်။ အဲဒီလိုပဲ တရားတော်ဟာလဲ အင်မတန် တိကျပါတယ်။ အမေရိကန်ပဲ လုပ်လုပ် အင်္ဂလိပ်ပဲလုပ်လုပ် အာဖရိကပဲလုပ်လုပ် ဘယ်မှာပဲလုပ်လုပ် ဘယ် အချိန်မှာပဲလုပ်လုပ် စိတ်နဲ့အာရုံနဲ့ ထိတိုင်း သတိအစဉ်ရှိနေအောင် လုပ်ရင် ဒီစိတ်ဟာ စင်ကြယ်ရမယ်။ စိတ်စင်ကြယ်မှု ပိုပြီးအားကောင်း လာတာနဲ့အမျှ စိတ်ဟာ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်သွားရမယ်။ ဘယ်အဆင့်ပြီးရင် ဘယ်အဆင့်ကို ရောက်ရမယ်ဆိုတာတွေဟာ တရားတော်ထဲမှာ အတိအကျရှိတယ်။ အဲဒီလိုစိတ်ဟာ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်သွားနေတာကိုလည်း သူများအပြောနဲ့ မဟုတ်ဘဲ ကိုယ့်ကိုယ်တိုင်သိရမယ်။ အဲဒီလောက်အထိ တရားတော်က တိတိ ကျကျ ဆိုထားတယ်။ အဲဒီတော့ ဒီလိုစိတ်ရဲ့ တိုးတက်သွားရမယ့် အဆင့်တွေဟာ ဘာတွေလဲ။

စိတ်တိုးတက်သွားရမယ့် အဆင့်ကြီးဟာ ၄ ဆင့်ရှိတယ်။ ဒီ အဆင့်ကြီးတွေကတော့ –

၁။ သောတာပတ္တိမဂ်ဖိုလ်အဆင့်

၂။ သကဒါဂါမိမဂ်ဖိုလ်အဆင့်

၃။ အနာဂါမိမဂ်ဖိုလ်အဆင့်

http://www.dhammadownload.com

၄။ အရဟတ္တမဂ်ဖိုအဆင့်တို့ပဲ ဖြစ်တယ်။

ပထမအဆင့်ကြီးဖြစ်တဲ့ သောတာပတ္တိမဂ်ဖို အဆင့်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ငါ ငါ ငါဖြစ်အောင် အမြဲတမ်း မြှောက်ပေးနေတဲ့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာလို့ခေါ်တဲ့ စိတ်ရဲ့ သတ္တိထူးနှစ်ခုဟာ တစ်ခါတည်း ကွယ်ပျောက်သွားကြတယ်။ ဒီအချက်ကို နားလည်ဖို့အတွက် နည်းနည်းရှင်းပြဖို့ လိုလိမ့်မည် ထင်တယ်။ စိတ်မှာ ကြိုက်တာနဲ့ တွေ့ရင် လောဘဖြစ်စေတတ်တဲ့သတ္တိ၊ မကြိုက်တာနဲ့တွေ့ရင် ဒေါသဖြစ်စေတတ်တဲ့သတ္တိ၊ ကာမနဲ့ဆိုင်တဲ့အာရုံနဲ့ တွေ့ရင် ကာမရာဂစိတ်တွေဖြစ်စေတတ်တဲ့သတ္တိ၊ မာနဖြစ်စေတတ်တဲ့ သတ္တိ၊ ကြောက်စေတတ်တဲ့သတ္တိ၊ တစ်ဖက်သားကို မနာလို ဝန်တိုစေတတ်တဲ့သတ္တိ၊ ကိုယ့်ကိုယ်နဲ့ တကွ တစ်လောကလုံး အပေါ်မှာ၊ အမြင်လွဲမှားစေတတ်တဲ့သတ္တိ၊ တရားပေါ်မှာ သို့လော သို့လောနဲ့ ယုံမှားသံသယဖြစ်စေတတ်တဲ့သတ္တိ အစရှိသဖြင့် စိတ်ရဲ့သတ္တိတွေ အများကြီးရှိတယ်။ ပထမအဆင့်ကြီးဖြစ်တဲ့ သောတာပတ္တိမဂ်ဖိုလ်ကို ရောက်တာနဲ့ တစ်ပြိုင်နက် ဒိဋ္ဌိလို့ခေါ်တဲ့ အမြင်လွဲမှားစေတတ်တဲ့ သတ္တိနဲ့ ဝိစိကိစ္ဆာလို့ခေါ်တဲ့ သို့လော သို့လောနဲ့ ယုံမှားသံသယဖြစ်စေတတ်တဲ့ သတ္တိနှစ်ခုဟာ စိတ်ထဲမှာ မရှိတော့ဘူး၊ စိတ်ထဲက လုံးဝကွယ်ပျောက်သွားတယ်။ အဲဒီသတ္တိနှစ်ခုဟာ ငါ ငါ ငါဖြစ်နေအောင် အစဉ်မြှောက်ပေးနေတဲ့ ငါရဲ့ အကြောင်းရင်းကြီးတွေပဲ ဖြစ်တယ်။ ဒီအကြောင်းရင်းကြီးတွေ ကွယ်ပျောက်သွားတာနဲ့ တစ်ပြိုင်နက် အကျိုးဖြစ်တဲ့ ငါဟာလည်း တစ်ခါတည်း ကွယ်ပျောက်ရတာပါပဲ။ အဲဒီလူမှာ ငါဆိုတာ မရှိတော့ဘူး၊ အဲဒီလို ငါမရှိတော့တဲ့အတွက် ဒီလူမှာ လောဘနဲ့ ဒေါသတွေရှိသလောက် ရှိနေသေးပေမဲ့ ရှေးကလို မပြင်းထန်တော့ဘူး။ သောတာပတ္တိမဂ်ဖိုလ် အဆင့်ကြီးကို မရောက်ခင်က လူတစ်ယောက်ဟာ ဒေါသတွေထွက်လာရင်သူများအသက်ကို သတ်တယ်ဆိုပါတော့။ လောဘထွက်လာ

http://www.dhammadownload.com

ရင် သူ့ဥစ္စာကို ခိုးတယ်၊ ကိုယ့်ကာမပိုင်မဟုတ်တဲ့ ပုဂ္ဂိုလ်များနဲ့ ကာမရာဂ စပ်ယှက်တယ်၊ လိမ်ပြောတယ်၊ မူးယစ်စေတတ်တဲ့ သေရည်သေရက်ကို သောက်တယ်ဆိုပါတော့၊ အဲဒီလူဟာ ပထမအဆင့်ကို ရောက်ပြီးရင် ဘယ်လိုနည်းနဲ့မှ မသတ်လည်း မသတ်နိုင်တော့ဘူး။ မခိုးလည်း မခိုးနိုင်တော့ဘူး၊ ကာမရာဂနဲ့ပတ်သက်ပြီး သူ့ကိုယ်ကိုယ်သူ အထူးထိန်းသိမ်းစောင့်ရှောက်ဖို့ မလိုတော့ဘူး။ နောက်ပြီးတော့ ရှေးအခါက သို့လော သို့လောနဲ့ သံသယတွေဖြစ်ခဲ့တဲ့ ဝါဒတွေအပေါ်မှာလည်း ဘယ်နည်းနဲ့မှ သံသယတွေ မဖြစ်ပေါ်နိုင်တော့ဘူး၊ သူ့စိတ်ရဲ့ ကျက်စားရာ အာရုံတွေအပေါ်မှာလည်း မှားယွင်းတဲ့ ယုံကြည်မှု မရှိနိုင်တော့ဘူး။ လက်နစ်ဖက် အဖြတ်ခံထားရတဲ့ လူတစ်ဦးဟာ သူ့လက်နဲ့အခြား လူတစ်ယောက်ကို မသတ်နိုင်တော့သလို သောတာပတ္တိမဂ်ဖိုလ် အဆင့်ကိုရောက်ပြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာလဲ အခုပြောခဲ့တဲ့ မကောင်းမှုတွေကို ဘယ်နည်းနဲ့မှ မကျူးလွန်နိုင်တော့ဘူး။

ဒီအဆင့်အကြောင်းကို ပြောတဲ့အခါ အင်မတန် မှတ်သားစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုကို ကျွန်တော် ပြေးပြီး သတိရမိတယ်။

အခုပြောတဲ့ ပထမအဆင့်ဖြစ်တဲ့ သောတာပတ္တိမဂ်ဖိုလ် အဆင့်ကိုရောက်ဖို့ လမ်းမှာ အဆင့်ငယ် ၁၁ ဆင့်ရှိပါတယ်။ သိပ်ပြီး ရှည်နေမှာစိုးတဲ့အတွက် ဒီအဆင့်ငယ်တွေရဲ့အကြောင်းကို ရှင်းမပြတော့ဘူး။ သူတို့ကို အစဉ်အလိုက် နာမည်သာဖော်ပြတော့မယ်။

ဒီအဆင့်ငယ် ၁၁ ဆင့်ကတော့ –

၁။ ရုပ်နှင့်နာမ်ကို ခွဲခြားပြီး သိတဲ့ဉာဏ်

၂။ အကြောင်းနှင့် အကျိုးကို ခွဲခြားပြီး သိတဲ့ဉာဏ်

၃။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သဘောပေါက်ပြီး သုံးသပ်ဆင်ခြင်တဲ့ ဉာဏ်

http://www.dhammadownload.com

၄။ ရုပ်နာမ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို သိတဲ့ဉာဏ်
၅။ အာရုံနှင့်တကွ ၎င်းကိုရှုသော စိတ်၏ပျက်ခြင်းကို သိတဲ့ဉာဏ်
၆။ ရုပ်နာမ်တို့ကို ကြောက်ဖွယ်ဟု သိတဲ့ဉာဏ်
၇။ ရုပ်နာမ်များကို အပြစ်ဟု သိတဲ့ဉာဏ်
၈။ လောကကြီးတစ်ခုလုံးကို ငြီးငွေ့ဖွယ်ဟုသိတဲ့ဉာဏ်
၉။ လောကမှ လွတ်မြောက်လိုသော ဆန္ဒကို ဖြစ်စေတဲ့ဉာဏ်
၁၀။ လွတ်မြောက်စေရန် တစ်ဖန် အားထုတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ကို အထူးသိတဲ့ဉာဏ်။
၁၁။ ဖြစ်ပျက်နေသော ရုပ်နာမ်တို့ အပေါ်တွင် နှစ်သက်ခြင်း ရွံမုန်းခြင်းကင်း၍ လျစ်လျူရှုတဲ့ ဉာဏ်တွေဖြစ်တယ်။

အဲဒီအဆင့်ငယ် ၁၁ ဆင့်ကို ရောက်ပြီးတဲ့နောက် ပထမ အဆင့်ကြီးဖြစ်တဲ့ သောတာပတ္တိမဂ်ဖိုလ် အဆင့်ကိုရောက်တယ်၊ အဲဒီ ပထမအဆင့်ကို ရောက်တဲ့ ပုဂ္ဂိုလ်ကို ပါဠိလို သောတာပန်လို့ ခေါ်ပါတယ်။ အဲဒီအဆင့်ကို ရောက်ပြီး ရှေးကအတိုင်း တရားဆက်အားထုတ်ရင် ဒုတိယအဆင့်ဖြစ်တဲ့ သကဒါဂါမိ မဂ်ဖိုလ်အဆင့်ကို ရောက်တယ်။ ဒီဒုတိယအဆင့်ကိုရောက်တဲ့ ပုဂ္ဂိုလ်ကို သကဒါဂါမ်လို့ ခေါ်ပါတယ်။ အဲဒီဒုတိယအဆင့်ကိုရောက်တဲ့အခါ ပထမအဆင့်ထက် ထင်ထင်ရှားရှား ထူးခြားချက်တစ်ခုကတော့ တခြားဟာမဟုတ်ဘူး၊ ပထမအဆင့်မှာတုန်းကထက် ဒေါသလောဘတွေရဲ့ အရှိန်ဟာ ပိုပြီး လျော့သွားတဲ့ အချက်ပဲဖြစ်တယ်။

အဲဒီ ဒုတိယအဆင့်ကို ရောက်ပြီး ရှေးကလိုပဲ တရားဆက်အားထုတ်ရင် တတိယအဆင့်လို့ ခေါ်တဲ့ အနာဂါမိမဂ်ဖိုလ် အဆင့်ကို ရောက်ပါတယ်။ ဒီတတိယအဆင့်ကို ရောက်တဲ့ ပုဂ္ဂိုလ်ကို အနာဂါမ်လို့ ခေါ်ပါတယ်။ ဒီတတိယအဆင့်ကို ရောက်တဲ့အခါမှာတော့ အင်မတန်ထူးခြားတဲ့ ထူးခြားချက်ကြီးတွေကို တွေ့ရတယ်။ ဒီအနာဂါမ်ရဲ့ စိတ်ထဲ

http://www.dhammadownload.com

မှာ ဒေါသဖြစ်စေတတ်တဲ့ သတ္တိတွေမရှိတော့ဘူး။

ကြောက်စရာနဲ့တွေ့ရင် ကြောက်စေတတ်တဲ့ သတ္တိတွေလည်း မရှိတော့ဘူး၊ ကာမရာဂဖြစ်စေတတ်တဲ့ သတ္တိတွေလည်း မရှိတော့ဘူး။ တစ်ခါတည်း အပြီးအပိုင် လုံးဝ ကွယ်ပျောက်ကုန်ကြတယ်။ အဲဒီလို ကွယ်ပျောက်ကုန်တဲ့အတွက် ဒီအနာဂါမ်ကို စိတ်ဆိုးအောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ တစ်လောကလုံး ဘယ်မှာမှ မရှိတော့ဘူး ကြောက်အောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာလဲ တစ်လောကလုံး ဘယ်မှာမှ မရှိတော့ဘူး။ ကာမရာဂစိတ်တွေဖြစ်အောင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်လည်း တစ်လောကလုံး ဘယ်မှာမှ မရှိတော့ဘူး။

ဒီအနာဂါမ်လောဘတော့ နည်းနည်းကျန်သေးတယ်၊ဒီလောဘကတော့ တခြားဟာ မဟုတ်ဘူး။ သူသေသွားရင် ဗြဟ္မာဘုံမှ ဗြဟ္မာဖြစ်ချင်နေတဲ့ လိုချင်တောင့်တမှု တစ်ခုတည်း ဖြစ်ပါတယ်။

အဲဒီ တတိယအဆင့်ကိုရောက်ပြီး ရှေးကလိုပဲ တရားဆက်အားထုတ်ရင် စတုတ္ထအဆင့်လို့ခေါ်တဲ့ အရဟတ္တမဂ်ဖိုလ် အဆင့်ကို ရောက်မယ်။ ဒီအဆင့်ကိုရောက်တဲ့ ပုဂ္ဂိုလ်ကို အရဟတ္တလို့ခေါ်တယ်။ အဲဒီအဆင့်ကိုရောက်တဲ့ အရဟတ္တမှာ ဒေါသတွေ လောဘတွေ အလျှင်းမရှိတော့ဘူး။

သိပ္ပံပညာရှင်များ ခင်ဗျား ...

အခု ကျွန်တော်ပြောခဲ့တဲ့ ဟာတွေဟာ ဂေါတမမြတ်စွာဘုရားသခင် ဟောကြားထားတော်မူခဲ့တဲ့ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာဟူသမျှကို အမြစ်ဖြတ်နိုင်တဲ့ တရားတော်ထဲကလိုရင်းအချက်ပဲ ဖြစ်ပါတယ်။ မြတ်စွာဘုရားသခင်က တရားတော်မှာ ဂုဏ်တော်ခြောက်ပါး ရှိတယ်လို့ ရဲဝံ့စွာ ဟောကြားထားတော်မူခဲ့ပါတယ်။ ဒီဂုဏ်တော်ခြောက်ပါးကတော့ အောက်ပါအတိုင်းပါတယ်။

http://www.dhammadownload.com

၁။ သွာက္ခာတော၊ မြတ်စွာဘုရား၏ တရားတော်သည် ကြံစည်တွေးဆ၍ ဟောထားသည်မဟုတ်ဘဲ အမှန်အတိုင်းသိပြီးမှ ဟောထားသော တရားတော်ဖြစ်သောကြောင့် ကောင်းမွန်မှန်ကန်စွာ ဟောထားသောတရားတော်ပါပေတည်း။

၂။ သန္ဒိဋ္ဌိကော၊ ကျင့်ကြံအားထုတ်လျှင် ကိုယ်တိုင်တွေ့နိုင်သော တရားတော်ပေတည်း။

၃။ အကာလိကော၊ နောင်တမလွန်ဘဝမှ မဟုတ်ဘဲ ယခုဘဝမှာပင် လက်ငင်းအကျိုးရစေသည့် တရားတော်ပါပေတည်း။

၄။ ဧဟိပဿိကော၊ ဤတရားတော်ကို လာကြည့်စမ်းပါဟု ဖိတ်ခေါ်တိုက်တွန်းလိုက်သော တရားတော်ပါပေတည်း။

၅။ ဩပါနေယျိကော၊ မိမိသန္တာန်၌ ဆောင်ထားထိုက်သော တရားတော်ပါပေတည်း။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ တရားမြင်သိတဲ့ ပညာရှိရှစ်ပါးအရိယာများသာလျှင် ကိုယ်စီကိုယ်င အသီးသီး ခံစားရသိရသော တရားတော်ပါပေတည်း။

ဤ၌ အရိယာရှစ်ပါးဟူသည်မှာ –

၁။ သောတာပတ္တိမဂ်သို့ရောက်ဆဲ သောတာပတ္တိမဂ်ပုဂ္ဂိုလ်တစ်ပါး။

၂။ သကဒါဂါမိမဂ်သို့ရောက်ဆဲ သကဒါဂါမိမဂ် ပုဂ္ဂိုလ်တစ်ပါး။

၃။ အနာဂါမိမဂ်သို့ရောက်ဆဲ အနာဂါမိမဂ် ပုဂ္ဂိုလ်တစ်ပါး။

၄။ အရဟတ္တမဂ်သို့ရောက်ဆဲ အရဟတ္တမဂ်ပုဂ္ဂိုလ်တစ်ပါးဆိုတဲ့ မဂ်ပုဂ္ဂိုလ် ၄ပါးနှင့်။

... ပတ္တိဖိုလ်သို့ရောက်နေ ... သော ...

http://www.dhammadownload.com

တစ်ပါး။

၂။ သကဒါဂါမိမိဖိုလ်သို့ ရောက်နေသော သကဒါဂါမ် ပုဂ္ဂိုလ် တစ်ပါး။

၃။ အနာဂါမိဖိုလ်သို့ရောက်နေသော အနာဂါမ်ပုဂ္ဂိုလ် တစ်ပါး။

၄။ အရဟတ္တဖိုလ်သို့ရောက်နေသော ရဟန္တာ ပုဂ္ဂိုလ် တစ်ပါးဆိုတဲ့ ဖိုလ်ပုဂ္ဂိုလ် ၄ပါးတို့ပင် ဖြစ်ပါတယ်။

အဲဒီတော့ သဘာဝတရားအသစ်တွေကို စူးစမ်းရှာဖွေနေရုံ သာမက သဘာဝတရား အဟောင်းတွေကိုလည်း စမ်းသပ်စစ်ဆေးပြီး မမှန် တာကို တွေ့ရရင် ဘယ်သူ့မျက်နှာမှ မထောက်ထားဘဲ ရဲရဲရင့်ရင့် ပစ်ပယ်ဝံ့ပြီး မှန်တာကို တွေ့ရရင်လည်း ဘယ်သူကဲ့ရဲ့မှာကိုမှ မကြောက်ရွံ့ဘဲ လက်ခံဝံ့တဲ့ သိပ္ပံရှင်များအား မြတ်စွာဘုရားသခင်ရဲ့ ဒုက္ခအပေါင်းက လွတ်မြောက်စေနိုင်တဲ့ တရားတော်ကြီးကို ကိုယ်စွမ်း ရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ စမ်းသပ် စစ်ဆေးကြည့်ကြဖို့ ကျွန်တော် လေးနက်စွာ တိုက်တွန်းတိုက်ပါတယ်။

❑

http://www.dhammadownload.com

အကျိုးကြီးမား မေတ္တာတရား

အိန္ဒိယပြည် ဗာရာဏသီမြို့၊ ဟိန္ဒူတက္ကသိုလ်တွင် ၁၉၆၂ ခုနှစ် ဇန်နဝါရီလ ၁၃ရက်နေ့က ပြောကြားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏မေတ္တာဆိုတာဘာလဲ ဟောပြောချက်မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း။

မေတ္တာဆိုတာဘာလဲ

နာယကကြီးနဲ့ ပရိသတ်အပေါင်းတို့ ခင်ဗျား ...

မြတ်စွာဘုရားသခင် ဟောကြားထားတော်မူခဲ့တဲ့ တရားတော်တွေထဲမှာ မေတ္တာဟာ အရေးအကြီးဆုံး တရားတစ်ပါးဖြစ်ပါတယ်။ အဲဒီလိုဆိုရင် မေတ္တာဆိုတာဘာလဲ။

မေတ္တာနဲ့ ပတ်သက်ပြီး အဓိပ္ပာယ် သုံးမျိုးဖွင့်ထားတာကို ကျွန်တော် တွေ့ရပါတယ်၊ အဲဒီသုံးမျိုးကတော့။

၁။ အကြင်တရားသဘောသည် ချစ်ခင်တတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် မေတ္တာမည်၏။

http://www.dhammadownload.com

၂။ မိတ်ဆွေခင်ပွန်းဖြစ်သည်တည်း၊ ထို့ကြောင့် မေတ္တာမည်၏။
၃။ အဆွေခင်ပွန်း၏ ဥစ္စာတည်း၊ ထို့ကြောင့် မေတ္တာမည်၏။
ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဒီအဓိပ္ပာယ်တွေကို ခပ်လွယ်လွယ်နဲ့ ထပ်ပြီးပြောရမယ်ဆိုရင် ဒီလိုပြောနိုင်ပါတယ်။

၁။ မေတ္တာကိုပွားနေတဲ့သူဟာ ဒေါသကင်းတယ်၊ တစ်ဖက်သားကို ချစ်ခင်တဲ့ စိတ်သာရှိတယ်။
၂။ အဆွေခင်ပွန်း အချင်းချင်းတွင် ချစ်ခင်ခြင်းသာ ဖြစ်သလို မေတ္တာဟာလည်း ချစ်ခင်ခြင်းသာဖြစ်တယ်လို့ ဆိုလိုပါတယ်။
၃။ ပုဂ္ဂိုလ်တစ်ဦးဟာ မိတ်ဆွေတစ်ဦးအပေါ်မှာ ဒေါသ မရှိသလို မေတ္တာကိုပွားနေတဲ့ လူမှာလည်း ဒေါသကင်းတယ်။

မေတ္တာရဲ့ အဓိပ္ပာယ်တော့သိရပြီး မေတ္တာရဲ့သဘောဟာ ဘာလဲ ဆိုတာကို ကြည့်ရအောင်။

မေတ္တာမှာ

၁။ ဖွဲ့စည်းစေနိုင်တဲ့ သဘောရှိတယ်။
၂။ ရန်ငြိုးဖွဲ့ခြင်း ကင်းပျောက်စေတဲ့ သဘောရှိတယ်။
၃။ တစ်ဖက်သားအား မိမိကိုချစ်ခင်နှစ်သက်အောင် လုပ်နိုင်တဲ့ သဘောရှိတယ်။
၄။ တစ်ဖက်သားအား နှိပ်စက် ညှဉ်းဆဲလိုစိတ်ကင်းတဲ့ သဘောရှိ တယ်။
၅။ အမျက်ဒေါသကင်းငြိမ်းတဲ့ သဘောရှိတယ်။

ဒီနေရာမှာတစ်ခုတော့ သတိပေးပါရစေ၊ ပုဂ္ဂိုလ်တချို့က သမီး

http://www.dhammadownload.com

ရည်းစားချစ်တာကြိုက်တာ လင်မယားချစ်တာကြိုက်တာကို မေတ္တာလို့ အမှတ်မှားနေပါတယ်။ သမီးရည်းစား၊ လင်မယားချစ်တာကြိုက်တာဟာ မေတ္တာမဟုတ်ပါဘူး။ တဏှာ ရာဂဖြစ်ပါတယ်။ အမှန်စင်စစ် တဏှာရာဂဟာ မေတ္တာရဲ့ ရန်ဆူးခလုပ်ကြီး တစ်ခုဖြစ်ပါတယ်။ မေတ္တာဟာ။

(၁) ကာယကံမေတ္တာ
(၂) ဝစီကံမေတ္တာ
(၃) မနောကံ မေတ္တာရယ်လို့ သုံးမျိုးရှိပါတယ်။

ကာယကံ မေတ္တာဟူသည်

ရှေးဦးစွာ ကာယကံမေတ္တာအကြောင်းကို ရှင်းပြပါ့မယ်။ မိခင်ဖခင်က သားငယ်သမီးငယ်တွေကို မချမ်းရအောင် မပူရအောင် စောင့်ရှောက်တာ၊ မှက်၊ ခြင်၊ ယင်၊ မြွေ၊ ကင်း၊ သန်းတို့မှ မကိုက်ရအောင် စောင့်ရှောက်တာ၊ နေမပူရအောင်၊ လေမတိုက်ရအောင် စောင့်ရှောက်တာ၊ နို့တိုက်တာ၊ ထမင်းကျွေးတာ၊ ရေချိုးပေးတာတွေကစပြီး မိမိတို့ရဲ့ သားငယ် သမီးငယ်တွေ မဆင်းရဲရအောင်၊ ဒုက္ခမရောက်ရအောင် အစစအရာရာ ကိုယ်ဖိရင်ဖိ စောင့်ရှောက်ပြုစု လုပ်ကိုင်ပေးတာတွေဟာ ကာယကံမေတ္တာတွေပဲ။

သားသမီးတွေကလည်း အမိအဖတွေကို အစားအစာကျွေးမွေးတာ၊ ခြေဆုပ်လက်နယ်ပြုတာ၊ ရေချိုးပေးတာ၊ ချေးတွန်းပေးတာ၊ အဝတ်အစားပေးတာ၊ ညအိပ်ရာဝင် နံနက်အိပ်ရာထ ကန်တော့တာတွေကစပြီး မိဘကို အစစရာအရာမှာ ချစ်ခင်တဲ့စိတ်နဲ့ ကိုယ်ဖိရင်ဖိ စောင့်ရှောက်ပြုစုတာတွေဟာ ကာယကံမေတ္တာတွေပဲ။

ဆရာကလဲ တပည့်ကို အဝတ်အစားငွေကြေးတို့နဲ့ ထောက်ပံ့

http://www.dhammadownload.com

တာ၊ မကျန်းမာတဲ့အခါ ကိုယ်ဖိရင်ဖိပြုစုတာ၊ အခက်အခဲတွေနဲ့ တွေ့နေတဲ့အခါ ကိုယ်တိုင်တတ်နိုင်သလောက် ကူညီတာတွေကစပြီး တပည့်ကို ချစ်တဲ့စိတ်နဲ့ ကိုယ်ဖိရင်ဖိပြုစုစောင့်ရှောက်တာတွေဟာ ကာယကံ မေတ္တာတွေပဲ၊ တပည့်ကလည်း ဆရာရဲ့ ဝတ်ကြီးဝတ်ငယ်ကို ချစ်ခင်တဲ့စိတ်နဲ့ ကိုယ်ဖိရင်ဖိ ပြုစုရှက်ဆောင်တာဟာ ကာယကံ မေတ္တာတွေပဲ။

နောက်ပြီးတော့ မိတ်ဆွေတစ်ယောက်က မိမိဆီကို အလည်လာတဲ့ မိတ်ဆွေတစ်ယောက်ကို ခရီးဦးကြိုပြုတာ၊ လိုက်ပို့တာ၊ အိပ်ရာနေရာပေးတာ၊ အစားအသောက် ကျွေးမွေးတာတွေဟာ ကာယကံတွေပဲ ဖြစ်တယ်။

အဲဒီလိုပဲ မယားက လင်ယောကျာ်းကို ကြင်ကြင်နာနာပြုစုတာ၊ လင်ကမယားကို ဝတ္တရားကျေပွန်အောင် ကြင်ကြင်နာနာပြုစုတာတွေဟာလည်း၊ ကာယကံမေတ္တာတွေပါပဲ။

အတိုချုပ်ပြောရမယ်ဆိုရင် တစ်ယောက်က တစ်ယောက်ကို ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ကိုယ်ဖိရင်ဖိ ပြုစုစောင့်ရှောက်တာမှန်သမျှဟာ ကာယကံမေတ္တာတွေချည်းပါပဲ။

ဝစီကံ မေတ္တာဆိုသည်မှာ

ဝစီကံမေတ္တာဆိုတာကလည်း တခြားမဟုတ်ပါဘူး။ တစ်ဦးက တစ်ဦးကို ချစ်ခင်တဲ့စိတ်နဲ့ ပြောတာဆိုတာတွေဟာ ဝစီကံမေတ္တာတွေ ဖြစ်ပါတယ်။

အမိအဖဖြစ်သူက သားသမီးတွေကို ဇွဲ ပါးရောဂါ ဝေဒနာမှ ကင်းပါစေ၊ ထိမ့်ခလုပ် ဆုတ်ပါစေ၊ လာမဲ့ဘေးဝေးပါစေ၊ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်ပါစေ စသဖြင့် ဆုတောင်းတာတွေဟာ

http://www.dhammadownload.com

ဝစီကံမေတ္တာတွေ ဖြစ်ပါတယ်။

နောက်ပြီးတော့ ဘစ်ယောက်က အခြားတစ်ယောက်ကို ဒီလူဟာ သီလရှိတယ်၊ သမာဓိရှိတယ်၊ အရည်အချင်းနဲ့ ပြည့်စုံတယ် ဆိုပြီး ချီးကျူးပြောဆိုတာမျိုးတွေလည်း ဝစီကံမေတ္တာတွေ ဖြစ်ပါတယ်။

နောက်ထပ်ပြီးတော့လည်း လူကြီးရင်ကြီးသလို ငယ်ရင် ငယ်သလို အရွယ်နဲ့လိုက်ပြီး အဘိုး၊ အဘွား၊ ဘကြီး၊ ဦးကြီး၊ ဦးလေး၊ ကြီးကြီး၊ ဒေါ်ဒေါ်၊ အစ်မကြီး၊ ညီလေး၊ ညီမလေး၊ တူ၊ တူမ အစရှိသဖြင့် ခေါ်ကြတာတွေလည်း ဝစီကံမေတ္တာတွေပါပဲ။

မနောကံ မေတ္တာ

မနောကံ မေတ္တာဆိုတာက ကိုယ်နဲ့ နှုတ်မပါဘဲ၊ စိတ်နဲ့ပြုတဲ့ မေတ္တာဖြစ်တယ်။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းပါစေ။ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ။ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။ တိုင်းသူပြည်သား သာယာဝပြောပါစေ၊ အာဏာပိုင်ကြီး ငယ်တွေလည်း တိုင်းသူပြည်သားတွေကို ရင်ဝယ်သားလို တရားသဖြင့် စောင့်ရှောက်နိုင်ပါစေ၊ တရားစောင့်ကြပါစေ စသည်ဖြင့် စိတ်သက်သက်နဲ့ မေတ္တာပို့တာဟာ မနောကံ မေတ္တာတွေဖြစ်ပါတယ်။

မေတ္တာအမျိုးအစားတွေကို ခွဲခြားပြပြီးတဲ့နောက် မေတ္တာရဲ့ အကျိုးကို ကျွန်တော်ဆက်ပြီး ပြောချင်ပါတယ်။

မေတ္တာကိုပွားများခြင်းအတွက် ပစ္စုပ္ပန်အကျိုးနဲ့ တမလွန်အကျိုး ဆိုပြီး အကျိုးနှစ်မျိုးရနိုင်ပါတယ်။ အဲဒီတော့ တမလွန်အကျိုးကို ဘယ်လိုရနိုင်တယ်ဆိုတာ အင်္ဂုတ္တရနိကာယ် နဝက နိပါတ် သီဟနာဒဝဂ္ဂ ပါဠိတော်မှာ မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့တာ အထင်အရှားရှိပါတယ်။

http://www.dhammadownload.com

ကျွန်တော်တို့ ဂေါတမ မြတ်စွာဘုရားရှင် အလောင်းတော်ဟာ ဝေလာမပုဏ္ဏားဖြစ်စဉ်က ဇမ္ဗူဒိပါ တစ်ကျွန်းလုံး တုန်လှုပ်ချောက်ချားအောင် ရွှေ ငွေ ရတနာ ကျောက်သံပတ္တမြားတွေ အဝတ်အစားတွေကို လှူခဲ့ပါတယ်။ အစားအသောက်တွေကို ဆိုရင်လည်း ထမင်းရည်ချောင်းစီးအောင် လှူခဲ့ပါတယ်။ ဒီလောက်လှူခဲ့ပေမဲ့ သောတာပန်တစ်ပါးကို ဆွမ်းကျွေးရတာက ဝေလာမပုဏ္ဏားကြီးရဲ့ အလှူထက်မြတ်တယ်။ သောတာပန်ပေါင်းတစ်ရာကို ဆွမ်းကျွေးရတာထက် သကဒါဂါမ်တစ်ပါးကို ဆွမ်းကျွေးရတာကပိုပြီး မြတ်တယ်။ သကဒါဂါမ် တစ်ရာကို ဆွမ်းကျွေးရတာထက် အနာဂါမ်တစ်ပါးကို ဆွမ်းကျွေးရတာက ပိုပြီးမြတ်တယ်။ အနာဂါမ်ပေါင်းတစ်ရာကို ဆွမ်းကျွေးရတာထက် ရဟန္တာတစ်ပါးကို ဆွမ်းကျွေးရတာက ပိုပြီး မြတ်တယ်။ ရဟန္တာတစ်ရာကို ဆွမ်းကျွေးရတာထက် သဗ္ဗညုမြတ်စွာဘုရားတစ်ဆူကို ဆွမ်းကျွေးရတာက ပိုပြီး မြတ်တယ်။သဗ္ဗညုမြတ်စွာဘုရား တစ်ဆူကို ဆွမ်းကျွေးရတာထက် သဗ္ဗူ မြတ်စွာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကျွေးရတာက ပိုပြီး မြတ်တယ်။ သဗ္ဗညုမြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကျွေးရခြင်းထက် စတုဒိသာသံဃာကို ရည်မှန်းပြီး ကျောင်းဆောက် လုပ်လှူဒါန်းရတာက ပိုပြီးမြတ်တယ်။ စတုဒိသာ သံဃာကို ရည်မှန်းပြီး ကျောင်းဆောက်လှူဒါန်းရတာထက် ကြည်ညိုတဲ့ စိတ်နဲ့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ဆည်းကပ်ရတာက ပိုပြီး မြတ်တယ်။ ရတနာသုံးပါးကို ယုံကြည်စွာ ဆည်းကပ်ရခြင်းထက် ငါးပါးသီလကို ဆောက်တည်ရခြင်းက ပိုပြီး မြတ်တယ်။ ငါးပါးသီလကို ဆောက်တည်ရခြင်းထက် မေတ္တာတရားကို နွားနို့တစ်ခါညှစ်အချိန်မျှလောက် ပွားများရခြင်းက ပိုပြီး မြတ်တယ်လို့ မြတ်စွာဘုရား ဟောကြားထားခဲ့ပါတယ်။

http://www.dhammadownload.com

မေတ္တာအကျိုးကြီးမားခြင်း

နောက်ပြီးတော့လည်း လူကြီးမင်းများခင်ဗျား၊ မေတ္တာရဲ့အကျိုးဟာ အင်မတန်ကြီးမားလွန်းလို့ ဒီမေတ္တာတရားကို သတ္တဝါတွေ အထူးပွားများစေချင်တဲ့ မဟာကရုဏာတော်ကြီးနဲ့။

ချစ်သားတို့ ...၊ ကောင်းမှုကုသိုလ်တို့ကို သဒ္ဒါတွန့်၍ မကြောက်ရွံ့ကြပါကုန်လင့်။ချစ်သားတို့ကောင်းမှုဟူသော ဤအမည်သည် ချမ်းသာသုခ၏ အမည်သညာတည်း။ ချစ်သားတို့ ကောင်းမှုတို့ကို ရာမိုးသောသူ၏ ကောင်းမှုတို့၏ အကျိုးကို ပညာစက္ခုဖြင့် ကြည့်ရှုပါလော့။

ချစ်သားတို့ ၇ နှစ်ပတ်လုံး မေတ္တာနှင့်ယှဉ်သောစိတ်ကို ပွားရသည့်အကျိုးကြောင့် မိမိအလိုဆန္ဒအတိုင်း အခါခပ်သိမ်း ပြည့်ဝစေနိုင်သော မဟာဗြဟ္မာကြီးသည် ခုနစ်ကြိမ်ဖြစ်ဖူးကုန်ပြီ။ သုံးဆယ့်ခြောက်ကြိမ် နတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်ခဲ့ဖူးပြီ၊ ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသောစကြာဝတေးမင်း အကြိမ်ပေါင်းများစွာဖြစ်ခဲ့ဖူးပြီလို့ သတ္တအင်္ဂုတ္တရပါဠိတော် အဗျာကတဝဂ်မှာ မြတ်စွာဘုရားသခင် ဟောကြားထားတော်မူခဲ့ပါတယ်။

တမလွန်အကျိုးကို ပြောပြီးလို့ အခုဘဝမှာ မုချရနိုင်တဲ့ မေတ္တာရဲ့ ပစ္စုပ္ပန်အကျိုးကို ကျွန်တော် ပြောပါတော့မယ်။

မေတ္တာအကျိုး ၁၁ ပါး

မေတ္တာတရားကို ပွားများတဲ့အတွက် ပစ္စုပ္ပန်အကျိုး ၁၁ ပါးရနိုင်

http://www.dhammadownload.com

ပါတယ်။

၁။ ချမ်းသာစွာ အိပ်စက်ရခြင်း၊ ၂။ ချမ်းသာစွာနိုးကြားရခြင်း၊ ၃။ မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း၊ ၄။ လူတို့ချစ်နှစ်သက်ခြင်း၊ ၅။ နတ်တို့ ချစ်နှစ်သက်ခြင်း၊ ၆။ နတ်တို့စောင့်ရှောက်ခြင်း၊ ၇။ မီးမလောင် အဆိပ်မသင့် လက်နက်မစူးမရှခြင်း၊ ၈။ မတည်ကြည်သော စိတ်သည်လည်း လျင်မြန်စွာ တည်ကြည်ခြင်း၊ ၉။ မျက်နှာအဆင်း ကြည်လင်ခြင်း၊ ၁၀။ မတွေမဝေသေရခြင်း၊ ၁၁။ သေသောအခါ ဗြဟ္မာပြည်သို့ရောက်တတ်ခြင်းဆိုတဲ့ အကျိုးတွေပဲ ဖြစ်တယ်။

ဒီအကျိုး ၁၁ ပါးကို တစ်ခုစီ ရှင်းပြချင်ပါသေးတယ်။

မေတ္တာကမ္မဋ္ဌာန်းကို မစီးဖြန်းဘဲ အမှတ်မဲ့နေကြတဲ့လူတွေဟာ မေတ္တာစာတ်ခံနည်းပါးတဲ့အတွက် သားရဲ တဇ္ဇေကိုကြောက်တတ်ကြပါတယ်။ သူခိုး ဓားပြစတဲ့ ရန်သူတွေကို ကြောက်တတ်ကြပါတယ်။ ကျီးကန်းများ အစာရှာရသလို မအိပ်ခင်ကတည်းက တထိတ်ထိတ်တလန့်လန့် ဖြစ်နေကြရပါတယ်။ အဲဒီလို လူမျိုးဟာ ရန်သူနောက်ကလိုက်နေသလို အမြဲတမ်းဖြစ်ပြီး ပြေးရင်းလွှားရင်း ခေတ္တခဏလောက်အိပ်ရသလို ဖြစ်နေတတ်ပါတယ်။ ဒီလိုလူမျိုးဟာ အိပ်လို့မရတာရင်လည်းဖြစ်ရမယ်။ အိပ်လို့ရပြန်ရင်လည်း ခေတ္တလောက်သာ အိပ်နိုင်ပါလိမ့်မည်။ အိပ်တဲ့အခါမှာလည်း ဟောက်ရမယ်။ အရိအရွဲ့ယိုစီးကျရမယ်။ အံကြိတ်ရမယ်၊ ကျားလိုက်လို့ပြေးရတယ်။ မြွေလိုက်လို့ပြေးရတယ်။ ဆင်လိုက်လို့ပြေးရတယ်။ လူဆိုးတွေတက်လာတယ်။ တောင်ပေါ်က လိမ့်ကျတယ်၊ သစ်ပင်ပေါ်က လိမ့်ကျတယ်ဆိုတဲ့ အိပ်မက်ဆိုးတွေကို မက်တတ်ကြပါတယ်။ နိုးတဲ့အခါမှာလည်း ကြောက်လန့်တုန်လှုပ်ပြီး နိုးတတ်ပါတယ်။

မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းတဲ့အတွက် မေတ္တာစာတ်ခံရှိတဲ့ လူကတော့ ဒီလို မဟုတ်ဘူး။ မအိပ်ခင်ကတည်းက သူ့စိတ်ဟာ တည်ကြည်

http://www.dhammadownload.com

ရှင်လန်းနေတဲ့အတွက် ၁။ ချမ်းသာစွာ အိပ်စက်ရမယ်၊ ၂။ ချမ်းသာစွာ နိုးကြားရမယ်၊ ၃။ မကောင်းတဲ့ အိပ်မက်ကို ဘယ်နည်းနဲ့မှ မမြင်မက်ရဘူး၊ ၄။ မေတ္တာပွားနေတဲ့လူမှာ ဒေါသမရှိနိုင်ဘူး။ ဒေါသကင်းတဲ့ လူကို မချစ်တဲ့လူဟာ ဘယ်မှာရှိနိုင်မလဲ၊ လူတစ်ယောက်ဟာ တစ်ဖက်သားကရိုက်လည်း သည်းခံတာပဲ၊ ဆဲလည်းသည်းခံပဲဆိုရင် ဒီလူကို မြင်ရကြားရတဲ့ လူတွေက ချစ်ကြမလား၊ မုန်းကြမလား၊ ချစ်ကြမှာပေါ့။

မေတ္တာတုံ့ပြန်လာရခြင်း

မေတ္တာရဲ့ တန်ခိုးကြောင့် တစ်ဖက်သားက မေတ္တာမရှိဘဲ မနေနိုင်တဲ့ သာဓကကြီးတစ်ခုကို ကျွန်တော် ထုတ်ပြချင်ပါတယ်။

မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံဝင်လုနီး အခါတစ်ပါး၌ ကုသိနာရုံပြည်သို့ တစ်ထောင့်နှစ်ရာ့ငါးကျိတ်သော ရဟန်းသံဃာတော်ပေါင်း ခြံရံလျက် ကြွတော်မူ၏။ ကုသိနာရုံပြည်မလ္လာမင်းတို့သည်လည်း မိမိတို့မြို့သို့ ဘုရားသခင် ကြွတော်မူလာသည်ဟု ကြားရလျှင်ပင် ကြည်ရွှင်အားရ ဝမ်းသာလှသဖြင့် မြတ်စွာဘုရားသခင်ကို ခရီးဦးကြိုဆိုကြရန် တိုင်ပင်ကြကုန်၏။ ခရီးဦးကြိုဆိုရာသို့ မပါသောသူအား ဒဏ်ငွေအသပြာ ငါးရာတပ်ရိုက်စတမ်း၊ ဒဏ်ငွေငါးရာဆောင်စတမ်းဟူ၍လည်း ကတိကဝတ် ထားကြကုန်၏။

ထိုကုသိနာရုံမလ္လာမင်းများတွင် ရောဇမည်သော မလ္လာမင်းသည်ကား အရှင်အာနန္ဒာ၏ သူငယ်သူချင်းဖြစ်၏။ ယင်းသို့ ကတိကဝတ်ထားကြပြီးနောက် မြတ်စွာဘုရားသခင်သည် နောက်ပါ တပည့်သံဃာနှင့်တကွ ကုသိနာရုံပြည်သို့ ကြွတော်မူလာ၏။ မလ္လာမင်းတို့သည်လည်း ကတိကဝတ်ပြုထားကြသည့်အတိုင်း အားလုံးထွက်၍

http://www.dhammadownload.com

ဘုရားသခင်ကို ခရီးဦးကြိုဆိုကြကုန်၏။

အရှင်အာနန္ဒာ၏ ငယ်သူငယ်ချင်း ရောဇမလ္လာမင်းသားက ဘုရားသခင်ကို ခရီးဦးကြိုဆိုပြီးသည်နှင့် တစ်ပြိုင်နက် အလ္လာပ သလ္လာပ စကားပြောကြားခြင်းကို မဆိုင်းငံ့မူ၍ ဘုရားထံတော်မှ ဖယ်ခွာခဲ့ပြီးလျှင် အရှင်အာနန္ဒာထံသို့သွားရောက် ရှိခိုးဝတ်ပြုလေ၏။ အရှင်အာနန္ဒာသည် ရောဇမလ္လာမင်းအား ဤသို့ဝမ်းမြောက်ရန် စကားကို မိန့်ကြားလေ၏။ ဥဠာရံခေါတေလ္လဒံ အာဝုသောရောဇ။ အာဝုသော ရောဇ၊ ဒါယကာရောဇ၊ လ္လဒံ၊ ဘုရားရှင်ကို ခင်မင်နှုတ်ချို ဤသို့ ခရီးဦးကြိုဆိုခြင်းသည် တေ သင့်အား ဥဠာရံခေါ၊ ဥဠာရံဝေ၊ လူနတ်နိဗ္ဗာန် သုံးတန်သုခလိုရာရကြောင်း ကောင်းမွန်မြင့်မြတ်လေစွ တကား။

ထိုအခါ ရောဇမလ္လာမင်းက အရှင်ဘုရား၊ အရှင်ဘုရားဟောတော်မူသည့်အတိုင်း ကောင်းမှုပင်ဖြစ်သော်လည်း ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၌ လွန်စွာမြတ်နိုးလှ၍ ခရီးဦးကြိုဆိုရသည် မဟုတ်ပါ။ ဒင်္ဂါးငွေအသပြာ ငါးရာဆောင်ရမည်ဆို၍သာ ယခု ခရီးဦးကြိုဆိုရကြောင်းနှင့်တကွ မလ္လာမင်းတို့စည်းဝေးတိုင်ပင် ကတိကဝတ်ထားပုံကို အကျယ်လျှောက်လေသည်။

အရှင်အာနန္ဒာသည် ရောဇမလ္လာမင်း၏ စကားကို ကြားလျှင် နားမသက်သာ မခံချိလှ၍ မြတ်စွာဘုရားသခင်ထံ ကြွသွားပြီးလျှင် ဤသို့ နားတော်လျှောက်၏။ အရှင်ဘုရား ရောဇမည်သော မလ္လာမင်းသားသည် ဥစ္စာဂုဏ်ဇာတ်အားဖြင့် မြင့်မြတ်ထင်ရှားသူတစ်ယောက် ပါတည်း။ ဤသို့အားဖြင့် မြင့်မြတ်ထင်ရှားသော လူကြီးလူကောင်းတို့၏ ဘုရားသာသနာကို ကြည်ညိုခြင်းသည် လွန်မင်းစွာအကျိုးများလှပါ၏။ သာသနာ့ကျက်သရေဖြစ်ပါ၏။ ထိုသူတို့မှာလည်း လောကုတ္တရာဂုဏ်တက်၍ အကျိုးအဆက်ဆက်ဖြစ်ထွန်းဖွယ်ရှိပါသည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ရောဇမလ္လာမင်းသန္တာန်၌

http://www.dhammadownload.com

သာသနာတော်ကို ကြည်ညိုသော သဒ္ဓါတရားဖြစ်ပေါ်လာအောင် တစ်စုံတစ်ခုသော နည်းနာ ဥပါယ်တံမျဉ်ဖြင့် ပြုနိုင်ပါလျှင် ကောင်းလေစွ၊ ပြုတော်မူပါ ဘုရားဟု လျှောက်လေ၏။

မြတ်စွာဘုရားက ချစ်သားအာနန္ဒာ၊ ရောဇမလ္လာမင်း သာသနာတော်ကို ကြည်ညိုလာအောင် ပြုလုပ်မှုကား ခဲယဉ်းလှသည် မဟုတ်ပေ၊ အလွယ်မျှသာဖြစ်ပေသည်။ အသင်ကြည့်လော့ဟု မိန့်တော်မူ၍ ထိုခဏချင်း မလ္လာမင်းရောဇကို ဩမိသမေတ္တာဖြင့် ပြန့်နှံ့စေပြီးလျှင် (ဩမိသမေတ္တာ ပို့တော်မူပြီးလျှင်) နေရာမှ ထတော်မူ၍ သီတင်းသုံးနေမြဲ ကျောင်းတွင်းသို့ ဝင်တော်မူ၏။

ရောဇမလ္လာမင်းသည် မြတ်စွာဘုရားသခင် ပို့သတော်မူသော ဩမိသမေတ္တာဖြင့် တွေ့ထိအပ်သည်ဖြစ်၍ ဘုရားရှင် ဩမိသမေတ္တာပို့ပြီးသည်နှင့် တစ်ပြိုင်နက် လောကီဥပမာအားဖြင့် နို့စို့နွားငယ်ရှိသော အမိနွားမသည် သားနွားငယ်နောက်သို့ တကောက်ကောက်လိုက်ရာသကဲ့သို့ ရုတ်ခြည်းထ၍ ဘုရားရှိရာသို့ လိုက်လေ၏။ လိုက်၍ ဘုရားကို မတွေ့လျှင် ကျောင်းတစ်ကျောင်းမှ တစ်ကျောင်း၊ ပရိဝုဏ်တစ်ခုမှ ပရိဝုဏ်တစ်ခုသို့ တက်ချည်ဆင်းချည် ဘုရားရှင်အဘယ်မှာနည်းဟု ရဟန်းတို့ကို မေး၍လိုက်၏။ ရဟန်းတို့လည်း ဒါယကာ ရောဇ၊ ဤအရပ်မှ ဤလမ်းကို လျှောက်လျှင် တံခါးပိတ်ထားသော ကျောင်းတွေ့လိမ့်မည်။ ထိုကျောင်းမှာ မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူသည်။ ဘုရားရှင် ဖူးမြင်လိုလျှင် ဖြည်းဖြည်းသာသာ အသံမထွက်ရအောင် သွား၍ တံခါးမုဒ်သို့ရောက်သောအခါမှ ချောင်းဟန့်၍ အသံပြုပြီးလျှင် တံခါးရွက်ကိုခေါက်လော့ မြတ်စွာဘုရားသည် တံခါးကို ဖွင့်၍ သင်နှင့် အတွေ့ခံလိမ့်မည်ဟု ညွှန်ကြားလိုက်ကြလေ၏။

ယင်းသို့ ညွှန်ကြားသည့်အတိုင်း ရောဇမလ္လာမင်း လိုက်ရာ ဘုရားရှင်နှင့်တွေ့၍ ရှိသေစွာ ရှိခိုးပြီးလျှင် အပြစ်ခြောက်ရပ် လွတ်လပ်

http://www.dhammadownload.com

သောနေရာ၌ ထိုင်၍ တရားတော်မြတ်ကို ကြားနာ၏။ ဘုရားရှင်လည်း ဒါနကထာ သီလကထာစသော ဟောပြောတော်မူမြဲအစဉ်အတိုင်း တရားစကားကို ဟောကြားတော်မူ၏။

နတ်များလည်းချစ်

၅။ မေတ္တာပွားနေတဲ့လူကို လူအချင်းချင်းသာမက နတ်တွေက လည်းချစ်တယ်။ ထင်ရှားတဲ့ သာဓကတစ်ခုကို ထုတ်ပြချင်ပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သီဟိုဠ်ကျွန်း၌ သာသနာပွင့်လင်း သာယာစဉ်အခါ ပါဋလိပုတ်ပြည်သား ဝိသာခ မည်သော ဒါယကာသည် ဤသို့သော သတင်းစကားကို ကြား၏။ ဘယ်သို့ကြားသနည်းဟူမူ သီဟိုဠ်ကျွန်းသည် စေတီအစဉ်တို့ဖြင့် တပြောင်ပြောင် တောက်ပ၏။ အလိုရှိတိုင်း အလိုရှိတိုင်းသောနေရာ၌ နေခြင်းငှာ စွမ်းနိုင်၏။ ဥတုလျောက်ပတ်ခြင်း၊ ကျောင်းလျောက်ပတ် ခြင်း၊ ပုဂ္ဂိုလ်လျောက်ပတ်ခြင်း၊ တရားနာရဖို့လျောက်ပတ်ခြင်းဟူ၍ အလုံးစုံသော လျောက်ပတ်ခြင်းကို ရနိုင်၏ဟူ၍ ကြား၏။

ထိုဝိသာခဒါယကာသည် စည်းစိမ်ဥစ္စာတို့ကို သားမယားတို့ အား အပ်နှင်း၍ သင်္ဘောစီးနင်းအံ့သောငှာ အသပြာတစ်ကျပ်ကိုသာ ပုဆိုးမှာချည်၍ အိမ်မှထွက်လာခဲ့ရာ သင်္ဘောဆိပ်သို့ရောက်သောအခါ သင်္ဘောမကြုံသဖြင့် တစ်လမျှ ငံ့ဆိုင်းနေရ၏။ ထိုသို့ငံ့ဆိုင်း၍နေရ စဉ်ပင် ကုန်ကူးသန်းရောင်းဝယ်ခြင်း၌ နားလည်ကျွမ်းကျင်သည် အားလျော်စွာ ကူးသန်းရောင်းဝယ်ခြင်းကိုပြုရာ အသပြာတစ်ထောင်မျှ စုဆောင်းမိ၏။

ထိုနောက် သင်္ဘောကြုံ၍ အစဉ်အတိုင်း သီဟိုဠ်သို့သွား၍ မဟာ ဝိဟာရကျောင်းတိုက်ကြီးသို့ရောက်သောအခါ ရဟန်းပြုဖို့ရန် ခွင့်တောင်း

http://www.dhammadownload.com

လျှောက်ထားလျှင် အခွင့်ပြုတော်မူကြ၍ ဥပသမ္ပဒကံဆောင်ရန် (ရဟန်းခံရန်) သိမ်သို့သွားကြသောအခါ ဝိသာခ၏ ခါးပိုက်ထဲမှ ငွေ ၁၀၀ဝိ ထုပ်သည် မြေသို့ကျ၏။ ထိုအခါ ရဟန်းတော်မြတ်တို့က ဒါယကာ အသို့နည်းဟု မေးလတ်သော် အသပြာတစ်ထောင်ထုပ်ပါ ဘုရားဟု လျှောက်လျှင် အသင်ဒါယကာ ယခုက စီရင်ပါလေ၊ နောင် ရဟန်းဖြစ်ပြီးသောကာလ စီရင်ခွင့်မရတော့ပြီဟု မိန့်တော်မူကုန်ကြ သကာလ ရဟန်းခံရာ သိမ်ရင်ပြင်သို့ ရောက်လာသော ဒါယကာများ လက်ချည်း ပြန်မသွားကြပါစေနှင့်ဟု နှလုံးပြု၍ အသပြာတစ်ထောင် ထုပ်ကိုဖြေ၍ ဝေခြမ်းစွန့်ကြဲလိုက်ပြီးမှ ရဟန်းပြုလေ၏။ ငါးဝါရသော အခါ ဒွေမာတိကာကို လေ့ကျက်၍ ပဝါရဏာပြုပြီးလျှင် မိမိအား လျောက်ပတ်သော ကမ္မဋ္ဌာန်းတစ်ခုကိုယူ၍ တစ်ကျောင်းတစ်ကျောင်း၌ လေးလမျှသာနေခြင်းကို ပြုလျက် လှည့်လည်၍ စိတ္တလတောင်သို့ သွားလတ်သော် ခရီးနှစ်ခွသို့ရောက်၍ ဤနေရာသည် လမ်းလေလော၊ လမ်းမဟုတ်သလောဟု စဉ်းစားလျက်ရပ်၏။ ထိုအခါ တောင်စောင့် နတ်က လက်ကိုဆန့်လျက် ဤသည်ကား အရှင်မြတ်ကြွတော်မူလို သော လမ်းပါဘုရားဟု လမ်းကိုညွှန်ပြ၏။ ထိုဝိသာခ မထေရ်သည် စိတ္တလတောင်သို့ သွား၍ လေးလကာလမျှနေပြီးသော် မိုးသောက် သောအခါ သွားအံ့သောစိတ်ကို ဖြစ်စေ၍ ကျိန်းစက်တော်မူ၏။

မေတ္တာတော်အာနုဘော်

ထိုသောအခါ စကြံဦး သပြေပင်၌ စောင့်သောနတ်သည် ကျောက်ဖျာအပြင်၌ ရပ်လျက်ငို၏။ မထေရ်မြတ်က သင်အဘယ်သူ နည်းဟု မေးလျှင် ဘုရားတပည့်တော် သပြေပင်စောင့်နတ်ပါ ဘုရား ဟု လျှောက်ထား၏။ အဘယ်ကြောင့် ငိုသနည်းဟု မေးတော်မူပြန်

http://www.dhammadownload.com

သောအခါ အရှင်ဘုရားသည် ဤအရပ်မှ ကြွတော်မူမည်ကို စိုးရိမ်သော ကြောင့်ပါဘုရားဟု လျှောက်လေ၏။ ငါ ဤအရပ်မှာနေခြင်းကြောင့် အသင်တို့မှာ အဘယ်သို့သော အကျိုးကို ခံစားရလေသနည်းဟု မိန့်တော်မူလျှင် အရှင်ဘုရား ဤအရပ်၌ သီတင်းသုံးနေတော်မူသည့် အတွက် အရှင်ဘုရား၏ မေတ္တာတော် အာနုဘော်အားဖြင့် နတ်တို့ သည် အချင်းချင်း ချစ်ခင်မြတ်နိုးကြကုန်၏။ အလွန်လျှင် အေးချမ်းသာ ယာပါသည်။ အရှင်ဘုရားကြွသွားတော်မူပါလျှင် ရှေးကကဲ့သို့ပင် ခိုက်ရန်ဒေါသဖြစ်ကုန်၍ အေးလူချမ်းမြေ့စွာ နေကြရတော့မည် မဟုတ် ပါဘုရားဟု လျှောက်ထားလေသော် သို့ဖြစ်လျှင်ကောင်းပြီဟု မိန့်ဆို တော်မူ၍ နောက်ထပ်လေးလပတ်လုံး သီတင်းသုံး၍ လေးလပြည့် သောအခါ ရှေးအတူကြွသွားလိုသော စိတ်ကို ဖြစ်စေတော်မူပြန်၏။ သပြေပင်စောင့်နတ်သည်လည်း ရှေးအတူငိုပြန်၏။ ဤသို့သောနည်း အားဖြင့် ထိုဝိသာခ မထေရ်မြတ်သည် ဤအရပ်တွင်ပင် ပရိနိဗ္ဗာန် စံလွန်သည့်တိုင်အောင် ဆက်လက်၍ သီတင်းသုံးတော်မူရ၏။

၆။ မေတ္တာပွားတဲ့ လူတွေကိုနတ်တွေက ချစ်မြတ်နိုးရုံသာမကသေး ဘူး၊ တတ်နိုင်သလောက်လဲ စောင့်ရှောက်ကြသေးတယ်၊ ထင်ရှားတဲ့ သာဓကတစ်ခုကို ကျွန်တော် ထုတ်ပြချင်ပါသေးတယ်။

တစ်ရံရောအခါ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန်ရှေ့ကျောင်းတော်၌ ကိန်းအောင်းစံနေတော်မူ စဉ် အထူးထူးသော တိုင်းပြည်မှလာကြကုန်သော ရဟန်းတို့သည် ဝါဆိုလုနီးသောအခါ မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းကိုယူကြ၍ ထိုထို သော အရပ်မျက်နှာတို့သို့ ဝါကပ်ရန် ကြွသွားကြကုန်၏။ ထိုအခါ ငါးရာသောရဟန်းတို့သည် မြတ်စွာဘုရားအထံမှ ကမ္မဋ္ဌာန်းကို ယူ၍ မိမိတို့အား လျောက်ပတ်သောကျောင်း၊ လျောက်ပတ်သော ဆွမ်းခံရွာ

http://www.dhammadownload.com

ကို ရှာမှီးကြသည်ရှိသော် ပစ္စန္တရာဇ်အရပ်၌ ဟိမဝန္တာနှင့် တစပ်တည်းဖြစ်၍ ပတ္တမြားအပြင်နှင့်တူသော အေးသော တစ်ခဲနက်သောအရပ်ရှိသော ညိုသော တောအုပ်ဖြင့် တန်ဆာဆင်အပ်သော ပုလဲအပြင်၊ ငွေပြားအပြင်ကဲ့သို့သော သဲဖြင့်ပြွမ်းသော မြေအဖို့ရှိသော အေးကြည်သန့်ရှင်းသော ရေလည်းရှိသော အိုင်တို့ဖြင့် ဝန်းရံလျက်ရှိသော တောင်ကို တွေ့မြင်ကြကုန်၏။

ယင်းသို့တွေ့မြင်သောအခါ ငါးရာသော ရဟန်းတော်မြတ်တို့သည် ထိုအရပ်၌ တစ်ညဥ့်အိပ်၍ မိုးသောက်လျှင် ကိုယ်လက်သုတ်သင်၍ တောင်၏အနီးဖြစ်သော ရွာတစ်ရွာသို့ ဆွမ်းခံဝင်တော်မူကြကုန်၏။ ထိုရွာသည် အိမ်ခြေတစ်ထောင်ရှိ၏။ ရွာသူ ရွာသားတို့သည် သဒ္ဓါတရားရှိကြကုန်၏။ ကြည်ညိုကြကုန်၏။ ထိုဒါယကာတို့သည် ပစ္စန္တရာဇ်အရပ်၌ ရဟန်းတော်များကို ဖူးမျှော်ခွင့်ရခဲသောကြောင့် ရဟန်းတော်များကို ဖူးမျှော်ရသောအခါ လွန်စွာ ဝမ်းမြောက်ခြင်း နှစ်သက်ခြင်းရှိကြကုန်သည်ဖြစ်၍ ထိုရဟန်းတော်မြတ်တို့ကို ဆွမ်းပြုစုလုပ်ကျွေးပြီးလျှင် ဤအရပ်၌ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူကြပါမည့်အကြောင်းကို တောင်းပန်လျှောက်ထားကြရာ အခွင့်ပြုတော်မူကြသဖြင့် ကမ္မဋ္ဌာန်းကျောင်း ငါးရာဆောက်လုပ်ပြီးလျှင် ညောင်စောင်းအင်းပျဉ်၊ သောက်ရေအိုး၊ သုံးရေအိုး အစရှိသော ကျောင်းအသုံးအဆောင်တို့ကို စီရင်ကြကုန်၏။

နှစ်ရက်မြောက်သောနေ့၌ ရဟန်းတော်မြတ်တို့သည် တစ်ပါးသောရွာသို့ ဆွမ်းခံကြွဝင်တော်မူကြကုန်၏။ ဒါယကာတို့သည် ယခင်ဒါယကာများနည်းတူ ဆွမ်းကျွေးမွေးလှူဒါန်း၍ ဝါဆိုဖို့ရန် တောင်းပန်လျှောက်ထားကြကုန်၏။ ရဟန်းတော်များတို့သည်လည်း ဒါယကာတို့တောင်းပန်သည်ကို ခွင့်ပြု၍ ထိုတောအုပ်သို့ ဝင်ပြီးလျှင် အလုံးစုံသော ညဥ့်ပတ်လုံးတရားကို အားထုတ်ကြကုန်လျက် သစ်ပင်ရင်းသို့

http://www.dhammadownload.com

ကပ်ရောက်ထိုင်နေကြပြီးလျှင် ကမ္မဋ္ဌာန်းပွားစီးခြင်း အမှုကိုပြုကြကုန်၏။

သီလရှိသော ရဟန်းတော်မြတ်တို့၏ တန်ခိုးအာနုဘော်တော်ကြောင့် နတ်တို့သည် မိမိတို့ဗိမာန်မှ ဆင်း၍ ကလေးသူငယ်များကို ယူပြီးလျှင် ထိုထိုသောအရပ်သို့ လှည့်ပတ်၍နေကြကုန်၏။ ဥပမာဆိုသည်ရှိသော် ဘုရင်မင်းမြတ်၊အမတ်ကြီး၊စစ်သူကြီး စသည်တို့သည် ပစ္စန္တရာဇ်သို့ ခေတ္တမျှသွားရောက်ကြသောအခါ တည်းခိုနေထိုင်ရန် နန်းတော် အိမ်ကောင်း အသင့်မရှိသဖြင့် တောသူတောင်သားတို့၏ အိမ်၌ပင် ခေတ္တခဏမျှတည်းခိုနေထိုင်ကြသောအခါ တောသူ တောင်သားတို့မှာ မိမိတို့အိမ်မှ ရှောင်ရှားတိမ်းလွဲနေရသဖြင့် ထိုဘုရင်မင်းမြတ် အမတ်စစ်သူကြီးတို့သည် မည်သည့်အခါ ပြန်ပါမည်နည်းဟူ၍ အဝေးကသာလျှင် စောင့်စားကြည့်ရှုနေကြကုန်ဘိသကဲ့သို့ ထိုနတ်တို့သည်လည်း မိမိတို့ ဗိမာန်ကိုစွန့်၍ ထိုအရပ် ဤအရပ်သို့ လှည့်လည်ကြပြီးလျှင် ထိုရဟန်းတော်တို့သည် မည်သည့်အခါ၌ ကြွရောက်ကြပါမည်နည်းဟူ၍ ကြည့်ရှုငံ့လင့်၍ သာလျှင် နေကြကုန်၏။

ခြောက်ရှဲ့အောင်လုပ်ခြင်း

ထိုနောက်မှ နတ်တို့သည် စည်းဝေးပြီးလျှင် ရဟန်းတို့သည် ဝါဆိုနေ့သို့ပင်ရောက်၍ ဝါကပ်ကြကုန်ပြီ။ မချွတ်လျှင် ဤဝါတွင်း သုံးလပတ်လုံး ဤအရပ်၌ပင် နေကြကုန်လတ္တံ့။ ငါတို့သည်လည်း ထိုမျှလောက်ကြာမြင့်အောင် ကလေးသူငယ်များကို လက်ဆွဲလျက် ဗိမာန်မှဆင်းသက်၍ နေထိုင်နိုင်ကြမည်မဟုတ်ချေ။ ယခုအခါ ငါတို့သည် ရဟန်းတို့အား ကြောက်ဖွယ်သော အာရုံကို ပြ၍ ချောက်လှန့်ကြကုန်အံ့ဟု တိုင်ပင်ကြ၍ တစ်ပါးတစ်ပါးစီ ခွဲခြား၍ တရားအား

http://www.dhammadownload.com

ထုတ်၍ နေတော်မူကြကုန်သော ရဟန်းတော်မြတ်တို့အား ကြောက်လန့်လှုပ်ဖွယ်သော အာရုံကိုဖန်ဆင်း၍ ရှေ့မှရပ်ကုန်ကြ၏။ ကြောက်ရွံ့ထိတ်လန့်ဖွယ်အသံတို့ကို ပြုကြကုန်၏။

ထိုသို့ကြောက်လန့်တုန်လှုပ်ဖွယ်သော ရူပါရုံ သဒ္ဒါရုံတို့ကို မြင်ရကြားရသော ရဟန်းတော်တို့၏ စိတ်နှလုံးသည် တုန်လှုပ်ကြကုန်၏။ မကောင်းသော အဆင်းရှိကုန်ကြ၏။ ဖျော့တော့သော အဆင်းရှိကြကုန်၏၊ စိတ်နှလုံးတည်ငြိမ်ခြင်းငှာ အားထုတ်ခွင့် ပြုပြင်ခွင့်မရကြကုန်၊ ကြောက်ခြင်းကြောင့် အဖန်တလဲလဲ ထိတ်လန့်ကုန်သော ရဟန်းတော်မြတ်တို့၏ သတိသည် မေ့လျော့ခြင်းသို့ ရောက်ကုန်ကြ၏။ သတိမေ့လျော့သောအခါ မကောင်းသောအနံ့တို့ကို နံစေကုန်၏၊ ထိုမကောင်းသော အနံ့ဆိုးတို့ကြောင့် ဦးနှောက်တို့သည် ဆုပ်နယ်သကဲ့သို့ ဖြစ်၍ ပြင်းစွာခေါင်းခဲသော ဝေဒနာတို့သည် ဖြစ်ပေါ်လာကြကုန်၏။ ထိုသို့သောအကြောင်းခြင်းရာကို ကြောက်လန့်ကြမည်စိုး၍ တစ်ပါးသည် တစ်ပါးအား မပြောကြားကြကုန်။

တစ်နေ့သောအခါ မထေရ်ကြီးထံသို့ ဆည်းကပ်ခစားကြရာတွင်မှ မထေရ်ကြီးမေးမြန်းသဖြင့် ထိုအကြောင်းကို လျှောက်ကြားကြကုန်၏။ ထိုအခါ သံဃာ့ဦးစီး အကြီးအမှူးဖြစ်တော်မူသော မထေရ်ကြီးက ငါ့ရှင်တို့ ငါတို့အား ဤကျောင်းသည် မလျောက်ပတ်ချေ။ လာကြကုန်၊ သွားကြကုန်စို့အံ့။ ထိုအကြောင်းကိုလည်း မြတ်စွာဘုရားအား လျှောက်ထားကြကုန်စို့အံ့ဟူ၍ မိန့်ကြားတော်မူလျှင် မထေရ်ငယ်အပေါင်းတို့သည် ကောင်းပါပြီ အရှင်ဘုရားဟု မထေရ်ကြီး၏ စကားအတိုင်း လိုက်နာဝန်ခံကြကုန်ပြီးလျှင် ကျောင်းအိပ်ရာနေရာတို့ကို သိုမှီးသိမ်းဆည်း၍ ဒါယကာတို့၌ တွယ်တာစွဲလမ်းခြင်း မရှိမူ၍ တစ်စုံတစ်ယောက်သော ဒါယကာတို့မျှ မပန်ကြားမူ၍ မိမိတို့၏ သပိတ်သင်္ကန်းတို့ကိုသာ ယူလျက် သာဝတ္ထိပြည်ဇေတဝန်ကျောင်းသို့ ပြန်လာ

http://www.dhammadownload.com

ကြ၍ မြတ်စွာဘုရားသခင်၏ ထံတော်သို့ရောက်ကြကုန်၏။

မေတ္တသုတ်ပရိတ်တော်

မြတ်စွာဘုရားသည် ထိုရဟန်းတို့ကို တွေ့မြင်တော်မူသောအခါ ချစ်သားရဟန်းတို့ ဝါတွင်း၌ ဒေသစာရီ မလှည့်လည်ရဟူ၍ သိက္ခာပုဒ်ကို ငါပညတ်တော်မူပါလျက် ဘယ်အတွက်ကြောင့် ဒေသစာရီ လှည့်လည်ကြကုန်သနည်းဟူ၍ မေးမြန်းတော်မူသောကာလ၊ ထိုအလုံးစုံသောအကြောင်းကို ပြန်ကြားလျှောက်ထားကြကုန်၏။ ထိုအခါ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့ ထိုနေရာမှ လွဲ၍ သင်တို့အား လျောက်ပတ်သောနေရာကို ဖီးရှက်ခန့်မျှ ငါဘုရားမြင်တော်မမူဟူ၍ မိန့်ကြားတော်မူပြီးလျှင် ချစ်သားရဟန်းတို့ ထိုအရပ်သို့သာလျှင် ပြန်သွားကြကုန်လော၊ ထိုအရပ်သို့ ပြန်သောအခါ (ဤမေတ္တသုတ်ပရိတ်တော်ကို) သင်ကြားမှတ်ယူ၍ သွားကုန်လောဟူ၍ မိန့်တော်မူပြီးနောက် (မေတ္တသုတ်ပရိတ်တော်ကို ဟောကြားတော်မူလိုက်၏။ ဟောကြားသင်ပြတော်မူပြီးလျှင် ချစ်သားရဟန်းတို့ ထိုမေတ္တသုတ်ကို တစ်လလျှင် လေးကြိမ် စည်းဝေး၍ ရွတ်ဖတ်သရဇ္ဈာယ်ကြ၊ ဆွေးနွေးတိုင်ပင်ကြကုန်လော၊ နတ်တို့သည် သင်ချစ်သားတို့အား ကြောက်ဖွယ် လန့်ဖွယ်အာရုံကို မပြနိုင်ကြမူ၍ သင်တို့၏ အကျိုးစီးပွားကိုပင် လိုလားတောင့်တကြကုန်လတ္တံ့ဟူ၍ မှာထား မိန့်မြွက်တော် မူလိုက်၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားစကားတော်ကို ဝန်ခံလိုက်နာ၍ မြတ်စွာဘုရားအား ရှိခိုးဦးတိုက် လက်ယာရစ်လှည့်ဝိုက်ပြီးလျှင် ယခင်တောအုပ်ရှိရာ အရပ်သို့ပင် ကြွတော်မူကြ၍ ဘုရားကိုယ်တော်မြတ် မိန့်မှာတော်မူသည့်အတိုင်း၊ မေတ္တသုတ်ကို ရွတ်ကြား၍ မေတ္တာဖြပွားဝိပဿနာတရားကို ပွားများအားထုတ်ကြကုန်၏။ ထိုသို့ မေတ္တာ

http://www.dhammadownload.com

ပွားများသောအခါမှစ၍ နတ်တို့သည် ဤအရှင်ကောင်း အရှင်မြတ်တို့သည် ငါတို့၏အကျိုးစီးပွားကို လိုလားတော်မူကြသော အရှင်ကောင်း အရှင်မြတ်တွေပါတကားဟု ဝမ်းမြောက်ကြည်ရွှင်စွာ ကျောင်းကို တံမြက်လှဲခြင်း၊ ရေနွေးကျိုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းစသည်တို့ကိုပြုလုပ်လျက် ထိုရဟန်းတို့ကို အထူးအားဖြင့် စောင့်ရှောက်ကြကုန်၏။ ရဟန်းတော်မြတ်တို့သည်လည်း မေတ္တာဗြဟ္မာဝိဟာရတရားကို အခြေခံပြုလျက် ဝိပဿနာကို ဆက်လက်ပွားများကြလေလျှင် ထိုဝါတွင်း၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်ကြ၏။

အဆိပ်မသင့် မီးမလောင်

၇။ မေတ္တာကို တကယ်တမ်းသာ ပွားများနိုင်မယ်ဆိုရင်ပွားများ တဲ့လူကို မီးမလောင်နိုင်ပါဘူး။ အဆိပ်မသင့်နိုင်ပါဘူး။ လက်နက်မစူးရှနိုင်ပါဘူး။

လူကြီးမင်းများလည်း ပြည့်တန်ဆာမ သိရိမာနဲ့ ဥတ္တရာဆိုတဲ့ ဥပါသိကာမတို့ရဲ့ အကြောင်းကို ကြားဖူးကြမှာပေါ့။ သိရိမာဟာ ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်တွေကို ဥတ္တရာအပေါ်လောင်းချပေမဲ့ ဥတ္တရာက မေတ္တာပွားနေတဲ့အတွက် ထောပတ်ဆီပူဟာ ရေအေးလို ဖြစ်သွားရပါတယ်။

၈။ လူတစ်ယောက်ဟာ ဆွေမျိုးပျက်စီးခြင်း ဥစ္စာပျက်စီးခြင်း ရောဂါနှိပ်စက်ခြင်း အစရှိတဲ့ စိတ်ဖောက်စရာ အမှုတစ်ခုနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ စိုးရိမ်ခြင်း ပူဆွေးခြင်း ဆင်းရဲခြင်း ပင်ပန်းခြင်းဆိုတဲ့ ဒေါသရဲ့ အခြံအရံဖြစ်တဲ့ တရားတွေပေါ်လာကြပါတယ်။ ဒီလိုပေါ်လာတဲ့အခါမှာ အကောင်းဆုံး ဆေးဟာ မေတ္တာပွားတာပဲ ဖြစ်တယ်။ အဲဒါ

http://www.dhammadownload.com

ကြောင့် မေတ္တာဗြဟ္မဝိဟာရတရားသည် ဒေါသကို ပယ်ဖျောက်နိုင်သကဲ့သို့ အခြား တစ်စုံတစ်ခုသော တရားကို ငါဘုရားမြင်တော်မမူလို့ ကေဂုတ္တရပါဠိတော်မှာ မြတ်စွာဘုရားသခင် ဟောကြားထားတော်မူခဲ့ပါတယ်။

၉။ မေတ္တာပွားတဲ့လူဟာ ဒေါသကင်းစင်တဲ့အတွက် သူရဲ့မျက်နှာအဆင်းဟာ ထန်းသီးမှည့်ပမာ သန့်ရှင်းကြည်လင်နေပါတယ်။ သတ္တဝါတစ်ဦးရဲ့ အဆင်းဟာမလှဘဲ ညစ်နွမ်းဆိုးဝါးတာဟာ တခြားကြောင့်မဟုတ်ဘူး၊ ဒေါသကြောင့်ပဲ။

ဒေါသကြီးတဲ့လူတစ်ယောက်မှာ သူ့ရန်သူတွေ အလိုရှိတဲ့အတိုင်း အပြစ် ၇ မျိုး ဖြစ်နိုင်တယ်။ ဒီအဖြစ်တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ အမျက်ထွက်သောပုဂ္ဂိုလ်သည် မည်ကဲ့သို့ပင် ရေချိုးခြင်း၊ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ အဝတ်ကောင်း အဖိုးတန်တို့ကို ဝတ်ဆင်ခြင်းဖြင့် မိမိကိုယ်ကို လှပတင့်တယ်အောင် ပြုပြင်ဆင်ယင်သော်လည်း မျက်နှာမှာ အောင့်သိုးသိုးဖြစ်၍ အကြည့်ဆိုး အရုပ်ဆိုးတော့သည်သာတည်း။

ချမ်းသာသုခ မရနိုင်

၂။ အမျက်ထွက်၍ အမျက်ဒေါသဖြင့် နှိပ်စက်အပ်သောသူ သည် လက်လေးသစ် အမွေးရှည်သောအခင်း ဖြူသောအခင်း ပန်းတို့ ဖြင့် တစ်ခဲနက်ပြီးသော အခင်းကြောင့် ဝံပိုက်ရေဖြင့် ပြုအပ်သော မြတ်သော အခင်းထက်၌ ဗိတာန်မျက်နှာကြက်ပါသော နီသော ခြေအုံး ခေါင်းအုံး ရှိသော ပလ္လင်ပေါ်၌ အိပ်ရသော်လည်း မည်သည့်အခါမျှ ချမ်းသာသုခကို မရနိုင်။

http://www.dhammadownload.com

၃။ အမျက်ထွက်၍ အမျက်ဒေါသဖြင့် နှိပ်စက်အပ်သောသူသည် ကောင်းသောအကျိုးကိုလည်း မကောင်းသောအပြစ်ဟူ၍ ထင်မှတ်တတ်၏။ မကောင်းသောအပြစ်ကိုလည်း ကောင်းသောအကျိုးဟု ထင်မှတ်တတ်၏။ ဤသို့လျှင် အကျိုးကို အပြစ်၊ အပြစ်ကို အကျိုးဟူ၍ ထင်မှတ်တတ်သည့်အတွက် ထိုသူပြုလုပ် ဆောင်ရွက်သောအမှု အလုပ်တို့သည် ရှည်မြင့်စွာသော ကာလပတ်လုံး အကျိုးမဖြစ် အပြစ်သာလျှင်ဖြစ်၍ ပျက်စီးဆုတ်ယုတ် တတ်ကုန်၏။

၄။ အမျက်ထွက်၍ အမျက်ဖြင့် နှိပ်စက်ခြင်းကို ခံရသောသူသည် ရာဇဝတ်မင်းဒဏ်သင့်သော အမှုအလုပ်တို့ကို ပြုလုပ်မိတတ်သဖြင့် လုံ့လဝီရိယကြောင့် ဖြစ်ကုန်သော လက်ရုံးအားဖြင့် ဆည်းပူးအပ်ကုန်သော ချွေးဒီးဒီးယိုစီးမှ ရအပ်ကုန်သော တရားနှင့်ယှဉ်ကုန်သော တရားသဖြင့် ရအပ်ကုန်သော စည်းစိမ်တို့ကို မင်းတို့သည် မိမိတို့ မင်းဘဏ္ဍာအဖြစ်ဖြင့် သွတ်သွင်းခြင်းကို ခံယူရ၏။

၅။ အမျက်ထွက်၍ အမျက်ဖြင့် နှိပ်စက်ခြင်းကို ခံယူရသောသူသည် မမေ့မလျော့ခြင်းကြောင့် အကြင် အခြံအရံ အကျော်အစောကို ရ၏။ ထိုအခြံအရံ အကျော်အစောမှသည် ရွေ့လျော၍ ကျတတ်၏။

၆။ အမျက်ထွက်၍ အမျက်ဖြင့် နှိပ်စက်ခြင်းကို ခံရသောသူကို အဆွေအမျိုး၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သောသူတို့သည် ဖဲကြဉ်၍ သွားတတ်ကုန်၏။

၇။ အမျက်ထွက်၍ အမျက်ဖြင့် နှိပ်စက်အပ်သောသူသည် ကိုယ်ဖြင့် မကောင်းမှုကို ပြုတတ်၏။ နှုတ်ဖြင့် မကောင်းမှုကိုပြုတတ်၏။

http://www.dhammadownload.com

စိတ်ဖြင့် မကောင်းမှုကို ပြုတတ်၏။ ကိုယ်ဖြင့် မကောင်းမှုကိုပြု၍ နှုတ်ဖြင့် မကောင်းမှုကို ပြု၍ စိတ်ဖြင့် မကောင်းမှုကိုပြု၍ သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးသို့ ရောက်တတ်၏။

သိမ်သိမ်မွေ့မွေ့သေရခြင်း

၁၀။ သေခါနီးလျှင် အချို့လူတွေဟာ အိပ်သောယောကျ်ားနိုးသော်လားဆိုသလို သိမ်သိမ်မွေ့မွေ့အေးအေးလူလူနဲ့ သေကြရတယ်။ တချို့လူတွေကျတော့ သေခါနီး ဝက်လို နွားလို အော်ပြီး သေကြရတယ်။ အဲဒီလိုသေတာမျိုးတွေကို လူကြီးမင်းတွေ ကြားဖူးကြမှာပါပဲ။ သိမ်သိမ်မွေ့မွေ့ အေးအေးလူလူနဲ့ သေကြရတဲ့လူတွေက မေတ္တာစိတ်နဲ့ ယှဉ်ပြီး သေကြတဲ့ လူတွေဖြစ်တယ်။ တွေဝေအော်ဟစ်ပြီး သေကြရတဲ့ လူတွေကတော့ ဒေါသတွေ လောဘတွေ ခြံရံပြီး သေကြရတဲ့လူတွေဖြစ်တယ်။

၁၁။ မေတ္တာရဲ့တန်ခိုးဟာ ပွားတဲ့လူကို ဗြဟ္မာဘုံအထိရောက်အောင် အကျိုးပေးနိုင်တယ်။

မေတ္တာပွားနည်းကို ကျွန်တော် ပြောပြပါတော့မယ်။ မေတ္တာကမ္မဋ္ဌာန်း စပြီးပွားများတဲ့အခါ၊ ၁။ ဘယ်လို ပုဂ္ဂိုလ်မျိုးအပေါ်မှာ စပြီး ပွားများရမည်။ ၂။ ဘယ်လိုပုဂ္ဂိုလ်မျိုးနဲ့ မစရဘူးဆိုတာကို ခွဲခွဲခြားခြား သိဖို့လိုပါတယ်။ (က) မိမိက မချစ်မနှစ်သက်တဲ့လူ၊ (ခ) အင်မတန်ချစ်ခင်တဲ့သူငယ်ချင်း၊ (ဂ) မိမိက မချစ်မမုန်းတဲ့သာမန်လူ၊ (ဃ) မိမိရဲ့ ရန်သူ။

အဲဒီလူစားလေးစားကို မေတ္တာပွားစမှာ ရှောင်ရမယ်၊ ဘာဖြစ်လို့ ရှောင်ရမယ်ဆိုတာကို ရှင်းပြပါ့မယ်။

မိမိမချစ်မနှစ်သက်တဲ့လူကို စပြီး မေတ္တာပွားရင် မေတ္တာစိတ်ဖြစ်

http://www.dhammadownload.com

ဖို့ ခဲယဉ်းလိမ့်မယ်။

အင်မတန်ချစ်တဲ့ သူငယ်ချင်းကို စပြီး မေတ္တာပွားပြန်ရင်လည်း မေတ္တာစိတ်မဖြစ်ဘဲ ပကတိချစ်စိတ်တွေသာ ဖြစ်နေတတ်တယ်။

မိမိက မချစ်မမုန်းတဲ့ သာမန်လူကိုစပြီး မေတ္တာပွားပြန်ရင်လည်း မေတ္တာစိတ်ဖြစ်ဖို့ ကြာလိမ့်မယ်။

ရန်သူကိုစပြီး မေတ္တာပွားပြန်ရင်လည်း မေတ္တာစိတ်မဖြစ်ဘဲ ဒေါသဖြစ်လိမ့်မယ်။နောက်ပြီး အထူးမှတ်စရာအချက်တွေရှိသေးတယ်။

၁။ ယောကျာ်းဖြစ်ရင် မိန်းမကို၊ မိန်းမဖြစ်ရင် ယောကျာ်းကို ဩဓိသ မေတ္တာမပွားရဘူး။ ပွားရင် မေတ္တာမဖြစ်ဘဲ ရာဂဖြစ်တတ်တယ်။ ဩဓိသ မေတ္တာဆိုတာက တခြား မဟုတ်ပါဘူး။ ပုဂ္ဂိုလ်တစ်ဦးတည်းကို သီးခြားရည်ညွှန်းပြီး၊ မေတ္တာပွားတာဖြစ်ပါတယ်။

အဘယ်သူအား မေတ္တာပွားရမလဲ

ရှေးအခါတုန်းက အမတ်ကြီးရဲ့ သားတစ်ယောက်ဟာ အိမ်ကို ကြွလာတဲ့ မထေရ်တစ်ပါးကို အဘယ်သူအား မေတ္တာပွားရပါမလဲလို့ မေးလျှောက်တဲ့အခါ မထေရ်ကြီးကချစ်တဲ့ ပုဂ္ဂိုလ်ကို မေတ္တာပွားအပ်တယ်လို့ သာမညမိန့်ဆိုလိုက်ပါတယ်၊ အဲဒီအခါ အမတ်ကြီးရဲ့သားက ချစ်တဲ့ ပုဂ္ဂိုလ်ဆိုရင် မယားပဲရှိတာပဲ၊ မယားကို မေတ္တာပွားရမယ် ထင်ပြီး မယားကို မေတ္တာပွားတဲ့အခါ မေတ္တာမဖြစ်ဘဲ ရာဂတွေဖြစ်ပြီး မိမိအိပ်ရာက မယားဆီကို ထသွားချင်တဲ့အတွက် နံရံကို နွှားသိုးတိုးဝှေ့သလိုဝှေ့ပြီး တစ်ညလုံး စစ်ထိုးခဲ့ရဖူးတယ်လို့ ဝိသုဒ္ဓိမဂ်ထဲမှာ ဖော်ပြထားတာ တွေ့ခဲ့ရဖူးပါတယ်။

၂။ သေတဲ့လူကိုလည်း မေတ္တာမပွားရဘူး။ ပွားရင်လည်း အကျိုးမရှိဘူး။

http://www.dhammadownload.com

လူကြီးမင်းများ ခင်ဗျား ...

မေတ္တာစပြီးမပွားရမဲ့ ပုဂ္ဂိုလ်လေးမျိုးလေးစားကိုတော့ သိရပြီ။ ဒီလိုဆိုရင် မေတ္တာစပြီး ပွားရမဲ့ ပုဂ္ဂိုလ်တွေက ဘယ်သူတွေပါလဲ ကျွန်တော် ပြောပါ့မယ်။

လူကြီးမင်းများခင်ဗျား ...

မေတ္တာပွားမယ့်လူဟာ တခြားဘယ်သူ့ကိုမှ မေတ္တာမပွားခင် မိမိကိုယ်ကို မေတ္တာစပြီးပွားရတယ်။

အဲဒီလို မိမိကိုယ်ကစပြီး မေတ္တာပွားရတာဟာ ဘာ့ကြောင့်လဲ။

ခပ်တိုတိုဖြေရရင် တခြားကြောင့်မဟုတ်ပါဘူး။ ကိုယ်ချင်းစာတဲ့ စိတ်တွေပေါ်လာစေချင်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

ငါဟာ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေချင်တယ်။ ငါ့လိုပဲ တခြား သတ္တဝါတွေလည်း ဘေးရန်ခပ်သိမ်းကင်းငြိမ်းစေချင်ကြမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်တွေ ပေါ်လာစေချင်တယ်။

ငါဟာ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းစေချင်တယ်။ ငါလို့ပဲ တခြား သတ္တဝါတွေလည်း ဆင်းရဲခပ်သိမ်း ကင်းငြိမ်းစေချင်ကြမှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်တွေ ပေါ်လာစေချင်တယ်။

ငါဟာ နှလုံးစိတ်ဝမ်း အေးချမ်းစေချင်တယ်။ ငါ့လိုပဲ တခြား သတ္တဝါတွေလဲ နှလုံးစိတ်ဝမ်း အေးချမ်းစေချင်ကြမှာပဲဆိုတဲ့ ကိုယ်ချင်း စာစိတ်တွေပေါ်လာစေချင်တယ်။

ကိုယ်ကစပြီးပွားကြရမည်

အဲဒီလိုကိုယ်ချင်းစာစိတ်တွေ ထက်ထက်သန်သန်ပေါ်လာမှ သူများတွေအပေါ်မှာ တကယ့်မေတ္တာကို ပွားနိုင်မယ်။ အဲဒါကြောင့် မေတ္တာပွားရင် မိမိကိုယ်က စပြီးပွားကြရမယ်။

http://www.dhammadownload.com

အဲဒီလို မိမိကိုယ်ကို မေတ္တာပွားပြီးတဲ့နောက် (က) မိမိက အလေးအမြတ်ပြုအပ် ချစ်ခင်အပ်တဲ့ ဆရာသမား (ခ) ဒီဆရာသမားတွေကိုလိုပဲ သီလသမာဓိ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေကို မေတ္တာပွားရမယ်၊ ဒီလိုမေတ္တာပွားရင်း မိမိရဲ့မေတ္တာစိတ်တွေဟာ ထက်ထက်သန်သန် ခိုင်ခိုင်မာမာ ဖြစ်လာတယ်ဆိုတာ သေချာရင်၊ မေတ္တာစပြီး မပွားရဘူးလို့ ပယ်ထားခဲ့တဲ့ အင်မတန်ချစ်တဲ့ သူငယ်ချင်း၊ မိမိကမချစ်မမုန်းတဲ့ သာမန်လူ၊ ရန်သူတွေကို မေတ္တာပွားရမယ်။

မေတ္တာပွားဖန်များလာရင်း ၁။ မိမိ၊ ၂။ အင်မတန်ချစ်တဲ့ သူငယ်ချင်း၊ ၃။ မိမိက မချစ်မမုန်းတဲ့ သာမန်ပုဂ္ဂိုလ်၊ ၄။ ရန်သူဆိုတဲ့ ပုဂ္ဂိုလ်လေးဦးစလုံးဟာ အပိုင်းအခြားကင်းပြီး မိမိရဲ့စိတ်ထဲမှာ တစ်တန်းစားတည်း ဖြစ်လာကြလိမ့်မယ်။

ဥပမာ မိမိရယ်၊ အင်မတန်ချစ်တဲ့ သူငယ်ချင်းရယ်၊ လျစ်လျူရှုထားတဲ့ပုဂ္ဂိုလ်ရယ်၊ မိမိရဲ့ရန်သူရယ်၊ အတူတူထိုင်နေတဲ့အခါ လူသတ်သမားတွေ ဝင်လာပြီး အဲဒီလေးယောက်ထဲက တစ်ယောက်ကိုပေးပါ။ သတ်ချင်တယ်လို့ တောင်းရင် အဲဒီလိုမေတ္တာအညီအမျှ ဖြစ်နေအောင်ပွားထားတဲ့ လူဟာဘယ်သူ့ကိုမှ ပေးနိုင်တော့မှာ မဟုတ်တော့ဘူး။

ဒီလို အပိုင်းအခြားကင်းပြီး သတ္တဝါတွေအပေါ်မှာ ညီညွတ်တဲ့ မေတ္တာစိတ်ကိုရမှသာ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းဟာ နောက်ဆုံးစခန်းကို ရောက်ပါတယ်။

လယ်ထွန်တဲ့နေရာမှာ ကျွမ်းကျင်လိမ္မာတဲ့ လယ်သမားတစ်ဦးဟာ လယ်ကို ပိုင်းခြားပြီး တဖြည်းဖြည်း တိုးထွန်သွားသလို မေတ္တာပွားချင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ရှေးဦးစွာ မိမိအိမ်မှာရှိတဲ့ သတ္တဝါတွေကို မေတ္တာပို့ရမယ်၊ အဲဒီပို့ပြီးတဲ့နောက်မှ ၂ အိမ်၊ ၃ အိမ်၊ ၄ အိမ်၊ ၅ အိမ် တိုးတက်ပြီး တစ်လမ်း၊ တစ်ရပ်ကွက် တစ်ရွာတစ်မြို့နယ်၊ တစ်ခရိုင်၊ တစ်တိုင်း၊ တစ်နိုင်ငံ၊ တစ်ကမ္ဘာလုံး၊ စကြဝဠာတစ်ခု၊ စကြဝဠာတစ်

http://www.dhammadownload.com

သောင်း အစရှိသဖြင့် တစ်ဆင့်ပြီး တစ်ဆင့်တိုးပြီး မေတ္တာပွားသွားရမယ်လို့ အဋ္ဌသာလိနီ အဋ္ဌကထာက ဖွင့်ဆိုထားတာကိုလည်း မေတ္တာပွားချင်တဲ့ လူတွေ အထူးမှတ်သားထားကြရမယ်။

မေတ္တာပွားပုံက

မေတ္တာပွားလိုတဲ့ ပုဂ္ဂိုလ်တွေ လွယ်လွယ်နဲ့ ပွားနိုင်အောင် မေတ္တာပွားပုံကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

မေတ္တာပွားနည်း

၁။ ငါသည်၊ ၂။ ငါ၏ကိုယ်စောင့်နတ်တို့သည် ၃။ ငါတို့အိမ်သူအိမ်သားတို့သည်၊ ၄။ ငါတို့အိမ်စောင့်နတ်တို့သည် ၅။ ငါတို့အိမ်ရှိ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၆။ ငါ၏ မိခင်ဖခင်တို့သည်၊ ၇။ ငါ၏ဆရာသမားတို့သည်၊ ၈။ ငါ၏ အဆွေအမျိုးတို့သည်၊ ၉။ ငါ၏ဆွေမျိုး၏ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၁၀။ ငါတို့ရွာရှိ ရဟန်းသံဃာတို့သည်၊ ၁၁။ ငါတို့ရွာသူရွာသားတို့သည်၊ ၁၂။ ငါတို့ရွာစောင့်နတ်တို့သည်၊ ၁၃။ ငါတို့ရွာရှိ ကျွဲနွားတိရစ္ဆာန်တို့သည်။ ၁၄။ ငါတို့ရွာရှိအစိုးရများနှင့်တကွ ခပ်သိမ်းသောသတ္တဝါတို့သည်၊ ၁၅။ ငါတို့မြို့ရှိ ရဟန်းသံဃာတို့သည်၊ ၁၆။ ငါတို့မြို့သူမြို့သားတို့သည်၊ ၁၇။ ငါတို့မြို့စောင့်နတ်တို့သည်၊ ၁၈။ ငါတို့မြို့ရှိ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၁၉။ ငါတို့မြို့ရှိ အစိုးရများနှင့်တကွ ခပ်သိမ်းသောသူတို့သည်၊ ၂၀။ ငါတို့နယ်ရှိ ရဟန်းသံဃာတို့သည်၊ ၂၁။ ငါတို့နယ်သူနယ်သားတို့သည် ၂၂။ ငါတို့နယ်စောင့်နတ်တို့သည်၊ ၂၃။ ငါတို့နယ်ရှိ ကျွဲနွားတိရစ္ဆာန်တို့သည်၊ ၂၄။ ငါတို့နယ်ရှိ အစိုးရများနှင့်တကွ ခပ်သိမ်းသူတို့သည်၊ ၂၅။ ငါတို့ပြည်ထောင်စုရှိ ရဟန်းသံဃာတို့သည်၊ ၂၆။ ငါတို့ပြည်ထောင်စုသူပြည်ထောင်စုသားတို့သည်၊ ၂၇။ ငါတို့ပြည်ထောင်စုရှိ နတ်တို့သည်။

http://www.dhammadownload.com

၂၈။ ငါတို့ပြည်ထောင်စုရှိ ကျွဲ နွား တိရစ္ဆာန်တို့သည်၊ ၂၉။ ငါတို့ပြည်ထောင်စု အစိုးရများနှင့်တကွ ခပ်သိမ်းသောသူတို့သည်၊ ၃၀။ သိကြားမင်းသည်၊ ၃၁။ ယမမင်းသည်၊ ၃၂။ စတုလောကပါလနတ်မင်းတို့သည်၊ ၃၃။ တောစောင့်နတ်တို့သည်၊ ၃၄။ တောင်စောင့်နတ်တို့သည်၊ (က) ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ၊ (ခ) ကြောင့်ကြခပ်သိမ်းကင်းငြိမ်းပါစေ၊ (ဂ) ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ (ဃ) နှလုံးစိတ်ဝမ်းအေးချမ်းပါစေ။

ရှေ့ကဖော်ပြထားတဲ့ စာကြောင်းတစ်ကြောင်း ဆုံးတိုင်း ဆုံးတိုင်း (စေ)ပါတဲ့ (စာပိုဒ်) ၄ ပိုဒ်စလုံးကို ဆိုရပါလိမ့်မည်ဆိုတဲ့အခါ တကယ့်မေတ္တာစိတ်နဲ့ ယှဉ်ပြီးဆိုနိုင်အောင် ကြိုးစားစေချင်ပါတယ်။

ဥပမာ – ရှေ့က ဖော်ပြထားတဲ့ (ငါသည်)ဆိုတဲ့ စာကြောင်းဆုံးတာနဲ့ တစ်ပြိုင်နက် ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်းကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းပါစေလို့ မေတ္တာနဲ့ ယှဉ်တဲ့စိတ်နဲ့ဆိုရမယ်။

အဲဒီအတိုင်း အဆုံးအထိတစ်ကြောင်းစီဆိုရင်း မေတ္တာပွားရမယ်။

စိတ်နူးညံ့လာပါလိမ့်မည်

အဲဒီလို မေတ္တာပွားလို့ မိမိရဲ့စိတ်ဟာ အတော်နူးညံ့လာရင် အခုနောက်ထပ်ပြမယ့် အကျဉ်းမေတ္တာပွားနည်းနဲ့ ဆက်ပွားစေချင်ပါတယ်။ အခုပြမယ့် အကျဉ်းနည်းနဲ့ လက်ဦးမပွားပါနဲ့၊ ပထမပြခဲ့တဲ့နည်းနဲ့ မေတ္တာပွားပြီး မိမိရဲ့ စိတ်ဟာအတော်ကို နူးညံ့လာပြီဆိုတော့မှ အခုနည်းနဲ့ပွားဖို့ သတိထပ်ပြီး ပေးပါရစေ။

အကျဉ်းနည်း ၁။ အရှေ့အရပ်ရှိသော အလုံးစုံသောသူတို့သည်၊ ၂။ အရှေ့တောင်အရပ်၌ရှိသော အလုံးစုံသောသူတို့သည်၊ ၃။ တောင်အရပ်၌ရှိသော အလုံးစုံသောသူတို့သည်၊ ၄။ အနောက်တောင်အရပ်၌

http://www.dhammadownload.com

ရှိသော အလုံးစုံသောသူတို့သည်၊ ၅။ အနောက်အရပ်၌ရှိသော အလုံးစုံသောသူတို့သည်၊ ၆။ အနောက်မြောက်အရပ်၌ရှိသော အလုံးစုံသောသူတို့သည်၊ ၇။ မြောက်အရပ်၌ရှိသော အလုံးစုံသောသူတို့သည်၊ ၈။ အရှေ့မြောက်အရပ်၌ရှိသောအလုံးစုံသောသူတို့သည်၊ ၉။ အထက်အရပ်ရှိသော အလုံးစုံသောသူတို့သည်၊ ၁၀။ အောက်အရပ်၌ရှိသော အလုံးစုံသောသူတို့သည် –

(က) ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ။

(ခ) ကြောင့်ကြခပ်သိမ်းကင်းငြိမ်းပါစေ။

(ဂ) ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ။

(ဃ) နှလုံးစိတ်ဝမ်းအေးချမ်းပါစေ။

အခုမေတ္တာပွားနည်းကိုလည်း ပထမတုန်းကလိုပဲ အရပ်တစ်ရပ်ကို ဆိုပြီးတိုင်း ဆိုပြီးတိုင်း (စေ)ပါတဲ့ အပုဒ် လေးပုဒ်စလုံးကို မေတ္တာနဲ့ယှဉ်တဲ့ စိတ်နဲ့ဆိုရမယ်။

မေတ္တာသုတ်ဒေသနာ

အခုအကျဉ်းနည်းကိုပြပြီးလို့ မေတ္တာသုတ် ဒေသနာတော်ထဲမှာပါတဲ့ မကျဉ်းမကျယ်ပွားနည်းကို ဆက်ပြီး ပြချင်ပါတယ်။

မကျဉ်းမကျယ်နည်း

၁။ အလုံးစုံထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခတို့သည်၊ ၂။ ထိတ်လန့်ခြင်းမရှိသော ရဟန္တာတို့သည်၊ ၃။ မြင်ဖူးသောသတ္တဝါတို့သည်၊ ၄။ မမြင်ဖူးသောသတ္တဝါတို့သည်၊ ၅။ ဝေးသောသတ္တဝါတို့သည်၊ ၆။ နီးသောသတ္တဝါတို့သည်၊ ၇။ ဖြစ်ပြီး ရဟန္တာသတ္တဝါတို့သည်၊ ၈။ ဘဝသစ်၌ ဖြစ်လတ္တံ့သော ပုထုဇဉ်သေက္ခသတ္တဝါတို့သည်၊ ၉။ ရှည်သောကိုယ်ရှိသော မြွေစသော သတ္တဝါတို့သည်၊

http://www.dhammadownload.com

၁၁။ အလယ်အလတ်သောကိုယ်ရှိသော ကျွဲနွားစသော သတ္တဝါတို့သည် ၁၂။ ကြီးမားသောကိုယ်ရှိသော ဆင်၊ လိပ်စသော သတ္တဝါတို့သည်၊ ၁၃။ သေးငယ်သောကိုယ်ရှိသော ပိုးမွှားစသော သတ္တဝါတို့သည်၊ ၁၄။ အလယ်အလတ်သော ကိုယ်ရှိသော ကျွဲနွားစသော သတ္တဝါတို့သည် ၁၅။ ဝန်းဝိုင်းပြည့်ဖြိုးသော ကိုယ်ရှိသော ငါး လိပ်စသော သတ္တဝါတို့သည်၊ ၁၆။ မဝိုင်းမဝန်း မပြည့်ဖြိုးသော ကိုယ်ရှိသော ရေပိုးရေမွှားစသော သတ္တဝါတို့သည်၊ ၁၇။ မဝန်းမဝိုင်း မပြည့်မဖြိုးလွန်း မသေးမငယ်လွန်းသဖြင့် အလယ်အလတ်သောကိုယ်ရှိသော သတ္တဝါတို့သည် ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ၊ ကြောင့်ကြခပ်သိမ်းကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်း ကင်းငြိမ်းပါစေ၊ နှလုံးစိတ်ဝမ်း အေးချမ်းပါစေ။

တစ်ပါးသောသူသည် တစ်ပါးသောသူအား အမျက်ထွက်ခြင်းမှ ကင်းပါစေ၊ တစ်စုံတစ်ခုသောအရာ၌ တစ်စုံတစ်ယောက်သောသူကို တစ်စုံတစ်ယောက်သောသူက ညှဉ်းဆဲချုပ်ချယ်လိုသော ကာယကံဝစီကံဖြင့်သော်လည်းကောင်း၊ ခိုက်ရန်မျက်ပွား၊ ငြိုးထားသောစိတ်ဖြင့်လည်းကောင်း၊ အချင်းချင်း၏ ဆင်းရဲဒုက္ခကို အလိုမရှိပါစေလင့်။

မိခင်မေတ္တာပုံပမာသို့

တစ်ဦးတည်းသော သားငယ်ကို မိခင်ဖြစ်သူဟာ အထူးချစ်ပါတယ်။ ဒီမိခင်မှာ စားရင်လည်း ဒီသားငယ်ရဲ့ စိတ်ပဲ။ သွားရင်လည်း ဒီသားငယ်ရဲ့ စိတ်ပဲ။ လဲလျောင်းနေရင်လည်း ဒီသားငယ်ရဲ့ စိတ်ပဲ။ ဒီသားငယ်အသက်ရှည်အောင်လည်း မမေ့သောသတိနဲ့ အထပ်ထပ်အခါခါ စောင့်ရှောက်တယ်။

အဲဒီမိခင်လိုပဲ လူတိုင်းဟာလည်း သတ္တဝါတွေအားလုံးအပေါ် မပြတ်တဲ့ သတိမျိုးနဲ့ အစဉ် မေတ္တာပွားနေရမယ်။

http://www.dhammadownload.com

မေတ္တာပွားတဲ့အခါ အထက်အရပ် အောက်အရပ် တူရူဖြစ်တဲ့ အရပ် ထောင့်အရပ်အစရှိတဲ့ အရပ်တွေအားလုံးမှာ ရှိကြတဲ့ သတ္တဝါတွေ အားလုံးအပေါ်မှာ မေတ္တာပွားရမယ်။

နောက်ပြီးတော့လည်း ရပ်နေတဲ့အခါဖြစ်ဖြစ်၊ ထိုင်နေတဲ့အခါဖြစ်ဖြစ်၊ လဲလျောင်းနေတဲ့အခါဖြစ်ဖြစ်၊ အိပ်ပျော်သွားတဲ့အချိန်ကို ရောက်သည့်တိုင်အောင် မေတ္တာကိုပွားနေရမယ်။

အခုပြောခဲ့သလို မေတ္တာကို အစဉ်ပွားပြီးနေတာမျိုးကို ဗြဟ္မာတို့ နေခြင်းဖြစ်တယ်လို့ မြတ်စွာဘုရားသခင် အစရှိတဲ့ ပညာရှိတွေက မိန့်ကြားခဲ့ဖူးပါတယ်။

အခုဆက်ပြီး မေတ္တာပွားများတဲ့ ပုဂ္ဂိုလ်တွေကျင့်အပ်တဲ့ ကိုယ်ကျင့်တရားတွေကို တစ်ခုစီ ရှင်းပြပါ့မယ်။

သစ်ပင်စိုက်တဲ့ ဥပမာကလေးကို ရှေးဦးစွာပြပါရစေ၊ သစ်ပင်စိုက်တဲ့အခါ။

၁။ မြေသြဇာကောင်းရုံနဲ့ ၂။ မြေတောင်မြှောက်ပေးရုံနဲ့ ၃။ ရေမှန်မှန်လောင်းပေးရုံနဲ့ ၄။ မြေသြဇာအချိန်မှန်မှန်ကျွေးရုံနဲ့ မလုံလောက်ပါဘူး။ သစ်စေ့ကိုယ်တိုင်ကလည်း ကောင်းရပါလိမ့်ဦးမယ်။

မြေကြီးက ဘယ်လိုပဲ မြေသြဇာကောင်းကောင်း၊ ဘယ်လိုပဲ မြေတောင်မြှောက်ပေးပေး၊ ရေကိုဘယ်လိုပဲ မှန်မှန်လောင်းလောင်း၊ ဘယ်လောက်ကောင်းတဲ့ မြေသြဇာတွေကိုပဲ ကျွေးကျွေး၊ သစ်စေ့က ပိုးထိုးကြီးဆိုရင် ဒီပိုးထိုးသစ်စေ့က သစ်ပင်ကောင်းပေါက်မှာ မဟုတ်ပါဘူးဆိုတာ အကြာကြီး တွေးနေဖို့ လိုသေးသလား မလိုပါဘူး။

အဲဒီလိုပါပဲ မေတ္တာပွားနည်းတွေက ဘယ်လောက်ပဲ ကောင်းကောင်း၊ မေတ္တာပွားတဲ့ လူကလည်း ဘယ်လောက်ပဲ ကြိုးစားကြိုးစား၊ ကာယကံရှင် ကိုယ်တိုင်က ကိုယ်ကျင့်တရားတွေ ချွတ်ချော်မှားယွင်း နေပြန်ရင်လည်း သူပွားတဲ့ မေတ္တာဟာ ထက်မြက်မှာ မဟုတ်ပါဘူး၊

http://www.dhammadownload.com

အဲဒါကြောင့် ပွားများတဲ့မေတ္တာဟာ အစွမ်းကုန်ထက်မြက်အောင် မေတ္တာပွားသူ ကာယကံရှင်ဟာ ကောင်းတဲ့ ကိုယ်ကျင့်တရားတွေနဲ့ ပြည့်စုံသူဖြစ်ရမယ်။ အဲဒီတော့ မေတ္တာပို့သူတွေမှာ ရှိရမယ့် ကိုယ်ကျင့်တရားတွေကို မေတ္တာသုတ်ထဲပါတဲ့အတိုင်း ဖော်ပြပါရစေ။

ကိုယ်ကျင့်တရား ၁၆ ပါး

မေတ္တာပွားများတဲ့ လူတစ်ယောက်မှာ ထိန်းသိမ်းစောင့်ရှောက်အပ်တဲ့ ကိုယ်ကျင့်တရား ၁၆ပါး ရှိပါတယ်။ ဒီတရားတွေကို တစ်ခုစီ ရှင်းပြပါမယ်။

၁။ ငြိမ်သက်သော အကြင်နိဗ္ဗာန်သည်ရှိ၏။ ထိုနိဗ္ဗာန်ကို ဉာဏ်ဖြင့် သက်ဝင်၍ အကျိုးစီးပွား၌ လိမ္မာသောသူသည် ပြုအပ်၏။

ဒီကိုယ်ကျင့်တရားရဲ့ အဓိပ္ပာယ်က ဒီလိုပါ၊ ဘာပဲလုပ်လုပ်၊ ဒါနပဲလုပ်လုပ်၊ သီလပဲစောင့်စောင့်၊မေတ္တာပဲပွားပွား၊ဘယ်ကုသိုလ်ကိုပဲ အားထုတ် အားထုတ်၊ အကျိုးစီးပွားကို အလိုရှိတဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို မျက်ခြည်မပြတ်ရဘူး။ ဘာပဲလုပ်လုပ် နိဗ္ဗာန်ကို ဉာဏ်နဲ့ အာရုံပြုပြီး လုပ်ရမယ်လို့ ဆိုလိုပါတယ်။

၂။ မိမိပြုသင့် ပြုထိုက်သောအမှုတို့ကို ပြုခြင်းငှာ စွမ်းနိုင်သည် လည်း ဖြစ်ရာ၏။

ဒီကိုယ်ကျင့်တရားရဲ့ အဓိပ္ပာယ်ကတော့ တစ်ခြား မဟုတ်ပါဘူး၊ မိမိပြုရမယ့် တာဝန်ဝတ္တရားကို ကျေကျေပွန်ပွန် ဆောင်နိုင်ရမယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ ဖြစ်ပါတယ်။ မိဘလုပ်တဲ့သူကလည်း မိဘရဲ့ တာဝန်ဝတ္တရား၊ သားသမီးလုပ်တဲ့လူတွေကလည်း သားသမီးရဲ့ တာဝန်ဝတ္တရား၊ လင်ယောကျ်ားလုပ်သူကလည်း လင်ယောကျ်ားရဲ့ တာဝန်ဝတ္တရား၊ မယားလုပ်သူကလည်း မယားရဲ့ တာဝန်ဝတ္တရား၊

http://www.dhammadownload.com

နိုင်ငံရေးခေါင်းဆောင်တွေကလည်း ခေါင်းဆောင်တွေရဲ့ တာဝန်ဝတ္တရား၊ ယယ်သားတွေကလည်း ယယ်သားတွေရဲ့တာဝန်ဝတ္တရား၊ အစိုးရလည်း အစိုးရရဲ့ တာဝန်ဝတ္တရား၊ တိုင်းသူပြည်သားတွေကလည်း တိုင်းသူပြည်သားတွေရဲ့ တာဝန်ဝတ္တရားတွေကို ကိုယ်စီ ကိုယ်ငှ ကျေကျေပွန်ပွန် ဆောင်ရွက်သွားကြမယ်ဆိုရင် မေတ္တာမပို့သေးသည့်တိုင်အောင် ကာယကံမေတ္တာပွားပြီးသားဖြစ်နေပြီ။ ဒီဝတ္တရားတွေကို ပျက်နှုတ်က ဘယ်လိုပဲ မေတ္တာပို့ပေမယ့် ပို့ရာမရောက်ဘူး။

အဲဒါကြောင့် မိမိပွားတဲ့မေတ္တာ ထက်ထက်မြက်မြက် ဖြစ်စေချင်တဲ့ ပုဂ္ဂိုလ်တစ်ဦးမှာ မိမိရဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်တဲ့ ကိုယ်ကျင့်တရားရှိရမယ်။

၃။ ဖြောင့်မတ်သည်လည်းဖြစ်ရာ၏။

မေတ္တာပွားနေတဲ့ လူတစ်ယောက်ဟာ ကိုယ်ရဲ့ကောက်ကျစ်ခြင်း၊ နှုတ်ရဲ့ကောက်ကျစ်ခြင်း၊ စိတ်ရဲ့ကောက်ကျစ်ခြင်းတို့ကို ရှောင်ပြီး၊ ကိုယ် နှုတ်တို့ကို ဖြောင့်မတ်အောင် ကျင့်နိုင်တဲ့ ကိုယ်ကျင့်တရားနဲ့ ပြည့်စုံရမယ်။

၄။ အလွန်ဖြောင့်မတ်သည်လည်း ဖြစ်ရာ၏။

အလွန်ဆိုတဲ့ စကားပါနေတဲ့အတွက် နံပါတ် ၃ ကိုယ်ကျင့်တရားမှာ ဖြောင့်မတ်ရမှာထက်ပိုပြီး ဖြောင့်မတ်ရမယ်ဆိုတာ အထူးရှင်းပြဖို့ မလိုတော့ပါဘူး။ အလွန်ဖြောင့်မတ်ရမယ့် လူတစ်ယောက်ဟာ ကိုယ်၊ နှုတ်၊ စိတ် ဖြောင့်မတ်ရုံသာမက ကိုယ်နဲ့တခြားလူတွေနဲ့ ပတ်သက်တဲ့ ကိစ္စတိုင်းမှာလည်း အနစ်နာခံနိုင်တဲ့ စိတ်ရှိရမယ်။ အဲဒီစိတ်ရှိမှသာ အလွန်ဖြောင့်မတ်တဲ့ ကိုယ်ကျင့်တရားနဲ့ပြည့်စုံရာရောက်မယ်။

၅။ ဆိုလွယ်သည်လည်း ဖြစ်ရာ၏။

http://www.dhammadownload.com

ဒီကိုယ်ကျင့်တရားနဲ့ ပြည့်စုံအောင် ကျွန်တော်တို့ မြတ်စွာဘုရားသခင်ဟာ သုံးလောကမှာ အတုမရှိတဲ့ ကိုယ်တော်ကြီးဖြစ်ပါလျက် သူတစ်ပါးသားမြေးတွေကို မိခင် ဖခင်တွေက ခွင့်မပြုရင် ရှင်ရဟန်းမပြုဖို့ လျှောက်ထားတဲ့ သုဒ္ဓေါဒနမင်းကြီးရဲ့စကားကို ပယ်တော်မမူဘူး၊ လက်ခံတော်မူတယ်။ နောက်ပြီးတော့လည်း ဝါကပ်ဖို့ရာ လျှောက်ထားတဲ့ ဗိမ္ဗိသာရမင်းကြီးရဲ့ စကားကိုလည်း ပယ်ရှားတော်မမူဘူး၊ လက်ခံတော်မူပါတယ်။

၆။ နူးညံ့သော ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှုရှိသည်လည်း ဖြစ်ရာ၏။

နူးညံ့သိမ်မွေ့ရမည်

ဘာပဲလုပ်လုပ် ဘာပဲပြောပြော၊ ဘာပဲကြံစည်ကြံစည်၊ နူးညံ့သိမ်မွေ့ရမယ်။

၇။ အလွန်မာနထောင်လွှားသည်လည်း ဖြစ်ရာ၏။ ၈။ ရောင့်ရဲလွယ်သည်လည်း ဖြစ်ရာ၏။ ၉။ အမွေးအမြူလွယ်သည်လည်း ဖြစ်ရာ၏။ ၁၀။ နည်းသောကိစ္စရှိသည်လည်း ဖြစ်ရာ၏။ ၁၁။ ပေါ့သော အသက်မွေးခြင်းသည်လည်း ဖြစ်ရာ၏။ ၁၂။ ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း ဖြစ်ရာ၏။

မျက်စိက အဆင်းတစ်ခုခုကို မြင်တဲ့အခါ နားကအသံကို ကြားတဲ့အခါ နှာကအနံ့ တစ်ခုခုကို ရှူရိုက်ရတဲ့အခါ လျှာက အစားတစ်ခုခုကို စားရတဲ့အခါ ကိုယ်က အတွေ့အထိတစ်ခုခုကို ထိရတဲ့အခါ စိတ်ကအကြံအစည်တစ်ခုခုကို ကြံစည်မိတဲ့အခါ အမှတ်တမဲ့နေလိုက်ရင် ရာဂတွေဖြစ်တတ်တယ်၊ အဲဒါကြောင့် မြင်တိုင်း၊ ကြားတိုင်း၊

http://www.dhammadownload.com

ရှုရှိုက်တိုင်း၊ စားသောက်တိုင်း၊ တွေ့ထိတိုင်း၊ ကြံစည်စိတ်ကူးတိုင်း၊ သတိဖြစ်နိုင်အောင် အထူးကြိုးစားရမယ်။

မိန်းမလိုက်စားခြင်း၊ လောင်းတမ်းကစားခြင်း၊ သောက်စားမူးယစ်ခြင်း၊ ပွဲလမ်းသဘင် အပျော်အရွှင်ကြူးခြင်း၊ အစားအသောက်ကြူးခြင်း၊ ကိုယ်မငြိမ်မသက်ခြင်း၊ နှုတ်မငြိမ်မသက်ခြင်း၊ အရှုးလိုသွားလာလှုပ်ရှား၊ ပြောဆိုခြင်းတို့က ကင်းပအောင် ဣန္ဒြေရရနေထိုင်သွားလာပြောဆိုကြရမယ်။ အစစအရာရာမှာ တည်တည်ကြည်ကြည်ရှိရမယ်။

ပတ္တမြား ကျောက်စီနားတောင်းဝတ်ဆင်သော အိမ်ရှင်မကို အိမ်ရှင်ယောကျာ်းဟာ တစိမ့်စိမ့်ကြည့်သကဲ့သို့ သမာဓိဆိုတဲ့ တည်ကြည်တဲ့ ဣန္ဒြေရတာကိုပန်ဆင်ကြတဲ့ ပုဂ္ဂိုလ်ကို နတ်နဲ့တကွသော လူတို့ဟာ ရှုကြည့်ကြပါတယ်။

၁၃။ ရင့်မာသော ပညာရှိသည်လည်းဖြစ်ရာ၏။

ကိစ္စတစ်ခုကို ဆောင်ရွက်တော့မည်ဆိုရင် ဖြုန်း ဒိုင်းဆိုပြီး အလျင်စလို မလုပ်ရဘူး၊ သေသေချာချာ အကျိုးနဲ့အကြောင်းနဲ့ ဆင်ခြင် စဉ်းစားရမယ်၊ လုပ်ဖော်ကိုင်ဖက်ခြင်း အကြိမ်ကြိမ် တိုင်ပင်ဆွေးနွေးရမယ်။

ကျမ်းဂန်တို့ကို တတ်နိုင်သလောက် သင်ကြားရမယ်။ ကမ္မဋ္ဌာန်းတရားများကိုလည်း တတ်နိုင်သလောက် အားထုတ်ရမယ်။ အဲဒီလို ကျမ်းဂန်ကို သင်ကြားတဲ့အခါမှာရော တရားအားထုတ်တဲ့အခါမှာရော ကျကျနန ညွှန်ကြားပြသနိုင်တဲ့ ဆရာကောင်းကို တွေ့အောင်ရှာကြရမယ်။

အရောင်းအဝယ်စတဲ့ လောကီအလုပ်တွေကိုလုပ်တဲ့အခါမှာလဲ တတ်ကျွမ်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်နိုင်သလောက် တိုင်ပင်ပြီး ကိုယ့်ပစ္စည်းအင်အား၊ လူအင်အား ဉာဏ်နဲ့ ဝီရိယအင်အားတို့ကို ကြည့်ပြီး

http://www.dhammadownload.com

လုပ်ကိုင်ကြရမယ်။

ပုဂ္ဂိုလ် ၃ မျိုး

လောကမှာ အကြမ်းအားဖြင့် ပုဂ္ဂိုလ်သုံးမျိုးရှိပါတယ်။ မျက်စိစုံလုံးကန်းနေတဲ့လူ၊ မျက်စိတစ်လုံးသာမြင်တဲ့လူ၊ မျက်စိနှစ်လုံး စလုံးမြင်တဲ့လူဆိုတဲ့ သုံးမျိုးပဲ ဖြစ်ပါတယ်။ မျက်စိစုံလုံးကန်းနေတဲ့လူက တခြား မဟုတ်ပါဘူး။ လောကီအကျိုးစီးပွား နောင်တမလွန် အကျိုးစီးပွားတွေကို ဘယ်လိုလုပ်ရမှန်းမသိတဲ့ လူဖြစ်ပါတယ်။ တစ်လုံးကန်းကတော့ လောကီအကျိုးစီးပွားဖြစ်အောင် လုပ်နိုင်တဲ့သူ ဖြစ်ပါတယ်။ နှစ်လုံးစလုံး မြင်တဲ့လူကတော့ လောကီ လောကုတ္တရာ အကျိုးစီးပွား ၂ ခုစလုံး ဖြစ်အောင် လုပ်နိုင်တဲ့လူ ဖြစ်ပါတယ်။

၁၄။ မကြမ်းတမ်းသော ကိုယ်အမူအရာ နှုတ်အမူအရာရှိသည်လည်း ဖြစ်ရာ၏။

ကိုယ်၊ နှုတ် စိတ်တို့ ကြမ်းတမ်းခြင်း မရှိစေရဘူး။

စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အချေကျယ်၊ အသမ်းကျယ်ဆိုတဲ့ ကျယ်ငါးပါးကို ပယ်ရမယ်။

အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးမကြမ်းဆိုတဲ့ ကြမ်းကိုးပါးကိုလည်း ပယ်ရမယ်။

၁၅။ အမျိုးတို့၌ (ဝါ) ပုဂ္ဂိုလ်တို့၌ မစွဲလမ်းသည်ဖြစ်ရာ၏။

အကြင်အကုသိုလ်စု၊ ဒုစရိုက်မှုကြောင့် လိမ္မာတတ်သိ ပညာရှိဖြစ်ကုန်သော တစ်ပါးသောသူသည် ရှုတ်ချကဲ့ရဲ့ ပြောဆိုခဲ့ကုန်၏။ သေးငယ်သော အကုသိုလ်စု၊ ဒုစရိုက်မှုကို အနည်းငယ်မျှပင် ဖြစ်သော်လည်း မပြုလုပ်ရာ။

http://www.dhammadownload.com

ပညာရှိတို့ ရှုတ်ချစရာရှိလျှင်

မိမိလုပ်မယ့်ကိစ္စကလေးဟာ ဘယ်လောက်ပဲ သေးငယ်တဲ့ ကိစ္စ ဖြစ်ဖြစ် ပညာရှိတစ်ဦးက ကဲ့ရဲ့ရှုတ်ချစရာ ဖြစ်နေမယ်ဆိုရင် ဒီကိစ္စကို နည်းနည်းကလေးတောင် မလုပ်ရဘူး၊ အထူးရှောင်ရမယ်။

ငါတို့မြတ်စွာဘုရားသခင်သည် သိဥ္စည်းပရိဗိုဇ်၏ တပည့်ဖြစ် ကုန်သော ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့ကို ရဟန်းပြုတော် မူပြီးသည်ကစ၍ ရာဇဂြိုလ် မြို့သူမြို့သားတို့သည် ရာဇဂြိုဟ်မြို့တွင်း သို့ ဆွမ်းခံဝင်လာသော ရဟန်းတို့ကို –

အာဂတော ခေါ မဟာသမဏော
မဂဓာနံ ဂိရိဗ္ဗဇံ။
သဗ္ဗေ သဉ္စယနေတွာန။
ကံသု ဒါနိ နိဟိဿတိ။

မဟာသမဏော၊ ရှင်ကြီးဂေါတမသည် မဂဓာနံ၊ မာဂဓတိုင်းသူ တို့၏ ဂိရိဗ္ဗဇံ၊ တောင်ငါးလုံးခြံရံသော ရာဇဂြိုလ်မြို့သို့ အာဂတော ခေါ၊ ကြွလာလေပြီ။ သဗ္ဗေသဉ္စယေ၊ သိဥ္စည်း ပရိဗိုဇ် တပည့်အားလုံး တို့ကို နေတွာန၊ ဆောင်ယူပြီး၍ ဣဒါနိ၊ ယခုအခါ၌ ကံ၊ အဘယ်သူ ကို၊ နယိဿတိ၊ ဆောင်ယူလတ္တံ့နည်းဟူ၍ ကဲ့ရဲ့ခြင်း သဂြိုဟ်ကြကုန် ၏။

ထိုသို့ကဲ့ရဲ့ခြင်းမှာ မသိသော ကဲ့ရဲ့ခြင်း၊ အရာမဟုတ်သည်၌ ကဲ့ရဲ့ခြင်းဖြစ်သော အလေးမူအပ်သောအရာမဟုတ်၍ မြတ်စွာဘုရား အား ထိုအကြောင်းကို လျှောက်လျှင် သင်တို့ကလည်း ပြန်၍ချေပကြ ရမည်ဟူ၍ မိန့်မှာ၍ အောက်ပါဂါထာကို ဟောတော်မူ၏။

နယန္တိဝေ မဟာဝီရာ၊ သဒ္ဓမ္မေန တထာဂတာ။
ဓမ္မေန နယမာနာနံ၊ ကာဥသုယျာ ဝိဇာနတံ။

မဟာဝီရာ၊ ကြီးသော လုံ့လရှိကုန်သော တထာဂတာ၊ ရှင်တော်

http://www.dhammadownload.com

ဘုရားတို့သည် သဒ္ဓမ္မေန၊ သူတော်ကောင်းတရားဖြင့် နယန္တိ၊ ဆောင်ကြကုန်၏။ ဓမ္မေန၊ တရားသဖြင့် နယမာနာနံ၊ ဆောင်ကုန်သောသူတို့ကို။ ဝိဇာနတံ၊ တရားသဖြင့် ဆောင်ယူသည်ဟု သိလျက်၊ ဥသုယျာ ကဲ့ရဲ့ငြူစူခြင်းသည်။ ကာ၊ အဘယ်အကျိုးရှိအံ့နည်း။

ရန်အောင်ရေး အသုံးချပါ

ဒီမေတ္တာ လက်နက်ကြီးကို ရန်အောင်ရေးအတွက် ယုံယုံကြည်ကြည်နဲ့ အသုံးချကြပါ။ ပုထုဇဉ်တွေဖြစ်တဲ့အတိုင်း တစ်ခါတစ်ခါတော့ မေတ္တာတွေ ဘေးဖယ်ထားပြီး တွေ့ကရာနဲ့ ထလုပ်ချင်တဲ့ စိတ်ရူးစိတ်မိုက်တွေ ပေါက်ပေါက်လာတတ်ပါတယ်။ ဒီစိတ်ရူးစိတ်မိုက်တွေ အလိုမလိုက်ပါနဲ့၊ နိုင်အောင်ထိန်းပေးပါ။ ရန်သူက ပိုကြမ်းလာလေလေ ပိုရမ်းလာလေလေ မေတ္တာကို ဖိပြီးအားကိုးလေလေ ဖြစ်နိုင်အောင်ကြိုးစားပါ။

တစ်ခါတစ်ခါတော့ ဖြစ်တတ်ပါတယ်။ ကျွန်တော်လည်း ကိုယ်ချင်းစာပါတယ်။ ရန်သူကို မေတ္တာပွားဖို့နေနေသာသာ ရန်သူဟာ စိတ်ထဲမှာပေါ်လာတာနဲ့ တစ်ပြိုင်နက် အသားတွေ ဆတ်ဆတ်တုန်လာတာမျိုးအထိ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ဒီဖြစ်ပေါ်လာတဲ့ စိတ်ရူးစိတ်မိုက်တွေကို အားမပေးပါနဲ့၊ ပေါ်လာတာနဲ့ ချက်ချင်း ဖျောက်ဖျက်ပစ်ပြီး မေတ္တာကိုသာ ဖိပြီး ပွားများပေးပါ။ ကြိုးစားက ဘုရားတောင်ဖြစ်နိုင်သေးရင် ဖိဖိစီးစီး ပြင်းပြင်းထန်ထန် ဖွဲကောင်းကောင်းနဲ့ ကြိုးစားမယ်ဆိုရင် ဒီလောက်ရန်ငြိုးစိတ်ကို မေတ္တာစိတ်က ဘာဖြစ်လို့ မနိုင်နိုင်ရမှာလဲ နိုင်နိုင်ရမယ်။

ဒီလိုရန်ငြိုးတွေကိုနိုင်အောင် နှိမ်နင်းဖို့ အင်မတန်ကောင်းတဲ့ နည်းကို ဝိသုဒ္ဓိမဂ်ထဲက ကျွန်တော် ထုတ်ပေးပါမယ်။ ရန်ငြိုးကို နိုင်ဖို့

http://www.dhammadownload.com

အတွက် ဒီနည်းကောင်းကို ယုံယုံကြည်ကြည်နဲ့ သုံးကြည့်ကြစမ်းပါ။

ဝိသုဒ္ဓိမဂ်ထဲမှ ရန်ငြိုးကို နှိမ်နင်းနိုင်သော နည်းကောင်းကြီး ဒီနည်းမှာ လုပ်ဖို့ လုပ်ငန်းအဆင့်ဆင့်ရှိပါတယ်။ အဲဒီလုပ်ငန်းတွေကို ကျွန်တော် အဆင့်ဆင့် ဖော်ပြသွားပါ့မယ်။ ဒီနည်းဟာ အမှန်စင်စစ် ဆိုရင် ရဟန်းများအတွက် ထားပစ်ခဲ့တဲ့နည်းဖြစ်ပါတယ်။

၁။ ရန်သူကို မေတ္တာပွားနေရင်း ဒေါသဖြစ်လာရင် မိမိရဲ့စိတ်ကို မိမိချစ်ခင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦး အပေါ်သို့ အာရုံပြောင်းလိုက်ပါ။ အဲဒီ ချစ်သူကို မေတ္တာပွားလို့ မေတ္တာစိတ်တွေ အတော်ရင့်သန်လာတဲ့အခါ မှာ ရန်သူကိုမေတ္တာဆက်ပွားပါ။

၂။ အဲဒီလိုလုပ်ပေမဲ့ မေတ္တာပွားလို့မရဘဲ ဒေါသထွက်မြဲ ထွက်နေ သေးတယ်ဆိုရင် ဒုတိယအဆင့်အနေနဲ့ မိမိစိတ်ကို ဒီလို ဆုံးမပေးပါ။

မြတ်စွာဘုရား၏ ဥပမာ

ဒေါသနဲ့ ပတ်သက်ပြီး မြတ်စွာဘုရားသခင်ဟာ အောက်ပါ အတိုင်း ဟောကြားခဲ့ပါတယ်။

(က) ရဟန်းတို့နှစ်ဖက်လက်ကိုင်ရှိသော ငမန်းစွယ်လွှကြီးဖြင့် ယုတ်မာဆိုးရွားသော ခိုးသူတို့သည် ကိုယ်အင်္ဂါတို့ကို အကယ် ၍ တိုက်ဖြတ်ကုန်ငြားအံ့။ ထိုအင်္ဂါကြီးငယ်တို့ကို ဖြတ်သော သူတို့၌သော်လည်း အကြင်သူသည် စိတ်ပြစ်မှားရာ၏။ ထိုသူ သည် ထိုသို့ပြစ်မှားသောကြောင့် ငါ့ဘုရား၏ အဆုံးအမကို လိုက်နာသည် မမည်။

(ခ) အကြင်သူသည် အမျက်ထွက်သောသူကို တုံ့ပြန်၍ အမျက် ထွက်၏။ ထိုသူသည် ထိုအမျက် တုံ့ပြန်ထွက်သောကြောင့်

http://www.dhammadownload.com

ထိုရှေးဦး အမျက်ထွက်သောသူထက် ယုတ်မာသည်ဖြစ်၏။ မိမိအားအမျက် ထွက်သောသူကို တစ်ဖန်ပြန်၍ အမျက်မထွက်သောသူသည် အောင်နိုင်ခဲလှသော ကိလေသာမာရ်၏ စစ်သည်မိုလ်ထုကို အောင်နိုင်သည်မည်၏။

(ဂ) နှစ်ဖက်စွန်းစလုံးကိုလည်း မီးလောင်ပြီး၍ အလယ်၌လည်း မစင်ကျင်ကြီးတို့ဖြင့် လိမ်းကျံလျက်ရှိသော လူသေကောင်ကို ထုပ်သည့် ထင်းစတစ်စကို တောထဲမှာလည်းကောင်း၊ ရပ်ထဲရွာထဲမြို့ထဲ မှာလည်းကောင်း၊ ထင်းအဖြစ်ဖြင့် မည်သူမျှသုံးမည်မဟုတ်၊ ဒေါသထွက်သောသူတစ်ဦးသည် ထိုထင်းကလားတုံးနှင့်သာတူ၏။

ဒေါသထွက်နေချိန်

အဲဒီလို ဘုရားဟောဒေသနာတွေနဲ့ ရန်သူအပေါ်မှာ ဒေါသထွက်နေတဲ့ လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ် ဆုံးမရမယ်။ အဲဒီလိုဆုံးမရင် ထွက်နေတဲ့ဒေါသတွေဟာ ပြေတန်ကောင်းတယ်။

၃။ အဲဒီလိုဆုံးမလို့မှ ရန်သူအပေါ်မှာ ထွက်နေတဲ့ ဒေါသတွေဟာ မပြေသေးဘူးဆိုရင် မိမိရန်သူမှာရှိတဲ့ ကိုယ့်အကျင့် နှုတ်အကျင့် စိတ်အကျင့်ဆိုတဲ့ အကျင့်တွေထဲက မိမိကြည်ညိုတဲ့ နှစ်ခြိုက်တဲ့ အကျင့်တစ်ခုခုကို အဖန်တလဲလဲ အောက်မေ့ရမယ်။ အဲဒီလို အဖန် တလဲလဲ အောက်မေ့ရင် မိမိရဲ့ဒေါသဟာ ပြေတန်ကောင်းတယ်။

၄။ ရန်သူတစ်မျိုးမှာတော့ ဒီလိုအောက်မေ့စရာ အကျင့်ကောင်းဆိုလို့ တစ်ခုမှ မရှိဘူး။ အဲဒီရန်သူတွေကျတော့ တစ်မျိုးလှည့်ပြီး နှလုံးသွင်းရမယ်။

http://www.dhammadownload.com

အဲဒီလူဟာအကျင့်တရားဆိုလို့ ဘာမှမရှိဘူး။ အတိတ်ကံကလေးကောင်းလို့သာ အခုလိုလူလာဖြစ်နေရတယ်။ ဒါပေမဲ့ အခုလိုသူရဲ့ ညစ်ညမ်းမှုတွေကြောင့် သေသွားရင် ငရဲကြီး ရှစ်ထပ် ဥဿဒငရဲတစ်ဆယ့်ခြောက်ရပ်တို့မှာ ခံရဦးမှာပဲလို့ အောက်မေ့ပြီး သနားကြင်နာတဲ့စိတ်ပေါ်လာအောင် နှိုးဆော်ပေးရမယ်။

၅။ ဒီလို သနားကြင်နာတဲ့စိတ်ကို နှိုးဆော်ပေးတဲ့ဒေါသစိတ်ဟာ မပြေသေးဘူးဆိုရင် မိမိကိုယ်ကို အောက်ပါအတိုင်း ထပ်ပြီးဆုံးမပေးပါ။

(က) ရန်သူသည် သင့်ကို ဆင်းရဲအောင် လုပ်လိုလျှင် ကိုယ်ခန္ဓာကိုသာ ဆင်းရဲအောင်လုပ်နိုင်သည်။ သို့ရာတွင် သင်သည် ရန်သူကို ဒေါသထွက်ခြင်းဖြင့် ရန်သူက သင်၏စိတ်ကိုပါ ဆင်းရဲအောင် လုပ်နိုင်သလို ဖြစ်သွား၏။ ရန်သူဝမ်းမြောက်အောင် အဘယ့်ကြောင့် ဒေါသထွက်ချင်သနည်း။

(ခ) သင်သည် မျက်မှောက် တမလွန် နှစ်တန်သောအကျိုးယုတ်အကျိုးမဲ့တို့ကိုပြုတတ်သည့် ရက္ခိုဘ် ဘီလူးပူးဝင်သကဲ့သို့ သင့်အား ဆတ်ဆတ်တုန်စေနိုင်သော ဤအမျက်ဒေါသကို သင်သည် အဘယ့်ကြောင့် မစွန့်နိုင်ပါသနည်း။

(ဂ) သင်သည် ငါးပါးရှစ်ပါးစသော သီလတို့ကို စောင့်ထိန်း၏။ သို့ရာတွင် သီလတို့၏ အရင်းအမြစ်ဖြစ်သော ဟိရီ၊ သြတ္တပ္ပ၊ခန္တီ၊ မေတ္တာ၊ ကရုဏာတို့ကို ဖြစ်တတ်သည့်အမျက်ဒေါသကိုကား မွေးမြူလက်ခံထား၏။ သင်နှင့်တူသော လူမိုက်သည် အဘယ်မှာရှိအံ့နည်း။

(ဃ) ရန်သူကယုတ်မာသော ပြစ်မှားမှုကို ငါ့အားပြုလေပြီဟူ၍ သင်သည် အမျက်ထွက်၏။ ဒေါသထွက်ခြင်းသည်လည်း ယုတ်မာသောပြစ်မှားမှုဖြစ်သဖြင့် ထိုရန်သူ၏ ယုတ်မာသော ပြစ်မှားမှု

http://www.dhammadownload.com

ကို ကိုယ်တိုင်ပြုခြင်းငှာ သင်သည် အဘယ့်ကြောင့် အလိုရှိပါသနည်း။

(င) သင့်အား အမျက်ထွက်စေလိုသောကြောင့် သင်၏ ရန်သူသည် သင့်အား မနှစ်သက်ဖွယ် ကိစ္စတစ်ခုကို အကယ်၍ ပြုငြားအံ့။ သင်သည် ငါ့ကို ဒီရန်သူ ဒီလိုပြုလေသည်ဟု အမျက်ဒေါသထွက်ခြင်းဖြင့် အဘယ်ကြောင့် ထိုရန်သူ၏ နှလုံးအလိုကို ဖြစ်စေဘိသနည်း။

(စ) သင်သည် ဒေါသထွက်ခြင်းကြောင့် သင်၏ရန်သူသည် ဒုက္ခဖြစ်ချင်လည်း ဖြစ်သွားမည်။ မဖြစ်ချင်လည်း မဖြစ်ဘဲနေမည်။ သို့ရာတွင် သင်ကိုယ်တိုင်မှာမူကား ဒေါသထွက်ခြင်းအားဖြင့် ချက်ချင်းလက်ငင်း စိတ်ဆင်းရဲရပေမည်။ ဘာဖြစ်လို့ ဤသို့ဖြစ်ချင်ရသနည်း။

(ဆ) သင်၏ရန်သူတို့သည် ဒေါသထွက်ခြင်းဖြင့် လမ်းမှားသို့ လိုက်နေကြလေပြီ။ သင်သည်လည်း အဘယ်ကြောင့် ဤလမ်းမှားကို လိုက်လိုသနည်း။

(ဇ) ရန်သူသည် ဒေါသ၏ ကျွန်အဖြစ်ကိုရောက်ခြင်းကြောင့် ဒေါသက ခိုင်းစေသည့်အတိုင်း သင့်ကိုနှိပ်စက်ရ၏။ သင်သည်လည်း ပြန်၍ဒေါသထွက်ခြင်းဖြင့် ဒေါသ၏ ကျွန်အဖြစ်သို့ သင်သည် ရောက်သွား၏။ အဘယ်ကြောင့် ဒေါသ၏ ကျွန်အဖြစ်ကို သင်သည် လိုချင်တောင့်တဘိသနည်း။

၆။ အထက်ပါပြောခဲ့တဲ့ နည်းတွေနဲ့လည်း ဒေါသပြေအောင်လုပ်လို့ မရသေးဘူးဆိုရင် အောက်ပါနည်းနဲ့ ထပ်ပြီး ဆုံးမပေးပါဦး။

ကံ၏အမွေခံ

သင်သည် ကံ၏အမွေခံဖြစ်၏။ သင်သည် အကြင်ကံကို ပြုအံ့။

http://www.dhammadownload.com

သင်သည်ကို ကံ၏အမွေခံဖြစ်လတ္တံ့၊ သင်၏ ဤဒေါသအစွမ်းဖြင့် ဖြစ်သောကံသည် အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ပြီးစေခြင်းငှာ မစွမ်းနိုင်၊ ပစ္စေကဗောဓိဉာဏ်ကို ပြီးစေခြင်းငှာ မစွမ်းနိုင်၊ သာဝက ဘုံသို့ ရောက်စေခြင်းငှာ မစွမ်းနိုင်၊ ဗြဟ္မာမင်းအဖြစ် သိကြားမင်းအဖြစ်၊ စကြဝတေးမင်း၊ ပဒေသရာဇ်မင်း အစရှိသည်တို့၏ စည်းစိမ်တို့တွင် တစ်ပါးပါးသော စည်းစိမ်ကိုပြီးစေခြင်းငှာ မစွမ်းနိုင်၊ စင်စင်သော်ကား စားကြွင်းစား အစရှိသော သူဆင်းရဲတို့၏အဖြစ်ကိုလည်းကောင်း၊ အပါယ်ဆင်းရဲကိုလည်းကောင်း၊ အကျိုးပေးနိုင်၏။

နှစ်ဖက်သောလက်တို့ဖြင့် အလျှံကင်းသော မီးကျီးတို့ကိုလည်း ကောင်း၊ မစင်ကျင်ကြီးကိုလည်းကောင်း ယူ၍ သူတစ်ပါးကို ပုတ်ခတ်လိုသောသူသည် မိမိကိုယ်ကိုသာလျှင် ပူလောင်ခြင်းကိုလည်းကောင်း၊ မကောင်းသောအနံ့ရှိသည်ကိုလည်းကောင်း ဖြစ်စေဘိသကဲ့သို့ ဤဒေါသကံကို ပြုသော သင်သည်လည်း သင့်ကိုယ်ကိုသာလျှင် ဆင်းရဲစေလိမ့်မည်။

၇။ အဲဒီလိုဆုံးမလို့လည်း ဒေါသမပြေသေးဘူးဆိုရင် မြတ်စွာဘုရားရဲ့ ရှေးကကျင့်တော်မူဖူးခဲ့တဲ့ ဂုဏ်ကျေးဇူးတော်တွေကို ဆက်ပြီး ဆင်ခြင်အောက်မေ့ပါ။

သင်သည် မြတ်စွာဘုရား၏ တပည့်သားမဟုတ်ပါလား။ မြတ်စွာဘုရားသခင်သည် အလောင်းတော်အဖြစ်နှင့် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ခဲ့ရစဉ်က ညှဉ်းဆဲ သတ်ဖြတ်ခဲ့သည့် ရန်သူတို့ကို စိတ်မျှဖြင့်လည်း မပြစ်မှားခဲ့ပါ။ ၎င်းအပြစ်များကို သင်သည် မသိပါသလော။

သစ္စာရေတိုက်ပြီးသော်

သီလဝဇာတ်မှာ အလောင်းတော်သည် ရှင်ဘုရင်ဖြစ်သည်။ မိမိ၏ မိဖုရားကိုလည်းယူ၊ တိုင်းပြည်ကိုလည်း လုခဲ့သည့် ရန်သူကို စိတ်

http://www.dhammadownload.com

ဖြင့်ပင် မပြစ်မှား။ သူ၏လက်အောက်ငယ်သားများက လက်နက်စွဲကိုင်ပြီး ရန်သူကို ချေမှုန်းမည်ဆိုသည်ကိုလည်း ခွင့်မပြုချေ။ ရန်သူက သတ်ရန်အတွက် သချိုင်းမှာ လည်ပင်းအထိ မြေမြှုပ်ထားသည်ကိုလည်း အာဃာတမထား၊ နောက်ဆုံး၌ ဘီလူး၏တန်ခိုးကြောင့် ရှင်ဘုရင်ပြန်ဖြစ်ရသည့်အခါမှာပင်လျှင် မိမိ၏ထီးနန်းနှင့် မိဖုရားလုခဲ့သော ရန်သူအား ရန်ငြိုးမထားဘဲ သစ္စာရေတိုက်ပြီး ၎င်းရန်သူကို မိတ်ဆွေအရာမှာ ပြန်၍ ထားခဲ့ဖူးလေပြီ။

ခန္တိဝါဒဇာတ်မှာလည်း ကာသိတိုင်းကြီးရှင် ကလာဗုမင်းသည် ခန္တိဝါဒရှင်ရသေ့ကြီးအား သံဆူးတပ်ထားသော ကြိမ်လုံးဖြင့်ရိုက်၍ လက်ခြေတို့ကို ဖြတ်သော်လည်း ဘုရားအလောင်းတော် ရသေ့ကြီးသည် သည်းခံခဲ့၏။ ရသေ့ကြီးမှာကား အရွယ်ရောက်သည်ဖြစ်၍ သည်းခံနိုင်သည်မှာ အံ့သြစရာမဟုတ်သေး။ ဓမ္မပါလဇာတ်တော်မှာ မဟာပတာပမင်းကြီးသည် သူ၏သားတော်ကလေးဖြစ်သော ဓမ္မပါလအား လက် ခြေ ဦးခေါင်းတို့ကို ဖြတ်ခဲ့ဖူးလေပြီ။ အလောင်းတော် ဓမ္မပါလ မင်းသားကလေးသည် နှိပ်စက်ကြသည့် လက်မရွံ့အာဏာသားများအားလည်းကောင်း၊ အမိန့်ပေးသည့် မင်းကြီးအားလည်းကောင်း၊ စိုးစဉ်းမျှ အမျက်မထွက်ချေ။

ဆဒ္ဒန်ဆင်မင်းဇာတ်တော်မှာလည်း ဘုရားအလောင်းဆဒ္ဒန်ဆင်မင်းသည် မိမိအား ဆိပ်လူးမြှားဖြင့် ပစ်ထားသော မုဆိုးအား မိမိ၏အစွယ်တို့ကို ကိုယ်တိုင်ဖြတ်ပြီး လှူခဲ့ဖူးလေပြီ။

သွေးစက်နှင့် လမ်းပြခဲ့၏

ဘုရားအလောင်း မျောက်မင်းဖြစ်စဉ်ကလည်း ချောက်ထဲ၌ကျသော နွားကျောင်းတစ်ဦးကို အလွန်ခဲယဉ်းစွာ အသက်စွန့်ပြီး ကယ်ခဲ့ရ၏။ ဤသို့ ကယ်ရသည့် လူမိုက်က မိမိ၏အသားကို စားလိုသော

http://www.dhammadownload.com

ကြောင့် မိမိ၏ ဦးခေါင်းကို ကျောက်ခဲနှင့်ထုပြီး အသေသတ်ရန်ကြံ သည်ကိုပင် ဘုရားအလောင်းသည် အမျက်မထွက်၊ ၎င်းလူမိုက်ကို လမ်းစရှာတွေ့သည်အထိ မိမိ၏ခေါင်းမှကျသော သွေးစက်များဖြင့် လမ်းပြပေးခဲ့သေး၏။

ဘုရားအလောင်းတော်ဟာ ဘူရိဒတ်၊ စမ္ပေယျ၊ သင်္ခပါလ နဂါး မင်းများဖြစ်စဉ်ကလည်း မိမိတို့ကို နှိပ်စက်သည့် အလမ္ပာယ်များနှင့် မုဆိုးများကို အမျက်မထွက်ဘဲ သည်းခံခဲ့ဖူးသည်မှာ အထင်အရှားပင် ဖြစ်သည်။

မြတ်စွာဘုရားသခင်အဖြစ်သို့ ရောက်သည့်အခါမှာလည်း မြတ်စွာဘုရားသခင်သည် မည်သူနှင့်မျှ မတူအောင် သည်းခံနိုင်သည့် ဂုဏ်တော်များဖြင့် ပြည့်စုံပါပေ၏။

ဤသို့ သူမတူအောင် သည်းခံခြင်း ဂုဏ်တော်တို့ကို အကြိမ် ကြိမ် အောက်မေ့ပြီးလျှင် သင်သည် မြတ်စွာဘုရား၏ တပည့်အဖြစ် ကိုကား ခံယူလျက် ဒေါသနှင့် ယှဉ်သောစိတ်ကို မွေးမြူထားခြင်းသည် မသင့်လျော်ဟူ၍ မိမိကိုယ်ကို မိမိဆုံးမအပ်သည်။

၈။ အဲဒီလိုဆုံးမလို့မှ ဒေါသဟာ မပြေသေးဘူးဆိုရင် မြတ်စွာ ဘုရားဟောခဲ့တဲ့ အနမတဂ္ဂသုတ်ကို ဆင်ခြင်အောက်မေ့ရမယ်။

ဒီအနမတဂ္ဂသုတ်မှာ မြတ်စွာဘုရားက –

အိုရဟန်းတို့ အကြင်သူသည် ရှေးက အမိမဖြစ်စဖူး။ အကြင်သူ သည် ရှေးက အဖမဖြစ်စဖူး။ အကြင်သူသည် အစ်ကိုမဖြစ်စဖူး၊ အကြင်သူသည် နမမဖြစ်စဖူး၊ အကြင်သူသည် သားမဖြစ်စဖူး၊ အကြင်သူသည် သမီးမဖြစ်စဖူး၊ ထိုဘဝနီးဝေး ရှေးရှေးကာလ မိဘ စသည် မဖြစ်ဖူးသသူကို ရလွယ်သော သဘောမရှိလို့ ဟောထားပါ တယ်။

http://www.dhammadownload.com

ဧရင်းသုတ်ကို ဆင်ခြင်ပြီး သင်၏ ရန်သူသည် ဘဝတစ်ခုခုတွင် သင်၏အမိသော်လည်းကောင်း၊ အဖသော်လည်းကောင်း၊ နှမသော် လည်းကောင်း၊ အစ်မသော်လည်းကောင်း၊ ညီသော်လည်းကောင်း၊ အစ်ကိုသော်လည်းကောင်း၊ သားသမီးသော်လည်းကောင်း၊ တစ်မျိုး မျိုးနှင့် ဆွေမျိုးတော်စပ်ခဲ့ဖူးလိမ့်မည်။ ထိုရန်သူတို့၏ ကျေးဇူးများသည် သင်၏အပေါ်တွင် ရှိနေပေလိမ့်မည်။ ထိုသို့ကျေးဇူးရှိသော သူများအား ဒေါသထွက်ခြင်းမှာ မထိုက်ဟူ၍လည်း မိမိကိုယ်ကို ဆုံးမသင့်လေ သည်။

၉။ အဲဒီလိုဆုံးမလို့ဘဲ ဒေါသဟာ မပြေသေးဘူးဆိုရင် ကျွန်တော်ရဲ့ မိန့်ခွန်းအစတုန်းက ပြောပြီးခဲ့တဲ့ မေတ္တာရဲ့ အကျိုးဆယ့်တစ်ပါးကို ပြန်ပြီး ဆင်ခြင် စဉ်းစားရမယ်။

လွှင့်စဉ်ပျောက်ကုန်မည်

ရန်သူတွေအပေါ်မှာရှိခဲ့ဖူးတဲ့ ဒေါသတွေဟာ ဘယ်လောက် ကြီးပေမယ့် အခုပြောခဲ့တဲ့ လက်နက်တွေကို ယုံယုံကြည်ကြည် ဖွဲ ကောင်းကောင်း ဝီရိယရှိရှိနဲ့ သုံးရမယ်ဆိုရင် ဒီဒေါသတွေဟာ မခံနိုင် ပါဘူး။ လွှင့်စဉ်ပပျောက်ကုန်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်ပါတယ်။

အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။

မကောင်းသောသူကို သူတော်ကောင်းပြုသဖြင့် အောင်ရာ၏။

ဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။

မဟုတ်မမှန်ပြောဆိုတတ်သောသူကို မှန်ကန်သော စကားဖြင့် အောင်ရာ၏။

❑

http://www.dhammadownload.com

မင်္ဂလာတရား

၁၉၆၂ ခု၊ ဇန်နဝါရီလ ၁၂ ရက်နေ့က ဗာရာဏသီမြို့ ဟိန္ဒူ တက္ကသိုလ်တွင် ဟောကြားသော နိုင်ငံတော်ဝန်ကြီးချုပ်၏ (မင်္ဂလာဆိုတာဘာလဲ) ဟောပြောချက်။

မင်္ဂလာဆိုတာ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ အစရှိတဲ့ သိဒ္ဓိ အမျိုးမျိုးပြီးစေတတ်တဲ့ ပတ္တမြားမျက်ရှင်ကြီးနဲ့ တူပါတယ်။ မင်္ဂလာ ဆိုတာ မကောင်းတဲ့ဘေးရန် အန္တရာယ်တွေမကျရောက်ရအောင်လည်း တားဆီးနိုင်တယ်။

အဲဒါကြောင့် မင်္ဂလာကိုလိုချင်တဲ့လူ လက်ညှိုးထောင်လို့ဆိုရင် ကျွန်တော်ကအစ လူကြီးမင်းတွေ အားလုံးလက်ညှိုးထောင်ကြမှာပါပဲ။

အဲဒီတော့ လူကြီးမင်းများ ခင်ဗျား...၊ ဒီကောင်းကျိုးတွေကို ပေးနိုင်ပြီး မကောင်းကျိုးတွေကို တားဆီးပေးနိုင်တဲ့ မင်္ဂလာကိုရအောင် ကျွန်တော်တို့ ဘာတွေလုပ်ကြရမလဲ။

မင်္ဂလာကိုရဖို့နဲ့ ပတ်သက်ပြီး လောကမှာ အယူအမျိုးမျိုးရှိပါ တယ်။

http://www.dhammadownload.com

တချို့ကလည်း ကောင်းတဲ့အမြင်ကို မြင်ရရင် မင်္ဂလာရှိတယ်လို့ ယူဆကြတယ်။ အသုဘအစရှိတဲ့ စိတ်မချမ်းသာစရာအမြင်တွေကို မြင်ရရင် မင်္ဂလာမရှိဘူးလို့ ယူဆကြတယ်။

တချို့ကလည်း ကောင်းတဲ့ အသံကြားရရင် မင်္ဂလာရှိတယ်လို့ ယူဆကြတယ်။ အဲဒါကြောင့် သူတို့နဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေ ပစ္စည်းတွေ နေရပ်တွေကို အမည်ပေးတဲ့အခါ အင်မတန်ကောင်းတဲ့ နာမည်တွေကို ရွေးပြီးပေးကြတယ်။ မနက်စောစောမှာ ဘယ်လောက် အရေးကြီးကြီး မကောင်းတဲ့သတင်းဆိုရင် မပြောစေရဘူး၊ ကောင်းတဲ့ သတင်းစကားကိုသာ ပြောရတယ်။

တချို့ကလည်း ကောင်းတဲ့ အနံ့ရှူရှိုက်ရရင် ကောင်းတဲ့အစား စားသောက်ရရင် ကောင်းတဲ့အထိအတွေ့နဲ့ ထိတွေ့ရရင် မင်္ဂလာရှိတယ်၊ မကောင်းတဲ့အနံ့ မကောင်းတဲ့အစား မကောင်းတဲ့အထိ အတွေ့နဲ့ ထိတွေ့ရရင် မင်္ဂလာမရှိဘူးလို့ ယူဆကြတယ်။

တချို့ကလည်း မင်္ဂလာရှိအောင် လက်ဖွဲ့ဆောင်ကြတယ်၊ ဆေးဖယောင်းတိုင် ထွန်းကြတယ်။

တချို့ကလည်း မိမိတို့ လုပ်တဲ့ အလုပ်အကိုင်၊ မိမိတို့ဆောက်တဲ့ အဆောက်အဦ မိမိတို့သွားရမဲ့ခရီးဟာ မင်္ဂလာရှိအောင် မင်္ဂလာရှိတဲ့ နေ့ရက် မင်္ဂလာရှိတဲ့ အချိန်ကို ရွေးကြတယ်။

လောကီမင်္ဂလာများသာ

အခုပြောခဲ့တဲ့ မင်္ဂလာရှိအောင်လုပ်တဲ့ အလုပ်တွေဟာ လောကီနည်းနဲ့ လုပ်တဲ့အလုပ်တွေဖြစ်ပါတယ်။ လောကီနည်းဆိုတာ မှန်တာတွေလည်း ရှိပါတယ်။ မှားတာတွေလည်း ရှိပါတယ်။ အဲဒီတော့ ဒီနည်းတွေအတိုင်းလုပ်ရင် မင်္ဂလာရနိုင်တယ်လို့ တထစ်ချ မပြောနိုင်ပါဘူး။ မင်္ဂလာရချင်လည်း ရမှာပဲ၊ မရချင်လည်း နေမှာပါပဲ။

http://www.dhammadownload.com

မင်္ဂလာကို တထစ်ချရအောင် လုပ်ပေးနိုင်တဲ့ နည်းတွေဟာ ဒီလောကကြီးမှာ နေလိုလလို အထင်အရှားရှိနေပါတယ်။ အဲဒီနည်းတွေဟာ လူသာမန်၊ နတ်သာမန် ဗြဟ္မာသာမန်တွေက ပေးတဲ့နည်းမဟုတ်ပါဘူး။

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ပြီးတဲ့အတွက် ကျေးဇူးတော်အစုံ ဂုဏ်တော်အလျှံ၊ ဉာဏ်တော်အနန္တနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင်ပေးတော်မူခဲ့တဲ့ နည်းတွေ ဖြစ်ပါတယ်။

အရဟံအစ၊ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင် ပေးတော်မူခဲ့တဲ့ နည်းတွေဖြစ်ပါတယ်။

လ္လာသရိသ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တတည်းဟူသော ဘုန်းတော်ခြောက်ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင်ပေးတော်မူခဲ့တဲ့ နည်းတွေဖြစ်ပါတယ်။

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့ရဲ့ ပူဇော်အထူးကိုခံတော်မူထိုက်တဲ့ ဉာဏ်တော် ၁၀ ပါးနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားသခင် ပေးတော်မူခဲ့တဲ့ နည်းတွေပဲ ဖြစ်ပါတယ်။

ဘာကြောင့် ဘုရားပေးခဲ့သလဲ

ဒီနည်းတွေကို မပြောခင်ဘယ်လို အကြောင်းကြောင့် ဒီနည်းတွေကို မြတ်စွာဘုရား ပေးပစ်ခဲ့တယ်ဆိုတာကို အကျဉ်းချုပ်ပြီး ပြောပါရစေ။

အခါတစ်ပါး မြတ်စွာဘုရား သာဝတ္ထိမြို့အနီး အနာထပိဏ်သူဌေးဆောက်လုပ်လှူဒါန်းတဲ့ ဇေတဝန်ကျောင်းတိုက်ကြီးမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါ အမျိုးအမည်အားဖြင့် မထင်ရှားတဲ့ အင်မတန် နှစ်လိုဖွယ်အဆင်းရှိတဲ့ နတ်သားတစ်ပါးဟာ ညဥ့်ဦးယံလွန်ပြီး သန်းခေါင်အချိန်လောက်မှာ မြတ်စွာဘုရားဆီကို ရောက်လာပါ

http://www.dhammadownload.com

တယ်။ သူ့ကိုယ်ရောင် ကိုယ်ဝါတွေနဲ့ ဇေတဝန်ကျောင်းတိုက်တစ်တိုက်လုံးဟာ ထိန်ထိန်လင်းနေပါတယ်။ မြတ်စွာဘုရားအနီးကို ရောက်တဲ့အခါ ဒီနတ်သားဟာ အင်မတန်ရိုရိုသေသေရှိခိုးပြီး –

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။

နိဗ္ဗာန်ချမ်းသာကို လိုချင်တောင့်တနှစ်သက်ကြတဲ့ နတ်လူအများတို့ဟာ သတ္တဝါအများ ကြီးပွားချမ်းသာကြောင်း ဖြစ်တဲ့ မင်္ဂလာတရားတော်ကို ကြံစည်ခဲ့ကြပါတယ်ဘုရား။ ဒီလိုကြံစည်ပေမဲ့လည်း ကြံစည်လို့မရပါဘူးဘုရား။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား။

ဒီထူးမြတ်လှတဲ့ မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါဘုရားလို့ လျှောက်ကြားတောင်းပန်ပါတယ်။

၃၈ ဖြာ မင်္ဂလာ

အဲဒီအခါမှာ မြတ်စွာဘုရား သခင်ဟာ သုံးဆယ့်ရှစ်ဖြာရှိတဲ့ မင်္ဂလာတရားတော်တွေကို ဟောကြားတော်မူခဲ့ပါတယ်။

ဒီမင်္ဂလာတရားတွေကတော့

၁။ သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ခြင်း၊ ၂။ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်း၊ ၃။ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း၊ ၄။ လျော်ကန်သင့်မြတ်သော အရပ်၌နေထိုင်ခြင်း။ ၅။ ရှေးရှေးဘဝ၌ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသူဖြစ်ခြင်း၊ ၆။ အကျင့်တရားမပျက်ပြားအောင် မိမိကိုယ်စိတ်ကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ၇။ အကြားအမြင်များသောသူဖြစ်ခြင်း၊ ၈။ လက်မှုပညာအစရှိသော အတတ်တို့ကို တတ်မြောက်ခြင်း၊ ၉။ ဝိနည်းတရားတော်ကို ကောင်းစွာသင်ကြားထားခြင်း၊ ၁၀။ ကောင်းသောစကားကို ပြောဆိုခြင်း၊ ၁၁။ အမိအဖတို့ကို

http://www.dhammadownload.com

ကောင်းစွာလုပ်ကျွေးမွေးမြူခြင်း၊ ၁၂။ သားမယားတို့ကို ကောင်းစွာချီးမြှောက်ထောက်ပံ့ခြင်း၊ ၁၃။ လယ်လုပ်ကုန်သွယ်ရောင်းဝယ်ခြင်းစသော အပြစ်ကင်းသောအလုပ်ကိုလုပ်ခြင်း၊ ၁၄။ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း၊ ၁၅။သုစရိုက်တရားဆယ်ပါးကို ကျင့်သုံးခြင်း၊ ၁၆။ အဆွေအမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်း၊ ၁၇။ ဥပုသ်စောင့်ခြင်း၊ ရေတွင်းရေကန်တူးခြင်းစသော အပြစ်ကင်းသောအလုပ်တို့ကိုပြုလုပ်ခြင်း၊ ၁၈။ မကောင်းမှုမှစိတ်ဖြင့်ဝေးစွာ ရှောင်ကြဉ်ခြင်း၊ ၁၉။ မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့်အထူးရှောင်ကြဉ်ခြင်း၊ ၂၀။သေရည်သေရက်သောက်ခြင်းမှ ဝေးစွာ ရှောင်ကြဉ်ခြင်း၊ ၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်း၊၂၂။ ရိုသေထိုက်သောသူတို့ကို ရိုသေခြင်း၊ ၂၃။ မာန်မာနကို နှိမ့်ချခြင်း၊ ၂၄။ ရသမျှဖြင့် ရောင့်ရဲလွယ်ခြင်း၊ ၂၅။ သူတစ်ပါးကပြုဖူးသော ကျေးဇူးကိုသိတတ်ခြင်း၊ ၂၆။ သင့်လျော်သောအခါ သူတော်ကောင်းတရားကိုနာယူခြင်း၊ ၂၇။ သည်းခံခြင်း၊ ၂၈။ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာယူလွယ်ခြင်း၊ ၂၉။ ရဟန်းသူမြတ်တို့ကို ဖူးမြင်ခြင်း၊ ၃၀။သင့်လျော်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းခြင်း၊ ၃၁။ မြိုးမြိုစွာကျင့်ခြင်း၊ ၃၂။ မြတ်သောအကျင့်ကို ကျင့်ခြင်း၊ ၃၃။ အရိယာသူတော်ကောင်းတို့၏ သစ္စာလေးပါးတရားကိုသိမြင်ခြင်း၊၃၄။အရဟတ္တဖိုလ်ချမ်းသာကိုမျက်မှောက်ပြုခြင်း၊ ၃၅။ လောကဓံတရားရှစ်ပါးတို့နှင့်တွေ့ကြုံရသော ရဟန္တာ၏စိတ်သည် မတုန်မလှုပ်ခြင်း၊ ၃၆။ စိုးရိမ်ကြောင့်ကြခြင်းလည်းမရှိခြင်း၊ ၃၇။ ကိလေသာရမ္မက်တို့လည်း မြူခန့်မျှမရှိခြင်း၊ ၃၈။ ကြောက်လန့်စိတ်ကြောင့်ဖြစ်သော ဘေးလည်းမရှိခြင်းတို့ပင် ဖြစ်ပါသည်။

ဒီသုံးဆယ့်ရှစ်ဖြာ မင်္ဂလာကို တစ်ပါးစီရှင်းပြချင်ပါတယ်။

၁။ သူမိုက်တို့ကို မမှီဝဲမဆည်းကပ်ခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

http://www.dhammadownload.com

လူမိုက်နှင့်ပေါင်းလို့

အဲဒီလိုဆိုရင် ယူမိုက်ဆိုတာ ဘယ်လိုလူစားမျိုးလဲဆိုတာကို သိဖို့လိုလိမ့်မယ်။

အကြားအမြင် ဗဟုသုတလည်း မရှိဘူး၊ ကိုယ်ကျင့်တရားလဲ မရှိဘူး။ အကြားအမြင် ဗဟုသုတတစ်ခုရှိတယ်။ ကိုယ်ကျင့်တရား မရှိဘူး။

အဲဒီလူ၂မျိုးစလုံးဟာ လူမိုက်တွေပဲ၊

လောကီကျိုး၊ လောကုတ္တရာကျိုး နှစ်ပါးစလုံးကို ရအောင် အားမထုတ်နိုင်တဲ့အတွက် နှစ်ဖက်ကန်းနဲ့တူတဲ့လူ။

လောကီကျိုးကိုသာ အားထုတ်နိုင်ကြပြီး လောကုတ္တရာကျိုး ကို ရအောင် အားမထုတ်နိုင်တဲ့အတွက် တစ်ဖက်ကန်းနဲ့တူတဲ့လူ၊ အဲဒီ လူနှစ်ယောက်စလုံးလဲ လူမိုက်တွေပဲ။

အမိုက်တွေနဲ့ ပေါင်းဖော်မိတဲ့အတွက် အကောင်းတွေလည်း ပျက်စီးသွားရတဲ့ သာဓကတချို့ကို ကျွန်တော် ထုတ်ပြချင်ပါတယ်။

(က) ဗြဟ္မဒတ်မင်းကြီးရဲ့ အင်မတန်စိတ်နှလုံးနူးညံ့ပြီး မြေကြီးနဲ့တူ တဲ့ သည်းခံခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့ မဟိဠာမုခဆင်တော်ဟာ သူ့ အနီး အနားမှာ မကြာမကြာလာပြီး တိုင်ပင်ကြတဲ့ သူခိုးတွေရဲ့ စကားကို ကြားရဖန်များလာတဲ့အခါ အင်မတန် ကြမ်းကြုတ် ခက်ထန်တဲ့ ဆင်တော်ကြီး ဖြစ်သွားခဲ့ဖူးပါတယ်။

(ခ) ဂိရိဒတ္တလို့ခေါ်တဲ့ ခြေခွင်တဲ့ မြင်းထိန်းနဲ့ ကြာရှည်နေရတဲ့ အတွက် ဗာရာဏသီပြည့်ရှင် သာမဘုရင်ရဲ့ အင်မတန်ကြန်အင် လက္ခဏာနဲ့ ပြည့်စုံတဲ့ ကဏ္ဍဝမြင်းတော်ဟာ ခြေခွင်သွားခဲ့ရတဲ့ သာဓကလဲ အထင်အရှားရှိပါတယ်။

(ဂ) အဆိပ်လူးတဲ့မြားနဲ့အတူ ထားရင် အဆိပ်မရှိတဲ့ မြားလဲ အဆိပ်

http://www.dhammadownload.com

လှူးသွားပါတယ်။

(ဃ) ရွှံ့လူးတဲ့ ကျွဲရဲ့နောက်ကလိုက်တဲ့ ကျွဲဟာ ရွှံ့အပေခံရပါတယ်။

(င) ငါးပုပ်ကို ထုတ်တဲ့ဖက်ဟာ ပုပ်တဲ့အနံ့ ထွက်လာပါတယ်။

(စ) ခွေးတောက်ပင် တမာပင်တို့နဲ့ ရောယှက်တဲ့အတွက် ဒဓိဝါဟန မင်းကြီးရဲ့ အင်မတန်ချိုမြိန်ကောင်းမြတ်တဲ့ အရသာနဲ့ ပြည့်စုံတဲ့ အမ္ဗန္တရ သရက်ပင်ဟာ ခါးတဲ့သရက်သီးကို သီးခဲ့ဖူးပါတယ်။

၂။ ပညာရှိတို့ကို မှီဝဲဆည်းကပ်ခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။ အဲဒီလိုဆိုရင် ပညာရှိဆိုတာ ဘယ်လိုလူစားလဲ။

(က) အကြောင်းအကျိုး အကောင်း အဆိုး ကုသိုလ် အကုသိုလ် မှီဝဲအပ်၊ မမှီဝဲအပ်တဲ့တရား ယူသင့်ပယ်သင့်တဲ့တရားတွေကို သိတဲ့ လူဟာ ပညာရှိဖြစ်တယ်။

(ခ) အကြားအမြင် ဗဟုသုတနဲ့ ပြည့်စုံချင်လဲ ပြည့်စုံမယ်၊ မပြည့်စုံချင်လဲနေမယ်၊ ဒါပေမဲ့ တရားကိုကျင့်တဲ့လူဟာ ပညာရှိဖြစ်တယ်။

(ဂ) လောကီကျိုး၊ လောကုတ္တရာကျိုး နှစ်ပါးစလုံးကိုရအောင် အားထုတ်တဲ့လူဟာ ပညာရှိဖြစ်တယ်။

(ဃ) သုစရိုက်တရားဆယ်ပါးနဲ့ ပြည့်စုံတဲ့လူဟာ ပညာရှိဖြစ်တယ်။

(င) ကောင်းစွာကြံတယ်၊ ကောင်းစွာပြောတတ်၊ ကောင်းစွာလုပ်တဲ့ လူဟာ ပညာရှိဖြစ်တယ်။

သာဓက

အကောင်းနဲ့ ပေါင်းဖော်မိတဲ့အတွက် အကောင်းဖြစ်သွားရတဲ့ သာဓကတွေကို ထုတ်ဖော်ပြလိုပါတယ်။

http://www.dhammadownload.com

(က) အနံ့ကင်းတဲ့ပေါက်ရွက်ဟာ မွှေးကြိုင်သင်းပျံ့တဲ့ အနံ့ရှိတဲ့ တောင်ဇလပ်ပန်းနဲ့ ပေါင်းဖက်ရတဲ့အတွက် မွှေးကြိုင်တဲ့အနံ့ကို ရလိုက် ပါတယ်။
(ခ) အဖိုးမထိုက်တဲ့ ပိုးစကလေး တစ်စဟာ မြတ်လေးပန်းကို စည်းတဲ့နေရာမှာ အသုံးခံရတာနဲ့ လူတို့ရဲ့ ခေါင်းပေါ်ကို ရောက်ရပါတယ်။
(ဂ) ပုပ္ပကအမည်ရှိတဲ့ ကျေးသားငယ်ဟာ သူတော်ကောင်းဖြစ်တဲ့ ရသေ့တို့နဲ့ ပေါင်းဖော်ရတဲ့အတွက် လိမ္မာယဉ်ကျေးလာရခဲ့ဖူးပါတယ်။
(ဃ) အမုန်ယစ်တဲ့ တောဆင်ရိုင်းကြီးဟာ လိမ္မာတဲ့ဆင်ဦးစီးနဲ့ ပေါင်းဖော်ရတဲ့အတွက် လိမ္မာယဉ်ကျေးတဲ့ အဖြစ်ကို ရောက်လာရပါတယ်။

လူကြီးမင်းများခင်ဗျား ...

လူမိုက်ဟူသည်

လူမိုက်နဲ့ပေါင်းလို့ ပျက်စီးရပုံနဲ့ ပညာရှိနှင့်ပေါင်းလို့ ချမ်းသာရပုံကို ပိုမိုထင်ရှားစေချင်တဲ့အတွက် နိပါတ်တော်ထဲမှ သာဓကတစ်ခုကို ဖော်ပြလိုပါတယ်။

လှည်းကုန်သည် အကြီးအမှူး ၂ဦးဝတ္ထု
(ဇာတကအဋ္ဌကထာမှ တိုက်ရိုက်ဘာသာပြန်ဆိုချက်)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မှူး အမျိုး၌ ဖြစ်၍ လှည်းပေါင်း၅၀၀(ငါးရာ)တို့ဖြင့် ကုန်သွယ်ခြင်းအမှုကို ပြုလုပ်နေလေသည်။

http://www.dhammadownload.com

ထိုဗာရာဏသီပြည်ထဲ၌ပင် ဘုရားလောင်းကဲ့သို့ လှည်းပေါင်း ၅၀၀ (ငါးရာ)တို့ဖြင့် ကုန်သွယ်နေသူ လှည်းကုန်သည်မှူး တစ်ဦး လည်းရှိ၏။ ၎င်းကား ဉာဏ်ပညာမရှိ။ မလိမ္မာ။ ရှေ့ရေး နောက်ရေး မတွေးခေါ်တတ်။ သို့ဖြစ်၍ ၎င်းကို ဤဝတ္ထုထဲ၌ ဗာလဟူသော နာမည်ဖြင့် မှည့်ခေါ်ရေးသားသွားပေအံ့။ ဘုရားလောင်းလှည်းကုန်သည်မှူးသည် လှည်းပေါင်းငါးရာတို့ဖြင့် တစ်ခါတစ်ရံ အရှေ့ဘက်နယ်စွန်းမှ အနောက်ဘက် နယ်စွန်းသို့လည်းကောင်း၊ တစ်ခါတစ်ရံ အနောက်ဘက်နယ်စွန်းမှ အရှေ့ဘက်နယ်စွန်းသို့လည်းကောင်း၊ သွားလာရောင်းဝယ်လေ့ရှိပေ၏။ ဤအချိန်သည်ကား ဘုရားလောင်းသည် ဗာရာဏသီပြည်မှ အဖိုးတန်ဘဏ္ဍာများကို တင်ဆောင်၍ လှည်းပေါင်းငါးရာဖြင့် ခရီးထွက်ရန် စီမံနေသောအခါဖြစ်လေ၏။ ဗာလလှည်းကုန်သည်မှူးလည်း ထို့နည်းတူစွာ လှည်းငါးရာဖြင့် ခရီးထွက်ရန် စီမံနေလေ၏။ ဘုရားလောင်းသည် ခရီးထွက်ရေးအတွက် ဤသို့ အကြံဖြစ်၏။

ဗာလသည် ငါနှင့်အတူတူခရီးထွက်ဖို့ စီမံနေသည်။ လှည်းပေါင်း၁၀၀၀(တစ်ထောင်)တစ်ပေါင်းတည်း သွားလျှင်လမ်းခရီးလည်း မလောက်မငဖြစ်မည်။ ထင်းရေစသည်တို့အတွက်လည်း အခက်အခဲကြုံမည်။ နွားများအတွက်လည်း မြက်ရဖို့မလွယ်ဘူး။ သူသော်လည်းကောင်း၊ ငါသော်လည်းကောင်း၊ တစ်ဦးဦးက အရင်သွားနှင့်လျှင်ကောင်းမည်ဟု အကြံဖြစ်လေ၏။ သို့ဖြစ်၍ ဗာလကို ခေါ်ငင်ကာ ထိုအကြောင်းကို တိုင်ပင်ပြီး။

နှစ်ဦးလုံးအတူတူသွားရင် အခက်အခဲတွေ အမျိုးမျိုးတွေ့မည်။ ခွဲသွားမှဖြစ်မည်။ ဒါကြောင့် သင်က အလျင်သွားမည်လား၊ ကျုပ်က အလျင်သွားရမည်လား၊ သင်ကြိုက်ရာကို ရွေးစေချင်တယ်ဟု ပြောပြလေ၏။

http://www.dhammadownload.com

ဗာလသည် စဉ်းစား၏။ စဉ်းစားပုံကား။

အလျှင်သွားရလျှင် ခရီးလမ်းတွေ မပျက်စီးမီ သွားရမည်။ နွားများလည်း တစ်ခြား နွားတွေမစားရသေးတဲ့ မြက်သစ် မြက်ဦးတွေ စားရမည်။ လူများအတွက်လည်း သူတစ်ပါးတို့ မခူးမဆွတ်ရသေးတဲ့ ဟင်းချက်ဖို့ အရွက်အညွန့်တွေရလိမ့်မည်။ ရေအတွက်လည်း မနောက်မကျုသေးတဲ့ ရေကြည်ကို သုံးရမည်။ ပစ္စည်းဘဏ္ဍာရောင်းရာမှာလည်း ထင်သလို အဖိုးနှုန်းဖြတ်ပြီး ရောင်းနိုင်သည်ဟု စဉ်းစားလျက် မိမိ အလျှင်သွားမည့်အကြောင်း ပြန်ကြားပြောဆိုလေရာ ဘုရားလောင်းသည် အောက်ပါအတိုင်း စဉ်းစားကာ သဘောတူလိုက်လေ၏။ ဘုရားလောင်းစဉ်းစားပုံကား။

နောက်မှလိုက်ရလျှင် အလျင် (ယခင်) သွားသူနှင့် သူကခရီးလမ်း မညီမညွတ်ရှိသည်ကို ညီညွတ်အောင်ပြုပြင်သွားရသဖြင့် နောက်မှလိုက်သူအတွက် အဆင်သင့်ဖြစ်ခြင်း၊ နွားများအတွက်လည်း အလျင်သွားနှင့်သူတို့၏နွားများသည် မြက်ဟောင်း မြက်ကြမ်းတို့ကို စားကြရကုန်လတ္တံ့။ နောက်မှလိုက်သူ ငါတို့၏ နွားများသည် နောက်ထပ်တစ်ဖန် အသစ်ပေါက်ကုန်သော မြက်နု မြက်ချိုတို့ကို စားကြရလိမ့်မည်။လူများအတွက်လည်း အလျင်သွားနှင့်သူတို့ ဆွတ်ခူးအပ်ပြီးသော အကိုင်းအခက်မှ အတက်အညွန့်ပေါက်လာသော ဟင်းရွက် ဟင်းညွန့်တို့ကို ချိုမြိန်စွာ စားကြရကုန်လတ္တံ့။ အလျင်သွားနှင့် သူတို့သည် ရေမရှိသောအရပ်၌ ရေတွင်းတူး၍ ရေရှိအောင်လုပ်သွားကြရလိမ့်မည်။ နောက်မှလိုက်သူ ငါတို့သည် သူတို့တူးခဲ့သော ရေတွင်းများ၌ အဆင်သင့်ရေကို သုံးဆောင်ကြရလိမ့်မည်။ ပစ္စည်းဘဏ္ဍာကို တန်ဖိုးဖြတ်ခြင်း မည်သည်မှာ လူတို့၏ အသက်ဇီဝိန်ကို သတ်ဖြတ်ခြင်းလောက် အရေးကြီး၏။ နောက်မှလိုက်သူသည် အလျင်သွားနှင့် သူတို့ဖြတ်ထားသောတန်ဖိုးဖြင့် အလွယ်တကူ သက်သာစွာ ရောင်းနိုင်၏ဟူ၍

http://www.dhammadownload.com

စဉ်းစားခြင်းဖြစ်ပေ၏။

ကန္တာရခရီး

လှည်းကုန်သည်မှူး ဗာလ ခရီးထွက်ခဲ့ခြင်း။

အထက်ပါအတိုင်း နှစ်ဦးသဘောတူညီချက်အရ လှည်းကုန်သည်မှူး ဗာလသည် လှည်းပေါင်း ၅၀၀ဖြင့် ကုန်များကိုတင်ဆောင်ကာ ခရီးထွက်လာခဲ့ရာ လူတို့နေရပ်ကို ကျော်လွန်၍ ဘီလူးတို့နေရပ်ဖြစ်သော အပနုဿကန္တာရသို့ ရောက်လာခဲ့လေ၏။ ထိုကန္တာရကား ဘီလူးတို့နေရာအရပ်ဖြစ်ရုံမက ရေမရှိသော နိရုဒက ကန္တာရလည်းဖြစ်ပေ၏။ ထိုကန္တာရခရီးကား ယူဇနာ ၆၀ အကိုင်းအရှည်ရှိ၏။ (ယူဇနာယူပုံမှာ ၂မျိုး ရှိ၏။ ၇ တောင်တာနှင့်တွက်လျှင် တစ်ယူဇနာသည် ၁၂မိုင်ခွဲနှင့်ညီမျှ၏။ ၄ တောင်တာနှင့်တွက်လျှင် တစ်ယူဇနာသည် ၇.၂၇ (၇မိုင်နှင့်ဒသမ ၂၇) နှင့် ညီမျှ၏။ (မှတ်ချက် ။ ။ ကန္တာရဟူသော စကားမှာ ပါဠိ စကားအစစ်ဖြစ်ရာ မြန်မာဘာသာပြန်ဆိုလျှင် သွားလာခြင်း ခက်ခဲသော ခရီးလမ်းဟု အဓိပ္ပာယ်ရ၏)။

ဗာလသည် ထိုကန္တာရကို ကျော်လွန်နိုင်ရန် လှည်းများစွာတို့၌ ကြီးမားသော အိုးကြီးတို့ကို တင်စေ၍ ရေအပြည့်ထည့်ကာ ရေအတွက် အခက်အခဲမရှိရန် စီမံပြီး ယူဇနာ ၆၀ ရှိသော ကန္တာရခရီးကို ဝင်ရောက်စိုင်းနှင်ခဲ့လေရာ ကန္တာရ၏ အလယ်သို့ရောက်လာခဲ့လေ၏။ ထိုအခါ ကန္တာရ၌ ကြီးမှူးနေထိုင်သော ဘီလူးသည် ဤသူတို့ယူလာသော ရေကိုစွန့်စေ၍ အစာရေစာငတ်ကာ အားနည်းအောင်ပြုပြီး အလုံးစုံသော သူတို့ကို စားလိုက်အံ့ဟု ကြံစည်ကာ။

အဖြူရောင်တောက်ပနေသော နွားပျိုနှစ်ကောင်ကသည့်လှသော လှည်းယာဉ်ကို ဖန်ဆင်းလျက် ရေညှိနှင့်ကြာတို့ဖြင့် လိမ်းကျံအပ်ကုန်သော လူယောင်ဆောင်ထားသည့် လက်နက်ကိုင်ဘီလူး တစ်ကျိပ်နှစ်

http://www.dhammadownload.com

ယောက်တို့ ခြံရံပြီး ကြာညို၊ ကြာဖြူ၊ ကြာနီတို့ကို ဝတ်ဆင်၍ ဆံပင်စိုစို အဝတ်စိုစိုနှင့် အစိုးရအရာရှိ တစ်ဦးပမာ လှည်းယာဉ်ပေါ်တွင်ထိုင်ပြီး ဟန်ပါပါနှင့် လိုက်လာခဲ့လေ၏။ လှည်းဘီးတွင်လည်း ညွန်တို့ဖြင့် လိမ်းကျံပေရေနေလေ၏။ လက်နက်ကိုင် အခြံအရံ ၁၂ ယောက်တို့မှာလည်း ဆံပင်ရှိ အဝတ်စိုစိုနှင့် ကြာဖြူ၊ ကြာညို၊ ကြာနီတို့ကို ပန်ဆင်၍ ပဒုမ္မာကြာစည်း၊ ပုဏ္ဍရိတ်ကြာစည်းတို့ကိုလည်း လက်တွင်ကိုင်လျက် ကြာစွယ်၊ ကြာရင်းတို့ကို စားရင်း ကိုယ်ကာယမှလည်း ရေပေါက်များ တစ်စက်စက်ယိုကျကာ ရွှံ့များပေကျံစွာနှင့်လိုက်ပါလာကြလေ၏။ ထိုဘီလူး၏ လှည်းယာဉ်သည် ဗာလတို့မရောက်ရသေးသည့် ကန္တာရထဲမှ ထွက်လာရာ ဗာလတို့နှင့် ရင်ဆိုင်တိုးနေလေ၏။ ဘီလူးသည် မိမိ၏လှည်းကို လမ်းပေါ်မှ ဘေးသို့ရှောင်၍ ဖယ်ပေးရင်း –

မောင်ရင်တို့က ဘယ်ကလာကြတာလဲဟု နှုတ်ဆက်မေးမြန်းလိုက်လေ၏။ လှည်းကုန်သည်မှူး ဗာလကလည်း မိမိလှည်းကို လမ်းပေါ်မှာ ဘေးသို့ ဖယ်ထားလျက် အခြားမိမိ၏ယဉ်သားလှည်းများကို သွားစေကာ ခေတ္တရပ်နားပြီး ဘီလူးနှင့်စကားပြောလေ၏။

ကြာမျိုးငါးပါးရေအိုင်

ဗာလ။ ။ ကျွန်တော်တို့က ဗာရာဏသီပြည်မှ လာခဲ့ကြလာပါ။ ခင်ဗျားတို့မှာ ကြာပန်းတွေ ပန်ဆင်ပြီး လက်ကလဲ ကြာစည်းကြီးတွေ ယူငင်လာကြတယ်။ ကြာစွယ်ကြာရင်းတွေလဲ စားလာကြတယ်။ ညွန်အလိမ်းလိမ်း ရွှံ့အလိမ်းလိမ်းနှင့် လူတွေမှာလဲ ရေတွေစိုလို့ ဘယ်လိုလဲ၊ ခင်ဗျားတို့လာတဲ့လမ်းမှာ မိုးရွာသလား၊ သို့မဟုတ်လဲ ကြာမျိုးငါးပါးဖုံးလွှမ်းတဲ့ ရေအိုင်တွေရှိသလား။

ဘီလူး။ ။ ဘယ်လိုပြောလိုက်တာလဲ မိတ်ဆွေ၊ ညိုမှိုင်းနေတဲ့ သည်

http://www.dhammadownload.com

တောအုပ်ကြီးကို မြင်တယ်မှုတ်လား၊ အဲသည်ကစပြီး တောအုပ်ကြီး တစ်ခုလုံးဟာ ရေပြင်တစ်ဆက်တည်းဖြစ်နေအောင် အမြဲတမ်းမိုးရွာနေတာပဲ၊ ချောက်တွေမှာလည်း ရေတွေလျှံနေတယ်။ ထိုထိုအရပ်တွေမှာ ပဒုမ္မာစတဲ့ ကြာမျိုးငါးပါးဖုံးလွှမ်းတဲ့ ရေအိုင်တွေ ပြည့်နေတာပေါ့။ နေပါဦး မိတ်တွေတို့က လှည်းပေါင်းများစွာနှင့် ဘယ်သွားကြမှာလဲ။

ထိုအခါ ဗာလက မိမိတို့သွားမည့် ဇနပုဒ်အမည်ကို ပြောပြရာ ဘီလူးက ဒီလှည်းတွေမှာ ဘယ်လိုပစ္စည်းတွေ တင်လာသလဲဟု မေးလိုက်၏။ ဗာလလည်း မိမိတို့တင်ဆောင်လာသောပစ္စည်းတို့ကိုပြောပြရာ၊ ဘီလူးကနောက်ပိုင်းကလာတဲ့ လှည်းတွေကတော့ ဝန်လေးကြီးတွေနှင့်ပါလား။ ဘာတွေ တင်လာလို့လဲဟု ထပ်မံမေးမြန်းလိုက်လေမှ ရေတွေတင်ဆောင်လာကြကြောင်း ပြောပြလိုက်သည်တွင် ဘီလူးက နောက်ကပြီးခဲ့တဲ့ ခရီးမှာ ခင်ဗျားတို့ရေတွေတင်လာခဲ့တာ နှစ်ခြိုက်စရာပါပဲ။ ယခု ဒီအရပ်ကစပြီး ရှေ့သွားမည့်ခရီးမှာတော့ ရေတင်ဖို့မလိုတော့ဘူး။ ရှေ့မှာ ရေတွေအများကြီးရှိနေပြီ ရေအိုးတွေရိုက်ခွဲ။ ရေတွေစွန့်ပြီး ဝန်ပေါ့ပေါ့နှင့် ချမ်းချမ်းသာသာ သွားကြပေတော့ဟု ပြောဆိုလျက် -

ကဲ ခင်ဗျားတို့သွားကြပေတော့ ကျုပ်တို့လည်း အချိန်ကြာသွားပြီဟုဆိုကာ ခရီးဆက်လက်ထွက်သွားလေ၏။ ဘီလူးသည် ဗာလတို့မျက်စိတဆုံးတိုင်အောင်လှည်းဖြင့် သွားချင်ယောင်ဆောင်ပြီး မိမိ၏ဘီလူးမြို့သို့ ပြန်သွားလေ၏။

လှည်းကုန်သည်မှူး ဗာလသည် အမြော်အမြင် ဉာဏ်ပညာမရှိသဖြင့် ဘီလူး၏စကားကို ယုံကြည်ကာ တင်လာခဲ့သမျှ ရေအိုးတို့ကို ရိုက်ခွဲစေ၍ တစ်လက်ခုပ်မျှလောက်သော ရေကိုပင် အကြွင်းအကျန်မထားစေဘဲ၊ ရေအားလုံးကို သွန်မှောက်စွန့်ပစ်စေ၍ ပေါ့ပါးစွာ ခရီးနှင်ခဲ့ရာ၊ လမ်းခရီးတစ်လျှောက်လုံး ရေကို လုံးဝမတွေ့ရဘဲ ရေအတွက်

http://www.dhammadownload.com

အခက်ကြုံကာ ရေမသောက်ကြရသဖြင့် လူအားလုံးတို့မှာ ဒုက္ခရောက်ကြရလေကုန်၏။ လူတို့သာ ဒုက္ခရောက်ကြသည်မဟုတ် နွားတို့လည်း ရေမသောက်ကြရသဖြင့် ရေငတ်ကာ သေလုမတတ် ဖြစ်ကြရကုန်၏။ ရေမရှိသဖြင့် ယာဂုကျိုရန် ထမင်းချက်ရန်လည်းမဖြစ်၍ အာဟာရပြတ်ကာ အငတ်ဘေးဆိုက်ကြကုန်၏။ ဤသို့အငတ်ငတ် အပြတ်ပြတ်နှင့် လာခဲ့ကြရာ တစ်နေ့သောအခါ နေဝင်သည်တိုင်အောင် ခရီးပြင်းနှင်ခဲ့၍ နေဝင်သည်နှင့်တစ်ပြိုင်နက် လှည်းတို့ကို ချွတ်ကာ လှည်းဝိုင်းကြီးပြုလုပ်ပြီး၊ နွားများကိုလှည်းဘီးတွင် ချည်နှောင်လျက် လူတို့သည် အင်အားမရှိ ချိနဲ့စွာဖြင့် လှည်းပိုင်းအတွင်း ထိုထိုအရပ်၌ ထိုးအိပ်ကြလေကုန်၏။ ထိုညတွင် ဘီလူးတို့သည် ဘီလူးမြို့မှထွက်ခွာလာကာ အင်အားချိနဲ့သဖြင့် တစ်စုံတရာ ပြန်လှန်ခုခံရန် မစွမ်းနိုင်သော ဗာလနှင့်တကွ လှည်းပေါင်းငါးရာတွင်ပါသည့် လူအားလုံးနှင့် နွားအားလုံးကို အသက်ကုန်ခြင်းသို့ ရောက်စေလျက် အသားတို့ကို စားမျိုကာ အရိုးတို့ကို ချန်ထားပြီး ပြန်သွားကြကုန်လေ၏။ လှည်းပေါင်း ၅၀၀ နှင့် တင်ဆောင်လာသော ပစ္စည်း ဘဏ္ဍာတို့မှာမူ ထိုနေရာ၌ပင် တည်ရှိနေကြလေကုန်၏။

(အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဃောသ၏ မှတ်ချက်။)

ဉာဏ်ပညာမရှိသော လှည်းကုန်သည်မှူးတစ်ဦး၏ အမြော်အမြင်မရှိမှု၊ အမှားအမှန်ကို ဝေဖန်ခွဲခြားခြင်း မပြုနိုင်မှု၊ မိုက်မဲမှုတွေဝေမှုအတွက် လူပေါင်းများစွာ နွားများပါမကျန် ပျက်စီးခြင်းသို့ ရောက်ရန်။

(ဘုရားအလောင်း လှည်းကုန်သည်မှူး ခရီးထွက်ခဲ့ခြင်း)

ဘုရားလောင်းလှည်းကုန်သည်မှူးလည်း ဗာလတို့ထွက်သွားပြီး လခွဲအကြာတွင် လှည်းပေါင်း ၅၀၀ဖြင့် ထွက်လာခဲ့ရာ ဗာလတို့ရောက်သော ဘီလူးတို့နေထိုင်ရာ ရေမရှိသည့် နိရုဒက ကန္တာရအဝသို့

http://www.dhammadownload.com

ရောက်လာခဲ့၏။ ဘုရားလောင်းသည် ကန္တာရအဝသို့ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအရပ်တွင် ခေတ္တစခန်းချကာ ရေအိုးကြီးပေါင်းများစွာနှင့် ရေများကို အပြည့်ယူငင် တင်ဆောင်လျက် မိမိ၏လူများကိုလည်း စည်တော်တီး၍ အမှတ်ပေးကာ စုဝေးစေပြီးနောက်။

အချင်းတို့ ယခုကစပြီး ကျွန်ုပ်ကိုမပန်ကြားဘဲ ရေတစ်လက်ခုပ်ကိုမျှ အချည်းနှီးသုံးမပစ်ကြနှင့်၊ ၎င်းပြင် ကန္တာရထဲမှာ အဆိပ်ပင်တွေရှိတယ်၊ သင်တို့ ယခင်က မစားဖူးတဲ့အရွက် အပွင့်အသီးဟူသမျှ ကျွန်ုပ်ကို မပန်ကြားဘဲ ဘာတစ်ခုမျှ မစားကြလေနှင့်ဟု ဆုံးမစကားပြောကြားကာ သတိပေးထားလေ၏။ ဤသို့ စီစဉ်စိုင်းပြင်းပြီးနောက် လှည်းပေါင်း ၅၀၀ ဖြင့် ယူဇနာခြောက်ဆယ် အတိုင်းအရှည်ရှိသော ကန္တာရထဲသို့ ဝင်လာခဲ့ရာ မကြာမီ ကန္တာရအလယ်သို့ ရောက်လာခဲ့လေ၏။ ကန္တာရ၌ ကြီးမှူးနေထိုင်သော ယခင်ဘီလူးသည် လှည်းကုန်သည်မှူး ဗာလတို့အား ပြုလုပ် ပြသသောနည်းအတိုင်း ရေအစိုစိုရွှံ့ညွှန်အလိမ်းလိမ်းကပ်သောလှည်းဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညိုပန်းတို့ကို ပန်ဆင်ယူဆောင်ကာ အခြွေအရံ ဘီလူး ၁၂ ယောက်နှင့်တကွ ဘုရားလောင်းရှိရာသို့ မောင်းနှင်လာခဲ့ပြီး ဘုရားလောင်း၏ ရှေ့တူ၌ ရပ်တန့်လျက် ဗာလတို့အား ပြောဆိုသည့်နည်းအတူ မေးမြန်းပြောဆိုလေ၏၊ဘုရားလောင်းသည် ထိုသူ၏အရိပ်အကဲကို မြင်ကတည်းက ရိပ်မိသိရှိခဲ့၏။

ပညာရှိပီပီ စဉ်းစားပြီ

ဤအရပ်သည် ရေမရှိသော နိရုဒက ကန္တာရဖြစ်၍ ဤခရီးလမ်းတွင်ရေမရှိနိုင်။ ဤသူသည် ကြောက်ခြင်း၊ ရွံ့ခြင်းမရှိ၊ မျက်စိလည်း နီရဲနေသည်၊သူ၏ကိုယ်မှလည်း အရိပ်မထွက်၊ ဤသူသည် လူမဟုတ်

http://www.dhammadownload.com

မုချအားဖြင့် ဘီလူးဖြစ်ရမည်။ ရှေ့ကသွားတဲ့ ဗာလတို့ လူစုကို ဒီနည်း အတိုင်း ပြုလုပ်ပြောဆိုလို့ ရေတွေအကုန်စွန့်ပစ်စေပြီး ရေငတ်လို့ အစာပြတ်အားကုန်တဲ့အချိန် ဗီဝိန်ကို ချွေပြီး အကုန်လုံး စားမျိုပစ်လိုက် ကုန်ကြတယ်။ ဗာလတို့နည်းတူ ငါတို့ကိုလည်း စားချင်ပုံရသည်။ ငါ၏အမြော်အမြင် ဉာဏ်နှင့်ပြည့်စုံပုံအကြောင်း ဟုတ်သည် မဟုတ် သည်၌ ဝေဖန်နိုင်ပုံ ပညာရှိပုံကို သိပုံမရဘူးဟု လေးနက်စွာ စဉ်းစားမိ လေ၏။ ဘုရားလောင်းသည် ထိုသို့စဉ်းစားပြီး။

ခင်ဗျားတို့ သွားမှာသာ သွားကြပါ။ ကျုပ်တို့ ကုန်သည်ဆိုတာ နောက်ထပ် ရေကို မျက်ဝါးထင်ထင် မမြင်မတွေ့ရသမျှ လက်ရှိရေကို ဘယ်တော့မှ မစွန့်နိုင်ဘူးမှတ်ပါ။ လက်ငင်းဒိဋ္ဌရေကို တွေ့တဲ့နေရာ ကြတော့မှ လက်ရှိ ရေကို စွန့်ပစ်ပြီး လှည်းများကို ဝန်ပေါ့လုပ်သွား ကြမှာပဲဟု ခပ်တင်းတင်း ပြောဆိုလိုက်လေ၏။ ဘီလူးလည်း နောက် ထပ်ပြောရန် ဟန်ပုံမရသဖြင့် ဆက်လက် မပြောတော့ဘဲဘုရားလောင်း တို့ မျက်စိတဆုံးလှည်းနှင့် သွားယောင်ဆောင်ပြီး မိမိနေရာ ဘီလူးမြို့ သို့ ပြန်သွားလေ၏။ ဘီလူးသွားပြီးနောက် ဘုရားလောင်း၏နောက် လိုက် နောက်ပါ လှည်းကုန်သည်ဖြစ်ကြသော လူပေါင်းများစွာတို့က ဘုရားလောင်းအား –

အို အရှင်၊ ယခုတင်က လူတွေက ပြောသွားတယ် မှတ်လား။ ရှေ့ကညိုမှိုင်းနေတဲ့ တောအုပ်ကြီးရှိတယ်။ အဲသည်ကစပြီး တောအုပ် ကြီးတစ်ခုလုံးဟာ ရေပြင်တစပ်တည်းဖြစ်အောင် အမြဲတမ်း မိုးရွာနေ တယ်။ ကြာဖြူ၊ ကြာညို၊ ကြာနီတွေလည်း သူတို့ပန်ဆင်ယူငင်လာ ကြတယ်။ ဆံပင်စိုစို အဝတ်စိုစိုနှင့် သူတို့တစ်ကိုယ်လုံးထဲ စိုရွှဲနေကြ တယ်။ ဒါကြောင့် ကျွန်တော်တို့ ယူလာတဲ့ရေတွေစွန့်ပြီး ဝန်ပေါ့ပေါ့ နှင့် သွားကြရအောင်ဟု ပြောဆိုကြလေ၏။ ထိုအခါ ဘုရားလောင်း သည် လှည်းအပေါင်းကို ခေတ္တရပ်နားစေကာ လူများကို စုဝေးစေ၍–

http://www.dhammadownload.com

ယဉ်သားများနှင့် အမေးအဖြေ

အချင်းတို့၊ သည်ကန္တာရခရီးထဲမှာ ရေအိုင်တွေ ရေကန်တွေရှိတယ်လို့ သင်တို့ ယခင်က ကြားဖူးကြသလားဟု မေးလိုက်၏။

လူအများ ။ ။မကြားဖူးကြပါ။

ဘုရားလောင်း။ ။ မှန်တယ်၊ ဒါဟာ ရေမရှိတဲ့ နိရုဒက ကန္တာရခေါ်တယ်။

လူအများ။ ။ နို့ ယခုတင်က လူတွေကတော့ ရှေ့ကတောအုပ်ကြီးမှာ မိုးရွာနေတယ်လို့ ပြောဆိုသွားကြပါကလား။

ဘုရားလောင်း ။ ။ မိုးသက်လေဆိုတာ အရပ်ဒေသ ဘယ်မျှလောက်ထိတိုက်ခတ်သလဲ။

လူအများ ။ ။ တစ်ယူဇနာမျှသောအရပ်ကို တိုက်ခတ်လေ့ရှိပါတယ်။

ဘုရားလောင်း။ ။ သင်တို့အထဲက တစ်ယောက်ယောက်ရဲ့ ကိုယ်ကာယကို မိုးသက်လေတိုက်ခတ်ခံရတာ ရှိသလား။

လူအများ ။ ။ မရှိပါ။

ဘုရားလောင်း။ ။ မိုးတိမ်ညွှန့်ဆိုသော ဘယ်မျှလောက်သော အရပ်ကမြင်ရသလဲ။ ဘယ်မျှလောက်သော အရပ်တိုင်အောင် ထင်သလဲ။

လူအများ ။ ။ သုံးယူဇနာအရင်က မြင်ရပါတယ်။ သုံးယူဇနာအထိတင်လေ့ရှိပါတယ်။

ဘုရားလောင်း ။ ။ သင်တို့အထဲက တစ်စုံတစ်ယောက်ဟာ မိုးတိမ်ညွှန့်ကို မြင်သလား၊ မိုးတိမ်ညွှန့်မြင်ရသူ သင်တို့အထဲမှာပါသလား။

သူအများ ။ ။ မရှိပါ၊ မပါပါ။

ဘုရားလောင်း ။ ။ လျှပ်စစ် တိမ်ပန်းဆိုတာ အရပ်ဒေသ ဘယ်မျှလောက်အထိ လက်သလဲ။

လူအများ ။ ။ လေးယူဇနာ ငါးယူဇနာအရပ်အထိ လက်ပါတယ်။

http://www.dhammadownload.com

ဘုရားလောင်း ။ ။ သင်တို့အထဲမှာ လျှပ်စစ်တိမ်ပန်းလက်တာကို မြင်ရသူရှိသလား၊ ပါသလား၊
လူအများ ။ ။ မရှိပါ၊ မပါပါ။
ဘုရားလောင်း ။ ။ မိုးသံ (မိုးခြိမ်းသံ၊ မိုးဟိန်းသံ၊ မိုးကြိုးထစ်သံ၊ မိုးကြိုးပစ်သံ စသည်ကို ဆိုလို၏။) ဆိုတာ အဘယ်မျှလောက်သော အရပ်က ကြားရသလဲ။
လူအများ။ ။ ၁။ ယူဇနာ ၂။ ယူဇနာအရပ်ကနေပြီး ကြားရပါတယ်။
ဘုရားလောင်း ။ ။ သင်တို့အထဲမှာ မိုးသံကြားရတဲ့ လူတစ်စုံ တစ်ယောက်ရှိသလား။
လူအများ ။ ။ မရှိပါ၊ မကြားရပါ။

လူမဟုတ်ဘီလူး

ဘုရားလောင်း ။ ။ ယခုတင်ကသူတွေဟာ လူမဟုတ်ဘူး။ ဘီလူးတွေ လူယောင်ဆောင်လာတာဖြစ်တယ်။ ကျွန်ုပ်တို့ကို ရေတွေကို အကုန်စွန့်ပစ်စေပြီး အစာရေစာငတ်လို့ အားနည်းအောင်လုပ်ပြီး စားပစ်ဖို့ရာ လာကြတာဖြစ်မှာပဲ။ ရှေ့ကသွားတဲ့ လှည်းကုန်သည်မှူး ဗာလဟာ အမြော်အမြင် ဉာဏ်မရှိဘူး ကျွန်တော်ထင်တယ်၊ ခုတင်က ဘီလူးဟာ ဗာလကိုသည်နည်းနှင့် ရေတွေ အကုန်စွန့်ပစ်စေပြီး အစာရေစာပြတ်လို့ ပင်ပန်းအားနည်းအောင်လုပ်ပြီး ဗာလတို့ လူစုအားလုံးကို စားပစ်လိုက်ပုံကိုရတယ်။ ဗာလတို့လှည်းတွေဟာ ကုန်စည်ဘဏ္ဍာအပြည့်နှင့် သည်အတိုင်းရှိနေကြလိမ့်မယ်။ ဒါတွေကို ကျွန်တော်တို့သည် ယနေ့ပဲ မြင်ကြရလိမ့်မယ်ထင်တယ်။ ဒါကြောင့် ပါလာတဲ့ရေတွေကို တစ်လက်ခုပ်လောက်မှ မသွန် မစွန့်ကြလေနှင့်။ ကဲ မြန်မြန်ခရီးနှင်မှဖြစ်ကြတော့မည်၊ နှင်ကြပေတော့။

http://www.dhammadownload.com

ဘုရားလောင်း လှည်းကုန်သည်မှူးသည် အထက်ပါအတိုင်း ပြောဆိုပြီး လှည်းပေါင်း (ငါးရာ)ဖြင့် အမြန်စိုင်းနှင်ခဲ့လေရာ၊ ကန္တာရမှ မထွက်မီ စခန်းတစ်ခုတွင် အရှင်မရှိသော ပစ္စည်း ဘဏ္ဍာအပြည့်နှင့် လှည်းပေါင်း (ငါးရာ)ကို တွေ့ရှိရ၍ အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက်၌ လည်း လူနှင့်နွားတို့၏ လက်ရိုး ခြေရိုးစသော အရိုးပြန့်တို့ ဖရိုဖရဲ ပြန့်ကျဲနေသည်ကို တွေ့ရလေ၏။ ဤအရှင်မရှိသော ပစ္စည်းဘဏ္ဍာ အပြည့်နှင့် လှည်းများမှာ အခြားမဟုတ်၊ ဗာလတို့၏ လှည်းပေါင်း (ငါးရာ) ပင်ဖြစ်၏။ ဖရိုဖရဲ ပြန့်ကျဲနေသော အရိုးတို့မှာလည်း ဗာလ တို့လူစုနှင့် ဗာလတို့ နွားများ အရိုးများပင် ဖြစ်ပေသည်။ ဘုရား လောင်းသည် ထိုအရပ်၌ပင်လျှင် လှည်းများကို ချွတ်စေ၍ စခန်းချကာ လှည်းဝိုင်းကြီးဖွဲ့လျက် နေမဝင်မီ အချိန်ရှိခိုက် လူများနှင့် နွားများကို ညစာစားစေ၏။ ညစာစားပြီးနောက် လူများကိုပတ်ချာလှည့်၍ ဝိုင်းဖွဲ့ ကာ လူများ၏အလယ်ခေါင်၌နွားများ ကို အိပ်စေ၍ ညရေးအတွက် အစောင့်ချပြီး မိမိကိုယ်တိုင် (ဘုရားလောင်း)စစ်ဗိုလ်မှူးပြုလုပ်ကာ သန်လျက်ကိုကိုင်၍ တစ်ညလုံးမအိပ်ဘဲ နံနက်လင်းသည့်တိုင်အောင် စောင့်နေလေ၏။ ဘီလူးများ မလာကြတော့ပေ။ ဘုရားလောင်းသည် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် အလုံးစုံသော ပြုဖွယ်ကိစ္စဟူသမျှကို ပြုလုပ်စေပြီးနောက် နွားများကို အစာကျွေး၍ အလိုရှိရာ (ဖောက်သည် ရှိရာ) ဌာနသို့ မောင်းနှင်ခဲ့ကြလေ၏။ ဤသို့ဖြင့် စီးပွားဥစ္စာဖြစ်ထွန်း စွာဖြင့် ဘေးရန်မရှိ မိမိတို့နေရပ် ဖြစ်သော ဗာရာဏသီပြည်သို့ ပြန်လည်ရောက်ရှိခဲ့ကြလေသတည်း။

(ဥပဒေသမှတ်ချက်) ။ ။ ပညာဉာဏ် အမြော်အမြင်နှင့် ပြည့်စုံ၍ အမှားအမှန်ကို ဝေဖန်ခွဲခြားနိုင်သော ဉာဏ်ပညာရှိသူတစ်ဦးကို အမှီ ပြုပြီး လူပေါင်းများစွာ နွား တိရစ္ဆာန်များပါမကျန် ချမ်းသာသုခရကြ၏။)

၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါ

http://www.dhammadownload.com

တယ်။

ပူဇော်ထိုက်သူကို ပူဇော်ရမယ်လို့ ဟောထားတဲ့အတွက် မပူဇော်ထိုက်တဲ့လူကို မပူဇော်ရဘူးလို့လဲ အဓိပ္ပာယ်ရပါတယ်။ ပူဇော်ထိုက်တဲ့လူကိုပူဇော်ရင် အကျိုးဖြစ်သလို မပူဇော်ထိုက်တဲ့ လူကို ပူဇော်ရင်အပြစ်ဖြစ်တယ်။

မြတ်စွာဘုရား လက်ထက်တော်က အဓာတသတ်မင်းသားဟာ မပူဇော်ထိုက်တဲ့ ဒေဝဒတ်ကို အပူဇော်မှားတဲ့အတွက် အခုထက်ထိ ငရဲမှာပဲ ခံနေရပါသေးတယ်။

၄။ လျော်ကန်သင့်မြတ်တဲ့ အရပ်မှာ နေထိုင်ခြင်းဟာလည်း မင်္ဂလာ တစ်ပါး ဖြစ်ပါတယ်။

အဲဒီလိုဆိုရင် လျော်ကန်သင့်မြတ်တဲ့ အရပ်ဆိုတာ ဘယ်လို အရပ်မျိုးလဲ။

ရဟန်းသူတော်သူမြတ်တို့လည်း ရှိတယ်၊ ရတနာသုံးပါးကို ကြည်ညိုကြတဲ့ ဥပါသကာ ဥပါသိကာမတွေလည်း ရှိတယ်၊ ရဟန်းသူတော်သူမြတ်တွေကိုလည်း ဖူးမျှော်ခွင့်ရမယ်။ စေတီပုထိုးတို့ကိုလည်း ဖူးမျှော် ခွင့်ရမယ်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကိုလည်း ပြုလုပ်ပွားများခွင့်ရမယ်။ အဲဒီအရပ်ဟာ လျော်ကန်သင့်မြတ်တဲ့ အရပ် ဖြစ်တယ်။

နေရပ်ရွေးတဲ့အခါ အထူးလိုက်နာသင့်တဲ့ စံချိန်လေးတစ်ခုကို အောက်တွင် ဖော်ပြလိုက်ပါတယ်။

နေရပ်ရွေးပုံ

(က) အကြင်အရပ်မှာနေခြင်းကြောင့် ရွှေ ငွေ ဘဏ္ဍာ လယ်ယာ နွားကျွဲ ပုလဲ ပတ္တမြားစသော လောကီဥစ္စာရတနာတို့နှင့် လွန်စွာပြည့်စုံ

http://www.dhammadownload.com

၍ ရွှေအိမ်ရွှေနန်းပေါ်၌ စံမြန်းကာနေရ၏။ ဒါနသီလ စသော ကုသိုလ်တရားတို့ကိုမူကား၊ တိုးပွားခြင်းမရှိ၊ ငွေတစ်ထောင်ရဖို့ ရန်အတွက် ငွေတစ်ဆယ်စွန့်လွှတ်ရန် မခက်သကဲ့သို့ ဉာဏ်ဖြင့် ချိန်ဆ၍ ထိုအရပ်မှ ဖယ်သွားရာ၏။

(ခ) အကြင်အရပ်ရပ်မှာနေခြင်းကြောင့် လောကီပစ္စည်း ဉစ္စာရတနာ လည်းမတိုးပွား၊ ဒါနစသောကုသိုလ်တရားလည်းမဖြစ်၊ထိုအရပ် မှာ တစ်နေ့တစ်ရက်မျှမနေဘဲ အမြန်စွန့်ဖယ်သွားရာ၏။

(ဂ) အကြင်အရပ်ရပ်မှာနေခြင်းကြောင့် ဒါနစသော ကုသိုလ်တရား တို့မှုကား အလွန်တိုးပွား၏။ လောကီပစ္စည်း ဉစ္စာ ရတနာ တို့မှာမူကား တိုးပွားဖြစ်ထွန်းခြင်းမရှိ၊ ထိုအခါ ကြီးစွာသော ဆင်းရဲကို လွန်မြောက် လိုသောသူသည် အနည်းငယ်မျှသော ဆင်းရဲကို မကြောက်သကဲ့သို့ ဉာဏ်ဖြင့် ချိန်ဆကာ ထိုအရပ် မှာပင် နေရာ၏။

(ဃ) အကြင်အရပ်ရပ်နေခြင်းကြောင့် လောကီဉစ္စာ ရတနာတို့က လည်း လွန်စွာတိုးပွား၏။ ဒါနစသော ကုသိုလ်တရားကလည်း လွန်စွာ ဖြစ်ထွန်း၏။ ထိုအရပ်မှာ တစ်သက်ပတ်လုံး နေထိုင် အပ်၏။

၅။ ရှေးရှေးဘဝက ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုရှိသူဖြစ်ခြင်း ဟာလည်း မင်္ဂလာတစ်ပါးပင် ဖြစ်ပါတယ်။

၆။ အကျင့်တရား မပျက်ပြားအောင် မိမိကိုယ်နှုတ်စိတ်ကိုကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

ဒီမင်္ဂလာတရားဟာ တခြားမဟုတ်ပါဘူး။

(က) မဖြစ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်ရအောင် အားထုတ် ခြင်း။

(ခ) ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ပယ်နိုင်အောင် အားထုတ်

http://www.dhammadownload.com

ခြင်း။

(ဂ) မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကိုဖြစ်အောင် အားထုတ်ခြင်း။

(ဃ) ဖြစ်ပြီးတဲ့ ကုသိုလ်တရားတွေကို ပွားများအောင် အားထုတ်ခြင်း ဆိုတဲ့ သမ္မပ္ပဓာန်တရားလေးပါးပဲ ဖြစ်ပါတယ်။

ဒီမင်္ဂလာဖြစ်အောင် အားထုတ်ချင်ကြတဲ့လူတွေဟာ ဂဝေသီဆရာကြီးနဲ့ သူ့တပည့်တွေကို နည်းယူဖို့ကောင်းတယ်၊ အဲဒါကြောင့် ဂဝေသီဝတ္ထုကို ထုတ်ဖော်ပြလိုပါတယ်။

ဂဝေသီဝတ္ထု

လွန်လေပြီးသောကာလ ကဿပဘုရားရှင် လက်ထက်တော်က ဂဝေသီအမည်ရှိသော ဥပါသကာကြီးသည်ရှိ၏။ ထိုဆရာကြီး၌ တပည့် ၅၀၀ ရှိ၏။ တစ်ရံရောအခါ ထိုဆရာကြီးသည် ၅ ပါးသီလကို ဆောက်တည်ပြီးလျှင် အသင်တပည့်တို့ ယနေ့ကစ၍ ငါ့အား ၅ပါးသီလတည်သော ဆရာကြီးဟူ၍ မှတ်ယူကြကုန်လော့ဟုပြောကြား၏။ ထိုအခါ၅၀၀သော တပည့်တို့ကလည်း ၅ပါးသီလဆောက်တည်ကြပြီးလျှင် အရှင်ဆရာကြီး အကျွန်ုပ်တို့ကိုလည်း ယနေ့ကစ၍ ၅ပါး သီလတည်ကြသော သူတို့ဟူ၍ မှတ်ယူတော်မူပါလော့ဟုပြောကြား ကြကုန်၏။ ထိုအခါ ဆရာကြီးက ဗြဟ္မစရိယ ပဉ္စမကသီလကို ဆောက်တည်ပြီးလျှင် အသင်တပည့်တို့ ယနေ့ကစ၍ ငါ့အား ဗြဟ္မ စရိယပဉ္စမက သီလတည်သောသူဟူ၍ မှတ်ကြကုန်လော့ဟူ၍ ပြောကြားပြန်၏။

ထိုအခါ ငါးရာသော တပည့်တို့ကလည်း ဗြဟ္မစရိယပဉ္စမက သီလကိုဆောက်တည်ပြီး အရှင်ဆရာကြီး အကျွန်ုပ်တို့ကိုလည်း ယနေ့ကစ၍ ဗြဟ္မစရိယ ပဉ္စမကသီလတည်သော သူတို့ဟူ၍ မှတ်ယူတော်မူပါလောဟု ပြောကြားကြကုန်၏။ ထိုအခါ ဂဝေသီဆရာကြီးက ညစာမစားဘဲ ဧကဘတ္တိက ဆက္ကသီလကို ဆောက်တည်သောသူဟူ၍ မှတ်

http://www.dhammadownload.com

ယူကြကုန်လောဟု ပြောကြားပြန်၏။

ထိုအခါ ငါးရာသော တပည့်အပေါင်းတို့ကလည်း ကောဘတ္တိက ဆက္က သီလဆောက်တည်ပြီးလျှင် အရှင်ဆရာကြီး အကျွန်ုပ်တို့ကိုလည်း ကောဘတ္တိကဆက္ကသီလဆောက်တည် သူတို့ဟူ၍ မှတ်ယူတော်မူပါလောဟု ပြောကြားကုန်ပြန်၏။ ထိုအခါ ဂဝေသီဆရာကြီးက လူနတ်တို့၏ ဆရာဖြစ်တော်မူသော ကဿပရှင်တော်ဘုရားထံ၌ ရဟန်းအဖြစ်ကို ခံယူပြီးလျှင် ရဟန်းတရားကို မပြတ်အားထုတ်သောအခါ မကြာမြင့်မီ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်လေ၏။ တပည့်ငါးရာတို့ကလည်း ထိုနည်းတူစွာ လူနတ်တို့၏ ဆရာဖြစ်တော်မူသော ကဿပ၊ ဘုရားရှင်ထံ၌ ရဟန်းအဖြစ်ကို ခံယူပြီးလျှင် ရဟန်းတရားကို မပြတ်အားထုတ်ကြသောအခါ မကြာမြင့်မီ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။

အကြားအမြင်များခြင်း

၇။ အကြားအမြင် များသောသူဖြစ်ခြင်းဟာ မင်္ဂလာ တစ်ပါးဖြစ်ပါတယ်။

ဒီမင်္ဂလာတရားတော်နဲ့ ပြည့်စုံစေလိုတဲ့ လူတစ်ယောက်ဟာ အနည်းဆုံး အောက်ပါအချက်တွေနဲ့ ပြည့်စုံအောင် ကြိုးစားရမယ်။

(က) စာရေး စာဖတ်တတ်ရမယ်။

(ခ) မင်္ဂလာတရားတော်၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်၊ ၅ပါးသီလ၊ ၈ပါးသီလ၊ ဒုစရိုက် ၁၀ပါး၊ သုစရိုက် ၁၀ ပါး၊ ပုညကြိယာ တရား ၁၀ပါးတို့ရဲ့ အကျိုးအပြစ်တွေကို သိရမယ်။

(ဂ) မိဘဝတ်၊ သားသမီးဝတ်၊ လင်ဝတ်၊ မယားဝတ်၊ ကျွန်ဝတ်၊ အရှင်ဝတ်၊ ဆရာဝတ်၊ တပည့်ဝတ်၊ ရဟန်းဝတ်၊ ဒါယကာဝတ်

http://www.dhammadownload.com

တွေကို သိရမယ်။

(ဃ) လယ်သမားဖြစ်ရင် လယ်နဲ့ဆိုင်ရာ အတတ်ပညာတွေကို တတ်သိရမယ်။ ကုန်သည်ဖြစ်ရင်လည်း ကုန်နဲ့ဆိုင်ရာ အတတ်ပညာတွေကို တတ်သိရမယ်။
အကျဉ်းအားဖြင့် မိမိတို့လုပ်ကိုင်တဲ့ အလုပ်အကိုင်တွေကို သေသေချာချာ နားလည်ရမယ်။

(င) အနာရောဂါအကြောင်းကို သိရမယ်။ အနာရောဂါကို တားမြစ်နိုင်တဲ့ ဆေးကို သိရမယ်။

(စ) လူတွေပျက်စီးရတဲ့ အကြောင်းတွေဟာလည်း ဘာလဲ၊ ကြီးပွားရတဲ့အကြောင်းတွေဟာ ဘာလဲဆိုတာတွေကို သိရမယ်။

(ဆ) မိမိတို့ ကိုးကွယ်ဆည်းကပ်နေတဲ့ ဘာသာတရားတော်ဟာ မြင့်မြတ်တာ ဘာကြောင့်လဲဆိုတာကို သိရမယ်။

(ဇ) မိမိတို့လူမျိုးများ ကြီးပွားမြင့်မြတ်ခဲ့ဖူးကြောင်း သာဓကများ ထင်ရှားစွာ ဖော်ပြထားတဲ့ မိမိတို့ရဲ့သမိုင်းကို နှံ့စပ်ရမယ်။

၈။ လက်မှုပညာအစရှိတဲ့ အတတ်ကို တတ်မြောက်တာဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

သိပ္ပမင်္ဂလာတရား

လူ့လောကမှာ မပြောထားနဲ့ တိရစ္ဆာန်လောကမှာတောင် တိရစ္ဆာန်ချင်းအတူတူ သိပ္ပမင်္ဂလာနဲ့ပြည့်စုံနေတဲ့ ပျားနဲ့ စာကလေးတို့ဟာ မိမိတို့နေဖို့ရာ ပျားအုံတွေ၊ စာကလေးသိုက်တွေကို ကောင်းကောင်းမွန်မွန် လုပ်တတ်တဲ့အတွက် တခြား တိရစ္ဆာန်တွေထက် ပိုပြီး ချမ်းချမ်းသာသာနေကြရတယ်။ မျောက်ဆိုတဲ့ အကောင်မျိုးကတော့ ဘာမှမလုပ်တတ်ဘူး။ သူများလုပ်ပြီးသားကိုတောင် ဖျက်စီးပစ်တတ်

http://www.dhammadownload.com

တယ်။ အဲဒါကြောင့် တခြားတိရစ္ဆာန်တွေနဲ့မတူဘူး။ အနေအထိုင် အင်မတန်ဆင်းရဲရတယ်။

လောကမှာ အတတ်ပညာကို ကောင်းကောင်းတတ်တဲ့ လူတွေဟာ ကိုယ့်အသက်မွေးဝမ်းကျောင်းအတွက် မပူရဘူး။ ဒီလိုမပူရမှ လည်း နောင်တမလွန်အတွက် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ် ကောင်းမှုတွေကို ကြိုးစားအားထုတ်နိုင်မယ်။ မြတ်စွာဘုရား သာသနာ တော်ကြီးကို မပျက်စီးရအောင် ဆောင်ကြဉ်းတော်မူနေကြတဲ့ သံဃာ တော်တွေကိုလည်း ပစ္စည်းလေးပါးနဲ့ ထောက်ပံ့နိုင်ပါတယ်။

၉။ ကောင်းစွာသင်ကြားပြီး ကျင့်သုံးတဲ့ ကိုယ်ကျင့်ဝိနည်း တရား တော်ရှိခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

လူတွေဟာ ရဟန်းတွေရဲ့ ဝိနည်းကိုသာ သင်ကြားတတ်မြောက် ရုံသာမကဘဲ မိမိရဲ့တိုက်ရိုက်သက်ဆိုင်နေတဲ့ လူ့ဝိနည်းကိုလည်း အထူးသင်ကြားတတ်မြောက်ထားဖို့ လိုပါတယ်။ သင်ကြားတတ် မြောက်သည့်အတိုင်းလည်း ကောင်းကောင်းကျင့်ဖို့လိုပါတယ်။

လူ့ဝိနည်းအကျဉ်းချုပ်

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လျှုံမျှဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

ညီညာထကြွ၊ ဆုံးမနာယူ လာမှုကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်ထွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ်ငါးခုသာ။

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ မချို့ ဝတ်ငါးဖြာ။

http://www.dhammadownload.com

မထိမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုး ကြင်၊ ငါးအင်လင်ကျင့်ရာ။

အိမ်တွင်းမှုလုပ်၊သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင် ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ် မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးတွေ၊ ကျင့်လေမိတ်သဟာ။

မေ့လျော့စောင့်လာ၊ ဥစ္စာစောင့်ရှောက်၊ လန့်ကြောက်မိရာ ဘေးလာမပစ်၊ သားမြစ်ဆက်စေ၊ ဝတ်ငါးတွေ၊ မိတ်ဆွေပြုကျင့်ရာ။

ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ၄ဝေရသာ၊ အခါကို လွှတ်၊ အရှင့်ဝတ် မချွတ်ငါးခုသာ။

အိပ်သော်နောက်ကျ၊ ထသော်ကားရှေး၊ ပေးမှယူအပ်၊ စေ့စပ် ဆောင်ရွက် ကျေးဇူးမြွက်၊ ငါးချက်ကျွန်ကျင့်ရာ။

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးတွေ ကျင့်လေ ဒါယကာ။

၁၀။ ကောင်းစွာပြောဆိုအပ်သော စကားရှိခြင်းဟာလည်း မင်္ဂလာ တစ်ပါးဖြစ်ပါတယ်။

အဲဒီတော့ ကောင်းစွာပြောဆိုတဲ့ စကားဆိုတာ ရှင်းပြဖို့ လိုပါ လိမ့်မယ်။

စကားခြောက်ခွန်း လူ့ဌာထွန်းတယ် လေးခွန်ကိုပယ်ပြီးလျှင် နှစ်ခွန်းကိုသာယူရမယ်ဆိုတာကို ကြားဖူးကြပါလိမ့်မယ်။ အဲဒီတော့ ရှေးဦးစွာ ဒီစကားခြောက်ခွန်းကို ဖော်ပြလိုပါတယ်။

http://www.dhammadownload.com

စကားခြောက်မျိုး

၁။ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသဖြင့် အကျိုးစီးပွားပျက်၍ မနှစ်သက်မနာလိုအပ်သော (မခိုးမဝှက်သောသူကို ခိုးသည် ဝှက်သည် စသည်ဖြင့် ပြောဆိုအပ်သော) စကားမျိုး။

၂။ ဟုတ်မှန်ပင် ဟုတ်မှန်ငြားသော်လည်း အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးလည်း မနှစ်လိုအပ်သော (ခိုးဝှက်တတ်သောသူကို ခိုးသည် ဝှက်သည် စသည်ဖြင့် ပြောဆိုအပ်သော) စကားမျိုး။

၃။ ဟုတ်လည်း ဟုတ်မှန်၍ နှစ်တန်သော အကျိုးစီးပွားနှင့် စပ်သော်လည်း သူတစ်ပါးမနှစ်လိုအပ်သော (မလိမ်မာသော တပည့်သားမြေးတို့ကို ဟုတ်တိုင်းမှန်စွာ မြည်တွန်တောက်တီး၍ ပြောဆိုအပ်သော) စကားမျိုး။

၄။ မဟုတ်မမှန်ဖောက်ပြန်ချွတ်ယွင်းသဖြင့် အကျိုးစီးပွား ယွင်းကွက်သော်လည်း သူတစ်ပါးနှစ်သက်အပ်သော (သီတာကို ရာမဆောင်ယူ၍ သွားသည်စသော) စကားမျိုး။

၅။ ဟုတ်မှန်ပင် ဟုတ်မှန်ငြားသော်လည်း အကျိုးစီးပွားနှင့်မစပ် သူတစ်ပါးနှစ်လိုခြင်းကိုသာ ဖြစ်စေတတ်သော (ထမင်းစကား ဟင်းစကားစသော တိရစ္ဆာန်ကထာ မဂ်ဖိုလ်မှ ဗီလာဖြစ်သော) စကားမျိုး။

၆။ ဟုတ်လည်း ဟုတ်မှန်၍ နှစ်တန်သော အကျိုးနှင့်လည်းစပ် သူတစ်ပါးလည်း နှစ်လိုအပ်သော (သတိပဋ္ဌာန်စသော) တရားစကားမျိုး။

http://www.dhammadownload.com

ဒီစကား ၆ မျိုးကို အမှတ်ရလွယ်အောင် ထပ်ပြီး ရှင်းပြပါဦးမယ်။

(က) မမှန်အကျိုးမရှိ၊ တစ်ဖက်သားမလိုလား။

(ခ) မှန်၊ အကျိုးမရှိ၊ မလိုလား။

(ဂ) မှန်၊ အကျိုးရှိ၊ မလိုလား။

(ဃ) မမှန်၊ အကျိုးမရှိ၊ လိုလားသည်။

(င) မှန်၊ အကျိုးမရှိ၊ လိုလားသည်။

(စ) မှန်၊ အကျိုးရ၊ လိုလားသည်။

ဒီလိုစကားခြောက်မျိုးရှိတဲ့အနက် အမှတ် (ဂ) ဖြစ်တဲ့မှန်၏။ အကျိုးရှိ၏။ တစ်ဖက်သားမလိုလားဆိုတဲ့ စကားနဲ့ အမှတ် (စ) ဖြစ်တဲ့ မှန်၏။ အကျိုးရှိ၏။ တစ်ဖက်သားလိုလား၏ ဆိုတဲ့ စကားနှစ်ခွန်းကို သာပြောရမယ်။ ကျန်တဲ့ စကားလေးခွန်းကို ပယ်ရမယ်။ အဲဒီအတိုင်း ပြောနိုင်ရင် ကောင်းစွာပြောဆိုအပ်တဲ့ စကားရှိခြင်းဆိုတဲ့ မင်္ဂလာနဲ့ ပြည့်စုံရမယ်။

ကောင်းတဲ့စကားဆို ဘယ်လိုစကားမျိုးလဲဆိုတာကို နောက်တစ်နည်းနဲ့ ရှင်းပြထားတာလဲ ရှိပါသေးတယ်။ အဲဒီနောက် တစ်နည်းကိုလည်း ကျွန်တော် ဖော်ပြချင်ပါသေးတယ်။

သုဘာသိတာဝါစာဆိုသည်ကား၊ ၁။ မုသာဝါဒ(မဟုတ်မမှန်သောစကား)မှ ရှောင်ကြဉ်၍ ဟုတ်မှန်သောစကားကို ပြောဆိုခြင်း၊ ၂။ ပိသုဏာဝါစာ (ချောပစ်ကုန်းတိုက်သောစကား)မှ ရှောင်ကြဉ်၍ ချောကုန်းတိုက်ခြင်းမဟုတ်သောစကားကိုပြောဆိုခြင်း။ ၃။ ဖရုသဝါစာ (ရန့်ရင်းကြမ်းတမ်းသောစကား)မှ ရှောင်ကြဉ်၍ သိမ်မွေ့နူးညံ့သော စကားကို ပြောဆိုခြင်း၊ ၄။ သမ္ဖပ္ပလာပ (ဘာရတညီနောင်စစ်ထိုးခြင်း စသော အကျိုးမရှိသည့် လုပ်ဇာတ်ဒဏ္ဍာရီစကားမျိုးကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၍ အကျိုးရှိသော စကားမျိုးကို ပြောဆိုခြင်း၊ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသောစကားမျိုးကို သုဘာသိတာဝါစာခေါ်ပေ၏။

http://www.dhammadownload.com

ဒီစကားလေးမျိုးထဲက မဟုတ်မမှန်တဲ့ စကားကို ပြောတာဟာ ဘယ်လောက် အပြစ်ကြီးတယ်ဆိုတာကို လူသိများနေတဲ့အတွက် ဒီစကားကို အကျယ်မချဲ့လိုတော့ပါဘူး။

မြတ်စွာဘုရားလက်ထက်က

မြတ်စွာဘုရား လက်ထက်တော်တုန်းက တစ်နေ့သောအခါမှာ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးဟာ ရှင်လက္ခဏနဲ့အတူ ရာဇဂြိုဟ် ပြည်အနီး ဂိဇ္ဈကုဋ်တောင်ကို ရောက်သွားကြပါတယ်။ အဲဒီမှာ အင်မတန်ကြီးတဲ့ ဝက်ပြိတ္တာကြီးတစ်ကောင်ကို ရှင်မဟာမောဂ္ဂလာန်ရဲ့ အဘိညာဏ်တန်ခိုးနဲ့ မြင်ရပါတယ်။ ဒီဝက်ပြိတ္တာကြီးဟာ အင်မတန်ကြီး ပါတယ်။ ကိုယ်ကတော့ လူကိုယ်ဖြစ်ပြီး ခေါင်းက ဝက်ခေါင်းဖြစ်ပါ တယ်။ အဲဒီပြိတ္တာကြီးရဲ့ ပါးစပ်ထဲက အမြီးပေါက်နေပါတယ်။ အဲဒီ ပါးစပ်ထဲက ပိုးရွလို အကောင်တွေဟာ ယိုစီးကျနေပါတယ်။

အဲဒီဝက်ပြိတ္တာကြီးကို ရှင်မဟာမောဂ္ဂလာန် မြင်တော်မူတဲ့အခါ ပြုံးတော်မူလိုက်ပါတယ်။ အဲဒီအခါ အတူပါလာတဲ့ ရှင်လက္ခဏက ဘာကြောင့် ပြုံးပါသလဲလို့ မေးပါတယ်။ ရှင်မဟာမောဂ္ဂလာန် ကိုယ် တော်ကြီးကလည်း ဒီမေးခွန်းကို မြတ်စွာဘုရားသခင် ရှေ့တော်ကို ရောက်မှ မေးပါလို့ ပြန်ဖြေတယ်။ မြတ်စွာဘုရားသခင်ရဲ့ ရှေ့တော်ကို ရောက်လို့ ရှင်လက္ခဏ ထပ်ပြီးမေးတဲ့အခါ အဲဒီဝက်ပြိတ္တာကြီးကို မြင်ခဲ့ရတဲ့အကြောင်း၊ ရှင်မဟာမောဂ္ဂလန်ကိုယ်တော်ကြီးက မြတ်စွာ ဘုရားကို လျှောက်ထားပါတယ်။ အဲဒီအခါ မြတ်စွာဘုရားကိုယ်တော် တိုင်လည်း ဒီဝက်ပြိတ္တာကြီးကို မြင်တော်မူခဲ့ဖူးကြောင်း၊ သို့သော်လည်း မြင်သူအဖော်မရှိသေးဘဲ ဒီစကားကို မိန့်ကြားရင် ကြားရသူ ပုထုဇဉ် တွေကို သံသယဖြစ်စရာအကြောင်းရှိတဲ့အတွက် ဆိတ်ဆိတ်နေခဲ့ ကြောင်းတို့ကို အမိန့်တော်ရှိပြီးမှ ဒီဝက်ပြိတ္တာရဲ့ ရှေ့ဖြစ်ဟောင်းကို

http://www.dhammadownload.com

မြတ်စွာဘုရားသခင်က ပြန်ပြီး ဟောတော်မူပါတယ်။

ကုန်းချော ရန်တိုက် (ဂုံးတိုက်)၍ ဒုက္ခအကြီးအကျယ်တွေ့ရသော -

သူကရပေတဝတ္ထု ဝက်ပြိတ္တာဝတ္ထု

(ခုဒ္ဒကနိကာယ၊ ဓမ္မပဒအဋ္ဌကထာမှ တိုက်ရိုက်ဘာသာပြန်ဆိုချက်)

ကဿပမြတ်စွာ ဘုရားလက်ထက် တစ်ခုသော ရွာကျောင်းတွင် မထေရ်နှစ်ပါးတို့သည် အလွန်ချစ်ကြည်သင့်တင့်စွာ နေထိုင်ကြ၏။ မထေရ်တစ်ပါးမှာ ဝါတော် ၆၀ ရ၍ မထေရ်တစ်ပါးမှာ ၅၉ ဝါရပြီဖြစ်၏။ ၅၉ ဝါရသော မထေရ်ငယ်က မိမိထက် တစ်ဝါသာကြီးသော ဝါတော် ၆၀ ရ မထေရ်၏ သပိတ်သင်္ကန်းကို ကိုင်ယူ၍ ကိုရင်သာမဏေငယ်ကလေးပမာ အမြဲတမ်း ရိုသေစွာ လိုက်ပါစားနေထိုင်ခဲ့၏။ ထိုမထေရ်နှစ်ပါးသည် တစ်မိဝမ်းတွင်းအတူဆင်းသည့် ညီရင်းအစ်ကိုပမာ အလွန်တစ်ရာ ချစ်ခင်ကြ၏။ တစ်နေ့သ၌ ထိုကျောင်းသို့ ဓမ္မကထိက ရဟန်းတော်တစ်ပါး ရောက်လာ၏။ (ထိုနေ့သည် တရားနာယူရန် သတ်မှတ်ထားသော နေ့ဖြစ်ပေ၏) ရွာကျောင်းနေ မထေရ်နှစ်ပါးတို့သည် ဓမ္မကထိက ကိုယ်တော်အား တရားဟောရန် တောင်းပန်ကြ၍ ဓမ္မကထိက ကိုယ်တော်က တရားဟောပြရလေ၏။ မထေရ်နှစ်ပါးသည် ငါတို့တွင် တရားဟောရန် ဓမ္မကထိက ရပေပြီဟု နှစ်သက်ဝမ်းသာစွာ နက်ဖြန်နံနက်တွင် ဓမ္မကထိကကိုယ်တော်ကို ဆွမ်းခံရွာသို့ ပင့်ဆောင်သွားကြပြီးလျှင် ရွာလယ်၌ ဆွမ်းများ ဘုဉ်းပေးကြပြီးနောက် ဓမ္မကထိက ကိုယ်တော်အား -

ငါ့ရှင် ယမန်နေ့က ငါတို့အား ဟောကြားထားတဲ့ တရားအဆက်ကနေပြီး ဒါယကာ ဒါယိကာမများအား အနည်းငယ် ဟောပြ

http://www.dhammadownload.com

ပေးပါဦးဟု တောင်းပန်ကြလေ၏။ တောင်းပန်သည့်အတိုင်း ဓမ္မကထိက ကိုယ်တော်က ဟောပြောလိုက်ရာ ဒါယကာ ဒါယိကာမများက နက်ဖြန်ထပ်မံ၍ ပင့်ဖိတ်လိုက်ကြလေ၏။ ဤသို့သောနည်းဖြင့် မထေရ်နှစ်ပါးသည် ဓမ္မကထိက ကိုယ်တော်အား မိမိတို့၏ ဆွမ်းခံရွာများသို့ ခုနစ်ရက်ပတ်လုံး ပင့်ဆောင်ခေါ်သွားကြကုန်၏။

ဓမ္မကထိကသည် ဤသို့အကြံဖြစ်၏။ ဤမထေရ်နှစ်ပါးလုံးတို့သည် အလွန်နုံးညံ့ သိမ်မွေ့ကြ၏။ ငါသည် ဤမထေရ်နှစ်ပါးလုံးကို ဤကျောင်းမှ ပြေးအောင်ပြုလုပ်ပြီး သည်ကျောင်းမှာ ငါနေရအောင်ပြုလုပ်မှတော်မည်ဟု ကြံစည်လေ၏။ ထိုသို့ကြံစည်ပြီးလျှင် ညချမ်းအခါ မထေရ်ကြီးထံသွားရောက်ခစားစဉ် အခြားသူများ ထသွား၍ မိမိနှင့် မထေရ်ကြီးနှစ်ပါးတည်း ကျန်ရှိသောအခါ။

အရှင်ဘုရား အနည်းငယ်လျှောက်ရန် ရှိပါတယ်ဟု လျှောက်လေ၏။

(မထေရ်ကြီး) လျှောက်ပါ ငါ့ရှင်။

(ဓမ္မကထိက)(အနည်းငယ်တွေနေပြီးမှ) အရှင်ဘုရား လျှောက်ရန် စကားမည်သည်မှာ များသောအပြစ်ရှိနေပါတယ်။ ဓမ္မကထိက ကိုယ်တော်သည် အထက်ပါအတိုင်း လျှောက်ထားပြီး နောက်ထပ်တစ်စုံတစ်ရာ ဘာမျှမလျှောက်ဘဲ မထေရ်ကြီးအပါးမှ ထပြန်လာခဲ့လေ၏။ ဓမ္မကထိကသည် မထေရ်ငယ်ထံသို့လည်း ဤနည်းပင်သွားပြီး ဤနည်းပင် လျှောက်ကာထပြန်လာခဲ့၏။ နှစ်ရက်မြောက်ဖြစ်သောနောက်တစ်နေ့၌လည်း ဓမ္မကထိကသည် ထိုနည်းပင် မထေရ်နှစ်ပါးလုံးထံ ချဉ်းကပ်ပြီး ပြုမူလျှောက်ထားခဲ့၏။ သုံးရက်မြောက်သောနေ့၌လည်း ဤနည်းပင်ပြုမူ၍ ထိုအချိန်တွင် မထေရ်နှစ်ပါးလုံး စိတ်နှလုံးစနောင့်စနင်း ဖြစ်နေကြလေပြီ။ ထိုနေ့၌ကား ဆက်လက်လျှောက်ထားလေ၏။

http://www.dhammadownload.com

မထေရ်ကြီးသို့ လျှောက်ထားခဲ့

အရှင်ဘုရား တစ်စုံတစ်ရာ လျှောက်ဖွယ်တော့ ရှိပါတယ်။ သို့ပေမဲ့ အရှင်ဘုရားဆီမှာ လျှောက်ဖို့ ကြောက်ရွံ့ပြီး မဝံ့အောင် ဖြစ်နေပါတယ်ဘုရား။

(မထေရ်ကြီး) ဘာပဲဖြစ်ဖြစ် လျှောက်သာ လျှောက်ပါ။ ကြောက်စရာ မရှိပါဘူး။

(ဓမ္မကထိက) မထေရ်ငယ်ဟာ အရှင်ဘုရားနှင့် အတူတကွ ပေါင်းဖော်ခြင်း သုံးဆောင်ခြင်းပြုပါသလား ဘုရား။

(မထေရ်ကြီး) ငါ့ရှင် ဘယ်လိုပြောသလဲ၊ ငါတို့နှစ်ဦးဟာ တစ်မိဝမ်းတွင်း အတူဆင်းတဲ့ ညီရင်းအစ်ကိုလို ခင်မင်နေတာပဲ။ တစ်ဦးရတဲ့ ပစ္စည်းဟာ နှစ်ဦးလုံးအတွက်ရတာပဲ ဤမျှလောက်ကြာအောင်နေလာတာ၊ မထေရ်ငယ်ရဲ့ အပြစ်ဆိုလို့ ဘာမှ မတွေ့ခဲ့ဘူး။

(ဓမ္မကထိက) သည်အတိုင်း အမှန်ပဲလား ဘုရား။

(မထေရ်ကြီး) မှန်တယ် ငါ့ရှင်။

(ဓမ္မကထိက) တပည့်တော်တော့ မထေရ်ငယ်က သည်လို ပြောပါကလားဘုရား၊ ငါ့ရှင်သူတော်ကောင်း သင်သည်အမျိုးကောင်းသားဖြစ်တယ်၊ မထေရ်ကြီးဟာ လဇ္ဇီပေသလဆိုပြီး မထေရ်ကြီးနှင့် အတူတကွ ပေါင်းဖော် သုံးဆောင်လျှင် စုံစမ်းဆင်ခြင်ပြီး ပေါင်းဖော်ခြင်း၊ သုံးဆောင်ခြင်းအမှုကို ပြုလေလို့ တပည့်တော်ကို သည်ကျောင်းရောက်သည့်နေ့ကစပြီး ပြောထားပါတယ် ဘုရား။

မထေရ်ကြီးသည် အထက်ပါစကားကိုကြားလျှင် အမျက်ထွက်၍ အိုးခွက်ကို လှံတံဖြင့် ရိုက်ခတ်လိုက်ဘိသကဲ့သို့ စိတ်နှလုံး ကွဲအက်သွားလေ၏။ ဓမ္မကထိကသည် ထပြန်လာခဲ့ပြီးလျှင် မထေရ်ငယ်ထံသို့ ချဉ်းကပ်၍ ထိုနည်းလည်းကောင်းလျှောက်ပြန်ရာ မထေရ်ငယ်

http://www.dhammadownload.com

လည်း မထေရ်ကြီးနည်းတူ ဖြစ်သွားလေ၏။ နက်ဖြန်နံနက် ဆွမ်းခံထွက်ကြသောအခါ မထေရ်ကြီးနှင့် မထေရ်ငယ်သည် တစ်ပါးစီ တခြားစီ ထွက်ကြလေ၏။

(မှတ်ချက် ။ ။ မထေရ်နှစ်ပါးတို့သည် ယခင်က ဆွမ်းခံထွက်ရာ၌ ယခုကဲ့သို့ တစ်ပါးစီ တခြားစီ တစ်ခါမျှ မထွက်ခဲ့ဖူးပေ၊ နှစ်ပါးအတူတကွသာ ထွက်ခဲ့ကြ၏။)

ထိုသို့ ထူးခြားစွာ တစ်ပါးစီ ဆွမ်းခံထွက်သွားကြရာ မထေရ်ငယ်က အလျင်ပြန်ရောက်၍ ဆွမ်းစားဇရပ်၌ ရပ်နေ၏။ မထေရ်ကြီးလည်း ဆွမ်းစားဇရပ်သို့ မကြာမီပင် ရောက်လာလေ၏။ ထိုအခါ မထေရ်ငယ်က –

ငါသည် သူ၏ (မထေရ်ကြီး၏) သပိတ်သက်နန်းကို လှမ်းယူထိုက်သေးသလား။ မယူထိုက်ဘူးလားဟု တွေးတော၍ ပထမတွင် မယူရန် ကြံစည်ပြီးမှ ဘာပဲဖြစ်ဖြစ်လေ၊ ငါပြုနေကျဝတ်ကတော့ ဖျက်လို့ မတော်သေးပါဘူး။ ယူဦးမှပဲဟု ကြံဆဆင်ခြင်ကာ မိမိစိတ်ကို ဖိနှိပ်ပြီး မထေရ်ကြီးထံ ချဉ်းကပ်လျက်–

သပိတ်သက်နန်းကို ပေးတော်မူပါဘုရားဟု လျှောက်ထားလေရာ မထေရ်ကြီးက –

ပြစ်မှားတတ်သောရဟန်းသွားလေ၊ သင်သည် ငါ၏ သပိတ်သက်နန်းကို ယူငင်ခြင်းငှာ မလျောက်ပတ်တော့ချေဟု မာန်မဲ၍ လက်ဖျစ်တီးလိုက်လေ၏။ ထိုအခါ မထေရ်ငယ်ကလည်း ...

ကောင်းပါပြီ အရှင်ဘုရား။ တပည့်တော်လည်း အရှင်ဘုရားရဲ့ သပိတ်သက်နန်းကို မယူဖို့ ကြံစည်ထားတာပါပဲဟု ပြန်၍ လျှောက်ထားလိုက်လေ၏။

(မထေရ်ကြီး) ငါ့ရှင် သင်ဘယ်လို အောက်မေ့လို့လဲ၊ ငါ့မှာ သည်ကျောင်းကို ကပ်ငြိတဲ့စိတ်ရှိတယ်ထင်နေသလား။

http://www.dhammadownload.com

(မထေရ်ငယ်) အရှင်ဘုရားကကော ဘယ်လို အောက်မေ့နေပါသလဲ။ တပည့်တော်မှာ သည်ကျောင်းကို ကပ်ငြိတဲ့ စိတ်ရှိတယ်ထင်လို့လား။ မထေရ်ကြီးသည် အထက်ပါအတိုင်း ပြောဆိုပြီး သည်ကျောင်းဟာသင့်ကျောင်းပဲ၊ ငါမနေတော့ဘူးဟုဆိုကာ သပိတ်သင်္ကန်းကို ယူငင်ပြီးကျောင်းထဲမှ ထွက်ကြွသွားလေ၏။ မထေရ်ငယ်လည်း ထိုအတူ သပိတ်သင်္ကန်းကိုယူပြီး ကျောင်းမှ ထွက်သွားလေ၏။ မထေရ်နှစ်ပါးတို့သည် ကျောင်းမှထွက်သွားကြရာ အတူတူမသွားဘဲ တစ်ပါးက အနောက်ဘက်တံခါးမှ ထွက်၍ တစ်ပါးက အရှေ့ဘက်တံခါးမှ ထွက်လေ၏၊ ဓမ္မကထိကလည်း မထေရ်နှစ်ပါးဖြစ်ပုံမြင်၍-

အရှင်ဘုရားတို့ ဤလို ပြုမူတော်မမူကြပါနှင့်ဘုရားဟု ပြောဆိုလျှောက်ထားကာ ပြန်ပြီးနေထိုင်ရန် လျှောက်ထားသော်လည်း ငါ့ရှင်သင်နေရစ် ငါတို့သွားမည်ဟု ပြောဆိုထွက်သွားကြလေ၏။

ဓမ္မကထိကသည် နောက်တစ်နေ့ဆွမ်းခံရွာသို့ ဝင်လာသောအခါ ဒါယကာ ဒါယိကာမများက မထေရ်နှစ်ပါး ဘယ်မှာလဲဘုရားဟု မေးကြရာ သင်တို့ မထေရ်နှစ်ပါးအကြောင်း မမေးကြနှင့် ယမန်နေ့က ရန်ဖြစ်ပြီး နှစ်ပါးလုံးထွက်သွားကြတယ်။ ငါလိုက်ပြီး တောင်းပန်တာတောင် မရဘူးဟု ပြောလိုက်လေ၏။

ထိုအခါ ပညာအဆင်အခြင် မရှိသူတို့က ဆိတ်ဆိတ်နေ၍ ပညာအဆင်အခြင်ရှိသူတို့က မထေရ်နှစ်ပါးဟာ ဘယ်တော့မှ ချွတ်ချော်တာမတွေ့ခဲ့ဖူးဘူး၊ သည်ဘေးဟာ ဓမ္မကထိကကို အမှီပြုပြီး ဖြစ်လာနေမှာပဲဟု စိတ်နှလုံးမသာမယာ ဖြစ်ကြကုန်၏။

မထေရ်နှစ်ပါးသည် ထွက်သွားကတည်းက စိတ်နှလုံးချမ်းသာရာမရခဲ့ပေ၊ မထေရ်ကြီး၏စိတ်တွင် မထေရ်ငယ်၏ပြုမူပုံဟာ အလွန်ဝန်လေးတာပဲ မသင့်လျော်ဘူး၊ ခဏကလေးတွေ့မြင်ရတဲ့ ဓမ္မကထိကအာဂန္တုကို မထေရ်ကြီးနှင့်အတူ သုံးဆောင်ပေါင်းသင်းခြင်း မပြုဖို့ရာ

http://www.dhammadownload.com

ပြောတယ်ဟု အောက်မေ့ခဲ့လေ၏။ မထေရ်ငယ်၏ စိတ်၌လည်း ဤနည်းပင် အောက်မေ့ခဲ့လေ၏။ မထေရ်နှစ်ပါးလုံးမှာ ကျောင်းမှ ထွက်လာကြကတည်းက စိတ်မချမ်းမသာမှုအတွက် ပိဋကတ်တော်သရဇ္ဈာယ်ခြင်း၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း မပြုနိုင်ခဲ့ကြပေ။ ထိုမထေရ်နှစ်ပါးတို့သည် ကျောင်းမှထွက်လာ၍ အနှစ်တစ်ရာလွန်မြောက်ကြသောအခါ အနောက်ဘက်မျက်နှာရှိတစ်ခုသော ကျောင်း၌ နှစ်ပါးအတူ ဆုံမိကြလေ၏။

(မှတ်ချက် ကဿပဘုရားမြတ်စွာ လက်ထက်ဖြစ်သော ထိုအချိန်သည်ကား သက်တမ်း ၂၀၀၀၀တန်း ဖြစ်လေ၏။)

ဆုံမိကြပုံကား မထေရ်ကြီးက ထိုကျောင်းသို့ အလျှင်ဝင်၍ ညောင်စောင်း၌ လဲလျောင်းနေစဉ် မထေရ်ငယ်ဝင်လာ၍ ဆုံမိကြခြင်း ဖြစ်၏။ မထေရ်ကြီးသည် မထေရ်ငယ်ကို မြင်လျှင် မြင်ခြင်း မှတ်မိသိရှိကာ မျည်ရည်မဆည်နိုင်အောင် ဖြစ်၍ မျက်ရည်တို့ဖြင့် ပြည့်နေသော မျက်စိဖြင့် ကြည့်နေမိလေ၏။ မထေရ်ငယ်လည်း ထိုနည်းတူစွာ မျက်ရည်မဆည်နိုင်အောင် ဖြစ်နေလေ၏။ မထေရ်ငယ်သည် မထေရ်ကြီးအား –

ခေါင်ငင်နှုတ်ဆက်ရမည်လော။ နှုတ်မဆက်ဘဲနေရမည်လောဟု တွေးဆနေပြီးမှ နှုတ်ဆက်ခေါင်ငင်တော့မည်ဟု ပိုင်းဖြတ်ကာ မထေရ်ကြီးထံ ချဉ်းကပ်ဝတ်ချပြီး –

အရှင်ဘုရား၊ ဤမျှလောက်သာ ကာလပတ်လုံး တပည့်တော်ဟာ အရှင်ဘုရားရဲ့ သပိတ်သင်္ကန်းကို ကိုင်ယူပြီး လှည့်လည်နေထိုင်လာခဲ့တယ်။ တပည့်တော်အပေါ်မှာ ကာယဒွါရ စသည်တို့၌ တစ်စုံတစ်ရာမလျောက်ပတ်တာ မသင့်လျော်တာများ မြင်တွေ့ခဲ့ဖူးပါသလားဘုရားဟု လျှောက်ကြားလေ၏။

(မထေရ်ကြီး) တစ်ခါမှ မမြင်ခဲ့ဖူးဘူး ငါ့ရှင်။

http://www.dhammadownload.com

(မထေရ်ငယ်) သို့ သည်လို ဖြစ်လျက်သားနှင့် ဓမ္မကထိကကို ဘာကြောင့် မထေရ်ငယ်နှင့်အတူ သုံးဆောင်ပေါင်းဖော်ခြင်း မပြုနှင့် ဟု ပြောရပါသလဲ ဘုရား။

(မထေရ်ကြီး) ငါသည်လို မပြောရပါကလား ငါ့ရှင်။ ငါ့ရှင် ကသာ ငါ့ကို သည်လိုပြောဆိုတယ်ဆို မဟုတ်လား။

(မထေရ်ငယ်) တပည့်တော်ကလည်း သည်လို မပြောရပါဘူး ဘုရား။

ထိုခဏ၌ မထေရ်နှစ်ပါးသည် ဓမ္မကထိကသည် ငါတို့ကို ကုန်းချောရန်တိုက် (ကုန်းတိုက်)၍ ခွဲခြင်းဖြစ်လိမ့်မည်ဟု သဘော ပေါက်လာကြကာ အချင်းချင်း တစ်ဦး၏အပြစ်ကို တစ်ဦးအား ပြော ကြားကာ ကျေနပ်ပြီး အညီအညွတ် ဖြစ်သွားကြလေ၏။ နှစ်ပေါင်း တစ်ရာပတ်လုံး စိတ်ချမ်းသာမှု မရခဲ့သော မထေရ်နှစ်ပါးသည် တစ် ခဏအတွင်း အမြန်မှန်ရကာ စိတ်ချမ်းသာသွားကြပြီးနောက် –

ကဲလာ သည်ကျောင်းပြန်သွားပြီး ဓမ္မကထိကကို နှင်ထုတ်ကြ ရအောင်ဆိုကာ ထိုမူလကျောင်းသို့ ပြန်လာခဲ့ကြလေ၏။ ဓမ္မကထိက ကလည်း မထေရ်နှစ်ပါးကို မြင်လျှင် မြင်ချင်း သပိတ်သင်္ကန်းကို လှမ်း ယူရန် ချဉ်းကပ်လေရာ မထေရ်နှစ်ပါးက –

သင်သည် ဤကျောင်း၌နေခြင်းငှာ မသင့်လျော်တော့ချေဟု ပြောဆို၍ လက်ဖျစ်တီးလိုက်ကြလေ၏။ ဓမ္မကထိကလည်း နောက် ထပ် မလျှောက်ဝံ့တော့ဘဲ ထိုကျောင်းမှ ထွက်ပြေးခဲ့ရလေ၏။ ဓမ္မ ကထိကလည်း ထိုအတွက်နှစ်ပေါင်း နှစ်သောင်းအားထုတ်ခဲ့သော ရဟန်းတရားသည် သူ့အား ဆောက်တည်ရာမရတော့ဘဲ သေသော အခါ အဝီစိငရဲကြီး၌ ဖြစ်လေ၏။

http://www.dhammadownload.com

ကုန်း (ဂုံး)ချောရန်တိုက်သော ဓမ္မကထိက အဝီစိငရဲကြီးခံရပုံ

ဓမ္မကထိကသည် အဝီစိငရဲကြီး၌ ကဿပဘုရားနှင့် ဂေါတမ ဘုရား၏ကြားကာလတစ်ခုလုံး (ဘုရားနှစ်ဆူအကြား) ကာလပတ်လုံး ငရဲခံရပြီးနောက် ဂေါတမမြတ်စွာဘုရား ပွင့်တော်မူ သောအခါ ရာဇဂြိုဟ်ပြည်အနီး ဂိဇ္ဈကုဋ်တောင်၌ အထက်ဖော်ပြပါ ပြိတ္တာကြီး လာ၍ ဖြစ်ရလေ၏။

ကုန်းတိုက်ပေးတဲ့အပြစ်ကို ဖော်ပြပြီးတဲ့နောက် ကြမ်းကြမ်း တမ်းတမ်းပြောတာရဲ့ အပြစ်နဲ့ ချိုချိုသာသာပြောတာရဲ့ အကျိုးတွေကို ထင်ရှားစေလိုတဲ့အတွက် နိပါတ်တော်ထဲက နန္ဒိဝိသာလ နွားမင်းဝတ္ထု ကို ကျွန်တော် ဖော်ပြလိုပါတယ်။

နန္ဒိဝိသာလနွားမင်းဝတ္ထု

(ဇာတက အဋ္ဌကထာမှ တိုက်ရိုက်ဘာသာပြန်ဆိုချက်)

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း အုပ်စိုးစဉ် ဘုရားလောင်းသည် နွားမျိုး၌ ဖြစ်၍ ပုဏ္ဏားတစ်ယောက်၏ သားသမီးသဖွယ် ပြုစုကျွေးမွေးခြင်းကို ခံယူကာ ကြီးပြင်းခဲ့လေ၏။ အမည် နန္ဒိဝိသာလဟုခေါ်၏။ ပုဏ္ဏားသည် ဘုရားလောင်း နန္ဒိဝိသာလ နွားအား သားရင်းသဖွယ် ခင်တွယ်၍ ယာဂုထမင်းစသည်တို့ကို အစာ ပြု၍ ကျွေးမွေးခဲ့၏။ နန္ဒိဝိသာလသည် ဤသို့ အကြံဖြစ်၏။

ဤပုဏ္ဏားသည် ငါ့ကို ခဲယဉ်းငြိုငြင်စွာနှင့် အမျိုးမျိုးကျွေးမွေး စောင့်ရှောက်ပြုစုခဲ့ပေ၏။ ဇမ္ဗူဒီပါတစ်ကျွန်းလုံးတွင် ငါနှင့်တူစွာ ဝန်ကိုဆောင်နိုင်သော နွားမည်သည်မရှိ။ ငါ၏ ခွန်အားဗလကိုပြသပြီး ပုဏ္ဏားကို မွေးကျေးဇူးဆပ်ရလျှင် ကောင်းလေစွဟု အကြံဖြစ်လေ၏။ ထိုသို့အကြံဖြစ်ပြီးနောက် တစ်နေ့သ၌ ပုဏ္ဏားအား –

ပုဏ္ဏား၊ နွားသူဌေးတစ်ယောက်ဆီသွားပြီး ငါ့နွားဟာ တစ်စပ်

http://www.dhammadownload.com

တည်းဖွဲ့စည်းချည်နှောင်ထားတဲ့ လှည်းပေါင်း ၁၀၀ ကို လိမ့်သွားအောင် ဆောင်စွမ်းနိုင်တယ်လို့ ပြောပြီး ငွေတစ်ထောင်ကြေးလောင်းတမ်းသွားလုပ်ချေဟု ပြောလိုက်လေ၏။ ပုဏ္ဏားလည်း နန္ဒိဝိသာလပြောတိုင်း ဂေါဝိတ္တကခေါ် နွားသူဌေးတစ်ဦးထံ သွားပြီး နွားအကြောင်းစကားစပ်၍ –

ဒီမြို့တော်ပေါ်မှာ ဘယ်သူ့နွားက ခွန်အားဗလ အကောင်းဆုံးလဲဟု မေးစမ်းလိုက်ရာ နွားသူဌေးက မည်သူ့နွား၊ မည်သူ၏ နွားများသည် ခွန်အားဗလကောင်းကြောင်းနှင့် ပြောဆိုပြီး တစ်မြို့လုံးတွင် မိမိ၏နွားများလောက်ခွန်အား ဗလကောင်းသော နွားများမရှိကြောင်း ကြုံးဝါးပြောဆိုလိုက်လေ၏။

(ပုဏ္ဏား) ကျွန်တော့်မှာ နွားတစ်ကောင်ရှိတယ်။ တစ်စပ်တည်းဖွဲ့စည်းချည်နှောင်ထားတဲ့ လှည်းအစီးပေါင်း ၁၀၀ (တစ်ရာ)ကို လိမ့်သွားအောင် ဆွဲဆောင်နိုင်တယ်။

(နွားသူဌေး) သည်လို နွားမျိုးဘယ်မှာရှိသလဲ။

(ပုဏ္ဏား) ကျွန်တော့် အိမ်မှာရှိတယ်။

(နွားသူဌေး) သည်လိုဆိုရင် လောင်းမလား။

(ပုဏ္ဏား) လောင်းပါ့မယ် သူဌေးမင်း။

ထိုနောက် နှစ်ဦးသဘောတူငွေတစ်ထောင်ကြေး လောင်းတမ်းပြုကြလေ၏။

နွားပွဲ

နွားပွဲကျင်းပသောနေ့သည် ဆိုက်ရောက်လာခဲ့လေ၏။ လှည်းအစီးပေါင်း ၁၀၀ (တစ်ရာ)တွင် သဲကျောက်စရစ်များ အပြည့်တင်၍ တစ်စပ်တည်း ဖွဲ့စည်းချည်နှောင်ကာ ရှေ့ဆုံးကလှည်းတွင် နန္ဒိဝိသာလတစ်ကောင်တည်း ရန်းရန် စီမံထားလေ၏။ ပုဏ္ဏားသည် နန္ဒိဝိသာလကို ရေချိုး၍ နံ့သာလက်ငါးချောင်းရာကိုပေးလျက် လည်ပင်း၌ ပန်းကုံး

http://www.dhammadownload.com

စွပ်ပြီး၊ မိမိကိုယ်တိုင် လှည်းဦးမှထိုင်၍ နှင်တံကိုမြှောက်ကာ ကောက်ကျစ်စဉ်းလဲသောနွားသွားလော့။ ကောက်ကျစ်စဉ်းလဲသောနွား ရှန်းလော့ဟု ပြောဆို မောင်းနှင်လေ၏။ နန္ဒိဝိသာလသည် ထို စကားကို ကြားသည်နှင့် တစ်ပြိုင်နက် ငါဟာကောက်ကျစ်စဉ်းလဲခြင်း မရှိဘဲနှင့် သည်ပုဏ္ဏားဟာ ငါ့ကို ကောက်ကျစ်စဉ်းလဲသော နွားဆိုပြီး မဟုတ်မမှန် ပြောဆိုတယ်ဟု စဉ်းစားကာ ခြေထောက်လေးဖက်ကို တောင့်ထားပြီး မရုန်းမသွားတော့ဘဲ ရပ်နေလိုက်လေ၏။

ပုဏ္ဏားရှုံး၍ နွားသူဌေးနိုင်ခဲ့ရာ ပုဏ္ဏား၏ ငွေ ၁၀၀၀ဝကို နွားသူဌေးက ယူလိုက်လေ၏။ ပုဏ္ဏားသည်နွားကို ချွတ်ကာ အိမ်ပြန်လာခဲ့ပြီး ရှုံးခြင်းကြီးရှုံးသည့်အတွက် စိတ်သောကကြီးစွာနှင့် (အိမ်ရှေ့တွင်) လဲလျောင်းနေလေ၏။ နန္ဒိဝိသာလသည် ပုဏ္ဏားရှိရာ လာခဲ့ပြီး ပုဏ္ဏား အိပ်နေသလားဟု မေးလိုက်လေ၏။

(ပုဏ္ဏား) ဘယ်ကအိပ်ရမှာလဲကွ။ ငွေတစ်ထောင်ရှုံးနေတာ။

(နန္ဒိဝိသာလ)၊ ပုဏ္ဏားသင့်အိမ်မှာ တစ်သက်လုံးနေလာခဲ့တာ အိုးခွက်တစ်ခုကို ခွဲခဲ့ဖူးသလား။ တစ်စုံတစ်ရာ ပစ္စည်းဥစ္စာကို နင်းခဲ့ဖူးတာရှိသလား။ မဟုတ်တဲ့နေရာ ကျင်ကြီးကျင်ငယ်စွန့်ခဲ့ဖူးသလား။

(ပုဏ္ဏား) ငါ့သား ဒီလိုလုပ်တာ မရှိခဲ့ဖူးပါဘူး။

(နန္ဒိဝိသာလ) ဒီလိုမရှိခဲ့ဖူးဘဲနဲ့ ဘာဖြစ်လို့ ကျွန်တော့်ကို ကောက်ကျစ်စဉ်းလဲတဲ့ နွားလို့ဆိုရသလဲ။ ဒါဟာ သင့်အပြစ်ပဲ ကျွန်တော့်အပြစ် မဟုတ်ဘူး၊ နောက်ထပ်သွားပြီး နှစ်ထောင်ကြေးလောင်းတမ်းလုပ်ချေ မကောက်ကျစ်ရဘဲနှင့် ကောက်ကျစ်စဉ်းလဲသော နွားလို့တော့ မဆိုနှင့်။

ပုဏ္ဏားသည် နန္ဒိဝိသာလ စကားအတိုင်း နွားသူဌေးထံသွား၍ နောက်ထပ် နှစ်ထောင်ကြေးလောင်းတမ်းပြုလုပ်ရန် ပြောဆိုရာ နွား

http://www.dhammadownload.com

ပြလေ၏။

ဒုတိယနွားပွဲ

ဒုတိယအကြိမ်မြောက် နွားပွဲကျင်းပသောနေ့သည် ဆိုက်ရောက်လာခဲ့လေ၏။ ထိုပွဲတွင် ယခင်နည်းအတိုင်းပင် လှည်းအစီးပေါင်း ၁၀၀ ကို တစ်စပ်တည်းဖွဲ့စည်းချည်နှောင်ကာ ရှေ့ဆုံးကလှည်းတွင် နန္ဒိဝိသာလ တစ်ကောင်တည်းရန်းရန် စီမံ၍လှည်းများပေါ်၌လည်း သဲနှင့် ကျောက်စရစ်များ အပြည့်တင်ထားလေ၏။ ဤအကြိမ်၌ကား ပုဏ္ဏားသည် လှည်းဦးတွင် ထိုင်ကာ နန္ဒိဝိသာလ၏ ကျောကုန်းကို လက်ဖြင့်ပွတ်သပ်၍ ကောင်းသောနွားသွားပါလော့ ကောင်းသောနွားရန်းပါလော့ဟုဆို၍ မောင်းနှင်လေ၏။ နန္ဒိဝိသာလသည် လှည်းအစီးပေါင်း ၁၀၀ကို တစ်ဟုန်တည်းဖြင့် ဆွဲငင်၍ ရန်းသွားလိုက်ရာ နောက်ဆုံး၌ထားသော လှည်းသည် ရှေ့ဆုံး၌ထားသော လှည်းနေရာသို့ရောက်ခဲ့လေ၏။ နွားသူဌေးရှုံး၍ ပုဏ္ဏားနိုင်လေရာ နွားသူဌေးသည် ပုဏ္ဏားအား ငွေ ၂၀၀၀ဝိ ပေးလိုက်ရလေ၏။

နွားပွဲကြည့်နေသူ လူအပေါင်းတို့လည်း တအံ့တဩဖြစ်ကာ နန္ဒိဝိသာလအား များစွာသော ငွေအသပြာတို့ဖြင့် ပေးကမ်းဆုချကြလေကုန်၏။ ဆုရသမျှ ငွေအားလုံးကို ပုဏ္ဏားက ယူငင်၍ ပုဏ္ဏားမှာ ငွေအသပြာ ဥစ္စာများစွာ ရသွားလေ၏။

မြတ်စွာဘုရား၏အမိန့်တော်မှတ်ချက်။ ရဟန်းတို့သူတစ်ပါးနှင့် စကားပြောလျှင် နှစ်သက်ဖွယ်သော စကားကိုသာလျှင် ပြောဆိုရာ၏။ မနှစ်သက်ဖွယ်သောစကားကို တစ်ရံတစ်ဆစ်မျှ မပြောဆိုရာ။ နှစ်သက်ဖွယ်သောစကားကို ပြောဆိုရခြင်းကြောင့် နန္ဒိဝိသာလသည် လေးသောဝန်ရှိသော လှည်းအစီးပေါင်းတစ်ရာကို ရန်းဆောင်ဆွဲငင်၍ ပုဏ္ဏား

http://www.dhammadownload.com

သွားရပြီ။

မဖောက်မပြန် ဟုတ်မှန်တဲ့ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့နေရာမှာ ဝိဓူရ အမတ်ကြီးတို့ သုတသောမမင်းကြီးတို့လို ပြည့်စုံနိုင်အောင် ကြိုးစား ရမယ်။ အလောင်းတော်ဟာ ဝိဓူရအမတ် ဖြစ်စဉ်က ကောရဗျမင်းနဲ့ ပုဏ္ဏက ဘီလူးတို့ ကြွေအံကစားကြတယ်။ မင်းကြီးရှုံးတဲ့အတွက် ဝိဓူရ အမတ်ကိုပေးရမယ်လို့ပုဏ္ဏက ကတောင်းတယ်၊ မင်းကြီးကလည်း မပေးချင်တာနဲ့ ဝိဓူရကို သူမပိုင်ဘူးလို့ ငြင်းလိုက်တယ်။ အဲဒီအခါ ဝိဓူရကို မင်းကြီးပိုင် မပိုင်၊ ဝိဓူရကို အဆုံးဖြတ် အပေးခိုင်းတယ်။ ဝိဓူရ မင်းကြီးပိုင်တယ်လို့ အဆုံးအဖြတ်ပေးရင် သူဟာ ပုဏ္ဏက ဘီလူးစာ ဖြစ်ရတော့မယ်ဆိုတာကိုသိရက်သားနဲ့ ဝိဓူရအမတ်ကြီးဟာ အမှန်တရားကို လက်ကိုင်ထားပြီး သူ့ကိုမင်းကြီးပိုင်တယ်လို့ ဆုံးဖြတ် ပေးလိုက်တယ်။

အမှန်တရားကို လက်ကိုင်ထားတဲ့နေရာမှာလည်း သုတသောမ မင်းကြီးဟာ အင်မတန်ချီးကျူးစရာကောင်းပါတယ်။ လူသားစား ပေါရိသာဒဟာ တစ်နေ့ကျတော့ သုတသောမမင်းကြီးကို ယဇ်ပူဇော်ဖို့ ဖမ်းသွားပါတယ်။အဲဒီအချိန်မှာ သုတသောမမင်းကြီးဟာလည်းကဿပ မြတ်စွာဘုရား လက်ထက်တော်က ဆင်းသက်လာတဲ့ သတာရဟ ဂါထာတွေကို နားထောင်ပါ့မယ်လို့ ပုဏ္ဏားတစ်ယောက်ကို ကတိပေး ထားတယ်။ ဒီတော့ အဲဒီကတိကို မဖျက်ချင်ဘူး။ ဒီဂါထာတွေကို နာဖို့အတွက် သူ့ကို ခဏလွှတ်ပါ။

ဂါထာတွေကြားနာပြီးရင် ပြီးချင်းပြန်လာခဲ့ပါ့မယ်လို့ သုတသောမ မင်းကြီးက ပေါရိသာဒဆီမှာ ခွင့်တောင်းတယ်။ သုတသောမမင်းကြီး ဟာ ပေါရိသာဒရဲ့ ဆရာဖြစ်ခဲ့ဖူးတဲ့အတွက် ပြန်မလာချင်လည်း နေပေစေတော့ဆိုတဲ့ စိတ်ထားနဲ့ ပေါရိသာဒက သုတသောမမင်းကြီး ကို လွှတ်လိုက်တယ်။ သုတသောမမင်းကြီးအတွက်ကတော့ ကတိ

http://www.dhammadownload.com

ဆိုတာကတိပဲ။ အဲဒါကြောင့် ပေးပြီးတဲ့ ကတိကို တည်ရမယ်ဆိုပြီး ဘယ်သူမှ တားလို့မရဘဲ ဂါထာများကို ကြားနာပြီးတာနဲ့ တစ်ပြိုင်နက် သူ့ကတိအတိုင်း ပေါရိသာဒဆီကို ပြန်သွားတယ်။

အမှန်တရားဆိုတဲ့နေရာမှာတစ်ခုရှင်းဖို့လိုလိမ့်မယ်။ အမှန်တရားဆိုတာ ကောင်းတဲ့ဟာတွေကိုသာ မှန်မှန်ပြောဖို့ မဟုတ်ဘူး။ မကောင်းတာတွေရှိနေလျက်ဘဲ အဲဒီရှိတာတွေကို ထိမ်ဝှက်မထားတဲ့ ထုတ်ဖော်ဝန်ခံတာဟာ အမှန်တရားဖြစ်တယ်။ မဏ္ဍဗျသတို့သားကို မြွေကိုက်ပြီး အဆိပ်တက်နေတဲ့အခါ ဆရာရသေ့ကစပြီး ငါဟာ ရသေ့လုပ်တဲ့နေ့ကစပြီး ၇ ရက်သာ ရသေ့တရားမှာ ပျော်မွေ့တယ်။ လူထွက်ရင် ကဲ့ရဲ့မှာစိုးတဲ့အတွက် အောင့်ပြီးနေခဲ့ရတယ်။ ဒီအတိုင်းမှန်ရင် မြွေဆိပ်လျော့ပါစေသားလို့ သစ္စာဆိုတယ်။ မြွေဆိပ်ဟာ ပခုံးအထိ လျော့ကျသွားတယ်။ အဲဒီအခါ သတို့သားအဖေ ကျောင်းတကာက ငါဟာ ဒီရသေ့ကို မကြည်ညိုပါ။ မလှူဒါန်းရင် လူတွေကဲ့ရဲ့မှာ စိုးတဲ့အတွက် လှူဒါန်းနေရပါတယ်လို့ သစ္စာဆိုပြန်တဲ့အခါ မြွေဆိပ်ဟာ ခါးအထိ လျော့ကျသွားတယ်။ အဲဒီလို သစ္စာရဲ့တန်ခိုးကိုမြင်တော့ သတို့သားမိခင်ကလည်း ငါဟာဒီယောကျ်ားကို မိဘတွေ ပေးစားလို့သာပေါင်းနေရတယ်။ တစ်ခါမှ မချစ်ဖူးဘူးလို့ သစ္စာဆိုပြန်တယ်။ အဲဒီအခါ မြွေဆိပ်အားလုံးလျော့ကျပြီး သားကလေး အသက်ချမ်းသာသွားတယ်။ အဲဒီအချိန်ကစပြီး ရသေ့ရော၊ ကျောင်းတကာရော၊ ကျောင်းအစ်မရော မကောင်းတဲ့အပြစ်တွေကို ရေစုန်မျောလိုက်ပြီး အသက်ထက်ဆုံး သူတော်ကောင်းတွေ ဖြစ်သွားကြပါတယ်။

ကောင်းသော စကားပြောခြင်း

ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်ပြီး မှန်တဲ့စကားတွေ ပြောတာအပြင်၊ ရတနာသုံးပါးနဲ့ စပ်လျဉ်းပြီး မှန်တဲ့စကားတွေကို ပြောရင်

http://www.dhammadownload.com

လည်း သုဘာသိတာဆိုတဲ့ ကောင်းသောစကားကို ပြောဆိုခြင်း မင်္ဂလာနဲ့ ပြည့်စုံတယ်။

မြတ်စွာဘုရားလက်ထက်တော်တုန်းက ဝေသာလီပြည်မှာ ရောဂါကပ်ဘေးကြီးဆိုက်တယ်။ အဲဒီအခါမှာ အရှင်အာနန္ဒာ ခေါင်းဆောင်တဲ့ သံဃာတော်တွေ၊ ရတနာသုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်တွေကို ချီးကျူးထားတဲ့ ရတနာ့သုတ်ကို ရွတ်ကြတာပဲ။ ဒီဂုဏ်ကျေးဇူးတော်တွေဟာလည်း မမှန်တဲ့ ဂုဏ်ကျေးဇူးတွေမဟုတ်ဘဲ၊ မှန်တဲ့ဂုဏ်ကျေးဇူးတော်တွေ ဖြစ်နေတဲ့အတွက် ဝေသာလီပြည်ဟာ ရောဂါကပ်ဘေးကြီးက လွတ်မြောက်ခဲ့ရဖူးပါတယ်။

မိဘလုပ်ကျွေးခြင်း

၁၁။ အမိအဖတို့ကို လုပ်ကျွေးမွေးမြူခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

အမိအဖတွေရဲ့ ကျေးဇူးတွေဟာ သားသမီးတွေအပေါ်မှာ ဘယ်လောက်ကြီးမားတယ်ဆိုတာ လူကြီးမင်းများ ကိုယ်တိုင်သိပြီးဖြစ်နေတဲ့အတွက် အကျယ်ချဲ့ပြီး ပြောစရာမလိုတော့ပါဘူး၊ အဲဒီလိုကျေးဇူးတွေ ကြီးမားတဲ့အတွက် မိဘနှစ်ပါးကို ဗြဟ္မာကြီးတွေလို့လဲ ခေါ်နိုင်တယ်။ လက်ဦးနတ်တွေလို့လည်းခေါ်နိုင်တယ်။ လက်ဦးဆရာလို့လည်းခေါ်နိုင်တယ်၊ မြတ်တဲ့ အလှူခံလို့လည်း ခေါ်နိုင်ပါတယ်။

ဒီကျေးဇူးတွေဟာ အင်မတန်ကြီးမားတဲ့အတွက် ကမ္ဘာမြေကြီးတစ်ခုလုံးကို စိုးအုပ်မင်းလုပ်နေရန် ပေးအပ်ပေမဲ့ မိဘကျေးဇူးတွေဟာ ဆပ်လို့မကျေသေးဘူးလို့ပင် ဒုကအင်္ဂုတ္တိုရ်မှာ မြတ်စွာဘုရား ဟောကြားထားတော် မူခဲ့ပါတယ်။

ဒီဒုကအင်္ဂုတ္တိုရ်မှာဘဲ မိဘတွေကို ကျေးဇူးဆပ်ရင် ဘယ်လိုဆပ်ရမည်ဆိုတာကို မြတ်စွာဘုရားက ဟောကြားထားပါသေးတယ်။

http://www.dhammadownload.com

မိဘနှစ်ပါးရဲ့ ကျေးဇူးကို သေသည်တိုင်အောင် ဆပ်ချင်ရင် သဒ္ဓါတရားမရှိသေးတဲ့ မိဘကို သဒ္ဓါတရားရှိအောင် လုပ်ပေးရမယ်။ သဒ္ဓါတရားရှိအောင် လုပ်ပေးရမယ်ဆိုတာက တခြားမဟုတ်ပါဘူး။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို ယုံကြည်လာအောင် လုပ်ပေးရမယ်လို့ ဆိုလိုပါတယ်။ ကိုယ်ကျင့် သီလမရှိသေးတဲ့ မိဘကို ကိုယ်ကျင့်သီလရှိအောင် လုပ်ပေးရမယ်။ အလှူဒါနမပြုသေးတဲ့ မိဘကို အလှူဒါနပြုအောင် လုပ်ပေးရမယ်၊ ပညာဗဟုသုတမရှိသေးတဲ့ မိဘကို ပညာဗဟုသုတရှိအောင် လုပ်ပေးရမယ်။ အဲဒီလိုတရားတော်နဲ့ ကျေးဇူးဆပ်တာဟာ မြတ်တဲ့ကျေးဇူးဆပ်ခြင်းလို့ ခေါ်ပါတယ်။

ဖားဖိုနှင့်တူတဲ့ သားမိုက် သမီးမိုက်

မိဘကို ကျေးဇူးဆပ်ရမှန်း မသိတဲ့ သားမိုက် သမီးမိုက်တွေဟာ ဖားဖိုနဲ့တူပါတယ်။ ဖားဖို့ရဲ့ နှုတ်သီးတံက လေထွက်နေပေမဲ့ ဖားဖိုဟာ အသက်မရှိသလိုဘဲ မိဘကျေးဇူးကန်းတဲ့ သားမိုက်သမီးမိုက်တွေလည်း နှာခေါင်းက ထွက်သက်ဝင်သက်ရှိပေမဲ့ အသက်မရှိတဲ့ လူသေလိုဖြစ်နေတယ်။ ဒီလိုလူစားမျိုးကို ပရာဘဝသုတ်မှာ နှစ်ဖြာ အကျိုးမတိုးမပွား၊ ပျက်ပြားအောင်ပြုတတ်သောသူဟူ၍လည်းကောင်း၊ တသလသုတ်မှာ လူယုတ်ဟူ၍လည်းကောင်း၊ မြတ်စွာဘုရား ဟောကြားတော်မူထားခဲ့ပါတယ်။

မိဘများကို ကျေးဇူးဆပ်ရင် တရားနဲ့ ကျေးဇူးဆပ်ရမယ်ဆိုတာကို ပြောခဲ့ပြီးပါပြီ၊ မိဘတွေကို သားသမီးတွေက ဘယ်လို လုပ်ကျွေးမွေးမြူရမယ်ဆိုတာကိုလည်း အခုလို အခွင့်ကောင်းရတုန်း ပြောပြချင်ပါတယ်။

၁။ ညအိပ်ရာဝင်တဲ့အခါ၊ ခရီးဝေးသွားတဲ့အခါ၊ ခရီးဝေးက ပြန်

http://www.dhammadownload.com

လာတဲ့အခါ ရှိခိုးဝတ်ချရမယ်။
၂။ အခါခပ်သိမ်း ပူဇော်မြတ်နိုးအလေးပြုရမယ်။
၃။ မိဘတွေကြိုက်နှစ်သက်တဲ့ ထမင်း၊ အဖျော်အဝတ်၊ အာရုံအိပ်ရာနေရာတို့ကို ပေးရမယ်။
၄။ ခြေဆုပ်လက်နယ်ပြုမယ်။

သားသမီးတွေက အဲဒီဝတ်တွေအတိုင်း ဆောင်ရွက်ပေးနေရင် မိဘတွေဟာ တပြုံးပြုံးနဲ့ စိတ်ကြည်လင်ချမ်းသာနေတာပဲ၊ အဲဒီလို မိဘတွေ စိတ်ကြည်လင်ချမ်းသာရသမျှ သားသမီးတွေမှာ ဘုန်းကျက်သရေတိုးတက်ရမယ် လိုအင်ဆန္ဒပြည့်ဝရမယ်။

မိဘတွေအသက်ရှိတုန်း ဒီလိုလုပ်ကျွေးပြုစုပြီး မိဘတွေ ကွယ်လွန်တဲ့အခါ မိမိကောင်းမှု ကုသိုလ်ပြုတိုင်း မိဘတွေကို အမျှအတမ်းဝေရမယ်။

၁၂။ သားမယားတွေကို ချီးမြှောက်ထောက်ပံ့ခြင်းဟာလဲ မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

လူ့ဝိနည်းတွေကို ပြောခဲ့တုန်းက အမိအဖတွေအနေနဲ့ သားသမီးတွေအပေါ်မှာ ပြုလုပ်အပ်တဲ့ ဝတ္တရားတွေကို ဖော်ပြခဲ့ပြီးပါပြီ။ဒီဝတ္တရားတွေကို ဒီနေရာမှာ ပြန်ပြီး ပြောပါရစေ။

မိဘဝတ္တရား

၁။ မကောင်းမြစ်တာ။ ။ လောကီနဲ့ လောကုတ္တရာ၊ ပစ္စုပ္ပန်နဲ့ သံသရာ၊ အခုဘဝနဲ့ နောင်ဘဝတွေအတွက် အကျိုးပျက်စေမယ့်အလုပ်အပြော၊ အကြံအစည်တွေကို မလုပ်အောင်၊ မပြောအောင်၊ မကြံစည်အောင် မိဘတွေက သားသမီးတွေကို ဆုံးမရမယ်၊ တားမြစ်ရမယ်။
၂။ ကောင်းရာညွှန်လတ် ။ ။ လောကီနဲ့ လောကုတ္တရာ ပစ္စုပ္ပန်နဲ့

http://www.dhammadownload.com

သံသရာ၊ အခုဘဝနဲ့ နောင်ဘဝတွေအတွက် အကျိုးဖြစ်စေမယ့် အလုပ် အပြော အကြံအစည်တွေကိုလုပ်အောင်၊ ပြောအောင်၊ ကြံစည်အောင် မိဘတွေက သားသမီးတွေကို ဆုံးမရမယ်၊ ညွှန်ကြားရမယ်။

၃။ အတတ်သင်စေ။ ။ အချိန်အရွယ်ရှိတုန်း မိမိတို့ သားသမီး တွေ တတ်သင့်တတ်ထိုက်တဲ့ အတတ်ပညာတွေကို တတ်ကျွမ်းအောင် ဆရာကောင်းသမားကောင်းတွေဆီမှာ အပ်နှံပြီး သင်ကြားစေရမယ်။

၄။ ပေးဝေနှီးရင်း။ ။ သားသမီးတွေ အရွယ်ရောက်လာတဲ့ အခါ ပစ္စည်းတတ်နိုင်တဲ့ မိဘဆိုရင် ကိုယ့်ရှိတဲ့ ပစ္စည်းထဲက ထိုက်တန် သလောက် သားသမီးတွေ အရင်းအနှီးလုပ်ဖို့အတွက် ဝေခြမ်းပေးရ မယ်။

၅။ ထိမ်းမြားခြင်း။ ။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတဲ့ စကားအတိုင်း သားသမီးတွေ အချိန်အရွယ်ရောက်လာလျှင် သင့်တော် တဲ့ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေနဲ့ ထိမ်းမြားပေးစားရ မယ်။

ဒီဝတ္တရားငါးခုကို မိဘက သားသမီးတွေအပေါ်မှာ ပြည့်စုံ အောင်လုပ်ပေးရင် မိဘတွေမှာ ဒီမင်္ဂလာနဲ့ ပြည့်စုံပြီလို့ ဆိုရမယ်။

မိဘက သားသမီးတွေကို ဘယ်လို ပြုစုစောင့်ရှောက်ရမည် ဆိုတာ ပြောပြီးလို့ လင်ယောကျ်ားက မိမိတို့ရဲ့ ခင်ပွန်းမိန်းမတွေကို ဘယ်လိုပြုစု စောင့်ရှောက်ရမယ်ဆိုတာကို ခပ်တိုတိုဆက်ပြီး ပြောပြ လိုပါတယ်။

၁။ မထီမဲ့ကင်း။ ။ လင်ယောကျ်ားတစ်ယောက်ဟာ မိမိရဲ့ ခင်ပွန်းမကို မအော်ရဘူး။ မငေါက်ရဘူး။ မဆဲရဘူး၊ ကြမ်းကြမ်းတမ်း တမ်း မပြောရဘူး၊ မရိုက်ရဘူး၊ မချစ်ခင် မကြင်နာတဲ့ အပြောအဆို အပြုအမူတွေမှန်သမျှ မလုပ်ရဘူး၊ အထူးရှောင်ကြဉ်ရမယ်။

ခင်ပွန်း မိန်းမက မသင့်တော်တဲ့ဟာကို ပြောမိလုပ်မိတယ်ဆိုရင်

http://www.dhammadownload.com

ဖြူးကနဲ ဒိုင်းကနဲ ကြိမ်းမောင်း ရိုက်နှက်ခြင်းမလုပ်ဘဲ၊ သင့်တင့်လျောက်ပတ်တဲ့အခါမျိုးမှာ အေးအေးသာသာ တရားဓမ္မအရ ဆုံးမရမယ်။ ဒီလိုနှစ်ကြိမ် သုံးကြိမ် ဆုံးမလို့မှ မရရင် သူ့ဆွေမျိုး မိဘတွေဆီကို ပြန်ပို့ရမယ်။ တရားလက်လွတ် ရိုက်နှက်ဆုံးမခြင်းမျိုးကို ရှောင်ရမယ်။

၂။ အပ်နှင်းဥစ္စာ ။ ။ ငွေကို အရမ်းကာရော ဖြုန်းတီးပစ်တတ်တဲ့ မိန်းမမျိုးမဟုတ်ရင် လင်ယောကျ်ားဟာ မိမိရှာဖွေရရှိတဲ့ ပစ္စည်းဥစ္စာကို မိမိရဲ့ ခင်ပွန်းမိန်းမကို အပ်ရမယ်။

၃။ မိစ္ဆာမမှား ။ ။ မိမိရဲ့ကာမပိုင်မိန်းမ တစ်ဦးတည်းနှင့် ရောင့်ရဲခြင်းရှိရမယ်၊ တခြားမိန်းမများရဲ့ ပျော်ပါးခြင်း အလျင်းမရှိရဘူး။

ဓမ္မပါလ

ဓမ္မပါလဇာတ်ကိုကြားဖူးကြပါလိမ့်မယ်။ ဓမ္မပါလလုလင်ဟာ တက္ကသိုလ်မှာ စာသွားသင်ပါတယ်။ အဲဒီမှာ အရွယ်မရောက်သေးတဲ့ လူတွေ သေတာကိုမြင်တော့ အင်မတန်အံ့အားသင့်နေတယ်။ တက္ကသိုလ်ဆရာကြီးက ဓမ္မပါလလုလင်ကိုမေးတဲ့အခါ သူတို့ဆီမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတာမရှိဘူးလို့ ပြောတယ်။ အဲဒီတော့ တက္ကသိုလ်ဆရာကြီးက စမ်းတဲ့အနေနဲ့ ဆိတ်ရိုးတွေကိုထုတ်ပြီး ဓမ္မပါလ မိဘတွေနေတဲ့ဆီကို သွားပြီးပြတယ်။ ဓမ္မပါလ မိဘတွေဟာ အရိုးတွေကို မြင်တဲ့အခါ သူတို့သားရဲ့ အရိုးတွေလို့ မယုံကြဘူး။ သူတို့ရဲ့ သားဟာ ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူးလို့ ပြောကြတယ်။ အဲဒီအခါမှ တက္ကသိုလ်ဆရာကြီးက အမှန်ကို ဖွင့်ပြောပြီး ဓမ္မပါလ မိဘများနေတဲ့ အရပ်မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြတာ ဘာကြောင့်လဲလို့ မေးမြန်းတယ်။ ဒီလိုအသက်ရှည်တဲ့ အကြောင်းတွေထဲမှာ မိမိကာမပိုင် မိန်းမ

http://www.dhammadownload.com

တစ်ဦးတည်းက လွဲပြီး တခြားမိန်းမတွေနဲ့ ဖောက်ပြန် ပျော်ပါးခြင်း မရှိတာပါတယ်လို့ ပြန်ဖြေကြတယ်။

နောက်ပြီးတော့လည်း သတ္တအင်္ဂုတ္တိုရ်ထဲမှာ သားမယား အိမ်မှာ ခိုင်းစေထားတဲ့ အစေခံအမှုလုပ်တွေဟာ အိမ်ရှင်မီးတွေနဲ့ တူတဲ့အတွက် သူတို့ကို ရိုသေစွာပူဇော်ရမယ်လို့ ဆိုထားရာ မိမိကာမပိုင်တစ်ဦးတည်း နဲ့ မရောင့်ရဲနိုင်ဘဲ အခြားမိ်/ :မတွေနဲ့ ပျော်ပါးတဲ့လူတွေဟာ ဒီသတ္တ အင်္ဂုတ္တိုရ်နဲ့လည်း ဆန့်ကျင်ရာရောက်တယ်။

၄။ ဝတ်စားဆင်ယင် ။ ။ လင်ယောကျ်ား တစ်ယောက်ဟာ မိမိရဲ့ ခင်ပွန်းမကို ဝတ်စားဆင်ယင်ပေးရမယ်လို့ဆိုတိုင်း အရမ်းကာရော ဆင်ယင်ပေးရမယ်လို့ မဆိုလို။ ကိုယ့်ပစ္စည်းအင်အားအခြေအနေ၊ ကိုယ့်ဝင်ငွေ အခြေအနေကို ကြည့်ပြီး ဆင်ယင်ပေးရမယ်။ ဒီလိုမှ မဟုတ်ဘဲ ကိုယ့်ပစ္စည်းအင်အားနဲ့ ကိုယ့်ဝင်ငွေထက်ပိုပြီး ကိုယ့်ခင်ပွန်း မိန်းမကိုဝတ်စား ဆင်ယင်မယ်ဆိုရင် ဒုက္ခရောက်တတ်တယ်။

မယား ၇မျိုး

အခုပြောခဲ့တာတွေက လင်ယောကျ်ားလုပ်သူက မိမိခင်ပွန်း မိန်းမကို ပုဏ္ဏဒါရသာသင်္ဂဟောဆိုတဲ့ မင်္ဂလာနဲ့အညီပြုစုရမယ့် ဝတ္တရား တွေဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ တစ်ခုတော့ သတိပေးပါရစေ၊ ယောကျ်ားလုပ်သူက ဒီလိုဝတ္တရားတွေ ကျေကျေပွန်ပွန်ဆောင်ရွက် နိုင်ရအောင် ခင်ပွန်းမတွေကလည်း အဆောင်အရွက်ခံထိုက်တဲ့ ခင်ပွန်းမ တွေ ဖြစ်ဖို့လိုပါတယ်။ အဲဒါကြောင့် ဘယ်လိုမယားမျိုးဟာ အခုလို အပြုစုတွေ ခံထိုက်တယ်ဆိုတာ ခွဲခြားပြီး သိရအောင်မယား ၇ မျိုးကို ဖော်ပြလိုပါတယ်။

၁။ သူသတ်နဲ့တူတဲ့မယား၊ ၂။သူခိုးနဲ့တူတဲ့မယား၊ ၃။ အရှင်နဲ့

http://www.dhammadownload.com

တူတဲ့မယား၊ ၄။ မိခင်နဲ့တူတဲ့မယား၊ ၅။ နှမနဲ့တူတဲ့မယား၊ ၆။ မိတ်ဆွေနဲ့တူတဲ့မယား၊ ၇။ ကျွန်နဲ့တူတဲ့မယားရယ်လို့ မယား ၇မျိုး ရှိပါတယ်။

ဒီမယား ၇မျိုးကို နည်းနည်း ရှင်းပြချင်ပါသေးတယ်။ ၁။အမျက်ဒေါသချောင်းချောင်းထလျက် လင်ကိုပြစ်မှား ယောကျ်ားတစ်ပါးတို့နှင့် ချစ်ခင်၊ လင်ကိုသတ်ပုတ် ညှဉ်းဆဲခြင်းငှာသာ အားထုတ်သော မယားသည် သူသတ်နှင့်တူသော မယားမည်၏။

၂။ လင်ဖြစ်သောသူသည် ပင်ပန်းကြီးစွာ ရှာမှီးစုဆောင်း၍ ရသော ဥစ္စာပစ္စည်းမှ နည်းများမဆို ခိုးလိုဝှက်လိုသော မယားသည် ခိုးသူနှင့်တူသော မယားမည်၏။

၃။ အလုပ်အကိုင်ကို မလုပ်လိုခြင်း၊ ပျင်းရိတတ်ခြင်း၊ မင်းကွယ်ငါဟဲ့ နင်စသော စကားတို့ကိုသာဆိုလျက် လင်ကို မိမိ၏အစေအပါးကျေးကျွန်ကဲ့သို့ နိုင်တတ်သော မယားသည် အရှင်နှင့်တူသော မယားမည်၏။

၄။ မိခင်ပမာ အခါခပ်သိမ်း လင်၏အကျိုးစီးပွားကိုသာ လိုလားတောင့်တလျက် လင်အား အမြဲစောင့်ရှောက်သော၊ ရှာဖွေရသော ဥစ္စာပစ္စည်းတို့ကို အချည်းနှီး မကုန်မကျစေခြင်းငှာ ကောင်းစွာစောင့်ရှောက်တတ်သောမယားသည် မိခင်နှင့်တူသော မယားမည်၏။

၅။ အစ်မကြီးအသွင် ခင်ပွန်းယောကျ်ားအပေါ်၌ ရှက်ကြောက်ရှိသေလျက် ခင်ပွန်း၏ အလိုသို့လိုက်တတ်သော မယားသည် နှမနှင့်တူသော မယားမည်၏။

၆။ ကြာမြင့်စွာကွေကွင်း၍ နေရသော မိတ်ဆွေတစ်ယောက် အဝေးမှ ရောက်လာသည်ကို တွေ့မြင်ရသည့်အသွင် ချစ်ခင်သော အမူအရာကို ပြပြီးလျှင် အိမ်ဦးနတ်ပမာ လွန်စွာမြတ်နိုးတတ်သောမယားသည် မိတ်ဆွေနှင့်တူသော မယားမည်၏။

၇။ မိမိခင်ပွန်းယောကျ်ားက အမျက်ဒေါသပွား၍ မည်သို့ပင် အော်

http://www.dhammadownload.com

အင် ဝေါက်ငန်းလျက် ကြမ်းတမ်းစွာပြောဆို မြည်တွန်ငြားသော်လည်း အမျက်မထား စကားမလွန် သည်းညည်းခံပြီးလျှင် လင်၏ အလိုကျသာ လိုက်နာ၍ ပြုတတ်သောမယားသည် ကျွန်နှင့်တူသော မယားမည်၏။

သေသည့်အခြားမဲ့မှာ

ထို ၇ပါးသော မယားတို့တွင် သူသတ်နှင့်တူသောမယား၊ ခိုးသူနှင့်တူသောမယား၊ အရှင်နှင့်တူသောမယားတို့သည် လင်ယောကျ်ားတို့၌ပြုအပ်သော ဝတ်ကိုချွတ်စေသောအားဖြင့် ဒုဿီလမယားများဖြစ်ကြ၍ သေသည်၏ အခြားမဲ့၌ အပါယ်သို့လားကြရကုန်၏။ အမိနှင့်တူသောမယား၊ နှမနှင့်တူသော မယား၊ မိတ်ဆွေနှင့်တူသော မယား၊ ကျွန်နှင့်တူသောမယားတို့ကား လင်ယောကျ်ားတို့၌ ပြုရမည့် ဝတ်ကို မချွတ်စေတတ်ရကား သီလရှိသောမယားတို့ ဖြစ်ကြ၍ သေသည်၏ အခြားမဲ့၌ နတ်ရွာသို့ လားကြကုန်၏။ (သတ္တအင်္ဂုတ္တိုရ်) မှာဆို၏။

ဒီပုတ္တဒါရဿသင်္ဂဟောဆိုတဲ့ မင်္ဂလာတရားတော်နဲ့ညီအောင် လင်ယောကျ်ားလုပ်သူကသာ လင့်ဝတ်နဲ့ညီအောင် စောင့်ရှောက်ပြုစုရမှာ မဟုတ်ဘူး။ မယားကလည်း မယားဝတ်နဲ့ ညီအောင်စောင့်ရှောက်ပြုစုရမယ်။ အဲဒီတော့ မယားရဲ့ ဝတ်ငါးပါးကိုလည်း ကျွန်တော် ဖော်ပြချင်ပါတယ်။

မယားဝတ်ငါးပါး

၁။ အိမ်တွင်းမှုလုပ် ။ ။ ထမင်းဟင်းချက်ပြုတ်ရမယ်။ ဖွပ်လျှော်သင့်တဲ့အဝတ်ကို ဖွပ်လျှော်ရမယ်။ ချုပ်သင့်တဲ့အဝတ်ကို ချုပ်ရမယ်။ အိမ်ထောင်ပရိဘောဂတွေကိုလည်း သပ်သပ်ရပ်ရပ် ဖြစ်နေအောင် အိမ်နဲ့ပတ်ဝန်းကျင်ကိုလည်း သန့်သန့်ရှင်းရှင်းဖြစ်အောင် လုပ်နိုင်သမျှ

http://www.dhammadownload.com

လုပ်ကြရမယ်။

၂။ သိမ်းထုပ်သေချာ။ ။မိမိရဲ့ ခင်ပွန်း ယောကျ်ား မောပန်းစွာ ရှာဖွေလို့ ရအပ်တဲ့ ပစ္စည်းကို မခိုးမဝှက်ရဘူး။ မကုန်တန်တာ မကုန်ရအောင်၊ သူခိုးသူဝှက်တို့ မခိုးယူနိုင်အောင် ကောင်းကောင်းသိမ်းဆည်းထားရမယ်။

၃။ မိစ္ဆာကြဉ်ရှောင် ။ ။ မိမိခင်ပွန်းယောကျ်ားမှ တစ်ပါး တခြားယောကျ်ားများကို ကိုယ်ထိလက်ရောက် ကျူးလွန်တာ မပြောထားနှင့် စိတ်ကပင် မပြစ်မှားမိအောင် ဆင်ခြင်ရမယ်။

၄။ လျော်အောင်ဖြန့်ချိ။ ။ အနိုင်းအစေများပါ အပါအဝင်ဖြစ်တဲ့ မိမိရဲ့ အိမ်သူအိမ်သားများကို မျှမျှတစောင့်ရှောက်ကြည့်ရှုရမယ်။ အလုပ်ပင်ပန်းသူကို ပင်ပန်းသလို ချီးမြှင့်ရမယ်။ အလုပ်ခိုသူကိုခိုသလို အရေးယူရမယ်။ နေထိုင်မကောင်းတဲ့အခါ မိမိကိုယ်တိုင် စောင့်ရှောက်ပြုစုရမယ်။ ခင်ပွန်းယောကျ်ားနဲ့ မိမိတို့ရဲ့ မိခင်ဖခင်၊ ဆရာသမား၊ ကိုးကွယ်တဲ့ ရဟန်းတော်များ၊ သူငယ်ချင်းမိတ်ဆွေများကို အခါအခွင့်အားလျော်စွာ နေရာထိုင်ခင်းပေးရမယ်။ ထမင်းအဖျော် စသည်တို့ကို တိုက်ကျွေးရမယ်၊ အထိုက်အလျောက် ပေးကမ်းလှူဒါန်းရမယ်။ မြတ်နိုးတစ်မူ ကြည်ဖြူသာယာတဲ့ စကားတို့နဲ့ ခရီးဦးကြို ဧည့်ခံပြုစုရမယ်။

၅။ ပျင်းရိမမူ ။ ။ မိမိခင်ပွန်းယောကျ်ားရဲ့ အလုပ်ဟူသမျှကို တတ်နိုင်သလောက် ကူညီလုပ်ကိုင်ပေးရမယ်။ လင်ယောကျ်ားက ခိုင်းစေတဲ့အခါလည်း သာယာရွှင်လန်းဝမ်းမြောက်ဝမ်းသာနဲ့ လုပ်ပေးရမယ်။ လင်ယောကျ်ားရဲ့ နောက်မှ အိပ်ရာဝင်ပြီး လင်ယောကျ်ားရဲ့ အရင်ထရမယ်။

အမိအဖတွေကလည်း သားသမီးတွေအပေါ်မှာ အခုပြောခဲ့တဲ့ အတိုင်း ကျင့်နိုင်မယ်။ လင်တွေကရော မယားတွေကပါ အခုပြောခဲ့တဲ့

http://www.dhammadownload.com

အတိုင်း ကျင့်နိုင်မယ်ဆိုရင် ဒီအမိအဖတွေ၊ ဒီလင်ဒီမယားတွေဟာ ပုတ္တဒါရသင်္ဂဟောဆိုတဲ့ မင်္ဂလာနဲ့ ပြည့်စုံကြမှာဘဲ။ ဒီမင်္ဂလာနဲ့ ပြည့်စုံတဲ့ မိသားစုတို့ဟာ စိတ္တသုခ၊ ကာယသုခဆိုတဲ့ ချမ်းသာနှစ်ပါး စလုံးနဲ့လည်း ပြည့်စုံမှာပဲ။ ကျက်သရေတွေနဲ့လည်း ပြည့်စုံမှာပဲ။ စီးပွားလာဘ်သပ္ပကာတွေ၊ ရာထူးဌာနန္တရတွေလည်း တစ်နေ့တခြား ဒီရေအလားလို တိုးတက်များပြားလာကြမှာပဲ။

မင်္ဂလာရှိတဲ့အလုပ်

၁၄။ လယ်လုပ်ကုန်သွယ် ရောင်းဝယ်ခြင်းစတဲ့ အနှောင့်အယှက် မရှိတဲ့အလုပ်ကို လုပ်ခြင်းဟာလည်း မင်္ဂလာတရား ဖြစ်ပါတယ်။

ဒီမင်္ဂလာမှာ အနှောင့်အယှက်မရှိဆိုတဲ့ စကား အထူးဂရုပြုသင့် ပါတယ်။ အနှောင့်အယှက်မရှိဆိုတဲ့ စကားအရ အချုပ်အချယ်မရှိ ကိုယ့် ဟာကိုယ် လွတ်လွတ်လပ်လပ် ရိုးရိုးသားသား စင်စင်ကြယ်ကြယ် လုပ်နိုင်တဲ့ အလုပ်ကို ဆိုလိုပါတယ်။

ဒီမင်္ဂလာရဲ့ အဓိပ္ပာယ်ဟာ အင်မတန်ရှင်းနေတဲ့အတွက် ဒီလောက်နဲ့ပဲ လုံလောက်ပြီလို့ ကျွန်တော် ယုံကြည်ပါတယ်။

၁၄။ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ် ပါတယ်။

ဒါနဆိုတာဟာ –

၁။ မိုရာဆိုတဲ့အနက်ကြောင့် ရတနာ ၇ပါးနဲ့ ပြီးတဲ့ ခြသေ့ခံတဲ့ ပလ္လင်နဲ့တူပါတယ်။

၂။ တည်ရာဆိုတဲ့ အနက်ကြောင့် မြေကြီးနဲ့လဲ တူပါတယ်။

၃။ ဒုက္ခအပေါင်းတို့က လွတ်မြောက်ရာဖြစ်တဲ့အတွက် သင်္ဘော

http://www.dhammadownload.com

ကြီးနဲ့လည်း တူပါတယ်။

၄။ နမြော တွန့်တိုခြင်းစတဲ့ အညစ်အကြေးတို့ မလိမ်းကပ်နိုင်တဲ့ အနက်ကြောင့် အထပ်တစ်ရာ ပဒုမ္မာကြာငုံကြာဖူးကြီးနဲ့လည်းတူပါ တယ်။

၅။ ကြောက်ရွံ့ထိတ်လန့်ခြင်းက ကင်းစေတတ်တဲ့အနက်ကြောင့် သားများသနင်း ခြသေ့မင်းနဲ့လည်း တူပါတယ်။

၆။ ကြီးကျယ်တဲ့ ခွန်အားကို ရစေတတ်တဲ့အနက်ကြောင့် ဆင်ပေါက်ကြီးနဲ့လည်း တူပါတယ်။

၇။ ကောင်းမြတ်တဲ့ မင်္ဂလာလို့ သမုတ်အပ်တဲ့အနက်ကြောင့် နွားလားဥသဘကြီးနဲ့လည်း တူပါတယ်။

၈။ ဘေးကင်းရာကို ပို့ဆောင်နိုင်တဲ့အနက်ကြောင့် ဝလာဟက နတ်မြင်းပျံနဲ့လည်း တူပါတယ်။

၉။ သိကြားမင်း၊ ဗြဟ္မာမင်း၊ မာရ်မင်း၊ စကြဝတေးမင်းတို့ရဲ့ စည်းစိမ်ကိုလည်း ပေးတတ်ပါတယ်။

၁၀။ သာဝက ဗောဓိဉာဏ်ကို ပစ္စေကဗောဓိဉာဏ်ကိုရော၊ သမ္မာ သမ္ဗောဓိဉာဏ်ကိုရော ပေးစွမ်းနိုင်တယ်။

အဲဒါကြောင့် မြတ်စွာဘုရားသခင်က –

ဒါနလုပ်တဲ့နေရာမှာ

အို... ငါ၏ချစ်သား ရဟန်းများတို့၊ သတ္တဝါတို့သည် ငါဘုရား သိတော်မူသကဲ့သို့ ဒါန၏အကျိုးအာနိသံသတို့ကို ဝေဖန်ခွဲခြမ်း၍ သိကြ ပါမူကား မည်သူမျှ မလှူဒါန်းဘဲ မစားသောက်ရာ။ ထိုသူတို့၏ စိတ် ကိုလည်း မပေးလို မလှူလို ဝန်တိုခြင်း အညစ်အကြေးတို့က ဆွဲငင်၍ ရနိုင်မည်မဟုတ်ချေ။ သတ္တဝါတို့ စားအပ်သော ထမင်းတစ်လုတ် အနက် အကြင် နောက်ဆုံးဖြစ်သော ထမင်းတစ်လုတ်သည် ရှိ၏။

http://www.dhammadownload.com

ထိုထမင်းလုတ်တွင်ပင် ဖြစ်သော်လည်း အဘယ်မှာ မပေးမလှူဘဲ ရှိနိုင်ပါအံ့နည်း ဟူ၍ ဟောကြားထားတော်မူခဲ့ပါတယ်။ ဒါနလုပ်တဲ့နေရာမှာ လှူဖွယ်ပစ္စည်းဟာ ပဓာနမဟုတ်ပါဘူး။

၁။ မလှူခင်လှူမယ်ဆိုတဲ့ စေတနာရှိရမယ်။

၂။ လှူနေတုန်း လှူရတာကို ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ စေတနာရှိရမယ်။

၃။ လှူပြီးတဲ့နောက် မိမိရဲ့ အလှူကို မကြာခဏ သတိရပြီး ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ စေတနာရှိရမယ်။

အခုပြောပြခဲ့တဲ့ စေတနာတွေကို စေတနာသုံးတန်လို့ ခေါ်ကြပါတယ်။ ဒါနလုပ်တဲ့အခါ ဒီစေတနာ သုံးတန်ဟာ ပဓာနဖြစ်ပါတယ်။

ဒုတိယပဓာနကတော့ အလှူခံပုဂ္ဂိုလ်ဖြစ်ပါတယ်။ မိမိလှူရမယ့်ပုဂ္ဂိုလ်တာ မြတ်လေကောင်းလေပါပဲ။ မြတ်တယ်ဆိုတာက တခြားဟာ မဟုတ်ပါဘူး။ သီလသမာဓိ ပညာတွေနဲ့ ပြည့်စုံတာပဲ ဖြစ်ပါတယ်။

အချမ်းသာဆုံးသူဌေး

ဒါနလုပ်ရာ၌ လှူဖွယ်ပစ္စည်းဟာ ပဓာနမဟုတ်၊ စေတနာသုံးတန်နဲ့ အလှူခံပုဂ္ဂိုလ်သာ ပဓာနဖြစ်တဲ့အကြောင်းကို ကံ၊ ဉာဏ်၊ ဝီရိယတုန်းက ကျွန်တော် ပြောပြခဲ့တဲ့ ဇောတိက သူဌေးအကြောင်းကို ပြန်ကြည့်ရင်လည်း ကောင်းကောင်း သိနိုင်ပါတယ်။ ဇောတိက အ...ောင်းလျာက ပစ္စေကဗုဒ္ဓါကို ကြံနှစ်ချောင်းလှူလိုက်တာပဲ။ စေတနာသုံးတန်လည်း ပြဋ္ဌာန်းတယ်။ အလှူခံပုဂ္ဂိုလ်ကလည်း ပစ္စေကဗုဒ္ဓါဖြစ်နေတော့၊ လူ့စည်းစိမ် နတ်စည်းစိမ်တွေကို အကြိမ်ပေါင်းများစွာ စံခဲ့ရပြီးတဲ့နောက်၊ ကျွန်တော်တို့ မြတ်စွာဘုရားသခင် လက်ထက်တော်မှာ ဇမ္ဗူဒိပ်တစ်ခုလုံးမှာ ရှင်ဘုရင်တွေထက်တောင် ပိုပြီးချမ်းသာတဲ့ အချမ်းသာဆုံး သူဌေးကြီးဖြစ်ရတယ်ဆိုတာ ကျွန်တော်ပြောပြီးခဲ့ပြီးပါပြီ။

http://www.dhammadownload.com

နောက်ထပ်ပြီး သာဓကတစ်ခု ထုတ်ပြလိုပါသေးတယ်။

တတိယသာဓကကြီး

ကျွန်တော်တို့ မြတ်စွာဘုရားသခင်၏ တတိယသာဓကကြီးဖြစ်သော အလွန်ထင်ရှားကျော်စောသော ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်ပြီး နောက် ပထမ သင်္ဂါယနာပွဲကို ခေါင်းဆောင်ကျင်းပခဲ့သော ရှင်မဟာကဿပအလောင်းလျာသည် ဝိပဿီမြတ်စွာဘုရားလက်ထက်တော်က ဇမ္ဗူမတီပြည်ဝယ် သိမ်ငယ်သော ပုဏ္ဏားဆင်းရဲအမျိုး၌ ဖြစ်လာ၏။ ထိုဘဝကား တစ်ခုသော မကောင်းမှုကံကြောင့် အလွန်ဆင်းရဲ၏။ ဟင်းရွက်ခူး ထင်းခွေဖြင့်သာ အသက်မွေးရ၏။ မိမိ၌ လည်းကောင်း၊ မိမိမယား၌လည်းကောင်း၊ ကိုယ်ဝတ်တစ်ထည်စီ အပေါ်ရုံစုလျားမှာ တစ်ထည်တည်းသာရှိ၏။ ပုဏ္ဏားတို့အစည်းအဝေးရှိ၍ လင်သွားရလျှင် မယားအိမ်တွင်းက မထွက်ဝံ့၊ ပုဏ္ဏေးမတို့ အစည်းအဝေးရှိ၍ မယားသွားရလျှင် လင်အိမ်တွင်းက မထွက်ဝံ့ဖြစ်၍ ဧကသာဋကဟု အမည်ရ၏။

နစ်မြို့လောက်စွာ အင်္ဂါ ၈ ပါး

ဝိပဿီမြတ်စွာဘုရား သတ္တဝါအပေါင်းတို့အား ခုနစ်နှစ်တစ်ကြိမ် တရားဟောတော်မူ၏။ ဟောချိန်နီးသောအခါ ပြည်ရွာတောတောင် စောင့်သော နတ်တို့သည် ဇမ္ဗူဒိပ်ကျွန်းအလုံးကို လှည့်ပတ်၍ မြတ်စွာဘုရား တရားဟောချိန်သင့်ပြီ၊ စည်းဝေးကြကုန်ဟု ဆော်ဩလျက် ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။ ဧကသာဋကပုဏ္ဏားလည်း ထိုသတင်းစကားကိုကြားလျှင် တရားနာလိုသော ဆန္ဒရှိ၍

http://www.dhammadownload.com

ငါသော်လည်း သွားအံ့။ သင်သော်လည်း သွားချေဟု ဆို၏။ ပုဏ္ဏေးမကလည်း အကျွန်ုပ်တို့မိန်းမ မည်သည်ကား ညအခါ သွား၍မသင့်ချေ။ နေ့အခါမှ ကျွန်ုပ်သွားပါအံ့။ ယခု အမောင်သာသွားပါလော့ဟု ဆိုပေသော် ထိုကောသာဋကသည်လည်း ဝတ်စားပြင်ဆင်လျက် ဘုရားရှင်ကျောင်းတော်သို့သွား၍ တရားနာလေ၏။ မြတ်စွာဘုရားလည်း မင်းနှင့်တကွသော ပရိသတ်လေးပါးတို့အား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာဟူသော တရားစကားအစဉ်ဖြင့် ကောင်းကင်မြစ်ကြီး စီးဘိသကဲ့သို့ နှစ်မြို့လောက်စွာ အင်္ဂါရှစ်ပါးသော အသံဖြင့် စိတ်ဖန်ကာ ဟောတော်မူ၏။

လှူအံ့သောအကြံ

ပရိသတ်စွန်ကနေ၍သာ တရားတော်ကို နာရသော ကောသာဋကလည်း အဆအရာဝမ်းသာ နှစ်မြို့ခြင်းရှိ၍ ပီတိ ငါးပါးဖြစ်လျက် ပခုံးထက်၌ပါသော စုလျားပုဆိုးကို စုပုံလျက် ဤဝတ္ထုကို ဘုရားရှင်အား လှူတော့အံ့ဟုကြံ၏။ တစ်ဖန်လည်း ဤစုလျားကို ငါလှူ၍သွားခဲ့သော် ပုဏ္ဏေးတို့ အစည်းအဝေးရှိသောအခါ ငါလည်း မဝင်ဝံ့၊ပုဏ္ဏေးမလည်း မဝင်ဝံ့ရှိချိမ့်မည်။ နောင်တစ်ထည်ရမှပင် လှူတော့အံ့ဟု ကြံပြန်၏။ ဤသို့ စသည်ဖြင့် သဒ္ဓါစိတ်တစ်ရံဖြစ်သည်ကို မစ္ဆေရ စိတ်တစ်ထောင်မျှလောက်ဖျက်၍ ပခုံးထက်၌ တင်မြဲတင်ပြန်၏။ ဘစ်ဖန်လှူဦးမည်ဟု ကြံစည်ပြန်လျှင် ယခင်နည်းကဲ့သို့ စေးနည်းစုံမက်သော မစ္ဆေရစိတ်သာကပ်ငြိ၍ မလှူမိဘဲ၊ပထမယာမ်၊ မဇ္ဈိမယာမ် လွန်မြောက်၍ ပစ္ဆိမယာမ်သို့ ရောက်လေသော် မိမိကိုယ်ကို မိမိနှလုံးဖြင့် ဆိုဆုံးမသည်ကား အချင်း ကောသာဋက၊သင်သည် ဤတစ်ထည်မျှလောက်သော ပုဆိုးကိုလျက် မလှူရက်သကဲ့သို့ အထက်ထက်သော ဘဝက [illegible] လိုက်လံကာ ဒါနကောင်းမှုကို မပြုခဲ့သောကြောင့်

http://www.dhammadownload.com

ယခုဘဝ၌ ဆင်းရဲရသည် မဟုတ်လော၊ နောက်နောင်သော ဘဝတို့၌လည်း ဤကဲ့သို့ ဆင်းရဲလိုသလော၊ အဆောတလျင် သင်လှူမှုသာဒါနဖြစ်တော့မည်ဟု တိုက်တွန်းဆုံးမ၍ ပခုံးမှစုလျားကို ချပြီးလျှင် ဘုရားရှင် ခြေတော်ရင်း၌ ထား၍ အားရဝမ်းသာစွာ လက်ယာလက်ဖြင့် ပန်းပေါက်တီးလျက် အောင်ပြီဟု သုံးကြိမ်ဆို၏။ ထိုအသံကို ဗန္ဓုမမင်းကြီး ကြားလေလျှင် သင်ကား အဘယ်သူကို အောင်သနည်းဟု မေး၏။ ကေသာဋကလည်း ညဦးယံ၌ အကြံဖြစ်သည်မှစ၍ မစ္ဆေရနှင့် သဒ္ဓါသည် ပစ္ဆိမယာမ်မှ ရှုံးနှစ်လျက်လှူနိုင်သည်ဖြစ်၍ ထိုမစ္ဆေရကို အောင်ပြီဆိုပါသည်ဟု လျှောက်၏။ မင်းကြီးလည်း အားရဝမ်းသာ လွန်စွာချီးပ၍ တစ်စုံမျှသော ပုဆိုးကို ပေး၏။ ကေသာဋကလည်း ဘုရားကျေးဇူးတော်ကို မှီ၍သာရလာသော ဝတ္ထုဖြစ်ရကား ဘုရားနှင့်သာထိုက်ပေသည်ဟု ကြံ၍ တစ်ဖန် လှူပြန်၏။ ထိုသို့လှူသည်ကို မင်းကြီးသိပြန်လျှင် နှစ်စုံပင်ထပ်၍ ပေး၏။ ကေသာဋကလည်း ဘုရားအား လှူပြန်၏။ တစ်ဖန် ၄ စုံလည်းကောင်း၊ ရှစ်စုံလည်းကောင်း ပေးပြန်လျှင်လည်း ယခင်ကဲ့သို့ အကုန်ပင်လှူ၏။ ထို့နောက် တစ်ဆယ့်ခြောက်စုံပေးလေသော် ဤကေသာဋကသည် တစ်ဆတစ်ဆ ရမှန်းသိ၍သာ လှူသည်ဟု သူတစ်ထူးတို့ ကဲ့ရဲ့ရာဖြစ်တော့မည်ဟု ကြံ၍ မိမိအဖို့ တစ်စုံ၊ မယားအဖို့တစ်စုံထား၍ အကြွင်းကို ဘုရားရှင်အားလှူ၏။ ထိုအခါမှစ၍ ကေသာဋသည် ဘုရားသခင်နှင့် အကျွမ်းဝင်ကြ၍ သရဏဂုံသီလကိုခံလျက် ဘုရားရှင်ထံ နိယံမပြတ် ဆည်းကပ်ခစားသတည်း။ တစ်ရံသောကာလ ဆောင်းလအခါ မဟာဗန္ဓုမမင်းကြီးသည် ဘုရားရှင်ထံ တရားနာခြင်းငှာ လာရောက်ရာဝယ် အသပြာတစ်သိန်းထိုက်သော ကမ္ဗလာတစ်စုံကို ပဍ္ဍုဏ္ဏ္ဍရာဇ်တိုင်းမှ ဆက်လာ၍ ရသဖြင့် ဘုရားထံပါးတွင်နေသော ထိုကေသာဋကအား ဤကမ္ဗလာအစုံကို အမြဲဝတ်ရုံ၍ တရားတော်ကိုနာပါဘုရား၊ ရှင်အမှု

http://www.dhammadownload.com

ကို ဆောင်ရွက်ပါဟု ဆို၍ပေး၏။ ကေသာဌကလည်း ကောင်းမြတ်လှ သော ကမ္ဗလာဖြင့် အပုပ်ကောင်သာဖြစ်သော ငါ၏ကိုယ်ကိုဆင်ယင်၍ အဘယ်အကျိုးရှိ အံ့နည်း။ ဘုရားကိုလှူရမှ ဘဝဆက်တိုင်းပါရာ၏ဟု ကြံ၍ ဘုရားစံရာ ဂန္ဓကုဋိဝယ် တစ်ထည်ကို အခင်းပြုလျက် တစ်ထည် ကို ဗိတာန်ကြက်၍လှူ၏။

ရောင်ခြည်တော်အဟုန်

တစ်နေ့သ၌ မင်းကြီးကျောင်းသို့လာသော် ကိုယ်တော်မြတ်၏ ရောင်ခြည်ဟုန်သည် အစုံသော ကမ္ဗလာရောင်ဖြင့် ကူးယှက်ရကား ပြိုးပြိုးပြက်ထွန်းသော ပတ္တမြားတောင်ကို နေရောင်လရောင်ဖြင့် ဟပ်သကဲ့သို့ တလျှပ်လျှပ် တညီညီးအံ့ချီးစဖွယ် ဖြစ်၍ နှစ်သက် ဝမ်းသာစွာ ဤမွလာကို ဘယ်ဒါယကာ လှူပါသနည်းဟု လျှောက် မေး၏။ ကေသာဌက လှူကြောင်းကို ဘုရားမိန့်တော်မူသဖြင့် သိလေ လျှင် အရှင်ဘုရား ဤကမ္ဗလာကို ကေသာဌကအား အကျွန်ုပ်ပေးပေ သည်။ ကေသာဌကလည်း သင့်တင့်သောဌာန၌ပင် ထားပေသည်ဟု ဆို၍ ကြည်ညိုဝမ်းသာ ပြောဟောပြီးမှ ထိုကေသာဌကကို ခေါ်၍ သံဃာတော်တို့၏ အလုပ်အကျွေးကို ပြုစိမ့်သောငှာ အသပြာတစ်သိန်း ထွက်သော ရွာကြီးရှစ်ရွာ၊ ရထားစီး ကညာရှစ်ယောက်၊ ဆင်ပေါက်ရှစ် စီး၊ ကျွန်သီးရှစ်အိမ်ထောင်၊ ရှစ်ဆောင်သောတိုက်ပြာသာဒ်၊ ရှစ်ရပ်စီ သာဖြစ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွားတို့ကို ပေးတော်မူ၏။ ကေသာဌက လည်း ထိုနေ့မှစ၍ ဒါန၊ သီလ ဘာဝနာကို လွန်စွာအားထုတ်လျက် အသက်ဆုံးသောအခါ တာဝတိံသာ နတ်ပြည်၌ ဖြစ်လေ၏။

ဒီသာဓကနဲ့ပဲ ဒါနမှာ အလှူပစ္စည်းဟာ ပဓာနမဟုတ်၊ စေတနာ သုံးတန်နဲ့ အလှူခံ ပုဂ္ဂိုလ်သာ ပဓာနဖြစ်တဲ့အကြောင်း ထင်ရှားပါပြီ။

ဒီသာဓကကိုပြပြီးတဲ့နောက် စေတနာသုံးတန်အကြောင်းကို

http://www.dhammadownload.com

ပိုပြီးသဘောပေါက်အောင် ထင်ရှားတဲ့ သာဓကတစ်ခုကို ကျွန်တော် ထုတ်ပြလိုပါတယ်။

သတ္တကနိပါတ်ကုက္ကုဝဂ် ပဏ္ဍကဇာတ်

ရှေးတုန်းက ဗာရာဏသီပြည်မှာ မဒ္ဒဝမည်တဲ့ မင်းတစ်ပါးအုပ်စိုးပါတယ်။ အဲဒီအခါ ဘုရားအလောင်းတော်ဟာ ပုဏ္ဏားမျိုးမှာဖြစ်ပြီး သေနကအမည်ရှိပါတယ်။ သေနက အရွယ်ရောက်တဲ့အခါတက္ကသိုလ်သွားပြီး အတတ်ပညာတွေကို သင်ပါတယ်။ သင်အပ်တဲ့ပညာတွေ တတ်မြောက်ပြီးတဲ့နောက် ဗာရာဏသီပြည်ကို ပြန်လာတဲ့အခါ မဒ္ဒဝမင်းကို အကျိုးအကြောင်း ဆုံးမတတ်တဲ့အမတ် ဖြစ်လာပါတယ်။

အဲဒီအခါ ပုရောဟိတ်ရဲ့သားဟာ တစ်နေ့ကျတော့ သူ့အဖေနဲ့ အတူတူ မင်းခစားဖို့ နန်းတော်ကို လိုက်သွားပါတယ်။ နန်းတော်မှာ အင်မတန်လှပတဲ့ မိဖုရားကြီးကို မြင်ပြီး မထိန်းနိုင် မသိမ်းနိုင်အောင် တပ်မက်သွားပါတယ်။

ဒီပုရောဟိတ်ရဲ့ သားဟာ အိမ်ကိုပြန်ရောက်တဲ့အခါ အစာရေစာ မစားမသောက်နိုင်တော့ဘဲ မိဖုရားကြီးကို စွဲလန်းစိတ်နဲ့ အိပ်ရာထဲမှာလဲနေပါတယ်။ အဲဒီအကြောင်းကို မဒ္ဒဝမင်းကြီး သိတဲ့အခါ သူ့ မိဖုရားကြီး လှူလိုတဲ့ အကြံဖြစ်လာပြီး မိဖုရားကြီး ၇ရက်လှူ မယ်လို့ ကတိပေးလိုက်တယ်။ အဲဒါဟာ မလှူခင်ဖြစ်ပေါ်တဲ့ စေတနာဖြစ်တယ်။

အဲဒီလိုကတိပေးပြီး သူ့ကတိအတိုင်း ပုရောဟိတ်ရဲ့ သားကို သူ့မိဖုရားကို ၇ရက်လှူလိုက်တယ်။ အဲဒါဟာ လှူနေတုန်း ဖြစ်ပေါ်တဲ့ စေတနာဖြစ်တယ်။

ပုရောဟိတ်ရဲ့သားနဲ့ မိဖုရားကြီးတို့ ပေါင်းမိကြပြီး တစ်ဦးနဲ့ တစ်ဦး တပ်မက်သွားကြတဲ့အတွက် ၇ ရက်မြောက်ပြီးတဲ့နောက်

http://www.dhammadownload.com

မိဖုရားကြီးဟာ မင်းကြီးဆီကို ပြန်မလာတော့ဘူး။ ပုရောဟိတ်ရဲ့သား နဲ့ တိုင်းတစ်ပါးကို ခိုးရာလိုက်ပြေးတယ်။

မင်းကြီးလည်း သူ့နိုင်ငံထဲမှာ စည်လှည့်လည်စေပြီး အရှာခိုင်း ပေမယ့် သူ့မိဖုရားကြီးဟာ ပုရောဟိတ်သားနဲ့ တိုင်းတစ်ပါးကို ရောက် နေလေတော့ ဘယ်မှာတွေ့မှာလဲ၊ မင်းကြီးလည်း မိဖုရားကြီးအတွက် ရတက်တွေပွေပြီး မစားနိုင်၊ မအိပ်နိုင်ဖြစ်ရာ သွေးအန်တဲ့ရောဂါစွဲကပ် လာပါရော၊ အဲဒါဟာ လှူပြီးတဲ့နောက် ပျက်သွားတဲ့ စေတနာဖြစ်ပါ တယ်။

အဲဒီအခါ ဘုရားအလောင်းကြီးက ဒီမင်းကြီးမှာ အခြားဝေဒနာ မရှိဘူး။ မိဖုရားကြီးကို စွဲလန်းပြီးဖြစ်နေတဲ့ စိတ္တဇနောသာရှိတယ်။ အဲဒီတော့ ဥပါယ်တံမျဉ်နဲ့ ကုစားမှပဲ ရတော့မှာပဲလို့ စိတ်ကူးမိတယ်။

အဲဒါနဲ့ အာယုရနဲ့ ပင်္ကုသဆိုတဲ့ မင်းကြီးရဲ့ ပညာရှိ အမတ် နှစ်ဦးကို ခေါ်ပြီး မင်းကြီးရဲ့ ဝေဒနာအကြောင်းကိုလည်း ပြောပြတယ်။ လုပ်ဖို့ အစီအစဉ်တွေကိုလည်း စီစဉ်ပေးလိုက်တယ်။

အဲဒီလို စီစဉ်ပေးလိုက်တဲ့အတိုင်း နန်းတော်ထဲမှာ ပွဲအကြီး အကျယ်ခံစေပြီး မင်းကိုယ်တိုင် ရှုစားဖို့ သံတော်ဦးတင်ကြတယ်။

ရောဂါသက်သာသွားပုံ

ပရိသတ်တွေမျိုးစုံတွေကလဲ တတ်တဲ့ပညာတွေနဲ့ မင်းကြီးကို ဖျော်ဖြေကြတယ်။ အဲဒီပညာသည်တွေထဲမှာ မျက်လှည့်ဆရာတစ်ဦး ပါလာပါတယ်။ အဲဒီမျက်လှည့်ဆရာက သုံးဆယ့်သုံးလက်သစ်ရှိတဲ့ အင်မတန်ထက်လှတဲ့ သန်လျက်ကြီးကို မျိုပြပါတယ်။ အဲဒါကို မင်းကြီးရှုစားရတဲ့အခါ အလွန်အံ့ဩပြီး ဒီလို သန်လျက်ကိုမျိုတာထက် ခဲခက်တာဟာ လောကမှာရှိသေးသလားလို့ မေးလိုက်ပါတယ်။ အဲဒီ အခါ ဘုရားအလောင်းရဲ့ စီစဉ်ချက်အရ အနားမှာရှိနေတဲ့ အာယုရ

http://www.dhammadownload.com

အမတ်က ဘုရားအလောင်းသင်ပေးထားတဲ့အတိုင်း အရှင်မင်းကြီး ပေးဖို့ အင်မတန် ခက်ခဲလှတဲ့ ပစ္စည်းတစ်ခုကို ပေးမယ်လို့ ကတိပြု နိုင်တာဟာ ဒီဟာထက် ခက်လှပါတယ်ဘုရားလို့ သံတော်ဦးတင် လိုက်တယ်။ ဒီအခါ မင်းကြီးလည်း သတိရပြီး အင်း ... ငါဟာ အလွန် ခက်ခဲလှတဲ့ အလှူကို လှူမယ်လို့ ကတိပြုနိုင်တယ်။ အဲဒီတော့ ငါဟာ အင်မတန် ခက်ခဲတာမျိုးကို လှူနိုင်တာပဲလို့ တွေးတောမိကာမျှနဲ့ မင်းကြီးရဲ့ရောဂါဟာ သက်သာသွားပါတယ်။

အဲဒီနောက် ပဏ္ဍုသအမတ်က ဘုရားအလောင်း သင်ပေးထား တဲ့အတိုင်း အရှင်မင်းဘုရား ဒီခက်ခဲလှတဲ့အလှူကို ပေးမယ်လို့ကတိပြု နိုင်တာထက် တကယ်ပေးနိုင်တာက ပိုပြီး ခက်ပါတယ်လို့ ဆက်ပြီး သံတော်ဦးတင်ပြန်တယ်။ အဲဒီအခါ မင်းကြီးလည်း နောက်ထပ် သတိရပြန်ပြီး အင်း ... အင်မတန် ခက်တဲ့အလှူကို ငါပေးမယ်လို့ ကတိပြုပြီး တကယ်လည်း ပေးနိုင်ခဲ့တယ်။ အဲဒီတော့ ငါဟာအင်မတန် ကြီးမားခက်ခဲတဲ့အလုပ်ကို ငါနိုင်ခဲ့တာပဲလို့ နောက်ထပ် တွေးတော မိတာမျှနဲ့ မင်းကြီးရဲ့ ရောဂါဟာ ပိုပြီး သက်သာသွားပြန်တယ်။

တရားနှင့်နှလုံးသွင်းခြင်း

အဲဒီအခါကျတော့မှ ဘုရားအလောင်းက အရှင်မင်းကြီး လှူပြီး တဲ့အခါ ဒီလှူတဲ့ပစ္စည်းအတွက် မစိုးရိမ်မပူပန်ဘဲနေနိုင်ဖို့ ဆိုတာ ကတော့ အခက်ဆုံးဖြစ်ပါတယ် ဘုရားလို့ ဆက်ပြီး သံတော်ဦးတင် ပြန်တယ်။ အဲဒီတော့မှ မင်းကြီးလည်း သတိကောင်းကောင်းရလာပြီး အင်း ... ငါဟာ ငါ့သဘောအတိုင်း လှူပြီးခါမှ ဒီလိုပူဆွေးခြင်းဟာ မသင့်လျော်ပါကလား၊ မိဖုရားကြီး ငါ့ကို ချစ်ရင်အခုလို ခိုးရာလိုက် မပြေးတန်ဘူး။ အခုတော့ ငါ့ကို မချစ်လို့ ထွက်ပြေးတာပဲ။ ဒီလို ငါ့ကို မချစ်တော့ဘဲ မိဖုရားကြီးအတွက် ပူဆွေးနေလို့ ဘာအကျိုးရှိဦးမှာလဲ

http://www.dhammadownload.com

လို့ နောက်ထပ်တွေးမိကာမျှနဲ့ မင်းကြီးရဲ့ ရောဂါဝေဒနာဟာ လုံးဝ ပျောက်ကင်းသွားခဲ့ဖူးပါတယ်။ အဲဒါ တခြားဟာမဟုတ်ပါဘူး။ လှူပြီးတဲ့အခါ ပျက်သွားတဲ့ စေတနာဟာ တရားနဲ့ အသင့်အတင့် နှလုံးသွင်းနိုင်တာကြောင့် ပြန်ကောင်းလာတာပဲ ဖြစ်ပါတယ်။

စေတနာသုံးတန်

အခုပြခဲ့တဲ့ သာဓကတွေကိုကြည့်ပြီး ဒါနကိုလည်း လုပ်နိုင်သလောက်ကြိုးစားပြီး လုပ်ပါ၊ လုပ်တဲ့နေရာမှာလည်း မြတ်သထက်မြတ်တဲ့ ပုဂ္ဂိုလ်တွေကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းကြပါလို့ ကျွန်တော် တိုက်တွန်းလိုက်ပါတယ်။

၁၅။ သုစရိုက် တရားဆယ်ပါးတို့ကို ကျင့်သုံးခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

သုစရိုက်တရားဆယ်ပါးကို ကျင့်ရမယ်ဆိုတာနဲ့ တစ်ခြားတရားတွေကို ကျင့်ဖို့မလိုဘူးလို့ မယူဆရဘူး။ ဒီသုစရိုက်တရား ဆယ်ပါးကို ပဓာနထားပြီး တခြားတရားတွေလည်း အခါအားလျော်စွာ ကျင့်ရပါလိမ့်မယ်။

အဲဒီတော့ သုစရိုက်တရားဆယ်ပါးဆိုတာ ဘာလဲ။

၁။ သေစေလိုသောစိတ်ဖြင့် သူ့အသက်ကိုသတ်ခြင်း။(ပါဏာတိပါတ)

၂။ ခိုးလိုသောစိတ်ဖြင့် သူတစ်ပါးဥစ္စာကို ခိုးယူခြင်း။ (အဒိန္နာဒါန)

၃။ ယောကျ်ားဖြစ်က မသွားမလာအပ်သော မိန်းမတို့၌ သွားလာခြင်း၊ မိန်းမဖြစ်က မိမိခင်ပွန်းယောကျ်ားမှ တစ်ပါး အခြားသော ယောကျ်ားတို့နှင့် ပျော်ပါးလွန်ကျူးခြင်း။ (ကာမေသုမိစ္ဆာစာရ)

၄။ မဟုတ်မမှန်သောစကားကို ဆိုခြင်း။ (မုသာဝါဒ)

http://www.dhammadownload.com

၅။ ကုန်းတိုက် ကုန်းချောစကားကို ပြောကြားခြင်း။ (ပိသုဏာဝါစာ)

၆။ ဆဲရေးတိုင်းထွာခြင်းဟူသော ကြမ်းတမ်းယုတ်မာသော စကားကို ပြောဆိုခြင်း။ (ဖရုသဝါစာ)

၇။ ဟုတ်မှန်သောအနက် ဒြပ်မကင်း၍ သိမ်ဖျင်းသော တကယ်မဟုတ် လုပ်ကြံအပ်သော စကားဟူသော ဒဏ္ဍာရီဝတ္ထုကို ပြောဆိုခြင်း၊ ရေးသားခြင်း။ (သမ္ဖပ္ပလာပ)

၈။ သူတစ်ပါး၏ဥစ္စာကို ငါ၏ဥစ္စာဖြစ်ပါမူကား ကောင်းလေစွဟု ကြံခြင်း။ (အဘိဇ္ဈာ)

၉။ ဤသတ္တဝါများ သေကျေပျက်ပြားလျှင် တော်လေစွဟု စိတ်ကကြံခြင်း။ (ဗျာပါဒ)

၁၀။ ကောင်းမှု မကောင်းမှု၏ အကျိုးကို မယုံကြည်ခြင်း။ (မိစ္ဆာဒိဋ္ဌိ)

ဤဆယ်ပါးတို့သည် ဒုစရိုက်တရားတို့မည် ကုန်၏။ ထိုဆယ်ပါးသော ဒုစရိုက်တရားတို့မှ ရှောင်ကြဉ်ခြင်းသည် သုစရိုက်မည်၏။

ဒုစရိုက် သုစရိုက်အပြစ်အကျိုး

ထိုဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါးတို့၏ အပြစ်အကျိုးတို့ကို ပြဆိုဦးအံ့။

၁။ ပါဏာတိပါတ။ ။ သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့ လားရတတ်ခြင်း၊ အကယ်၍ လူ့အဖြစ်ကို ရငြားအံ့။ အတွင်းသို့ခွင်သောခြေရှိခြင်း၊ အပြင်သို့ခွင်သော ခြေရှိခြင်း၊ ကုန်းခြင်း၊ ကွခြင်း၊ ဆွံ့ခြင်း၊ လက်ချောင်းပူးခြင်း၊ အနာရောဂါများခြင်း၊ အသက်တိုခြင်း စသည်တို့ကား သူတစ်ပါး၏အသက်ကိုသတ်ခြင်း၏အပြစ်တို့တည်း။

http://www.dhammadownload.com

၁။ ပါဏာတိပါတာ ဝေရမဏီ။ ။ အင်္ဂါကြီးငယ် ချို့တဲ့ခြင်း မရှိ ပကတိပြည့်စုံခြင်း၊ ပြေပြစ်ချောမွတ်သော အလုံးအရပ်နှင့် ပြည့်စုံခြင်း၊ စင်ကြယ်တောက်ပသော အရောင်အဆင်းရှိခြင်း။ နူးညံ့သော အသားအရေနှင့်ပြည့်စုံခြင်း၊ ခွန်အားဗလကြီးမားခြင်း၊ လူအပေါင်းတို့ ချစ်မြတ်နိုးသည်ကို ခံရတတ်ခြင်း၊ ကြောက်ရွံ့ထိတ်လန့်သော သဘောမှ ကင်းခြင်း၊ သူတစ်ပါးတို့၏ လုံ့လပယောဂကြောင့် မသေမပျောက်ရခြင်း၊ အပိုင်းအခြားမရှိ၊ များစွာသော ပရိသတ်နှင့်ပြည့်စုံခြင်း၊ ရှုကြည့်စဖွယ် တင့်တယ်သော ကိုယ်သဏ္ဌာန်ရှိခြင်း၊ အနာရောဂါကင်းခြင်း၊ စိုးရိမ်သောကမရှိခြင်း၊ ချစ်သောသူတို့နှင့် မကွေကွင်းရခြင်း၊ အသက်ရှည်ခြင်းစသည်တို့ကား သူတစ်ပါးအသက်ကို သတ်ခြင်းမှရှောင်ကြဉ်ခြင်း၏ အကျိုးတို့တည်း။

၂။ အဒိန္နာဒါန ။ ။ သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့လားရခြင်း။ အကယ်၍ လူ့အဖြစ်ကို ရငြားသော်လည်း ရန်သူမျိုး ငါးပါး နှိပ်စက်၍ ဥစ္စာပစ္စည်းပျက်စီး ပြုန်းတီးရခြင်း၊ လူမွဲ လူတေ လူလေ လူလွင့်ဖြစ်ရခြင်း၊ ကြမ်းတမ်းသောကိုယ်မှု နှုတ်မှု စိတ်မှုရှိသူတို့နှင့်သာ တွေ့ရတတ်ခြင်း စသည်တို့ကား သူတစ်ပါးဥစ္စာကို ခိုးခြင်း၏ အပြစ်တို့တည်း။

၂။ အဒိန္နာဒါနာဝေရမဏီ ။ ။ ရွှေငွေစသော ပစ္စည်းဘဏ္ဍာ စပါးဆန်ရေ အထွေထွေသော ဥစ္စာတို့နှင့် ပြည့်စုံခြင်း၊ မဖြစ်ဖူးမြဲ ထူးကဲသောစည်းစိမ်ချမ်းသာတို့ဖြစ်ပေါ်လာရခြင်း၊ ဖြစ်ပြီးသော စည်းစိမ်ချမ်းသာလည်း မြဲမြံစွာ တည်တံ့ခြင်း၊ လူအများတို့ထက် ဂုဏ်အားဖြင့် မြင့်မြတ်ခြင်း၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့သာယာစွာနေရခြင်း၊ အလိုရှိသော ပစ္စည်းဥစ္စာတို့ကို လျင်မြန်စွာရခြင်း၊ ရန်သူမျိုးငါးပါးတို့ကြောင့် ပျက်ပြားမရှိရခြင်း၊ သိမ်မွေ့နူးညံ့သော ကိုယ်မှု နှုတ်မှု စိတ်မှု ရှိသူတို့နှင့်သာ တွေ့ရတတ်ခြင်း စသည်တို့ကား သူတစ်ပါးဥစ္စာကို

http://www.dhammadownload.com

ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၏ အကျိုးတို့တည်း။

၃ ကာမေသုမိစ္ဆာစာရ ။ ။ သေသည်၏ အခြားမဲ့၌ အပါယ်ဘုံသို့ လား ခြင်း၊ ဖြစ်လေရာဘဝတို့၌ ရန်သူပေါများခြင်း၊ အရေမရှိသော ပြိတ္တာဖြ ၍ ကျီးလင်းတတို့ ထိုးဆွ နှိပ်စက်သည်ကို ခံရခြင်း၊ နပုန်း ပဏ္ဍုက် ံရခြင်း၊ ဆင်းရဲစွာ အိပ်ရခြင်း၊ နိုးရခြင်း၊ လည်တိုင်အောက် ကျခြင်း၊ ျက်နှာအောက်ကျခြင်း၊ မပြည့်စုံသော ကိုယ်အင်္ဂါရှိခြင်း၊ စိတ်နှလုံး ချမ်းသာရခြင်း စသည်တို့ကား မသွားလာအပ်သော မိန်းမ တို့၌ သွာ လာရခြင်း၊ မိမိလင်ယောကျ်ားမှ တစ်ပါးအခြားသော ယောကျ်ားတို့နှင့် ပျော်ပါးခြင်းတို့၏ အပြစ်တို့တည်း။

၃။ ကာမေသုမိစ္ဆာစာရာဝေရမဏီ ။ ။ ရန်သူဟူ၍ တစ်စုံတစ် ယောက်မျှ မရှိခြင်း၊ ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူ ချစ်ခင်ခြင်း၊ စားဖွယ်ဝတ်ရုံဖွယ်တို့နှင့်တကွ အိပ်ရာနေရာစသည်တို့ကို အလိုရှိတိုင်း ရနိုင်ခြင်း၊ မပင်မပန်း ချမ်းမြေ့သာယာစွာ အိပ်စက်ရခြင်း၊ နိုးကြားရ ခြင်း၊ အပါယ်ဘေးမှ ကင်းဝေးရခြင်း၊ မိန်းမနပုန်း လုံးလုံးမဖြစ်ရခြင်း၊ အမျက်ဒေါသ ကင်းပနည်းပါးခြင်း၊ လည်တိုင်အောက်ကျမရှိရခြင်း၊ မျက်နှာအောက်ကျမရှိရခြင်း၊ မယားနှင့်လင် ကြင်နာချစ်ခင်ခြင်း၊ ချွတ်ယွင်းခြင်းမရှိ ပြည့်စုံသော အင်္ဂါရှိခြင်း၊ စိတ်နှလုံးချမ်းသာစွာ နေရ ခြင်း စသည်တို့ကား မသွားမလာအပ်သော မိန်းမတို့၌ သွားလာခြင်း၊ ခင်ပွန်း ယောကျ်ားမှတစ်ပါး အခြားသော ယောကျ်ားတို့နှင့် ပျော်ပါး ခြင်းမှ ရှောင်ကြဉ်ရခြင်း၏ အကျိုးတို့တည်း။

၄။ မုသာဝါဒ ။ ။ သေသည်၏ အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း၊ဖြစ်လေရာရာ ဘဝတို့၌သူတစ်ကာတို့ စွပ်စွဲသည်ကိုခံရ ခြင်း၊ ကြည်လင်သောက္ကန္ဒြေမရှိခြင်း၊ အသံမကောင်းခြင်း၊ သွားမလှ

http://www.dhammadownload.com

ခြင်း၊ မိမိစကားမယုံကြည်ကြခြင်း၊ မိမိစကားကို နားမထောင်ကြခြင်း၊ ခံတွင်း အနံ့မကောင်းခြင်း၊ လျှာသေးခြင်း စသည်တို့ကား မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၏အပြစ်တို့တည်း။

၄။ မုသာဝါဒါဝေရမဏီ ။ ။ သန့်ရှင်းကြည်လင်ရွှင်ပျသော ဣန္ဒြေရှိခြင်း၊ သန့်ရှင်းချိုသာသောအသံနှင့် ပြည့်စုံခြင်း၊ နှစ်သက်စဖွယ် စင်ကြယ်ဖြူဖွေးသောသွားရှိခြင်း၊ ဆူကြုံနိမ့်မြင့်သော အပြစ်မှ ကင်းလွတ်ရခြင်း၊ နူးညံ့ပျော့ပျောင်း ကောင်းသောအတွေ့နှင့် ပြည့်စုံခြင်း၊ မိမိအလိုသို့ လိုက်နာကြသော ပရိသတ်နှင့် ပြည့်စုံရခြင်း၊ မိမိစကားကို လူအများတို့ အားထားယုံကြည်ကြခြင်း၊ ကြာညိုပန်းအနံ့ကဲ့သို့ သင်းပျံ့မွှေးကြိုင်လှိုင်သော ခံတွင်းနံ့ရှိခြင်း၊ ကြာချပ်ကြာရွက်အလား နုထွားနီမြန်းသည်ဖြစ်၍ ကြီးပြန့်သော လျှာနှင့်ပြည့်စုံခြင်း စသည်တို့ကား မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြည်ခြင်း၏ အကျိုးတို့တည်း။

၅။ ပိသုဏာဝါစာ ။ ။ သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း၊ သားသမီး၊ သားမယား၊ သားလင် ခင်ပွန်း၊ တပည့်သားမြေးစသော ခြွေရံပရိသတ်တို့နှင့် ကွဲပြားရခြင်း၊ သွားကျဲခြင်း၊ သွားမပြည့်စုံခြင်း စသည်တို့ကား ချောပစ်ကုန်းတိုက်ခြင်း၏ အပြစ်တို့တည်း။

၅။ ပိသုဏာဝါစာဝေရမဏီ။ ။ သူတစ်ပါးတို့ လုံ့လ ပယောဂကြောင့် မပျက်စီး မသေကျေနိုင်သော ကိုယ်ခန္ဓာနှင့် ပြည့်စုံခြင်း၊ တပည့်သားမြေး သားမယား၊ သားလင် ခင်ပွန်းစသော ခြွေရံပရိသတ်တို့ မပျက်မကွဲခိုင်မြဲတည်တံ့နိုင်ခြင်း၊ မိတ်ဆွေတို့နှင့် ဘယ်အခါမှ မကွဲ မြဲမြံသော အဆွေခင်ပွန်းရှိခြင်း၊ အမျှလေးဆယ်သောသွား၊ မကျဲသောသွားတို့နှင့် ပြည့်စုံခြင်း စသည်တို့ကား ချောပစ်ကုန်းတိုက်ခြင်း

http://www.dhammadownload.com

မှ ရှောင်ကြဉ်ရခြင်း၏ အကျိုးတို့တည်း။

၆။ ဖရုသဝါစာ ။ ။ သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း၊ ဤဘဝတွင် အရိယူပဝါဒကံ ထိုက်တတ်ခြင်း၊ မရသေးသော စည်းစိမ်ကို မရနိုင်ခြင်း၊ ရပြီးသောစည်းစိမ်မှ ဆုတ်ယုတ်ခြင်း၊ ပြင်းထန်သောအနာရောဂါကို ရခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ရူးသွပ်ခြင်း၊ ဖြစ်လေရာရာ ဘဝတို့၌ ဖွံ့သောလျှာရှိခြင်း၊ လျှာတိုခြင်း၊ လျှာနှစ်ခွ ရှိခြင်း၊ အခြင်း ဆွံ့ခြင်း၊ အသံကွဲခြင်း၊ အသံအဲ့ခြင်း၊ မိမိစကားကို သူတစ်ပါးနားမထောင်လိုခြင်း စသည်တို့ကား လွှသွားပမာ ကြမ်းတမ်းယုတ်မာသောစကားကို ပြောဆိုခြင်း၏ အပြစ်တို့တည်း။

၆။ ဖရုသဝါစာ ဝေရမဏိ ။ ။ ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူချစ်ခင်ခြင်း၊ သူခပ်သိမ်းတို့ စိတ်နှလုံးကို ယူကျုံးနှစ်သက်စေခြင်း၊ နားချမ်းသာဖွယ်ရာ ချိုသာအေးမြသော စကားရှိခြင်း၊ သူတကာတို့ နှစ်မြို့ချီးမွမ်းသည်ကို ခံရခြင်း၊ နူးညံ့သိမ်မွေ့သည်ဖြစ်၍ ကြီးပြန့်သော လျှာရှိခြင်း၊ သာယာသောအသံရှိခြင်း စသည်တို့ကား လွှသွားပမာ ကြမ်းတမ်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း အကျိုးတို့တည်း။

၇။ သမ္ဖပ္ပလာပ ။ ။ သေသည်၏အခြားမဲ့၌ အပါယ်ဘုံသို့ လားရခြင်း၊ ဖြစ်လေရာရာဘဝတို့၌ ဝင်သော မေးရှိခြင်း၊ ကောက်သော မေးရှိခြင်း၊ ချိုင့်သောမေးရှိခြင်း၊ မိမိစကားကို သူတစ်ပါးမယုံကြည် နားမထောင်လိုခြင်း စသည်တို့ကား ဟုတ်မှန်သော အနက်ဒြပ်မှ ကင်း၍ သိမ်ဖျင်းသော စကားကို ပြောဆိုခြင်း၏ အပြစ်တို့တည်း။

၇။ သမ္ဖပ္ပလာပါ ဝေရမဏိ ။ ။ ရဟန်းရှင်လူခပ်သိမ်း သူတို့ ကြည်ဖြူချစ်ခင်ခြင်း၊ သူခပ်သိမ်းတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သက်

http://www.dhammadownload.com

စေခြင်း၊ ကျောက်ထီး တန္တု အလေးအမြတ်ပြုသည်ကို ခံရခြင်း၊ ချီးမွမ်း မြှောက်စားသည်ကို ခံရခြင်း၊ မနိုင်းယှဉ်အပ်သော လာဘ်လာဘရှိခြင်း၊ ကြီးမားသော တန်ခိုးအာနုဘော်ရှိခြင်း၊ တစ်ခဏချင်းထိုးထွင်း၍ သိနိုင် စွမ်းနိုင်သောအသိ အလိမ္မာ ဉာဏ်ပညာရှိခြင်း၊ အမေးပုစ္ဆာပြဿနာ တို့ကို လွယ်ကူစွာ ဖြေကြားနိုင်ခြင်း၊ ဘုရားအဖြစ်ကိုရနိုင်သည်ဖြစ်၍ များစွာသော ဘာသာစကားကို ပြောဆိုသောသူတို့၏ အရာမကသော အမေးပုစ္ဆာတို့ကို တစ်ခွန်းတည်းသောစကားဖြင့် ပြောကြားဖြေဆိုနိုင် ခြင်း၊ ခြသေ့်မင်း၏ မေးနှင့်တူသော မေးရှိခြင်း၊ မိမိစကားကို နားထောင် လိုက်နာကြခြင်းတို့သည်ကား ဟုတ်မှန်သော အနက်ဒြပ်မှကင်း၍ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ရခြင်း၏အကျိုးတို့ တည်း။

၈။ အဘိဇ္ဈာ ။ ။ အလိုရှိအပ်သော ဝတ္ထုပဟူသမျှကို မရနိုင်ခြင်း၊ မြတ်သောစည်းစိမ်ချမ်းသာတို့ကို ခံစားလိုသောစိတ်မရှိခြင်း၊မင်းပုဏ္ဏား စသည်တို့၏ ကဲ့ရဲ့ရှုတ်ချသည်ကိုသာ ခံရတတ်ခြင်း၊ ရန်သူတစ်ပါး တို့ တင်စားနှိပ်စက်သည်ကို ခံရခြင်း၊ မျက်စိစသော အင်္ဂါချို့တဲ့ခြင်း စသည်တို့ကား သူတစ်ပါး စည်းစိမ်ဥစ္စာကို ငါ့စည်းစိမ်ဥစ္စာဖြစ်ပါမူ ကား ကောင်းလေစွာဟု ရှေးရှုကြံခြင်း၏ အပြစ်တို့တည်း။

၈ ။ အနဘိဇ္ဈာ ။ ။ အလိုရှိသမျှရနိုင်ခြင်း၊ မွန်မြတ်သော စည်းစိမ်ချမ်းသာတို့ကို ခံစားလိုသော ဆန္ဒရှိခြင်း၊ ရန်သူတစ်ပါးတို့ မိမိအား မနှိမ်နင်းနိုင်ခြင်း၊ မျက်စိစသော အင်္ဂါနှင့်ပြည့်စုံခြင်း၊ သူတစ် ကာတို့နှင့်မတူခြင်း စသည်တို့ကား သူတစ်ပါး စည်းစိမ်ဥစ္စာကို ငါ့ စည်းစိမ်ဥစ္စာဖြစ်ပါမူကား တော်လေစွဟု ရှေးရှုမကြံခြင်း၏ အကျိုးတို့ တည်း။

၉။ ဗျာပါဒ ။ ။ သူတကာတို့ မနှစ်မြို့ခြင်း၊ လူတကာတို့ ကဲ့ရဲ့

http://www.dhammadownload.com

ရှုတ်ချသည်ကိုသာ ခံရတတ်ခြင်း၊ သူတကာတို့၏အကျိုးကို မသည်ပိုး လိုခြင်း၊ တန်ခိုးအာနုဘော်မရှိခြင်း၊ မေတ္တာတရားနည်းပါးခြင်း၊ လွှသွား ပမာ လွန်စွာကြမ်းကြုတ်ခြင်း၊ စိတ်နှလုံးရှိတတ်ခြင်း စသည်တို့ကား သူတစ်ပါးတို့ ပျက်ပြားသေကြေက တော်လေစွာဟု စိတ်ကကြံခြင်း၏ အပြစ်တို့တည်း။

၉။ အဗျာပါဒ ။ ။ ရဟန်းရှင်လူ ခပ်သိမ်းသူတို့ ကြည်ဖြူလေး မြတ်ခြင်း၊ ချီးမွမ်းမြှောက်စားသည်ကို ခံရတတ်ခြင်း၊ သူတစ်ပါးတို့၏ အကျိုးကို သည်ပိုးရွက်ဆောင်လိုခြင်း။

သူတကာတို့ လွန်စွာ ကြည်ညိုခြင်း၊ သူတစ်ပါးတို့ကို ချမ်းသာ စေလိုသော စိတ်အမြဲရှိခြင်း၊ တန်ခိုးအာနုဘော်ကြီးမားခြင်း၊ နူးညံ့သိမ် မွေ့သောသဘောရှိခြင်း စသည်တို့ကား သူတစ်ပါးတို့ ပျက်ပြား သေကျေက တော်လေစွဟု စိတ်က မကြံစည်ခြင်း၏အကျိုးတို့တည်း။

၁၀။ မိစ္ဆာဒိဋ္ဌိ ။ ။ ချစ်သားတို့ များယွင်းသော မိစ္ဆာအယူသည် အပြစ်များသကဲ့သို့ အပြစ်များသော တရားတစ်ပါးကို ငါဘုရားမြင် တော်မမူဟု ဧကင်္ဂုတ္တရ ပါဠိတော်၌ ဟောတော်မူရကား များယွင်းသော မိစ္ဆာအယူသည် မည်မျှလောက် အပြစ်များသည်ဟု မည်သူတစ်စုံ တစ်ယောက်မှ ဟောကြားနိုင်ဖွယ်မရှိချေ။ တစ်နည်းကား မှန်ကန်သော သမ္မာဒိဋ္ဌိအကျိုး၏ ဆန့်ကျင်ဘက်ဖြစ်သော အပြစ်တို့သည် များသော မိစ္ဆာဒိဋ္ဌိအယူ၏ အပြစ်တို့ဟူ၍ မှတ်အပ်၏။

၁၀။ သမ္မာဒိဋ္ဌိ ။ ။ ဖြစ်လေရာရာဘဝတို့၌ အဆွေခင်ပွန်းကို ရခြင်း၊ ဦးခေါင်းအဖြတ်ကို ခံရသော်လည်း မကောင်းမှုကို မပြုလိုခြင်း၊ ကံသာလျှင် ဥစ္စာရှိသည်ဟု မြင်ခြင်းကြောင့် ပြဿဒါးရက်ရာဇာရွေး ခြင်းစသော ကောတုဟာလမင်္ဂလာကို မလိုက်စားခြင်း၊ သူတော်ကောင်း တရားတို့၌သာ အခါခပ်သိမ်း တည်တံ့ခြင်းစသည်တို့ကား မှန်ကန်

http://www.dhammadownload.com

သော သမ္မာဒိဋ္ဌိအယူကို ယူရခြင်း၏ အကျိုးတို့တည်း။

ဤကား ဆယ်ပါးသော ဒုစရိုက် သုစရိုက်တရားတို့၏ အပြစ် အကျိုးတို့တည်း။ ဤဆယ်ပါးသော ဒုစရိုက် သုစရိုက်တို့၏ အပြစ် အကျိုးတို့ကို (ပါတေယျ ပါဠိတော် ၎င်းအဋ္ဌကထာ၊ ခုဒ္ဒကပါဠိ အဋ္ဌကထာ၊ စရိယပိဋကအဋ္ဌကထာ ဓမ္မပဒပါဠိတော်)တို့၌ လာ၏။

၁၆။ အဆွေအမျိုးတို့ကို ချီးမြှင့်ထောက်ပံ့ခြင်း ဆိုတာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

ကာကဇာတ်တော်

(ဇာတကအဋ္ဌကထာမှ တိုက်ရိုက်ဘာသာပြန်ဆိုချက်)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးစဉ် ဘုရားအလောင်းသည် ကျီးမျိုး၌ဖြစ်လေ၏။ ထိုအခါ တစ်နေ့သ၌ ဘုရင်၏ ပုရောဟိတ်ပုဏ္ဏားသည် မြို့ပြင်ဘက် မြစ်ထဲ၌ ရေချိုးပြီးလျှင် ပန်းနံ့သာလိမ်းကျံ၍ မြတ်သောအဝတ်တန်ဆာများကို ဝတ်ဆင်ကာ မြို့တော်ထဲသို့ ပြန်ဝင်လာလေ၏။ ထိုအချိန်တွင် မြို့တော်တံခါးမုခ်၏ တံခါးတိုင်ဖျား၌ ကျီးနှစ်ကောင်တို့သည် နားနေကြရာ တစ်ကောင်သောကျီးက အခြားတစ်ကောင်သောကျီးကို အဆွေကြည့်နေ၊ သည် ပုဏ္ဏားရဲ့ အပေါ်ကို ငါမစင်ချလိုက်မည်ဟု ပြောလေ၏။

ဒုတိယကျီး ။ ။ အဆွေ သည်အလုပ်ကို သင်မနှစ်သက်လင့်၊ သည်ပုဏ္ဏားဟာ အစိုးရတစ်ဦးဖြစ်တယ်။ အစိုးရနှင့် ရန်ဖြစ်တယ်ဆိုတာ မကောင်းဘူး၊ သည်ပုဏ္ဏား အမျက်ထွက်ရင် ကျီးတွေအားလုံး ပျက်စီးအောင်လုပ်လိုက်လိမ့်မယ်။

ပထမကျီး။ ။ ငါတော့မလုပ်ဘဲ မနေနိုင်ဘူး၊

ဒုတိယကျီး။ ။ သည်လိုဆိုလျှင် မကြာခင် ထင်ရှားတော့မှာပဲ၊

http://www.dhammadownload.com

ဒုတိယကျီးသည် အထက်ပါအတိုင်း ပြောဆိုပြီး ပျံသွားပြေးလွှား လေ၏။ ပထမကျီးကား မိမိအောက်သို့ ပုရောဟိတ် ပုဏ္ဏားရောက်လာ သည်နှင့် တစ်ပြိုင်နက် ပုဏ္ဏား၏ ဦးခေါင်းပေါ်၌ မစင်ချလိုက်လေ၏။

ပုဏ္ဏားသည် ဒေါသဖြစ်ကာ ကျီးတို့အပေါ်၌ ရန်ငြိုးထားလိုက် လေ၏။ ဗာရာဏသီမြို့တော်ထဲ၌ပင် အခစား စပါးထောင်းသော ကျွန်မတစ်ယောက်သည် ကောက်များကို အိမ်တံခါးဝတွင် နေပူ၌ ဖြန့်၍လှန်းကာ ထိုကောက်များကို စောင့်ရှောက်ရင်း ထိုင်လျက်သား အိပ်ပျော်နေလေ၏။ ကျွန်မအိပ်ပျော်နေစဉ် အမွေးရှည်ရှည်နှင့် သိုးတစ် ကောင်သည် လှန်းထားသော ကောက်များကို လာ၍စားနေလေရာ ကျွန်မအိပ်ရာမှ နိုးပြီး သိုးကို ခြောက်လှန့်လိုက်မှ သိုးပြေးသွားလေ၏။

ကျွန်မသည် ပြန်၍အိပ်ပြန်ရာ သိုးသည်လည်း လာ၍ စားပြန် ၏။ ကျွန်မသည်လည်း အိပ်ရာမှနိုးကာ ခြောက်ရပြန်လေ၏။ သိုးသည် လည်းပြေးသွားပြန်လေ၏။ ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင်ခြောက်လှန့် ရပြီးနောက် ကျွန်မသည် မီးစကိုကိုင်၍ အိပ်ချင်ယောင်ဆောင်နေရာ သိုးလည်း လာမြဲလာ၍ စား၏။ ကျွန်မသည် မီးစနှင့် သိုးကို လိုက်၍ ရိုက်လေရာ သိုး၏အမွေးတို့ကို မီးစွဲလောင်မြိုက်လေ၏။

သိုးသည် ကိုယ်ကို မီးလောင်သဖြင့် မခံမရပ်နိုင်ဖြစ်ကာ တစ်ဟုန်တည်း ပြေးလွှား၍ ဆင်တင်းကုပ်အနီးရှိ တစ်ခုသော မြက် တင်းကုပ်၌ မီးငြိမ်းရန် ကိုယ်ကို ပွတ်တိုက်နေလေ၏။ မြက်တင်းကုပ် ကို မီးစွဲလောင်မြိုက်လေ၏။ မြက်တင်းကုပ်မှ ထသော မီးလျှံသည် ဆင်တင်းကုပ်ကိုစွဲ၍ ဆင်တင်းကုပ်ကို လောင်ပြန်ရာ ဆင်တင်းကုပ် ထဲရှိ ဆင်တို့သည် ကျောက်ကုန်း (ကျောကုန်း)တို့ကို မီးစွဲလောင်မြိုက် လေ၏။ မီးသည်လည်း ထိုအချိန်မှ စ၍ ငြိမ်းသွားလေ၏။ ဆင်များစွာ တို့မှာ ကျောက်ကုန်း (ကျောကုန်း)တို့၌ မီးလောင်ဖုများ ထလာကြ လေ၏။

http://www.dhammadownload.com

ဆင်ဆေးဆရာ ဆင်သမားတော်တို့သည် ထိုမီးလောင်ဖုများကို ပျောက်အောင် မကုသနိုင်ဖြင့် ဘုရင်မင်းမြတ်ထံ ရွှေနားတော်ကြား လျှောက်ထားကြရလေ၏။ ဘုရင်မင်းမြတ်သည် –

ပုရောဟိတ် ပုဏ္ဏားအား ထိုအကြောင်း အမိန့်ရှိကာ –

ဆရာကော ဆင်တွေအတွက် ဆေးဝါးများ မသိဘူးလားဟု မေးတော်မူလိုက်ရာ၊ မှန်လှပါသိပါကြောင်းပါဟု လျှောက်ထားလေ၏။

(ဘုရင်)သိရင် သံတော်ဦးတင်စမ်းပါ၊ ဆေးဝါးအတွက်ဘာများ အလိုရှိသလဲ။ လိုတာကို ပြောပါဆရာ –

(ပုရောဟိတ်) ကျီးဆီ (ကျီး၏အဆီ)ကို ရလျှင် ပျောက်အောင် ကုသနိုင်ပါကြောင်းပါ။

(ဘုရင်)သည် လိုဆိုလျှင် ကျီးတွေကို သတ်ပြီး အဆီကို ထုတ်ယူဖို့ အမိန့်တော်ပြန်လိုက်။

အထက်ပါ ဘုရင်မင်းမြတ် အမိန့်တော်အရ ဆိုင်ရာမင်းမှုထမ်းများသည် ကျီးများကို ဖမ်းယူသတ်ဖြတ်ကာ အဆီကို ရှာဖွေထုတ်ယူကြရာ အဆီကို မတွေ့ရသဖြင့် တစ်ကောင်ပြီးတစ်ကောင် ရာပေါင်းများစွာ ထောင်ပေါင်းများစွာ ကျီးများကို သတ်ဖြတ်ပြီး အသေကောင်များကို စုပုံထားကြလေ၏။ အဆီကိုကား မတွေ့ကြရချေ။ ကျီးတို့အတွက် ကပ်ဆိုက်သကဲ့သို့ ဖြစ်လာလေ၏။ ထိုအချိန်တွင် ဘုရားအလောင်းကျီးမင်းသည် ကျီးပေါင်း ၈၀၀၀၀ အခြံအရံနှင့် ဗာရာဏသီမြို့တော်၏ သချိုင်းတောကြီးထဲ၌ နေထိုင်လေ၏။ ကျီးတစ်ကောင်သည် ဘုရားအလောင်း ကျီးမင်းထံ ဝင်ရောက်ခစား၍ အထက်ပါ အကြောင်းများကို ပြောကြားလာလေ၏။ ဘုရားအလောင်းကျီးမင်းသည် ငါမှတစ်ပါးသောသူသည် ဤဘေးရန် ငြိမ်းသတ်ရန် စွမ်းနိုင်သူမရှိ။ ငါ၏အမျိုးသား ကျီးများအတွက် ငါကိုယ်တိုင် ဆောင်ရွက်မှ

http://www.dhammadownload.com

ဖြစ်တော့မည်ဟု ကြံစည်ကာ ပါရမီဆယ်ပါးကို ဆင်ခြင်၍ မေတ္တာ
ပါရမီကို ရှေ့သွားပြုလျက် ဘုရင်မင်းမြတ်၏ နန်းတော်သို့ တစ်ဟုန်
ထိုးပျံသန်းလာခဲ့လေ၏။ ဘုရားလောင်း ကျီးမင်းသည် ဘုရားမင်းမြတ်
စံမြန်းရာ နန်းတော်ဆောင်သို့ရောက်သောအခါ ဖွင့်ထား၍ ပွင့်နေသော
လေသွန်တံခါးဝမှဝင်၍ ဘုရင်မင်းမြတ်စံတော်မူရာ သလွန်တော်
အောက်သို့ဝင်ပြီး ခိုအောင်းနေလေ၏။ ထိုအခါ အနီးရှိ မင်းခစား
လုလင်တစ်ယောက်သည် ဘုရားလောင်းကျီးမင်းကို ဖမ်းရန်စီမံလေရာ
ဘုရင်မင်းမြတ်က ကိုးကွယ်ရာမရှိလို့ ကိုးကွယ်ရာလုပ်ပြီး ဝင်လာတာ
မဖမ်းပါနှင့်ဟု တားမြစ်ထားလေ၏။ ဘုရားလောင်းကျီးမင်းလည်း
အတန်ငယ် အပန်းဖြေ၍ မေတ္တာပါရမီကို ဆင်ခြင်ပြီး သလွန်တော်
အောက်မှ ထွက်လာကာ အရှင်မင်းမြတ် ဘုရင်တို့မည်သည် ဆန္ဒကတိ
စသည်မထားဘဲ အုပ်စိုးရန်သင့်ပါသည်။ မည်သည့်အမှုမဆို စုံစမ်း
ဆင်ခြင်၍ ပြုသင့်ပါသည်။ သည်လိုပြုတဲ့အခါမှာလည်း ဖြစ်မြောက်
နိုင်မယ့်ကိစ္စ ပြီးစီးနိုင်မယ့် ကိစ္စမျိုးသာ ပြုတော်မူသင့်ပါသည်။ မဖြစ်
မြောက်နိုင် မပြီးစီးနိုင်မယ့် ကိစ္စများကို ပြုတော်မူပါက များစွာသော
သတ္တဝါများအတွက် သေဘေးအဆုံးရှိသော ကြီးစွာသောဘေးကြီး
ဆိုက်ရောက်တတ်ပါသည်။ ပုရောဟိတ်ဟာ ကျီးတို့အပေါ်မှာ ရန်ငြိုးဖွဲ့
ပြီး မဟုတ်မမှန် အကြံပေးခြင်း ဖြစ်ပါသည်။ ကျီးတို့မည်သည် အဆီ
မရှိပါဟု လျှောက်ထားလိုက်လေ၏။

ဘုရားမင်းမြတ်သည် ဘုရားလောင်းကျီးမင်း၏ လျှောက်ထား
ချက်ကို ကြားရသဖြင့် ကြည်ညိုစိတ်ဖြစ်ပေါ်လာကာ ကျီးမင်းအား
ကောင်းမွန်သော ရွှေအင်ပျဉ်ပေါ်၌နေစေလျက် ဘုရားလောင်း၏
အတောင်ကြားတို့ကို အကြိမ်တစ်ရာ အကြိမ်တစ်ထောင် ချက်အပ်
သောဆီတို့ဖြင့် လိမ်း၍ ရွှေခွက်ငယ်နှင့် မင်းတို့အားသာ ထိုက်တန်
သော ကောင်းမွန်သည့် ဘောဇဉ်တို့ကို ကျွေးမွေးလေ၏။ ဘုရား

http://www.dhammadownload.com

လောင်းကျိုးမင်းလည်း ဘေးကင်းရန်ကင်းနှင့် ကောင်းမွန်သော ထမင်းဟင်းတို့ကို စားသောက်လေ၏။ ဘုရားလောင်းကျိုးမင်း အစာရေစာ စားသောက်ပြီးသောအခါ ဘုရင်မင်းမြတ်က –

ပညာရှိသင်သည် ကျီးတို့၌ အဆီမည်သည်မရှိဟု ပြောတယ်။ ဘယ်အကြောင်းကြောင့် ကျီးတို့မှာ အဆီမရှိတာလည်း မေးမြန်းတော်မူလေ၏။

ဘုရားလောင်းကျိုးမင်းသည် ဘုရင်မင်းမြတ်၏ အမေးစကားကြောင့် ဤအကြောင်း ဤအကြောင်းများကြောင့် အဆီမရှိ နန်းတော်တစ်ခုလုံး တစ်စပ်တည်းသော အသံရှိသည်ကို ပြုလျက် –

အရှင်မင်းမြတ် ကျီးတို့မည်သည် အမြဲတမ်း ထိတ်လန့်တုန်လှုပ်သော စိတ်နှလုံးရှိကြပါသည်။ ၎င်းပြင် ကျီးတို့သည် အလိုရှိသောလူများကို ညှဉ်းဆဲတတ်ကြပါသည်။ မင်းဆွေစိုးမျိုး ပုဏ္ဏားမျိုးစသည် မကျန် ယောကျ်ား မိန်းမ အပျို လူပျို ကလေး လူငယ်အရွယ်အစားစား လူအများကို ညှဉ်းဆဲကာ ပင်ပန်းအောင် လုပ်တတ်ကြပါသည်။ ဤဆိုခဲ့ပြီးသော အကြောင်း၂ ချက်ကြောင့် ကျွန်တော်တို့ အမျိုးသား ကျီးများမှာ အဆီမရှိခြင်းဖြစ်ပါသည်။ လွန်လေပြီးသောအခါကလည်း ကျီးများမှာ အဆီမရှိခဲ့ဖူး၊ လာလတ္တံ့သော အနာဂတ်ကာလ၌လည်း ကျီးများတွင် အဆီရှိလိမ့်မည် မဟုတ်ပါ။ သို့အတွက် အရှင်မင်းမြတ်သည် အမှုကိစ္စများကို မစူးစမ်းမဆင်ခြင်ဘဲ ပြုတော်မမူသင့်ကြောင်း လျှောက်ထားလိုပါတယ်ဟုအကျယ်တဝင့်တရားဟောသကဲ့သို့ဟောပြလေ၏။ ဘုရင်မင်းမြတ်လည်း နှစ်သက်တော်မူလှ၍ ဘုရားလောင်းကျိုးမင်းအား ထီးနန်းစည်းစိမ်ဖြင့် ပူဇော်လေရာ ဘုရား လောင်းကျိုးမင်းလည်း ထီးနန်းစည်းစိမ်ကို ဘုရင်မင်းမြတ်အား ပြန်လည်အပ်နှင်း၍ ရှင်ဘုရင်ကို ငါးပါးသီလ၌တည်ရလျက် အလုံးစုံသောသတ္တဝါတို့အား ဘေးမဲ့ပေးရန် တောင်းလေ၏။ ဘုရင်မင်းမြတ်လည်း ဘုရားလောင်း

http://www.dhammadownload.com

ကျိုးမင်း၏ တရားတော်ဒေသနာကို ကြားနာရ၍ အလုံးစုံသော သတ္တဝါတို့အား ဘေးမဲ့ပေးလျက် ကျိုးတို့အားမူ အမြဲတမ်း အလျှုဝတ် လုပ်ကာ နေ့တိုင်း နေ့တိုင်း တစ်ဆယ့်တစ်စိတ်သောဆန်ကို ချက်ပြီး အထူးထူးအပြားပြား မြတ်သောအရသာရှိသည့် ဟင်းတို့ဖြင့် နယ်၍ ကျွေးမွေးခဲ့လေ၏။

၁၇။ ဥပုသ်စောင့်ခြင်း၊ ရေတွင်းရေကန်တူးခြင်းစတဲ့ အပြစ်မရှိတဲ့ အမှုအလုပ်တွေကို ပြုလုပ်ခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

၁၈။ မကောင်းမှုမှ စိတ်ဖြင့် ဝေးစွာရှောင်ကြဉ်ခြင်း။

၁၉။ မကောင်းမှုမှ ကိုယ်နှုတ်တို့ဖြင့် ဝေးစွာ ရှောင်ကြဉ်ခြင်း။

၂၀။ ဘိန်းဘင်းကဖော် လော်ဇာအရက် မူးယစ်စေတတ်တဲ့ သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းဆိုတာတွေဟာလည်း မင်္ဂလာတရားတွေဖြစ်ပါတယ်။

၂၁။ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

အပ္ပမာဒဆိုတဲ့ မမေ့မလျော့တဲ့တရားဟာ သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ရေးအတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ထင်ရှားစေချင်တဲ့အတွက် မဟာဝဂ္ဂသံယုဂ် ပါဠိတော်ထဲမှာ မြတ်စွာဘုရားဟောကြားထားတော်မူခဲ့တာကို ဖော်ပြလိုပါတယ်။

အကြင်သို့ သဘောရှိကုန်သော အခြေမရှိသောသတ္တဝါ၊ အခြေနှစ်ချောင်းရှိသောသတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ၊ အခြေများစွာရှိသောသတ္တဝါ အစရှိသော အားဖြင့် များစွာသောသတ္တဝါတို့သည် ရှိကြကုန်၏။ ထိုသတ္တဝါအပေါင်းတို့တွင် လူ နတ်တို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို အမြတ်ဆုံးဟု ဆိုရသကဲ့သို့လည်းကောင်း၊ ကုန်း၌ကျက်စားကုန်သော သတ္တဝါ၏ခြေရာပေါင်းတို့တွင်

http://www.dhammadownload.com

ဆင်ခြေရာသည် အကြီးဆုံးဖြစ်သကဲ့သို့လည်းကောင်း၊ အမြစ်နံ့သာမျိုးတို့တွင် အကျော်အနက်၊ အနှစ် နံ့သာမျိုးတို့တွင် စန္ဒကူးနီ၊ အပွင့်နံ့သာမျိုးတို့တွင် မိုးစွေပွင့်သည် အကောင်းဆုံး အမြတ်ဆုံးဖြစ်သကဲ့သို့လည်းကောင်း၊ ညကိုထွက်သော နက္ခတ်တာရာ ကြယ်တာကာတို့တွင် လမင်း၏အရောင်သည် အလင်းဆုံး ဖြစ်သကဲ့သို့လည်းကောင်း၊ အလုံးစုံရှိရှိသမျှသော ကုသိုလ်တရားတို့သည် အပ္ပမာဒတရားသာလျှင် အရင်းအမြစ်ဖြစ်၍ အပ္ပမာဒတရားသည်သာလျှင် အကြီးဆုံး အမြတ်ဆုံးဖြစ်၏။

မမေ့မလျော့တဲ့တရားမှာ ရဟန်းတွေလိုက်နာဖို့ အပ္ပမာဒ တရားကတစ်မျိုး၊ လူတွေလိုက်နာဖို့ အပ္ပမာဒတရားကတစ်မျိုးဆိုပြီး အပ္ပမာဒတရား နှစ်မျိုးရှိပါသေးတယ်။ အဲဒါကြောင့် လူတွေလိုက်နာဖို့ အပ္ပမာဒတရားကို ဖော်ပြလိုပါသည်။

လူ့အပ္ပမာဒ

လူတို့မှာလည်း ညအိပ်ရာဝင်လျှင် ဘုရားပုထိုးရှိခိုးဝတ်တက်ခြင်း၊ ပရိတ်မေတ္တာပို့ခြင်း၊ နံနက်စောစောထ၍ ဘုရားပုထိုးရှိခိုး ဝတ်တက်ခြင်း၊ ဆွမ်းတော်ချက်ခြင်း၊ ဆွမ်းတော်တင်ခြင်း၊ သံဃာတော်တို့အား ဆွမ်းလောင်းခြင်း၊ သီလရှင်သူတော်စသည်တို့ အလှူခံလာသောအခါ ဆွမ်း ဆန် ပိုက်ဆံစသည်တို့ကို တစ်ဆုပ်တစ်ပြားမျှဖြစ်စေ ပေးလှူခြင်း၊ ဥပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေခြင်း၊ ရဟန်းကျောင်းသို့ မကြာမကြာ အဖူးအမြော်ရောက်ခြင်း၊ ရှစ်ရက် လပြည့်လကွယ်တိုင်း ဥပုသ်သီတင်းစောင့်သုံးခြင်း၊ ဆရာမိဘစသော သူတို့၌ပြုရမည့်ဝတ်ကို မချွတ်အောင်ပြုခြင်း၊ စွမ်းနိုင်သောအခါ အလှူဒါနတို့ကိုပြုခြင်း၊ ရံခါရံခါ ရုပ်နာမ်ခန္ဓာတို့၏ အဖြစ်အပျက်တို့ကို ထင်မြင်အောင်ရှုခြင်း စသောအားဖြင့် ကုသိုလ်တရားတို့၌ မမေ့မလျော့

http://www.dhammadownload.com

အားထုတ်ခြင်းသည် (အပ္ပမာဒ)မည်၏။

မမေ့မလျော့ခြင်းရဲ့ အကျိုးကို လူကြီးမင်းများ သိစေလိုတဲ့အတွက် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်မှာ မြတ်စွာဘုရား ယခင်ဟောကြားထားတော်မူခဲ့တာကို ကျွန်တော် ဖော်ပြလိုပါတယ်။

သဂါထာဝဂ္ဂသံယုတ်ပါဠိတော်

သတိမတော၊ မေ့လျော့ခြင်းမရှိသတိနှင့် ပြည့်စုံသောသူအား သဒ္ဒါ၊ အခါခပ်သိမ်း။ ဘဒ္ဒံ၊ ကောင်းမြတ်ခြင်းသည် ဟောတိ ဖြစ်၏။ သတိမာ၊ မေ့လျော့ခြင်းမရှိ။ သတိနှင့်ပြည့်စုံသောသူသည် သုခံ။ ချမ်းချမ်းသာသာ။ ဧဓတိ၊ ကြီးပွားနိုင်၏။ သတိမတော၊ မေ့လျော့ခြင်းမရှိ။ သတိနှင့်ပြည့်စုံသောသူအား။ သုဝေ၊ နေ့ဆက် ရက်ဆက်နံနက်မိုးလင်းတိုင်း၊ သေယျော၊ မြတ်သည်ထက်မြတ်ခြင်းသည် ဟောတိဖြစ်၏။ ဝေရာစ။ ရန်သူမျိုးငါးပါးမှလည်း ပရိပုစ္စတိ၊ လွတ်မြောက်ရ၏။

၂၂။ ရိုသေထိုက်တဲ့သူတို့ကို ရိုသေခြင်း၊

၂၃။ မာန်မာနကို နှိမ့်ချခြင်း၊

၂၄။ ရသမျှဖြင့် ရောင့်ရဲလွယ်ခြင်းဆိုတာတွေဟာလည်း မင်္ဂလာတရားတော်ပဲ ဖြစ်တယ်။

အလောင်းတော် တေမိမင်းဖြစ်စဉ်အခါက တံပြင်းရွက်ကိုသာ စားနေပါတယ်။ အဲဒီအရွက်ကိုသာ စားနေပေတဲ့ နန်းတော်ထဲမှာ အဆီအသားတွေကို စားနေတဲ့ နန်းတော်သူ နန်းတော်သားတွေထက် တေမိမင်းသားက ပိုပြီး အဆင်းလှပနေတယ်။ အဲဒီတော့ ခမည်းတော်ရှင်ဘုရင်ကြီးက ချစ်သား ဘာမျှမဟုတ်တဲ့ တံပြင်းရွက်ပြုတ်ကိုသာ စားနေပေမဲ့ ချစ်သားရဲ့အဆင်းဟာ လှပတင့်တယ်နေတာ ဘာကြောင့်ပါလဲလို့ မေးပါတယ်။ အဲဒီအခါ တေမိမင်းသားက ခမည်းတော်သားတော်မောင်ဟာ အနာဂတ်မှာပေါ်ပေါက်လာမယ့် လာဘ်ကိုလည်း

http://www.dhammadownload.com

တောင့်တ မျှော်လင့်ခြင်းမရှိ။ လွန်ပြီးတဲ့ လာဘ်အတွက်လည်း မစိုးရိမ် မကြောင့်ကြ။ ယခု ပစ္စုပ္ပန်ကာလမှာ ရသမျှနဲ့ပဲ ရောင့်ရဲပါတယ်လို့ ပြန်ပြီး သံတော်ဦးတင်တယ်။

၂၅။ သူပြုဖူးသော ကျေးဇူးကို သိခြင်းဟာလည်း မင်္ဂလာ တစ်ပါး ဖြစ်ပါတယ်။

အင်္ဂုတ္တရနိကာယ်ပါဠိတော်မှာ –

၁။ သူတစ်ပါး၏ကျေးဇူးကို မသိတတ်သော ပုဂ္ဂိုလ်မျိုးဟာ အသပ္ပုရိသ (ဝါ) လူယုတ်မာမည်၏။

၂။ သူတစ်ပါး၏ကျေးဇူးကို သိတတ်သော ပုဂ္ဂိုလ်မျိုးဟာ သပ္ပုရိသ(ဝါ)သူတော်ကောင်းမည်လို့ မြတ်စွာဘုရားသခင် ဟောကြား တော်မူခဲ့ပါတယ်။

ဒီဒေသနာတော်အရ ပုဂ္ဂိုလ်တစ်ဦးရဲ့ သန္တာန်မှာ အခြား မကောင်းတဲ့တရားတွေ မည်မျှကိန်းဝပ်နေပေမဲ့ ကတညုူ၊ ကတဝေဒီ ဆိုတဲ့ သူတစ်ပါးရဲ့ ကျေးဇူးကိုသိတတ်တဲ့ တရားရှိနေရင်၊ ဒီပုဂ္ဂိုလ် မျိုးကိုလည်း သပ္ပုရိသ (ဝါ)သူတော်ကောင်းလို့ပဲ ခေါ်ဆိုနိုင်ပါတယ်။

ဒီကတညုူ ကတဝေဒီတရားရှိတဲ့ ပုဂ္ဂိုလ်မျိုးဟာ ဒုလ္လဘဖြစ် ကြောင်းကို –

၁ မြတ်စွာဘုရားပွင့်တော်မူခြင်းကို ရခဲလှ၏။

၂ မြတ်စွာဘုရား ဟောကြားထားသော တရားတော်များကို ဟောပြောပေးမည့် ပုဂ္ဂိုလ်မျိုးကို ရခဲလှ၏။

၃ သူတစ်ပါး၏ကျေးဇူးကို သိတတ်သော ပုဂ္ဂိုလ်မျိုးကို ရခဲလှ ၏လို့ အင်္ဂုတ္တရနိကာယ်ပါဠိတော်ထဲမှာ မြတ်စွာဘုရား ဟောကြား ထားခဲ့တဲ့ ဒေသနာတော်အရ ကောင်းကောင်းကြီး သိနိုင်ကြပါတယ်။

ကျေးဇူးရှင်ကို ပြစ်မှားလို့ ဒုက္ခတွေ့ခဲ့ရတဲ့ သာဓကတစ်ခုကို ကျွန်တော် ထုတ်ပြပါရစေ။

http://www.dhammadownload.com

ကျေးဖူးရှင်ကို ပြစ်မှား၍ ဒုက္ခတွေ့ရသော မင်းသား၀တ္ထု။

သစ္စံကိရဇာတ်

(ဇာတကအဋ္ဌကထာမှ တိုက်ရိုက်ဘာသာပြန်ဆိုချက်။)

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း အုပ်စိုးစဉ် ဗြဟ္မဒတ်မင်း၏ သားတော် ဒုဋ္ဌကုမာရမည်သော မင်းသားတစ်ပါး ရှိ၏။ ၎င်းသည် ရုန့်ရင်းကြမ်းကြုတ်၏။ မြွေဟောက်ကဲ့သို့ ဒေါသကြီး၏။ သူတစ်ပါးကို မဆဲရေးဘဲ၊ မပုတ်ခတ်ဘဲ၊ စကားပြော၍မဖြစ်။ လူအများသည် ၎င်းအား လူသားစားရန်လာသော ဘီလူးကဲ့သို့ ထင်မှတ်ကြ၏။ ထိတ်လန့်ကြ၏။ တစ်နေ့သ၌ ထိုမင်းသားသည် မြစ်ကစားခြင်းငှာ (ရေကစားခြင်းငှာ) အခြွေအရံများစွာနှင့် မြစ်ကမ်းနားသို့ ထွက်ခဲ့လေ၏။ ထိုခဏ၌ မိုးမှောင်တူသော မိုးကြီးသည်းထန်စွာ ရွာသွန်းလာ၏။ မင်းသားသည် မိမိ၏ လက်ပါးစေ ကျေးကျွန် အပေါင်းတို့အား –

ငါ့ကို မြစ်လယ်ခေါင်ဆောင်ယူပြီး ရေချိုးပေးစမ်းဟု ခိုင်း၍ လက်ပါးစေ ကျေးကျွန်အပေါင်းတို့လည်း မင်းသားကို မြစ်လယ်ခေါင်သို့ ဆောင်ယူကြပြီးလျှင် အချင်းချင်း တိုင်ပင်ကာ သည်လူယုတ်မာကို မြစ်လယ်ခေါင်မှာ သေစေအံ့ဟု ကြံ၍မင်းသားကို ရေစီးထဲ၌ မျောချ လိုက်ပြီးနောက် မိမိတို့မှုကား ကမ်းသို့ပြန်လာခဲ့ကြလျက် ကမ်းပါးပေါ်မှာ ကြည့်နေကြကုန်၏။ အခြားသူတို့က မင်းသားဘယ်မှာလဲဟု မေးကြရာ မင်းသားကို ငါတို့မမြင်ကြပါ။ မိုးတွေတက်လာတာမြင်လို့ ရေထဲငုပ်ပြီး ကမ်းစပ်ကို အလျင်သွားနှင့်တယ်ထင်တာပါပဲဟု ပြောဆိုကြကုန်၏။ ဤအကြောင်းကို မှူးမတ်များက ဘုရင်မင်းမြတ်ထံ သံတော်ဦးတင်ကြ၍ ဘုရင်မင်းမြတ်အမိန့်တော်နှင့် မင်းသားကို ရှာဖွေကြသော်လည်း မတွေ့ကြရတော့ချေ။ ဒုဋ္ဌကုမာရမင်းသားလည်း

http://www.dhammadownload.com

မိုးမှောင်ကြီးကျနေစဉ် ရေစီးထဲ၌ မျောပါရင်း ထင်းတုံးကြီးတစ်ခုကို တွေ့၍ ထိုထင်းတုံးကြီးကိုစီးကာ သေရမည့်ဘေးမှ ကြောက်လန့်သဖြင့် ကယ်ကြပါ ယူကြပါ တစာစာနှင့် ဟစ်အော် ငိုကြွေးရင်း လိုက်ပါသွားလေ၏။ မကြာမီ မြွေတစ်ကောင်နှင့် ကြွက်တစ်ကောင်လည်း ရေစီးထဲတွင် မျောပါလာပြီး မင်းသားစီးလာသော ထင်းတုံးနှင့်တွေ့၍ ထင်းတုံးကြီး၏ ထောင့်စွန်းတစ်ခုတွင် မြွေကတွယ်၍ အခြားထောင့်စွန်းတစ်ခုတွင် ကြွက်ကတွယ်ပြီး ကပ်မြှောင် လိုက်ပါလာကြလေ၏။ မကြာမီ ကျေးသားတစ်ကောင်လည်း ရေပေါ်၌ ပျံသန်းနေရင်းက မိုးရွာသဖြင့် မပျံသန်းနိုင်တော့ဘဲ မင်းသားစီးလာသော ထင်းတုံးပေါ်သို့ တက်ရောက်လာတာ ထင်းတုံး၏ တစ်ခုသော နံပါးဘေးဘက်၌ ပု၍ လိုက်ပါလာလေ၏။ ဤသို့အားဖြင့် ထင်းတုံးကြီးတစ်ခုတည်း၌ သတ္တဝါ ၄ ဦးတို့ အတူစီးကာ မျောပါလာကြလေ၏။

မြွေ၊ ကြွက်၊ ကျေးသားတို့၏ အတ္တုပ္ပတ္တိ

မြွေ၏အကြောင်း

ဗာရာဏသီပြည်မှ သူဌေးကြီးတစ်ဦးသည် မြစ်ကမ်းနား၌ ကုဋေ ၄၀သော ဥစ္စာများကို မြှုပ်နှံထားရာ သေသောအခါ ဥစ္စာလောဘဇောတပ်မက်၍ ဥစ္စာမြှုပ်နှံထားရာ အရပ်၌ မြွေဖြစ်နေလေ၏။ ထိုမြွေသည် မိုးကြီးသည်းထန်စွာ ရွာချစဉ် မိမိနေရာသို့ ရေများဝင်လာ၍ မနေနိုင်သဖြင့် ထွက်လာရင်း ရေစီးထဲ၌မျောပါလာခြင်းဖြစ်ပေ၏။

ကြွက်အကြောင်း

ဗာရာဏသီပြည်မှ သူဌေးတစ်ဦးသည် မြစ်ကမ်းနား၌ ကုဋေ ၃၀သော ဥစ္စာများကို မြှုပ်နှံထားရာ သေသောအခါ ဥစ္စာလောဘဇောတပ်မက်၍ ဥစ္စာမြှုပ်နှံရာအရပ်၌ ကြွက်ဖြစ်နေလေ၏။ ထိုကြွက်သည်

http://www.dhammadownload.com

မိုးသည်းထန်စွာရွာချစဉ် မိမိနေရာသို့ ရေများဝင်လာ၍ မနေနိုင်သဖြင့် ထွက်လာရင်း ရေစီးထဲ၌ မျောပါလာခြင်း ဖြစ်ပေ၏။

ကျေးသား၏ အကြောင်း

ကျေးသားကား အထက်ပါ မြွေနှင့် ကြွက်ကဲ့သို့ လူဝင်စား မဟုတ်ပေ။ ရိုးရိုး တိရစ္ဆာန်ပင်ဖြစ်၏။ မြစ်ကမ်းနားရှိ လက်ပံပင် တစ်ပင်၌နေ၏။ မိုးကြီးသည်းထန်စွာရွာ၍ ရေတက်ပြီး လက်ပံပင်၏ အမြစ်ကို ရေတိုက်စားသွားရာ လက်ပံပင်သည် မြစ်ထဲသို့ လဲကျသွား လေ၏။ ကျေးသားသည် လက်ပံပင် မြစ်ထဲလဲကျသွား၍ ဆောက် တည်ရာမရှိတော့သဖြင့် ကောင်းကင်သို့ ပျံသန်းရာ မိုးသည်းထန်နေ ၍ မပျံနိုင်တော့ဘဲ အခန့်သင့်စွာ မျောလာသော အထက်ပါ ထင်းတုံး ပေါ်သို့ ရောက်လာခြင်း ဖြစ်ပေ၏။

ဘုရားလောင်းရသေ့

ဂေါတမမြတ်စွာဘုရား၏ အလောင်းသည် ထိုအခါ၌ ကာသိ တိုင်းတွင် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်သောအခါ ရသေ့ပြု လုပ်ပြီး အထက်ပါမြစ်၏တစ်ခုသော မြစ်ကွေ့တွင် သစ်ရွက်မိုးသော ကျောင်းနှင့်နေထိုင်လျက်ရှိလေ၏။ အချိန်ကား ညသန်းခေါင်ဖြစ်၏။ ဘုရားလောင်းရသေ့သည် သန်းခေါင်အချိန်၌ စင်္ကြံသလားနေရာ မြစ်ထဲမှ မင်းသား၏ ဟစ်အော်ငိုကြွေးသံကို ကြားရ၍ ငါကဲ့သို့ မေတ္တာ ကရုဏာနှင့်ပြည့်စုံသော ရသေ့မြင်တွေ့နေရပါလျက် ဤယောကျ်ား၏ သေခြင်းသည် မသင့်။ ရေထဲမှ ဆယ်တင်၍ ဤယောကျ်ားအား ဇီဝိတဒါနပြုအံ့ဟု ကြံစည်ကာ ရေအယဉ်ကိုဖြတ်ကူး၍ ထင်းတုံး၏ တစ်ခုသော ထောင့်စွန်းကို ဆွဲယူလျက် ဆင်ပြောင်အားကဲ့သို့သော ခွန်အားဗလမျိုးဖြင့် ကမ်းစပ်သို့ တစ်ဟုန်တည်း ကူးလာခဲ့လေ၏။

http://www.dhammadownload.com

ရောက်သောအခါ မင်းသားကို ပွေ့ချီယူငင်၍ ကမ်းစပ်ပေါ်သို့ တင်ထား၏။ ထိုနောက် မြွေ၊ ကြွက်၊ ကျေးသားတို့ကိုလည်း တွေ့ရှိရသဖြင့် ကမ်းပေါ်သို့တင်ကာ ၄ ဦးလုံးကို မိမိကျောင်းသို့ ယူဆောင်ပြီး အအေး မမိစေရန် မီးဖိုပြီးလှုံစေ၏။ ထိုသို့မီးလှုံစေရာ မင်းသားထက် မြွေ ကြွက် ကျေးသားတို့မှာ ပိုမိုအားနည်းနေသည်ကို တွေ့မြင်ရသဖြင့် ၎င်းတို့ ၃ ဦးအား ပထမဆုံးမီးလှုံပေးပြီးမှ မင်းသားကို နောက်မှ မီးလှုံပေးလေ၏။ ရှင်ရသေ့သည် ၄ ဦးလုံးကို မီးလှုံစေပြီးနောက် အစာအာဟာရများ ကျွေးမွေးလေရာ ထိုသို့ကျွေးမွေးသောအခါ၌လည်း ပိုမို အင်အားနည်း နေသော မြွေ ကြွက် ကျေးသားတို့အား ပထမဆုံးကျွေးမွေး၍ နောက်မှ မင်းသားကို သစ်သီးကြီးငယ်တို့ဖြင့် ကျွေးမွေးလေ၏။ မင်းသားသည် ဤကဲ့သို့ မိမိအား နောက်ထား၍ပြုမူသည်ကို မကျေနပ်ဖြစ်ကာ –

သည်ရသေ့စဉ်းလဲဟာ ငါကဲ့သို့မင်းသားကို အရေးအတွက် စာရင်းမသွင်းဘဲ တိရစ္ဆာန်တွေကိုသာ ဦးစားပေးပြီး မြတ်နိုးစေတနာ ပြုစုတယ်ဟု နှလုံးသွင်းလျက် ဘုရားလောင်းရသေ့ပေါ်၌ ရန်ငြိုးဖွဲ့ထား လိုက်လေ၏။ ထိုနေ့မှ ၂ရက် ၃ရက်လွန်မြောက်သောအခါ ဘုရား လောင်းရသေ့၏ ပြုစုချက်ကြောင့် ၄ဦးလုံး အားခွန်ဗလနှင့် ပြည့်စုံကာ ပကတိဖြစ်လာကြလေ၏။ မိုးကြီးသည်းထန်စွာ ရွာသွန်းမှုအတွက် တက်နေသော ရေအယဉ်များလည်း ပြတ်စဲခဲ့လေ၏။ မြွေသည် ရှင်ရသေ့ကို ရှိခိုးကန်တော့၍ –

တပည့်တော်အပေါ်၌ အရှင်ဘုရား၏ကျေးဇူးသည် ကြီးလှပါ ပေသည်။ တပည့်တော်ဟာ သူဆင်းရဲမဟုတ်ပါ။ ဤမည်သော အရပ် တွင် ကုဋေ ၄၀ သော ဥစ္စာများ မြှုပ်ထားတာ ရှိပါတယ်။ အရှင်ဘုရား မှာ ငွေကြေးကိစ္စနဲ့ ပတ်သက်လို့ အလိုရှိလာတဲ့အခါ ဤအလုံးစုံသော ဥစ္စာများကို အရှင်ဘုရားအားပေးလှူနိုင်ပါသည်။ အရေးရှိလျှင် တပည့် တော်ညွှန်ကြားထားတဲ့နေရာကို ကြွလာပြီး ဒီဃလို့သာ ခေါ်လိုက်ပါဟု

http://www.dhammadownload.com

လျှောက်ထားလျက် ရှင်ရသေ့အား ဝတ်ချကာ နှုတ်ဆက်သွားလေ၏။

ကြွက်ကလည်း မြွေနည်းတူ မိမိဌ်ရှိသော ကုဋေ ၃၀သော ဥစ္စာကို အလိုရှိသောအခါ အားလုံးပေးလှူနိုင်ကြောင်းနှင့် ပင့်ဖိတ်၍ မိမိကိုတွေ့ရန် ဤမည်သောအရပ်သို့လာခဲ့ပြီး ကြွက်ဟု ခေါ်လိုက်ပါမူ ထွက်လာခဲ့မည့်အကြောင်း လျှောက်ထားကာ ရှိခိုးကန်တော့ပြီး နှုတ်ဆက်သွားလေ၏။

ကျေးသားကလည်း မြွေ၊ ကြွက်တို့နည်းတူ ကျေးဇူးဥပကာရ တင်ရှိကြောင်း လျှောက်ထား၍ တပည့်တော်တို့မှာ ဥစ္စာပစ္စည်းတော့ မရှိပါ။ သို့ရာတွင် သလေးနီဆန်စပါးကို အရှင်မြတ် အလိုတော်ရှိပါမူ တပည့်တော်၏ ဆွေမျိုးဉာတကာ ကျေးသားများနှင့် လှည်းအစီးပေါင်း မြောက်မြားစွာပြည့်သွားအောင် သလေးနီဆန်စပါးများကို ဆောင်ကြဉ်း ပေးနိုင်ပါတယ်ဘုရား။ တပည့်တော်ကို တွေ့လိုက ဤမည်သောအရပ် ကြွလာပြီး ကျေးသားလို့ခေါ်လိုက်ပါဟု ပင့်ဖိတ်ကာ နှုတ်ဆက်ဝတ်ချ ပြီး ထွက်သွားလေ၏။

အဆွေခင်ပွန်းကို ပြစ်မှားရန်၊ ကျေးဇူးရှင်ကို ကျေးဇူးကန်းရန် ကြံစည်နေသောမင်းသားလည်း လောကကျင့်ဝတ်အရ တစ်စုံတစ်ခု သောစကားကိုမပြောဆိုဘဲထွက်သွားလျှင် မသင့်တော်၊သူများနည်းတူ ဖိတ်ကြားမှပင်ကောင်းမည်။ ဖိတ်ကြားသည့်အတိုင်း လိုက်လာခဲ့တဲ့ အခါမှ သတ်ပစ်မည်ဟု ကြံစည်၍ –

တပည့်တော် ရှင်ဘုရင်ဖြစ်တဲ့အခါ ကြွလာတော်မူခဲ့ပါ။ အရှင် ဘုရားကို ပစ္စည်း၄ပါးနှင့် တပည့်တော် စောင့်ရှောက်ပြုစုပါမည် ဘုရားဟု လျှောက်ထားပြီး ဝတ်ချကာ နှုတ်ဆက်ထွက်သွားလေ၏။ မင်းသားသည် ဗာရာဏသီပြည်သို့ ပြန်ရောက်ပြီး မကြာမီပင် ရှင်ဘုရင် ဖြစ်ခဲ့လေ၏။

http://www.dhammadownload.com

ဘုရားအလောင်းရသေ့ ခရီးထွက်လာခြင်း

ဘုရားအလောင်းရသေ့သည် မိမိကယ်တင်ခဲ့သော သတ္တဝါ ၄ဦးအား စုံစမ်းရန် ထွက်ကြွလာခဲ့ရာ၊ ပထမဆုံး မြွေထံသို့ဝင်၍ ဒီဃဟု ခေါ်လိုက်လေ၏။ မြွေလည်း တစ်ခွန်းတည်းခေါ်ရုံနှင့် ထွက်လာပြီး ရှင်ရသေ့ကို ရှိခိုးကာ –

အရှင်ဘုရား ကုဋေ ၄၀ ဥစ္စာတွေဆိုတာ သည်မှာပါပဲ။ အားလုံး ထုတ်ဆောင်ပြီး ယူသွားတော်မူပါဟု ပေးအပ်နှင်းလေ၏။ ဘုရားလောင်းလည်း ကောင်းပြီ အရေးကိစ္စပေါ်ရင်သိရမှာပေါ့ဟု ပြောပြီး မြွေကိုပြန်လွှတ်ကာ ကြွက်ထံသို့ လာခဲ့လေ၏။ ကြွက်လည်း ထိုနည်းတူစွာ ရှိသမျှဥစ္စာကို ရှင်ရသေ့အား နှင်းအပ်ပေးလှူရာ ရှင်ရသေ့လည်း မြွေကို ပြောသည့်နည်းတူ ပြောဆိုပြီး ကျေးသားထံသို့ လာခဲ့လေ၏။ ကျေးသားလည်း တစ်ခွန်းတည်း လိုက်ရုံနှင့် သစ်ပင်ထက်မှ ဆင်းသက်လာပြီး ရှိခိုးဝတ်ချကာ –

ဘယ်လိုပါလဲ အရှင်ဘုရား တပည့်တော်ရဲ့ ဆွေမျိုးကျေးသားတွေခေါ်ပြီး ဟိမဝန္တာက အလိုလိုပေါက်တဲ့ သလေးနီဆန်စပါးတွေ သွားပြီး ဆောင်ကြဉ်းရတော့မလား။ ဆောင်ကြဉ်းပါမည်။ အားမနာပါနှင့် ဘုရားဟုလျှောက်ထားလေ၏။ ရှင်ရသေ့လည်း မြွေနှင့်ကြွက်ကို ပြောသည့်နည်းတူ အရေးကိစ္စရှိတဲ့အခါ သိရမှာပေါ့ဟုပြောပြီး ကျေးသားထံမှ ထွက်ခွာလာခဲ့၏။ ရှင်ရသေ့သည် ရှင်ဘုရင်ဖြစ်နေသူ မင်းသားကို စုံစမ်းအံ့သောငှာ ဗာရာဏသီပြည်သို့လာခဲ့၍ ဘုရင်မင်းမြတ်၏ ဥယျာဉ်တော်ထဲ၌ ခေတ္တစခန်းချကာ နောက်တစ်နေ့နံနက်တွင် ကြည်ညိုဖွယ်သောအသွင်ကိုဆောင်လျက် ဗာရာဏသီမြို့တော်ထဲသို့ ဆွမ်းခံထွက်ခဲ့လေ၏။ ထိုအချိန်တွင် ရှင်ဘုရင်သည် မင်္ဂလာဆင်တော်ကို စီး၍ အခြွေအရံများစွာနှင့် မြို့တော်ကို လက်ယာရစ်လှည့်

http://www.dhammadownload.com

နေခိုက် ကြုံကြိုက်နေလေ၏။ ရှင်ဘုရင်သည် ဆင်တော်ထက်မှ ဘုရားလောင်းရသေ့ကို မြင်တော်မူရာ သည်ရသေ့စဉ်းလဲဟာ ငါ့ဆီကို စားသောက်နေရအောင်လာတာပဲ။ ငါ့အပေါ်မှာ သူပြုဖူးတဲ့ ကျေးဇူးကို လူအများအား ပြောမပြသေးမီ ဒင်း၏ဦးခေါင်းကို ဖြတ်ပစ်စေမှဘဲဟု ကြံ၍ မိမိ၏ငယ်ကျွန်တော် မင်းချင်းယောကျ်ားများအား ခေါ်ငင်ကာ အမိန့်ပေးလိုက်လေ၏။

အမိန့်ပေးပုံ

ဒီရသေ့စဉ်းလဲကို မြင်တယ် မဟုတ်လား။ ငါ့ဆီကို တစ်စုံတစ်ရာကို တောင်းခံရအောင် လာတာထင်တယ်။ ဒီရသေ့စဉ်းလဲအား ငါ့ကို တွေ့မြင်ခွင့်မပေးဘဲ ဖမ်းယူပြီး လက်ပြန်ကြိုးတုပ်နှောင်၍ မြို့ပြင် သူသတ်ကုန်းသို့ဆောင်ကာ ဦးခေါင်းကိုဖြတ်ပြီး ကိုယ်ကိုတံကျင်လျှို ထားကြရမည်။ မြို့ပြင်သူသတ်ကုန်းသို့ ဆောင်သွားတဲ့အခါမှာ လမ်းလေးခွ အဆုံရောက်တိုင်း ရောက်တိုင်း ရိုက်နှက်ကြရမည်။

မင်းချင်းယောကျ်ားတို့လည်း အထက်ပါ ဘုရင်မင်းအမိန့်တော် အတိုင်း အပြစ်မရှိသော ဘုရားလောင်းရသေ့ကို ဖမ်းယူ၍ လက်ပြန် ကြိုးတုပ်နှောင်ကာ မြို့ပြင် သူသတ်ကုန်းသို့ဆောင်ယူရင်း လမ်းလေးခွ အဆုံ ရောက်တိုင်းရောက်တိုင်း ရိုက်နှက်ပုတ်ခတ်ကြလေရာ ဘုရား လောင်းရသေ့သည်လည်း မိဘတို့ကို တမ်းတကာ တစ်စုံတစ်ရာ ငိုယို မြည်တမ်းခြင်း အမှုမျိုးမပြုဘဲ။

မြစ်ထဲမှာ မျောလာတဲ့ ထင်းတုံးကိုဆယ်တင်ခြင်းသည် မြတ်၏။ ကျေးဇူးမသိတတ်၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်တဲ့ လူယုတ်မာကို ဆယ်တင်ခြင်းသည် မမြတ်ဟု ရှေးပညာရှိ အချို့တို့ပြောဆိုတဲ့ စကားဟာ တယ်မှန်တာပဲဟုသာ ပြောဆိုလေ၏။

မင်းချင်းယောကျ်ားတို့သည် လမ်းလေးခွအဆုံ ရောက်တိုင်း

http://www.dhammadownload.com

ရောက်တိုင်း ရှင်ရသေ့အား ရိုက်နှက်ကြ၏။ ရှင်ရသေ့လည်း ရိုက်နှက်တိုင်း ရိုက်နှက်တိုင်း တစ်စုံတစ်ရာ ငိုယိုမြည်တမ်းခြင်း မပြုဘဲ အထက်ပါအတိုင်းသာ ပြောဆို မြည်တမ်းနေလေ၏။ ရှင်ရသေ့၏ ထူးခြားသော စကားအတွက် ဉာဏ်ပညာနှင့်ပြည့်စုံသော မင်းချင်း ယောကျ်ားအချို့က –

ဘယ်လိုလဲ ရှင်ရသေ့က ကျွန်ုပ်တို့ ဘုရင်မင်းမြတ်အပေါ်မှာ တစ်စုံတစ်ရာ ကျေးဇူးပြုဖူးတဲ့အချက်များ ရှိဘူးလို့လားဟု မေးမြန်းကြလေ၏။

ထိုအခါ ဘုရားလောင်းရသေ့သည် ရှင်ဘုရင်အား မင်းသားဘဝကကြီးစွာသော မြစ်ရေအယဉ်ထဲ၌ မျောလာစဉ် ဆယ်တင်ကယ်ဆယ်ခဲ့ရပုံ အလုံးစုံပြောပြ၍ –

ငါသည်သာလျှင် ငါ့ဒုက္ခကို ဖန်တီးခဲ့တယ်။ ရှေးပညာရှိတွေ ပြောတဲ့စကားကို မလိုက်နာမိလို့ သည်လို ဒုက္ခတွေ့ရတာပဲလို့ အောက်မေ့ပြီး ယခုလို ပြောဆို မြည်တမ်းခြင်းဖြစ်တယ် ပြောပြလေ၏။

ထိုစကားကို ကြားသောအခါ ရှင်ရသေ့အား ရိုက်နှက်ရာ လမ်းလေးခွအဆုံသို့ ပွဲလမ်းတစ်ခုသဖွယ် လာရောက်ကြည့်ရှုနေကြသော မင်းမျိုး၊ပုဏ္ဏားမျိုးစသော မြို့သူမြို့သား ပရိသတ်အများတို့သည်–

သည်လိုဆိုလျှင် သည်မင်းဟာ အဆွေခင်ပွန်းကောင်းကိုပြစ်မှားတာပဲ၊ မိမိအသက်ကိုကယ်ဆယ်ထားတဲ့ အသက်သခင် ကျေးဇူးရှင်ရဲ့ ကျေးဇူးကိုတောင် မသိဘူး။ ဒီလို ရှင်ဘုရင်မျိုးကို အမှီပြုနေလို့ ငါတို့ ပြည်သူပြည်သားတွေမှာ ဘယ်တော့ ကြီးပွားနိုင်မလဲ။ ဒီရှင်ဘုရင်ကို ဖမ်းကြလော့ဟု ဒေါသအမျက်ချောင်းချောင်းထွက်၍ ချက်ခြင်း စည်းဝေးတိုင်ပင်ပြီး မြှားလှံကျောက်ဆောက်ပုတ်အရာရှိကုန်သော လက်နက်တို့ဖြင့် ရှင်ဘုရင်ကို ဆင်တော်ပေါ်၌ စီးနေရင်းပင် အသက်

http://www.dhammadownload.com

ကုန်အောင် ဝိုင်းညှပ် ရိုက်သတ်ပစ်ကြလေ၏။ ထိုသို့ ဝိုင်းညှပ် ရိုက်သတ်ကြပြီးနောက် ရှင်ဘုရင်၏အလောင်းကို ခြေနှစ်ချောင်းကိုင်ပြီး ကျုံးအပြင်၌ ပစ်ချလိုက်ကြလေ၏။ ထိုနောက် ဘုရားလောင်း ရသေ့အား လူဝတ်လဲစေကာ အဘိသိက်သွန်း၍ ရှင်ဘုရင်မြှောက်ကြသဖြင့် ဘုရားလောင်းရသေ့သည် ဗာရာဏသီပြည်၏ ဘုရင်မင်းမြတ် ဖြစ်သွားလေ၏။

ရသေ့လူထွက် ရှင်ဘုရင်

ဘုရားလောင်း ရသေ့လူထွက်ဘုရင်မင်းမြတ်သည် မင်းကျင့်တရား ၁၀ ပါးနှင့်ညီစွာ တရားသဖြင့် တိုင်းပြည်ကို အုပ်စိုးခဲ့လေ၏။ တစ်နေ့သ၌ မြွေ ကြွက် ကျေးသားတို့ကို ထပ်မံစုံစမ်းလိုသဖြင့် အခြွေအရံများစွာနှင့် ပထမဦးဆုံး မြွေထံသို့သွားကာ သတ်မှတ်ညွှန်ပြထားသော နေရာမှနေပြီး ဒီဃဟုခေါ်လိုက်ရာ မြွေသည် လာလတ်၍ ရှိခိုးဝတ်ချပြီး –

အဲသည် ဥစ္စာပစ္စည်းများဟာ အရှင့်အတွက် ဖြစ်ပါတယ် ယူတော်မူပါဟု မိမိ၏ ပစ္စည်းအားလုံးကို နှင်းအပ်လေ၏။ ရှင်ဘုရင်လည်း မြွေ၏ ကုဋေလေးဆယ်သော ဥစ္စာများကို အဝတ်များအား အပ်နှံယူငင်စေပြီးနောက် ကြွက်ထံသို့သွားကာ ထိုနည်းလည်းကောင်း ကြွက်အပ်နှင်း၍ ကြွက်၏ကုဋေသုံးဆယ်သော ဥစ္စာများကိုလည်း အမတ်များအား အပ်နှံယူငင်စေလျက်၊ ကျေးသားထံသို့ ထွက်လာခဲ့လေ၏။ ကျေးသားလည်း ချက်ခြင်းလာရောက်ဝတ်ချပြီး။

ဘယ်လိုပါလဲအရှင်၊ သလေးနီ ဆန်စပါးများဆောင်ကြဉ်းပေးရတော့မှာလားဟု ပန်ကြားမေးမြန်းလေရာ အလိုရှိတဲ့အခါကျတော့ အဆောင်ကြဉ်းခိုင်းမှာပေါ့။ ယခု ဆောင်ကြဉ်းသို့ မလိုသေးပါဘူးဟု အမိန့်တော် ရှိလိုက်လေ၏။

http://www.dhammadownload.com

ထိုနောက်ဘုရင်မင်းမြတ်သည် မြွေကြွက်နှင့် ကျေးသား ၃ဦး စလုံးကို နန်းတော်သို့ဆောင်ယူခဲ့၍ မြွေနေရန် ရွှေကျီကိုဆောက်ပေး၏။ ကြွက်နေရန် ဖလ်လိုဏ်ဂူကို ဆောက်ပေး၏။ ကျေးသားနေရန် ရွှေချိုင့်ကို ပြုလုပ်ပေး၏။ မြွေနှင့် ကျေးသားအတွက် နေ့စဉ် ရွှေခွက် ငယ်နှင့်ထည့်ကာ ပျားရည်နှင့် ပေါက်ပေါက်တို့ကို ကျွေးမွေး၏။ ကြွက်အတွက် နေ့စဉ် မွှေးကြိုင်လှစွာသော သလေးဆန်ကို ကျွေးမွေး၏။ ဤသို့လျှင် ဘုရားလောင်းရသေ့ လူထွက် ရှင်ဘုရင်နှင့် မြွေ၊ ကြွက်၊ ကျေးသား ၄ ဦး မိတ်ဆွေတို့သည် အသက်ထက်ဆုံး ဝမ်းမြောက်ဝမ်းသာ ချစ်ကြည်စွာ နေထိုင်သွားကြလေသတည်း။

၂၆။ သင့်လျော်သောအခါမှာ သူတော်ကောင်းတရားကို ကြားနာခြင်းဟာလဲ မင်္ဂလာတရားတစ်ပါးဖြစ်ပါတယ်။

နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို ကြားနာရဖို့ ဆိုတာဟာ အင်မတန်ခဲယဉ်းလှတဲ့ ကိစ္စကြီးတစ်ခုဖြစ်ပါတယ်။ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါမှာသာ နာနိုင်တယ်။ သာသနာပမှာနာလို့ မဖြစ်တော့ဘူး။ အဲဒါကြောင့် ဒုလ္လဘတရား ငါးပါးထဲမှာ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ၊ သူတော်ကောင်းတရား ကြားနာရဖို့ဆိုတာဟာ အလွန်ခက်ခဲလှတဲ့ အခက်ခဲကြီးပဲလို့ အလွန် ဆိုတဲ့ စကားကိုထည့်ပြီး မြတ်စွာဘုရားသခင် ဟောကြားထားတော်မူခဲ့ပါတယ်။

၂၇။ သည်းခံခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

သည်းခံခြင်းဆိုတာ အမျိုးမျိုးရှိပါတယ်။

၁။ အချမ်း၊ အပူ၊ ဆာလောင်မွတ်သိပ်ခြင်း၊ မှက်၊ ခြင်၊ ယင်၊လေ၊ နေပူ၊ မြွေ၊ ပျား၊ ကင်း၊ သန်းတို့ရဲ့ ကိုက်ခဲခြင်း၊ အထွေထွေကို သည်းခံတာလည်း သည်းခံတာပါပဲ။

၂။ မိမိကိုယ်သဏ္ဍာန်မှာ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာတွေကို

http://www.dhammadownload.com

သည်းခံတာလည်း သည်းခံတာပါပဲ။

၃။ တစ်ဖက်သားက မိမိကိုမတရားသဖြင့် ပြောဆိုဖိစီး နှိပ်စက်ကြဲစည်တာတွေကို သည်းခံတာလည်း သည်းခံတာပါပဲ။

အဲဒီလိုသည်းခံတာ ၃ မျိုးရှိတဲ့အနက် တတိယသည်းခံတာနဲ့ ပတ်သက်ပြီး နည်းနည်းပြောချင်ပါတယ်။

တစ်ဖက်သားက မိမိကိုမတရားပြောဆို ဖိစီးနှိပ်စက် ကြံစည်တာမျိုးနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ အာဃာတမထားမိဖို့နဲ့ ဒီလိုလုပ်တဲ့လူတွေကို စင်စင်ကြယ်ကြယ်ကြီး မေတ္တာပို့နိုင်ဖို့ အထူးသတိရှိရမယ်။ ဒီလိုမတရားပြောဆို ဖိစီးနှိပ်စက်ကြံစည်တာကို ခံရတဲ့အခါ သည်းတော့ခံပါရဲ့ ဒီလူအပေါ်မှာ အာဃာတတွေရှိနေမယ်ဆိုရင် သည်းခံတာအစစ်မဟုတ်တော့ဘူး။ မနိုင်လို့သည်းခံတာဖြစ်သွားမယ်။

သည်းခံတဲ့ နေရာမှာ ဘူရိဒတ္တနဂါးမင်း၊ စမ္ပေယျ နဂါးမင်းတို့ကို အတုယူရမယ်။ ဒီနဂါးမင်းတွေဟာ သူတို့ကို နှိပ်စက်တဲ့ အလမ္ပါယ်တွေကို သူတို့ရဲ့နှာခေါင်းလေနဲ့ မှုတ်လိုက်ရင် ပြာကျသွားနိုင်တယ်။ ဒါပေမဲ့ အမိအဖတွေဟာ သားငယ် သမီးငယ် အမိုက်အမဲလေးတွေကို သည်းခံသလို နဂါးမင်းတွေဟာ အလမ္ပါယ်တွေအပေါ်မှာ သည်းခံတယ်။ အဲဒါမျိုးမှ သည်းခံတာ အစစ်ဖြစ်တယ်။

ဒါပေမဲ့ သည်းခံတယ်ဆိုတာဟာ ငုံ့ခံနေဖို့တော့ မဟုတ်ဘူး စိတ်မဆိုးအမျက်မထွက်ဘဲ တစ်ဖက်သား မှားနေတာကို လီဆယ်တာမျိုး၊ လုပ်ကြံတာမျိုးမပါစေဘဲ ဟုတ်သလောက် မှန်သလောက် ပွင့်ပွင့်လင်းလင်း အကျိုးနဲ့ အကြောင်းနဲ့ ပြသပြောဆိုရမယ်။ ဒီလိုမကောင်းတဲ့ အပြောမျိုး အလုပ်မျိုး အကြံအစည်မျိုးကို နောက်ထပ် မလုပ်ကြအောင် ဖျောင်းဖျပြောဆိုရမယ်။ မိမိအကျိုး ဆွေမျိုးဉာတကာရဲ့အကျိုးနိုင်ငံနဲ့ အမျိုးရဲ့အကျိုးတွေ မနစ်နာရလေအောင် အကျိုးအကြောင်းကို အေးအေးလူလူနဲ့ ပြသပြောဆိုကြရမည်။ ဒီလိုမပြောဘဲ ရေငုံနေတာမျိုး

http://www.dhammadownload.com

ကျတော့ သည်းခံတယ်လို့ မဆိုနိုင်တဲ့အပြင် ဉာတကာနဋ္ဌသင်္ဂဟော မိမိရဲ့ ဆွေမျိုးဉာတကာကို စောင့်ရှောက်ရမယ်။ ထောက်ပံ့ကူညီရမယ် ဆိုတဲ့ မင်္ဂလာတရားတောင် ပျက်ကွက်နေရာကျပါတယ်။

၂၀။ သူတော်ကောင်းတို့ ဆုံးမအပ်သောစကားကို နာယူလွယ်ခြင်းတာလည်း မင်္ဂလာတစ်ပါးပင် ဖြစ်ပါတယ်။

ဆုံးမတာကို နာခံရမယ်ဆိုပေမဲ့ ဆုံးမတဲ့ လူကလည်း တစ်ဖက်သား နားထောင်အောင် ဆုံးမသင့်တယ်၊ အဲဒီတော့ တစ်ဖက်သား နားထောင်ချင်အောင် ဆုံးမတဲ့နည်းကို ကျွန်တော် ဖော်ပြချင်ပါတယ်။

ဆုံးမနည်းငါးနည်း

၁။ မသင့်မလျော် မလျောက်ပတ်တဲ့အခါမှာ မဆုံးမဘဲ သင့်လျော်လျောက်ပတ်တဲ့အခါမှာ ဆုံးမရမယ်။

၂။ မဟုတ်မမှန်တဲ့ စကားကို ပယ်ရှားပြီး ဟုတ်မှန်တဲ့ စကားနဲ့ ဆုံးမရမယ်။

၃။ ကြမ်းတမ်းခက်ထန် နားမခံနိုင်ဖွယ်ဖြစ်တဲ့စကားကို ပယ်ရှားပြီး သိမ်မွေ့နူးညံ့တဲ့ စကားနဲ့ ဆုံးမရမယ်။

၄။ အကျိုးမရှိတဲ့စကားကိုပယ်ရှားပြီး အကျိုးရှိတဲ့ စကားနဲ့ဆုံးမရမယ်။

၅။ အမျက်ဒေါသမပါစေဘဲ မေတ္တာနဲ့ဆုံးမရမယ်။

၂၉။ ရဟန်းသူမြတ်တို့ကို ဖူးမြင်ခြင်းဟာလည်း မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။

ကိလေသာမီးငြိမ်းပြီး ငြိမ်းဆဲငြိမ်းလတ္တံ့ဖြစ်နေတဲ့ ရဟန်းတော်တွေကို ဖူးမြင်ခြင်း၊ တရားတော်ကို နာယူခြင်း၊ ခစားဆည်းကပ်ခြင်း ဆိုတာတွေဟာ အလွန်ကျေးဇူးများလှတဲ့အတွက် ဗုဒ္ဓဘာသာဝင်မှန်

http://www.dhammadownload.com

ရင် မလုပ်မနေအပ်တဲ့ အလုပ်ဝတ္တရားတွေ ဖြစ်ပါတယ်။

သီလရှိတဲ့ ရဟန်းတော်မြတ်တွေ အိမ်ကို ကြွလာပြန်ရင်လဲ –

က။ ကြည်လင်တဲ့စိတ်ဖြစ်ရမယ်။

ခ။ ခရီးဦးကြိုပြုပြီး နေရာပေးရမယ်။

ဂ။ ဝန်တိုတဲ့စိတ်မထိမ့် မြင်လုပ်ချင်တဲ့ စိတ်တွေကို ပယ်ဖျက်ရမယ်။

ဃ။ ဆွမ်းစတဲ့ လှူဖွယ်ဝတ္ထုတွေကို လှူဒါန်းရမယ်။

င။ တရားစကားကိုကြားနာရမယ်။ မေးမြန်းရမယ်။ ဆွေးနွေးရမယ်။

အဲဒီလိုလုပ်တဲ့ ပုဂ္ဂိုလ်ဟာ –

က။ နတ်ပြည်ကို ရောက်နိုင်တယ်။

ခ။ မြတ်တဲ့အမျိုးမှာ ဖြစ်နိုင်တယ်။

ဂ။ ဘုန်းတန်ခိုးကြီးနိုင်တယ်။

ဃ။ ကြီးကျယ်တဲ့စည်းစိမ်နဲ့ ပြည့်စုံနိုင်တယ်။

င။ ပညာကြီးနိုင်တယ်လို့ ပဉ္စအင်္ဂုတ္တိုရ်မှာ မြတ်စွာဘုရား အတိအလင်း ဟောကြားထားပါတယ်။

၃၀။ သင့်တော်သောအခါ တရားစကားကို ဆွေးနွေး မေးမြန်းခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

လောကီအလုပ်ကိုသာ လုပ်ရမယ်လို့ မဆိုလိုပါ။ နောင်တမလွန်ဘဝတွေရှိသေးတဲ့အတွက် ဒီဘဝတွေက လွတ်မြောက်ရေးလုပ်ငန်းတွေကိုလည်း လုပ်ပေးရမယ်။

သင့်တော်တဲ့အခါမှာ တရားဆွေးနွေးတာဟာ လွတ်မြောက်ရေးအတွက် အရေးကြီးတာကြောင့် သင့်လျော်ပတ်တဲ့အခါမှာ တရား

http://www.dhammadownload.com

စကားဆွေးနွေးနိုင်ကြပါစေ။

၁။ ဣန္ဒြေကို စောင့်ခြင်းနဲ့။

၂။ အပျင်းကို ပူပန်စေခြင်းဆိုတဲ့ အစိက အင်္ဂါရပ်ကြီး ၂ပါး ရှိပါတယ်။

ဣန္ဒြေစောင့်ခြင်းဆိုတာကတော့ တစ်ခြားမဟုတ်ပါဘူး။ မျက်စိက ကြည့်ချင်တာတွေကို တောင်ကြည့်မြောက်ကြည့်နဲ့ လျှောက်မကြည့်မိအောင် နားက နားထောင်ချင်တာတွေကို တောင်နားထောင် မြောက်နားထောင်နဲ့ လျှောက်ပြီး နားမထောင်မိအောင် နှာ၊ လျှာ၊ ကိုယ်တွေကလည်း ဒီလိုပဲ ကိုယ်ကြိုက်ရာအာရုံတွေ နောက်မလိုက်မိအောင် သတိနဲ့ထိန်းထားတာဟာ ဣန္ဒြေစောင့်ခြင်းပဲ ဖြစ်ပါတယ်။

ဒီမင်္ဂလာတရားနဲ့ ပြည့်စုံချင်တဲ့လူဟာ ဒီလို ဣန္ဒြေစောင့်ခြင်း မျိုးရှိရမယ်။

၃၂။ မြတ်တဲ့အကျင့်ကို ကျင့်ခြင်းဟာလည်း မင်္ဂလာတစ်ပါးဖြစ်ပါတယ်။

မြတ်တဲ့အကျင့်ဆိုတာဘာပါလဲ၊မြတ်တဲ့အကျင့်ဆိုတာ တစ်ခြားဟာ မဟုတ်ပါဘူး။

၁။ အလှူပေးခြင်း။

၂။ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း။

၃။ ငါးပါးသီလမြဲခြင်း။

၄။ မေတ္တာ၊ ချစ်ခင်ခြင်း၊ ကရုဏာ ကိုယ့်ထက်နိမ့်ကျသူတို့ အပေါ်မှာ သနားခြင်း၊ မုဒိတာ၊ ကိုယ့်ထက် မြင့်မြတ်တဲ့ လူတွေအပေါ်မှာ ဝမ်းမြောက်ခြင်း၊ ဥပေက္ခာ၊ မိမိကိုဆန့်ကျင်တဲ့ လူတွေအပေါ်မှာလည်း အမျက်မထား၊ မိမိအကျိုးစီးပွားကို ရွက်ဆောင်သည့် လူတွေ အပေါ်မှာလည်း အားရဝမ်းသာမရှိ၊ စိတ်ကို တည့်မတ်စွာ ထားခြင်းဆို

http://www.dhammadownload.com

တဲ့ ဖြဟ္မစိုရ်တရားလေးပါးကို ပွားများခြင်း။

၅။ မေထုန်မှရှောင်ကြဉ်ခြင်း။

၆။ မိမိမယားဖြင့် ရောင့်ရဲခြင်း။

၇။ ဝီရိယကို အားထုတ်ခြင်း။

၈။ ဥပုသ်သုံးခြင်း။

၉။ အရိယမဂ်။

၁၀။ ရဟန်းတရားပဲ ဖြစ်ပါတယ်။

၃၃။ အရိယာသူတော်ကောင်းတို့ရဲ့ သစ္စာလေးပါးတရားကို သိမြင်ခြင်း။

၃၄။ အရဟတ္တဖိုလ် ချမ်းသာကို မျက်မှောက်ပြုခြင်း။

၃၅။ လောကဓံ ရင်ဆိုင်ရတဲ့အခါ မတုန်မလှုပ်ခြင်း။

၃၆။ စိုးရိမ်ကြောင့်ကြမရှိခြင်း။

၃၇။ ကိလေသာရမ္မက်ဆိုတဲ့ မြူတွေမရှိခြင်း။

၃၈။ လောဘ၊ ဒေါသ၊ မောဟဘေးတွေ ကင်းလွတ်ခြင်းဆိုတဲ့ တရားခြောက်ပါးဟာလည်း မင်္ဂလာတွေဖြစ်ပါတယ်။

၃၈ ဖြာမင်္ဂလာနဲ့ပတ်သက်ပြီး ကျွန်တော်တတ်သမျှမှတ်သမျှကို ဖော်ပြပြီးပါပြီ။ ထိုတရားများအားထုတ်ကျင့်သုံးခြင်းဖြင့် ကိုယ်စိတ်နှစ်ဖြာ အောင်ခြင်းမင်္ဂလာနဲ့ ပြည့်စုံ၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ကြပါစေသတည်း။

ဦးနု

□

http://www.dhammadownload.com